
www.burmeseclassic.com

VIEW

# မိန်းကလေး

## ပန်းခင်းလေးရဲ့ရင်ခုန်သံ



cover : Idea Kyaw & Mg Kyaw Oo

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်** – ၅၀၁၆၁၆၁၁၀၉

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** – ၅၀၁၅၅၁၁၁၀၉

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (ယ–၁၃၄၅၈) (ဖျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း။ ဗဟန်းမြို့နယ်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးကျော်ရင် (မြ–၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၂၂၆)၊ (၃၂) လမ်း (အထက်)၊

ပန်းဘဲတန်း။ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

Idea Kyaw

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ

တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀

**ဖြန့်ချိရေး**

စိုးမိုးစာပေ

ဖုန်း – ၀၁– ၂၄၀၉၉၆

၈၉၄ • ၈၃

မိန်းကလေး

ပန်းခင်းလေးရဲ့ ရင်ခုန်သံ / မိန်းကလေး။ – ရန်ကုန်။

ဖျူးစာပေ ၊ ၂၀၀၉ ။

၂၀၀ – စာ ၊ ၁၈ X ၁၂ စင်တီ။

(၁) ပန်းခင်းလေးရဲ့ ရင်ခုန်သံ

# အခန်း (၁)

"တီ တောင်"

လူခေါ်ဘဲလ် မြည်သံကြောင့် ချစ်စနိုးနဲ့ လွင် စကားပြောတာ တန့်သွားသည်။

"ဟော ဘယ်သူလာပြီလဲ မသိဘူး၊ မေမေပဲ ထင်တယ်၊ ဒီအချိန်ဆို မေမေ ဆိုင်သိမ်းပြီး ပြန်လာနေကျ။ စနိုး တံခါး သွားဖွင့်ပေးပါနော်၊ လွင် လက်မအားလို့"

သီးစုံကြော်ဖို့ မုန့်လာဥနီ လှီးနေရာမှ ခေါင်းလေးမော့ကာ စနိုးကို ကြည့်၍ ပြောသည်။ စနိုး ကိတ်တုံးလေးကို ခံတွင်းထဲ ထည့်မလို လုပ်ပြီးမှ မထည့်ဖြစ်။ ပန်းကန်ထဲ ပြန်ထည့်၍

"ဟွန့် ဖြစ်ရမယ်"



www.burmeseclassic.com

"သွားဖွင့်ပေးလိုက်ပါ"

"စိတ်ချပါ ဖွင့်ပေးမယ် တကတည်း တစ်ခါတလေ လာလည်ပါတယ် [illegible] ညည်းခံနိုင်တဲ့အပြင် အလုပ်ပါနိုင်နေသေးတယ်"

စန်း [illegible] ရွတ်၍ ထိုင်ရာမှ ထ သည်။

စန်း ပြောလည်းပြောချင်စရာ။

စန်းကို လာလည်ဖို့ အတင်းဖိတ်ခေါ်ခဲ့ပြီး စန်းလာလည်တော့ [illegible] ညည်းခံမှာ အကျအန ညှိမခံဘဲ ထမင်းစားခန်းထဲ ခေါ်သွင်းထားခဲ့သည်။

လွင်တို့ မိသားစုက အလုပ်အကိုင် ကိုယ်စီနှင့်မို့ အလိုလိုနေရင်း လွင်က အိမ်စောင့်လို ဖြစ်ရ၏။

အိမ်စောင့်လုပ်ရင်း ချက်ရေးပြုတ်ရေးပါ တာဝန်ယူရတော့ သူငယ်ချင်းဖွေချိန်းတိုင်း အပြင်ထွက်ဖို့ အခွင့်မသာ။

ကြာလာတော့ သူငယ်ချင်းတွေစိတ်ကုန်လို့ လွင်ကို ခွာကုန်သည်။ စန်း တစ်ယောက်ပဲ လွင့်ကို နားလည်မှု ပေးနိုင်ခဲ့သည်။

"စန်းရယ် ဒီအပတ် ဆန်းဒေးမှာ လာလည်ပါနော်၊ စန်း ကြိုက် သစ်သီးလေး ဖုတ်ထားတယ် သိလား"

လို့ ဖုန်းဆက်ပြီး ဖိတ်ခဲ့တော့

စန်းက လာခဲ့မယ်ဟု ပြောသည့်အတိုင်း လာလည်ရှာသည့် သူငယ်ချင်းကောင်းလေး။





လွင် ကိုယ်တိုင် ဖုတ်ထားတဲ့ သစ်သီးနဲ့ ကော်ဖီခွက်ကို ချပေးပြီး ထမင်းစားပွဲမှာပဲ ထိုင်ရင်း စကားတွေ ပြောဖြစ်တယ်လေ။

လွင်က ညနေစာအတွက် စီစဉ်နေရင်းပေါ့။

စန်း ကတော့ မငြီးငြင်ရှာပါဘူး။ လွင်ကို နားလည်မှု ရှိရှာပဲလေ၊ ဟော ခုတစ်ခါ လွင် နိုင်းတော့လည်း ပြောရင်း ထထွက်သွားတာ စိတ်ဆိုးလို့ မဟုတ်ဘူးဆိုတာ လွင် သိသည်။

စန်း ထမင်းစားခန်းထဲက ထွက်ပြီး အိမ်ရှေ့ခန်းဆီ သုတ်သုတ်လေး လျှောက်ထွက်ခဲ့သည်။

"တီ တောင်"

ဘဲလ်သံက နောက်တစ်ချက် မြည်လာပြန်သည်။

အပြင်မှာ ရပ်စောင့်နေတဲ့ လွင့်မေမေ စိတ်မရှည်တော့ဘူး ထင်တယ်။ စန်း ခပ်သွက်သွက်လေးပဲ ကျွန်းတံခါး ဂလန့်လေး ဖြုတ်ကာ တံခါးဖွင့်ပေးလိုက်သည်။

"ဟင်"

လွင့်မေမေ အထင်နဲ့ ကြိုတင် ပြုံးပြမိတဲ့ စန်း အပြုံးလေး တအံ့တဩ တန့်သွားသည်။

စန်း ထင်သလို လွင့် မေမေ မဟုတ်။

ဖွင့်လိုက်သည်နှင့် ဟသွားတဲ့ တံခါးမှ တိုးဝင်လာတဲ့ မျက်နှာ စိမ်း ယောကျ်ားတစ်ယောက်။

www.burmeseclassic.com



စန်းကို ခပ်တည်တည်ပဲ စိုက်ကြည့်သည်။

အကြည့်ချင်း အဆုံမှာ စန်း ရင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ရှင် ဘယ်သူလဲ"

စန်း သိချင်စိတ်ကလေးနဲ့ မေးသော်လည်း မဖြေ။ တံခါးကို သူ့ဘာသာ ပိတ်၍ စန်းရှေ့ကနေပဲ အပေါ်ထပ်သို့ လှေကားထွက်သွားပြီး ဖြောင့်ဖြောင့်မတ်မတ် တက်သွားသည်က သူ့အိမ် သူ့ယာလိုပင်။

"အို ရှင့်ကို မေးနေတယ်လေ၊ ရှင် အိမ်မှားလာတာလား ဟေ့လူ ဒီမှာ"

စန်း စိတ်လှုပ်ရှားသလို မေးတော့လည်း တစ်ချက် လှည့်ကြည့်သည်။ ဘာမှလည်း မပြောဘဲ အပေါ်ထပ်သို့ အရောက်တက်သွား၏။

စန်း စိုးရိမ်သလို ဖြစ်ကာ ထမင်းစားခန်းထဲ သုတ်ခနဲ ပြေးဝင်သွားသည်။

"ဘယ်သူလဲ မေမေလား"

"မဟုတ်ဘူး စန်းလည်း မမြင်ဖူးဘူး။ မျက်နှာစိမ်း ယောကျ်ားလေး တစ်ယောက် အဲဒါ လာကြည့်ဦး"

"ဟင်"

"ဟုတ်တယ် စန်း မေးတာလည်း မဖြေဘူး၊ အပေါ်ထပ်ကို တန်းတက်သွားတာ လွှင်ရယ်"





ရုတ်တရက် စိုးရိမ်သွားပေမယ့် လွှင့် နှုတ်ခမ်းလေး အရောင် ပြောင်းကာ မျက်ခုံးတို့လည်း မြင့်တက်သွားသည်။

လှီးလက်စ မုန်လာဥကို လွှတ်ချပြီးမှ သတိဝင်လာသည်။

"ဪ ကိုရှင်းသန့် ထင်တယ်"

"ဘယ်သူ"

"ကိုကို့ သူငယ်ချင်း ကိုရှင်းသန့်လေ၊ အရပ်မြင့်မြင့် အသားဖြူဖြူ မဟုတ်လား"

စန်း မျက်ခုံးလေး တွန့်သွားသည်။

"ဟုတ်တယ် ရုပ်လက်တို့နဲ့ လုံချည်နိမ့်နိမ့်လေး ဝတ်ထားတာ ဟ၊ အဲဒါက ကိုကို့ သူငယ်ချင်း သေချာလို့လား"

"စန်း မယုံသလိုလေး မေးတော့ လွှင် မုန်လာဥ ဆက်လှီးရင်း ဖြေသည်။

"ဟုတ်ပါတယ် စန်းကို ပြောဖို့ မေ့နေတာ"

"လွှင်ကလည်း စောစောကတည်းက ပြောပါလား၊ ခုတော့ အားနာစရာကြီး"

"ရပါတယ် ကိုရှင်းသန့်က နားလည်မှု ရှိပါတယ်၊ ကောင်းတာ တစ်ခုပဲ ကိုကို့နဲ့ လာနေတာ တစ်ပတ်လောက်ပဲ ရှိသေးတယ်"

"ဟွန်း"

စန်း နှုတ်ခမ်းလေး စူကာ စိတ်က မ[illegible]

www.burmeseclassic.com



မသိကျွသလို နေလိုက်မိတဲ့ သူကိုး။

"ကဲ ထိုင်ပါ စနိုးရယ်၊ ကိုရှင်းသန့်အတွက် အစိမ်းကြော် ကြော်လိုက်ဦးမယ်"

"ကြော်ပါရှင် ကြော်ပါ စနိုး မထိုင်တော့ဘူး၊ သွားတော့မယ်"

"အို အကြ ဘယ်လိုဖြစ်သွားတာလဲ၊ အစိမ်းကြော် ကြော်ပြီးရင် အေးအေးဆေးဆေး ထိုင်ပြီး စကားပြောမယ်လေ"

"မပြောနဲ့တော့ စနိုးလည်း မပြောချင်တော့ဘူး။ ပြန်မယ်၊ တော်ပြီ နောက်တစ်ခါ ရှင့်ဆီ မလာတော့ဘူး"

အလိုမကျစွာပဲ ပြောရင်း ဖွတ်ချည်း ပြန်လှည့်ထွက်သွားတဲ့ စနိုး။

"အို နေဦးလေ"

စနိုး စိတ်ဆိုးချင်ချင် ဖြစ်သွားပြီဆိုတာ လွင် သဘောပေါက်သွားသည်။ ဥနီနဲ့ ဓားကို ချကာ ဟန့်တားရင်း စနိုးနောက်က လိုက်ထွက်ခဲ့သည်။

စနိုးကို တားလို့လည်း မမီတော့။

ထွက်သွားလိုက်တာ ညှော်ခန်းစားပွဲပေါ်တင်ထားတဲ့ စနိုးရဲ့ သားရေ လက်ဆွဲအိတ်လေးပင် ယူသွားဖို့ မေ့သွားလေပြီ။

ဘာဖြစ်လို့လဲ စနိုးရယ်

ကိုရှင်းသန့်ကြောင့်လား။

## အခန်း (၂)

"သမီးရေ"

"ရှင် မေမေ"

"ညှော်သည် ရောက်နေတယ် မြန်မြန်ဆင်းခဲ့"

"အင်းပါ မေမေ"

မေမေ့ခေါ်သံကြောင့် စနိုးအခန်းမှာ လိုက်ကာစတွေ အသစ်လဲတပ်နေတဲ့ အလုပ်ကို လက်စသတ်လိုက်သည်။ ညှော်သည်တဲ့။

လွင်ပဲလား ဒါမှမဟုတ် တခြား သူငယ်ချင်းတွေလား။

တွေးရင်း အပေါ်ထပ်က ခပ်သွက်သွက်လေး ဆင်းခဲ့သည်။

စနိုး ညှော်ခန်းထဲ လှမ်းဝင်သည်နှင့်

"သမီးရေ ဒီမှာ မောင်ရှင်းသန့် တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

စနိုး ခြေလှမ်းလေး တန့်သွားသလို ရင်ထဲမှာလည်း ဒိုင်းခနဲ ဖြစ်သွားသည်။ မေမေနဲ့ မျက်နှာချင်းဆိုင် ဖြစ်နေတဲ့ ရှင်းသန့် လှည့်ကြည့်သည်။

အကြည့်ချင်း ဆုံတော့ စနိုး မလုံမလဲ ဖြစ်သလို အားတုံ့အားနာ လည်း ဖြစ်သွား၏။ ရှင်းသန့် ဘာလာလုပ်တာလဲ။

"လာ သမီး သူငယ်ချင်းနဲ့ စကားပြောဦး။ မေမေ မီးဖိုခန်း ဘက် သွားလိုက်ဦးမယ်"

မေမေ ထွက်သွားလျှင် စနိုး ခြေလှမ်းတွေ ဧည့်ခန်းထဲ ရွှေ့ခဲ့ရသည်။ ရည်ရည်မွန်မွန် ရှိလှတဲ့ ရှင်းသန့် အသွင်က စိတ်ဝင်စား စရာ ကောင်းတာ အမှန်။

"ဘာကိစ္စရှိလို့လဲ"

စနိုး ခပ်စိမ်းစိမ်းလေးပဲ မေးတော့ ရှင်းသန့် အကြည့်လွှဲပြီး

"လွင်က လက်ဆွဲအိတ် လာပို့ခိုင်းလို့ပါ ဒီမှာ"

"ဟင်"

စနိုး ပို၍ မလုံမလဲ ဖြစ်သွားသည်။

မနေ့က ကမူးရှူးထိုး ပြေးထွက်လာခဲ့မိတာ လက်ဆွဲအိတ်လေး မေ့ကျန်ခဲ့မှန်း အသိဝင်လာတော့ ရှင်းသန့်ရှေ့မှာမို့ ရှက်သလိုလို ဖြစ် သွားသည်။



ရှင်းသန့် မတ်တပ်ရပ်ပြီး ကမ်းပေးတော့ မကြည့်ဘဲ လှမ်းယူပြီး

"ကျေးဇူးတင်ပါတယ်"

"ရပါတယ်"

စနိုးက ရှင်းသန့် ကမ်းပေးလို့ ဆုပ်ကိုင်ထားမိတဲ့ လက်ဆွဲအိတ် လေးကို အလှ ဗီရို လက်ကိုင်ဘုလေးမှာ ချိတ်လျက်

"ခဏနေဦး ကော်ဖီသွားဖျော်လိုက်မယ်"

"မဖျော်ပါနဲ့ ကျွန်တော် ခုပဲ သွားတော့မယ်"

"အားနာစရာကြီး ကိုရှင်းသန့်ရယ်"

"ကိစ္စမရှိပါဘူး အပန်းမကြီးဘူးဆိုရင် လွင် မှာလိုက်တယ်၊ ဘုရားတင်ဖို့ နှင်းဆီပန်း ခူးပေးလိုက်ပါတဲ့"

"သြော် ရပါတယ် ခဏလေး စောင့်နော်"

စနိုး ပြောပြီး ရှင်းသန့်ရှေ့က မျက်လွှာလေးချကာ တိုက်ရှေ့ မျက်နှာစာမှ နှင်းဆီပန်းခင်းဆီ လျှောက်ထွက်သွား၏။

ရှင်းသန့် မျက်တောင်မခတ်ဘဲ စိုးစိုးကြည့်မိသည်။

ဖြူဖွေး သွယ်လျတဲ့ ကိုယ်လုံးလေးက ပေါ်နွဲ့နွဲ့လေး ဖြစ်ကာ လမ်းလျှောက်သွားတဲ့ ဟန်လေးက ဆွဲဆောင်မှုတို့ ရှိနေ သည်။

ဟိုနေ့က ဖျတ်ခနဲ မြင်လိုက်ရုံနှင့် ရင်မှာ နွေးသလိုလို ဖြစ်ခဲ့ သည်။ ရှင်းသန့်ကို မသက်သာသလို စူးစမ်းသလို ကြည့်တဲ့ မျက်ဝန်းလေး က ဝိုင်းဝိုင်းစက်စက်လေး ဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



အရှည်ရှမ်းလှဲသည့် အကြည့်တွေက ထူးခြားနေသည်။

နာမည်လေးက 'ချစ်စနိုး တဲ့'။

ထမင်းစားဝိုင်းမှာ လွင် ပြောလို့ သိရတော့ နာမည်နဲ့လိုက်တဲ့ မိန်းကလေးလို့ သူ ခံစားမိတာ အမှန်။

"စနိုးက သိပ်ရှက်တတ်တာ ကိုရှင်းသန့်ရဲ့ ခုပဲကြည့်ပါလား ကိုရှင်းသန့်နဲ့ တွေ့လို့ ရှက်ပြီး ထွက်သွားတာလေ"

ရှင်းသန့် ထမင်း မျိုမကျသလို ဖြစ်သွားသည်။

"ဟုတ်တယ် ကိုသန့် အဲဒါ ကိုယ်လည်း ထောက်ခံတယ်"

နိုင်ကြီးက ထမင်းလုပ်သံနဲ့ ဝင်ပြောသည်။ ရှင်းသန့် မျက်မှောင်ကျုံ့ကြည့်ကာ

"မင်း မယုံမရှိနဲ့ စနိုးက ကိုယ်နဲ့ဆိုရင်တောင် စကားပြောရမှာ ရှက်နေတာကွ တကယ့် ရှက်မလေး" •

ဟုတ်ရဲ့လားလို့ မေးစရာ မလိုအောင်ပါပဲ။

ရှင်းသန့် မျက်မြင်ထဲမှာ သက်မလေး ချမိသည်။ နောက်နေ့တော့ လွင် ဘာစိတ်ကူးပေါက်လဲ မသိ

"ကိုသန့် စနိုး လက်ကိုင်အိတ်လေး ကျန်ခဲ့တယ်၊ သွားပို့ပေးပါ"

တဲ့ ။ လည်သာ လက်ဆွဲအိတ် အနက်ကလေးကို ကိုင်ရင်း ရှင်းသန့် ရင်မှာ တစ်မျိုးလေး ဖြစ်သွားသည်။





ပြင်းလို့လည်း မကောင်းတာကြောင့် ခေါင်းညိတ်လိုက်ရပေမယ့် ရင်မှာ လှုပ်ရှားသလိုလို ဘာလိုလို။

စနိုး ညှော်ခန်းထဲ ဝင်လာတာ မြင်တော့ တကယ် ရင်ခုန်သွားသလို ခံစားရ၏။

အိမ်နေရင်း ဝတ်တဲ့ ဂါဝန်ဖားဖားလေးနဲ့ စနိုးက ကလေးဆန်ကာ ချစ်စရာကောင်းနေသည်။ ကျောလယ်လောက်ရှိတဲ့ ဆံပင်နက်ကလေးက ပျော့ပျောင်းအိစက်ကာ ကျောပေါ် ဝဲဖြာကျနေသည်က အလှတစ်ပါးနှယ်။

နှင်းဆီခင်းထဲ အလှဆုံး ပန်းပွင့်တွေ ရွေးညှပ်နေတဲ့ ချစ်စနိုးဆီ ရှင်းသန့် ခြေလှမ်းတို့ အလိုလို ဦးတည်သွားသည်။

ပန်းပွင့် နှစ်ဆယ် ညှပ်ပြီး စနိုး လှည့်ကြည့်တော့ ပန်းခင်းထဲ လျှောက်လာနေသည့် ရှင်းသန့်ကို

"စောင့်ရလို့ ပျင်းနေပြီလား ကိုရှင်းသန့်"

"ရပါတယ် အေးအေးဆေးဆေး ခူးပါ"

"ခဏလေးနော် ငါးပွင့်ပဲ ကျန်တော့တယ်၊ လွင်က နှင်းဆီပန်း သိပ်ကြိုက်တာ၊ ဘုရားတင်ဖို့ရော ပန်းအိုးထိုးဖို့ရော၊ တစ်ခါပေးရင် အပွင့် အစိတ်ပေးရတယ်လေ"

ရှင်းပြသလို ပြောရင်း စနိုး ပန်းငါးပွင့် ပြန်ညှပ်သည်။

ခူးထားတဲ့ နှင်းဆီ အားလုံးက အဖြူရောင်တွေချည်း။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့် မျက်ဝန်းထဲမှာ အဖြူရောင် နှင်းဆီပန်းထက် ပန်းနုရောင်လေးကို ပိုသဘောကျနေသည်။

ပန်းပွင့်အစိတ်ပြည့်လို့ ရှင်းသန့်ကို ပန်းတွေ မွေ့ပေးလိုက်သည်။ အဖြူရောင် နှင်းဆီပန်းတွေကို ယူနေတဲ့ ရှင်းသန့် မျက်ဝန်းက ပန်းနုရောင် နှင်းဆီတစ်ပွင့်ပေါ်မှာ။

ယူဖို့လား လို့ မေးလိုက်ချင်ပေမယ့် မမေးရဲ။

မိန်းကလေးတန်မဲ့ ဣန္ဒြေမဲ့တယ်လို့ မြင်သွားမှာ စိုးရိမ်တာကြောင့် ပန်းတွေယူပြီး

"သွားတော့မယ်"

ပြောပြီး လှည့်ထွက်သွားတဲ့ ရှင်းသန့် စနိုး ခေါင်းညိတ်အသိအမှတ်ပြုတာတောင် လှည့်ကြည့်မသွား။

ပေါ်တီကိုအောက် ရပ်ထားတဲ့ ကားလေးကို ငြိမ့်ငြိမ့်လေး မောင်းထွက်သွားတဲ့ ရှင်းသန့်ကားလေး ခြံထဲက ထွက်ခွာကာ မြင်ကွင်းထဲက ကွယ်ပျောက်သွားသည်ထိ ငေးကြည့်နေမိသည်။

"သမီး မောင်ရှင်းသန့်ကော"

မေမေ့မေးသံ ပေါ်လာမှ စနိုး အကြည့် ရုပ်ကာ ညေ့ခန်းထဲ ဝင်လာပြီး

"ပြန်သွားပြီ မေမေ"

"အို အားနာစရာကြီး ဘာမှလည်း ညေ့မခံလိုက်ရဘူး၊ မေမေ





ဟင်းအိုးပြင်ဆင်နေတာနဲ့ ရုတ်တရက် မေ့သွားတယ်၊ သတိရလို့ ကော်ဖီနဲ့မုန့် ပြင်ဆင်ပြီး ထွက်လာတာ"

"ရပါတယ် မေမေရယ်"

"ဘာပဲဖြစ်ဖြစ် ညေ့သည်ကို ညေ့သည်လို ညေ့ခံရမှ မေမေစိတ်ကျေနပ်တာ ခုတော့ အားနာစရာ"

မေမေက အဲသလိုပါပဲ။ အိမ်ကို ရောက်လာတဲ့ ညေ့သည်ကို ကျွေးရ မွေးရမှ ကျေနပ်တတ်သူ။

"အားနာစရာ မလိုပါဘူး လွင် ဘုရားပန်းမှာလို့ သမီး ခူးပေးလိုက်တယ်"

"အေး အေး ဒါဆိုလည်း ပြီးရော"

မေမေ ပြောရင်း စားပွဲပေါ် တင်ထားပြီးဖြစ်တဲ့ ရှင်းသန့်အတွက် ပြင်ဆင်ပြီး ယူလာတဲ့ ကော်ဖီဘန်းလေးကို ပြန်မ၍ ညေ့ခန်းထဲက ထွက်သွားသည်။

စနိုး ရင်ခုန်သက်မလေး ချကာ ရှင်းသန့် ယူလာပေးတဲ့ လက်ဆွဲအိတ်လေး ယူပြီး အပေါ်ထပ် ပြန်တက်ခဲ့ရတာ ပုံမှန်နဲ့မတူ။

ရှင်းသန့် ကိုယ်ငွေ့လေး ကပ်ပါသလို ခံစားရတဲ့ လက်ဆွဲအိတ်လေးကို ငုံ့ကြည့်မိရင်း ရင်ခုန်သလိုပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

''ကဆောင် လင် လင်''

မွေ့ရာထက် ကိုယ်လေးလေး လှဲချလိုက်သည်နှင့် တယ်လီဖုန်း မြည်လာသည်။ စနိုး ကိုယ်လေးကို မွေ့ရာထက်က ပြန်ရုန်းထ၍ ခေါင်းရင်းရှိ တယ်လီဖုန်းဆီ ရွေ့ခဲ့သည်။

ညအချိန်ချည်း ဖုန်းဆက်လာတာ ဘယ်သူပါလိမ့်။

''ဟဲလို''

ဖုန်းထူးလိုက်မှ

''ဟိတ် စနိုး''

လွင့်အသံမှန်း သိလိုက်တာကြောင့် နှုတ်ခမ်းလေး တွန့်ကာ ရန်တွေ့ချင်တဲ့စိတ်ကူးလေး ဝင်လာသည်။

''ဘာလဲ လွင်''





''မေးစရာရှိလို့''

''ဘာမေးမလို့လဲ''

''ရင်ခုန်နေလားလို့''

''အံမယ် ဘာဆိုင်လို့ ရင်ခုန်ရမှာလဲ ပြောစမ်းပါဦး''

စနိုး ရန်တွေ့သံလေးနဲ့ မေးတော့ လွင် သဘောကျသလို ရယ်သည်။

''ဟဲ့ ဘာရယ်နေတာလဲ ပြောလေ''

''ရင်ခုန်နေလား မေးတာနဲ့ စနိုး ရန်တွေ့ချင်နေတာ သိသာလို့''

''တွေ့မှာပေါ့ ဘာမှမဆိုင်တာတွေ လျှောက်မေးနေပြီးတော့''

''ဆိုင်မယ် ထင်လို့ မေးတာပါ စနိုးရယ်''

''ဘာဆိုင်တာလဲ ရှင်းရှင်းပြောစမ်းပါ လွင်လွင်မာရယ်''

စနိုး စိတ်မရှည်ချင်တော့ မွေ့ရာပေါ် ခြေတွဲလောင်းချထိုင်ရင်း ဖုန်းကို တစ်ဖက်နားကို ပြောင်းကိုင်လိုက်သည်။

လွင် အရယ်ရပ်ပြီး

''စိတ်ရှည်ရှည် ထားစမ်းပါ စနိုးရယ်၊ လွင် မေးတာက စနိုး အမူအယာတွေ ထူးခြားနေလို့''

''ကဲ ပြောစမ်းပါဦး၊ ဘာအမူအယာက ထူးခြားတာလဲ''

''ထူးခြားတာပေါ့ လက်ဆွဲအိတ်လေး မေ့ကျန်သွားတာ အထူးခြားဆုံးပဲ''

www.burmeseclassic.com



"ခနီး မေ့တာတ်တာ သိရဲ့သားနဲ့"

"မေ့ဘတ်တယ်လို့ပဲ မှတ်လိုက်မယ် ဒါနဲ့ စနိုး"

"နားထောင်နေပါတယ် ပြော"

"ကိုသန့်ကို ဘယ်လိုမြင်လဲ ဟင်"

"အို"

စနိုး မျက်နှာလေး ရှက်ရိပ် ပြေးသွားသည်။

"အို မနေနဲ့ ပြောလေ၊ ဘယ်လိုမြင်လဲလို့ သူငယ်ချင်း အချင်းချင်း ပွင့်ပွင့်လင်းလင်း မေးတာနော်"

"ဟွန်း ဘယ်လိုမှ မမြင်ဘူး"

"တကယ်လား"

"တကယ်ပေါ့"

"ကိုရှင်းသန့်က စနိုးကို ချစ်စရာလေးလို့ မြင်သတဲ့"

"ဟင်"

စနိုး ရင်ဘတ်လေး ဖိမိ၏။

"ဟုတ်တယ် စနိုး ကိုရှင်းသန့်က ကိုကို့ကို အဲသလိုပဲ ပြောတာ လွင် ကြားသွားတယ်လေ၊ လွင့် စိတ်ထဲမှာ ကိုသန့်က စနိုးကို ရင်ခုန်နေပြီလို့ ထင်တယ်၊ အဲဒါကြောင့် မေးကြည့်တာ စနိုးကော ရင်ခုန်နေလားလို့"

စနိုး မသိမသာလေး သက်မချသည်။

"မခုန်ပါဘူး လွင်ရယ်"





"ဟွန်း ဒါဆို လွင် အထင်မှားသွားပြီ"

"ဘယ်လို လွင်က ဘာထင်လို့လဲ"

"စနိုးလည်း ရင်ခုန်နေမယ်ထင်လို့ပေါ့၊ အဲဒါနဲ့ စနိုး လက်ဆွဲအိတ်လေး ပေးခိုင်းရင်းနဲ့ စနိုးနဲ့ကိုသန့်ကို ပြန်ဆုံအောင် ဖန်တီးပေးလိုက်တာ"

"အလိုလေး"

"ဟုတ်တယ် စနိုး လွင့်အထင်နဲ့ လွင် ဖန်တီးပေးတာ၊ ခုတော့ တလွဲချည်း"

"လွင်ကလည်းလေ မဟုတ်တာတွေ လျှောက်လုပ်နေတယ်"

"ဟုတ်တယ် လွင် လျှောက်လုပ်နေတာကို ကိုသန့်က သဘောတွေကျနေတာ"

"ဟွန်း"

စနိုး နှုတ်ခမ်းလေး ဆူလိုက်တာ စိတ်မကြည်မသာ ဖြစ်တဲ့ဟန်လေးနဲ့ မဟုတ်။ ကိုသန့် သဘောကျနေတာဆိုတဲ့ အသိက ရင်ထဲ တစ်မျိုးလေး ခံစားမိတာကြောင့်ပါ။

"တကယ် ပြောတာ စနိုးရဲ့၊ စနိုး ညှပ်ပေးလိုက်တဲ့ ပန်းတွေကို လွင့်ကိုပေးတော့ ဘာပြောတယ် ထင်လဲ"

"ဟင် ဘာပြောလို့လဲ"

"စနိုးတို့ ပန်းခင်းထဲက နှင်းဆီပန်းတွေထဲမှာ ပန်းနုရောင်



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပန်းတွေက ပိုလှသတဲ့''

ပန်းနုရောင် နှင်းဆီပန်းတွေဆီ အကြည့်ရောက်ခဲ့တဲ့ ရှင်းသန့် မျက်ဝန်းလေးကို ပြန်မြင်ယောင်စဉ် စနိုး ရင်မှာ ကြည်နူးသွားတာ အမှန်။

''လွင်က လိုချင်လား မေးတော့ မျက်နှာက ပြုံးသွားတာပဲ သိလား။ ကိုကိုကတောင် စလိုက်သေးတယ် အောင်သွယ်ပေးရမလားတဲ့''

''ဟာ လွင် ရှင်တို့နော်၊ မဟုတ်က ဟုတ်ကတွေ လျှောက်မလုပ်နဲ့''

''ဟဲ့ ကိုကိုက သူငယ်ချင်းမို့လို့ စေတနာနဲ့ မေးတာလေ''

''အောင်သွယ်ပေးရမလား ဘာညာလျှောက်မေးနေတာ စနိုး ရှက်တာပေါ့၊ လွင်နော်''

''ကဲပါ နောက် မမေးတော့ပါဘူး၊ စနိုး ရှက်တတ်တာ လွင် သိပါတယ်''

''သိရင် ပြီးရော တော်ပြီ နောက်တစ်ခါ ရှင်တို့ အိမ် လိုက် မလည်တော့ဘူး''

''မလည်ရင် ရတယ်လေ''

''လွင် ဖုန်းဆက်ပြီး မခေါ်နဲ့နော်''

''မခေါ်ပေါင် လွင်ပဲ လာခဲ့မယ်''

''ကိုသန့်အကြောင်း သယ်မလာခဲ့နဲ့''





စနိုး ကြည်နူးစွာပဲ ဟန့်တားမိတာ ဘာကြောင့်မှန်းမသိ၊ လွင် က သဘောကျစွာပဲ ရယ်သည်။ လွင့် ရယ်သံကိုက စနိုးစိတ်မှာ မလုံ။

''စိတ်ချ ဒါနဲ့ စနိုး အရေးကြီးတာ ပြောဖို့ မေ့နေတယ်''

''ပြောလေ ဘာများလဲ''

''စနိုးရဲ့ စမိုင်း ဖက်ရှင်စတိုးမှာ အရောင်းစာရေးမ တစ်ယောက် လိုနေတယ်ဆိုတာ ရပြီလား''

''မရသေးဘူး လွင်ရယ်၊ အဲဒါကြောင့် စနိုးလည်း ညစ်နေတာ''

''အဲဒါဆို မညစ်နဲ့တော့၊ လွင့်ကိုပဲ ခေါ်လေ''

''အိုး အားနာစရာကြီး လွင်ရယ်၊ လွင်က အရောင်းစာရေး မလေး လုပ်ရမယ့်အဆင့်မှ မဟုတ်တာ''

''အံမယ် မြှောက်နေပြန်ပြီ''

''တကယ်ပြောတာလေ၊ လွင့်အခြေအနေက နည်းလား''

''ဟုတ်ပါတယ် လွင်က အလုပ်တစ်ခု လုပ်ချင်တယ်၊ မေမေ့ကို ဖွင့်ပြောထားပြီးပြီ၊ လောလောဆယ် ဘာလုပ်ရကောင်းမှန်း မသိဘူး၊ မေမေက စနိုး ဖက်ရှင်စတိုးလေးကို လေ့လာကြည့်ပေါ့တဲ့၊ စိတ်ဝင်စား တယ်ဆိုရင် ဖက်ရှင်စတိုး ဖွင့်ပေါ့တဲ့၊ အဲဒါကြောင့် လုပ်ငန်းလေ့လာတဲ့ သဘောနဲ့ ဝင်လုပ်တာ၊ သူငယ်ချင်း အချင်းချင်းဆိုတော့ ပိုကောင်းတာ ပေါ့ ဘယ်လိုသဘောရလဲ စနိုး''

လွင် စိတ်ဝင်တစား ပြောတော့လည်း စနိုး ငြင်းရက်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် လွှင်ရယ် လေ့လာတာပဲ၊ အရောင်းစာရေးမ လုပ်စရာ မလိုပါဘူး၊ စနိုးကလည်း လွှင့်ကို အရောင်းစာရေးမနေရာမှာ မထားရက်ပါဘူး၊ တကယ်ပြောတာ လွှင် စိတ်ဝင်စားရင် စနိုးနဲ့အတူ ကောင်တာဝိုင်းထိုင်၊ ပြီးတော့ လေ့လာ၊ စနိုးလည်း သင်ပေးမှာပေါ့ ဟုတ်ပြီလား"

"အင်း ကောင်းသားပဲ စနိုးရယ် လွှင် လေ့လာမယ်"

"လေ့လာတာက ဟုတ်ပါပြီ၊ လွှင် အိမ်စောင့်ရတဲ့ အလုပ် ရှိသေးတယ်မဟုတ်လား၊ အချိန်ပြည့် နေနိုင်ပါ့မလား"

"အဲဒီအတွက် စိတ်ချ မနက်ကပဲ အန်တီစိုး ရောက်လာတယ်၊ လွှင်တို့ဆီမှာ စိတ်အေးလက်အေး နေမယ်တဲ့၊ လွှင်တော့ အိမ်စောင့်တဲ့ ဝဋ်က ကျွတ်ပြီ စနိုးရဲ့"

"ဝမ်းသာပါတယ် လွှင်ရယ်"

"လွှင်လည်း အဲဒါပဲ ဝမ်းသာသွားတာ၊ အန်တီစိုးကို ရှိုးမတတ် ပဲ တကယ်"

"အဲဒါဆိုလည်း ပြီးရောလေ၊ မနက်ကျရင် စနိုး ဝင်ခေါ်မယ်၊ အဆင်သင့်ပြင် စောင့်နေ"

"စနိုး ဝင်မခေါ်နဲ့၊ လွှင်ပဲ စနိုးကို ဝင်ခေါ်မယ် ဟုတ်ပြီလား"

"အင်းပါ အဲဒါလည်း ကောင်းတာပဲ"

"ဒါဆို ဖုန်းချလိုက်မယ်"





"အင်းပါ"

"ဟိုတ် စနိုး မေးဖို့ ကျန်သွားတယ်၊ ကိုရှင်းသန့်ကို ရင်မခုန်တာ သေချာတယ်နော်"

စနိုး မျက်နှာလေး ရုတ်ချည်း ရှက်သွေးလေး ဖြာမတတ် ရင်ခုန်သလို ဖြစ်သွားသည်။

"လွှင်နော် စနိုး စိတ်ဆိုးမိလိမ့်မယ်"

"အမလေး ချစ်စနိုးမလေးရယ် စိတ်ဆိုးတော် မမူပါနဲ့၊ ကဲ ဒါပဲ"

ကမန်းကတန်း ဖုန်းချသွားတဲ့ လွှင့်ကို စိတ်မှန်းနဲ့ မျက်စောင်း ထိုးမိသည်။ လွှင် စုတ်မလေး။

စနိုး ဖုန်းခွက်လေး ပြန်ချကာ မွေ့ရာပေါ် ကိုယ်လုံးလေး အသာ လှဲချရင်း လွှင် နောက်ဆုံးပြောတဲ့ စကားလေးကို ပြန်ကြား ယောင်မိသည်။

"ရင်မခုန်တာ သေချာလား"

တဲ့ ။ သေချာတယ်လို့ ပြောမထွက်တာ ဘာကြောင့်မှန်း စနိုး မစဉ်းစားချင်တော့။ မျက်ဝန်းထဲမှာ ရှင်းသန့် ပုံရိပ်လေး ပေါ်လာတော့ စနိုး မျက်လွှာလေးပိတ်၍ ဖျောက်ဖျက်ပစ်ဖို့ ကြိုးစားမိသည်။ သို့သော်လည်း ရှင်းသန့် ပုံရိပ်လေး ပျောက်မသွား။ ရုပ်လက်တိုနှင့် ပုဆိုးနိမ့်နိမ့်လေး ဝတ်တတ်တဲ့ သူ့အသွင်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းနက်နက် နှာတံဖြောင့်ဖြောင့်စင်းစင်းနှင့် နှုတ်ခမ်းလွှာလေးက ပိပိရိရိ။ မျက်နှာသွယ်သွယ်နှင့် ယောက်ျားပီသပြီး ဆွဲဆောင်မှုရှိတဲ့ တည်တည်ကြည်ကြည် ဟန်လေးက ..။

အို

စနိုးနဲ့ ဘာဆိုင်လို့လဲ။

စနိုး အာရုံထဲက သွားစမ်းပါ ရှင်ရယ်။

■ ■ ■



အခန်း (၄)

စနိုး အာရုံထဲက မောင်းထုတ်ထားတဲ့ ရှင်းသန့် ပုံစံလေးက မေ့ဖျောက်ဖို့ မလွယ်တဲ့ အပြင် မထင်မှတ်ဘဲ ထိပ်တိုက်တွေ့နေရတဲ့ အဖြစ်က တိုက်ဆိုင်လွန်းသည်။

ဒီနေ့ ဆိုင်ပိတ်ရက်မို့ မေမေ့ကို ဘုရားလိုက်ပို့ရသည်။

မေမေနဲ့ စနိုးက ဘုရားလာတိုင်း ခြေလျင်ပဲ လျှောက်ကတ်လေးရှိသည်။ ကားပါကင်မှာ ကားရပ်ပြီး မေမေနှင့်စနိုး ပန်းသည်တွေဆီ လျှောက်လာတော့ ပန်းဆိုင်မှာ မထင်မှတ်ဘဲ ဆုံသည်။

"အန်တီ"

မေမေက ရုတ်တရက် မှတ်မိဟန်မတူ။

"ကျွန်တော် ရှင်းသန့်လေ၊ ဟိုတစ်ရက်ကပဲ အန်တီနဲ့ အများပြောဖြစ်သေးတယ်လေ၊ အန်တီတို့ ညှို့ခန်းမှာ"

"ကြော် အေး ဟုတ်တယ်၊ ကြည့်စမ်း ရှုတ်သွားရောဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



သတိမရ ဖြစ်သွားတာ၊ မျက်လုံးကလည်း သိပ် မကောင်းတဲ့အထဲ မျက်မှန် မေ့ကျန်လာတယ် သားရယ်''

မေမေ မှတ်မိသွားတော့လည်း ရွှန်းရွှန်းဝေအောင် ပြောပြန်သည်။ ရှင်းသန့်က ပြုံးပြုံးလေးပဲ နားစိုက်ထောင်ပြီး

''ဟုတ်ပါတယ် အန်တီ ဘုရားပန်း ဝယ်မလို့လား၊ ကျွန်တော် ဝယ်လိုက်မယ် စနိုး''

ပြောရင်း ဘုရားပန်းတွေ ရှင်းသန့် ပြန်ဝယ်သည်။ စနိုး အားနာတာကြောင့်

''ရပါတယ် စနိုး ဝယ်လိုက်ပါ့မယ်''

''နေပါစေ ကျွန်တော်ပဲ ဝယ်မယ်''

ရှင်းသန့်က ဦးစွာ ပိုက်ဆံရှင်းလိုက်သည်။ ရှင်းသန့် လက်ထဲမှာ သစ္စာပန်း အဖြူသုံးစည်း အောင်သပြေပန်းက သုံးစည်း။

စနိုးမှာ အားနာတာကြောင့် ဘာမှပြန်မပြောဘဲ မေမေ့ကို လက်ချိတ်၍ ရှေ့က လျှောက်ထွက်ခဲ့သည်။

''သား တစ်ယောက်တည်းလား''

''ဟုတ်တယ် အန်တီ နိုင်ကြီး လာမယ်ပြောပြီး မလာလို့ တစ်ယောက်တည်း ထွက်ခဲ့တာ၊ အန်တီတို့နဲ့ ဆုံတာ ကံကောင်းသွားတယ်''

မေမေ့ဘေးက ယှဉ်လျှောက်ခဲ့ရင်း ရှင်းသန့် ကြည်ကြည်လင်





လင် ပြောတော့ မေမေ သဘောကျနေသည်။

''အန်တီတို့လည်း ကံကောင်းပါတယ်ကွယ်၊ သားနဲ့ဆုံတော့ အဖော်ရသွားတာပေါ့၊ မောင်နိုင်ကြီးလည်း ပြောဦး အန်တီတို့ဆီ အလည် လာပါဦးလို့''

''ပြောလိုက်ပါ့မယ် အန်တီ''

စကားတပြောပြောနဲ့ လှေကားထစ်တွေ တစ်ထစ်ပြီး တစ်ထစ် လျှောက်တက်လာခဲ့တာ မေမေ မောမှန်းမသိသာ ဖြစ်မည်။

ရွှင်ရွှင်လန်းလန်းလေးပဲ ဖြစ်ကာ ရှင်းသန့် စနိုးက မေမေ့ဘေး တစ်ဖက် တစ်ချက်မှာ၊ မေမေက အလယ်ကဆိုတော့ မသိရင် မိသားစုလို လို ဘာလိုလို။

စကားပြောနေရင်း စနိုးဘက် တစ်ချက် တစ်ချက် ငုံကြည့် တတ်တဲ့ ရှင်းသန့် မျက်ဝန်းအစုံကို စနိုး မသိချင်ဟန်ဆောင်ကာ မျက်နှာ လေး လွှဲလိုက်မိသည်။

''ဒါနဲ့ အန်တီတို့က သားအမိ နှစ်ယောက်တည်းလား''

စကားမစပ် ရှင်းသန့် မေးတော့ မေမေ့ မျက်နှာလေး တည်ငြိမ် သလို ခပ်ဆွေးဆွေးလေး ဖြစ်သွားသည်။

ရှင်းသန့်ကလည်း ဘာဖြစ်လို့ မေးရတာလဲမသိ။

မေမေ့ ခြေလှမ်းတွေ ရှေ့ဆက်လှမ်းနေရာမှ ခေါင်းလေး ဆတ် ကာ ရှင်းသန့် မေးခွန်းကို ခပ်အေးအေးပဲ ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ခုတော့လည်း သားအမိနှစ်ယောက်တည်းပါပဲ၊ စနိုးဖေဖေ ဆုံးဘာက ဆယ်နှစ်ရှိပြီ သားကြီးနဲ့ သမီးကြီးက အိမ်ထောင်နဲ့လေ၊ သမီးကြီးက သူ့အမျိုးသားနဲ့ စင်ကာပူမှာ၊ သားကြီးက L.A မှာ အလုပ်တွေနဲ့ဆိုတော့ ဖုန်းပဲ ဆက်နိုင်အားတယ်၊ တစ်နှစ် တစ်ခေါက်တောင် တွေ့ခွင့်မရပါဘူးကွယ်"

စနိုးတို့ မိသားစုလေး ဝေးနေတဲ့ အဖြစ်က စိတ်မကောင်းစရာလေးပါ။ အန်တီက မိခင်အနေနဲ့ သားသမီးတွေကို နေ့စဉ် မြင်တွေ့ချင်စိတ် ရှိဟန်တူသည်။

"အဝေးမှာဆိုတော့လည်း ဒီလိုပဲပေါ့ အန်တီ"

ရှင်းသန့် စာနာစိတ်ကလေးနှင့်ပဲ ဝင်ပြောသည်။ မေမေက မိသားစု ပေါင်းစည်းနေချင်တဲ့ စိတ်ရှိသည်။ အစ်မနဲ့ အစ်ကိုကြီးက စီးပွားရေးအတွက် အပြင်မှာ ခွဲနေဘာကို မကြည်ဖြူချင်ပေမယ့်လည်း အပြစ်မမြင်မိပါ။

"ဟုတ်တယ် သားရယ် သားသမီးတွေရဲ့ တိုးတက်ရေး တိုးတက်ကြောင်းဆိုတော့လည်း အန်တီ မတားရက်ပါဘူး။ တစ်နှစ်တစ်ခါလောက်တော့ အနည်းဆုံး အန်တီ သားနဲ့သမီးကို တွေ့ချင်ပါတယ်ကွယ်"

"မေမေကလည်း"

စနိုး မေမေ့ကို ဟန့်တားသလိုလေး တိုးတိုးပြောမိသည်။ မေမေ





က ရှင်းသန့်ကို ရင်းရင်းနှီးနှီးပဲ မိသားစုအကြောင်းတွေ ပြောနေတော့ စနိုး အားနာလှသည်။ ရှင်းသန့်က နားလည်မှု ရှိသူလေးပါ။

"ရပါတယ် စနိုး အန်တီ ပြောပြလိုက်တော့ ရင်ထဲပေါ့သွားတာပေါ့"

"ဟုတ်တယ် သား၊ သား သိချင်လို့ မေးလာတော့ အန်တီ ပြောပြခွင့်ရတာ ရင်ထဲပေါ့သွားပါတယ် ကွယ်၊ သားနဲ့သမီးကြီး ဝေးနေပေမယ့် သမီးငယ်လေး စနိုး အနီးကပ်ရှိနေတော့ အန်တီ ဖြေသာပါတယ် သားရယ်"

"ဟုတ်တာပေါ့ အန်တီ၊ စနိုး ရှိတော့ အန်တီ အားကိုးရတာပေါ့"

"အင်း သမီးကလည်း လိမ္မာလို့သာပေါ့၊ အန်တီကလည်း ဒီသမီးလေးကိုပဲ ပိုပြီး ခင်တွယ်နေမိတယ်၊ သမီး အိမ်ထောင်ကျလို့ အန်တီကို ခွဲသွားရင်တော့"

"အို မေမေ"

စနိုး ခပ်ရှက်ရှက်နဲ့ မေမေ့ကို ဟန့်တားမိပြန်သည်။ မေမေက စနိုး မျက်နှာလေးကို ကြည်နူးစွာ ကြည့်ပြီး

"ဟုတ်တယ်လေ သမီးရဲ့ သမီး အိမ်ထောင်ကျလို့ ယောင်္ကျားနောက် ဆံထုံးပါသလို ပါသွားရင် မေမေ တစ်ယောက်တည်း ကျန်ခဲ့မှာ"

"ဟာ မေမေ မဟုတ်တာတွေ လျှောက်ပြောနေပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲကြည့် သားရယ်၊ စန်းလေးက ဘာပဲပြောပြော ပြောလိုက်တာနဲ့ ရှက်နေတတ်တယ်"

ရှင်းသန့်ကိုပဲ သားအရင်းလို သဘောထားပြီး ပြောနေဟန်က စန်း မရှက်ဘဲ နေတော့မလား။ စန်း ရှက်နေတာလေးကိုပဲ ရှင်းသန့်က သဘောကျသလို ငဲ့ကြည့်သည်။ မေမေနဲ့ ရှင်းသန့်ကို စန်း မျက်စောင်းထိုးကြည့်ရင်း

"ရှက်မှာပေါ့ စန်း အိမ်ထောင်မပြုဘူး၊ မေမေနဲ့အတူ တစ်သက်လုံး နေမယ်လို့ ပြောထားပြီးပြီပဲ"

"သမီး တကယ်ပဲ အပျိုကြီးလုပ်မလို့လား"

"လုပ်မယ်"

စန်း မလုံမလဲ မျက်စောင်းထိုးရင်း ပြောမိပြန်သည်။ မေမေက သဘောကျသလို ပြုံး၍

"ကြည့်ရသေးတာပေါ့ နောက်မှ မေမေရယ် သမီးတို့ ချစ်ခြင်းကို မခွဲပါနဲ့ဆိုရင်"

"တော်ပြီ မေမေနဲ့ ဘာမှမပြောတော့ဘူး"

မေမေရဲ့ ပြုံးပြုံးလေး စိုက်ကြည့်နေတဲ့ မယုံပါဘူးလို့ ပြောနေသော မျက်လုံးတွေကိုရော ရှင်းသန့်ရဲ့ ကြည်နူးမျက်ဝန်းတွေကိုပါ စန်း ရင်မဆိုင်ရဲတော့။

တွဲထားတဲ့ မေမေ့လက်ကို ဖြုတ်ချရင်း ရှေ့ကို ခပ်သွက်သွက်





ပဲ လျှောက်ထွက်ခဲ့မိသည်။

"အဲဒါပဲ ကြည့်တော့ သားရယ် သမီးလေးက အဲလိုပဲ ဘာပဲဖြစ်ဖြစ် ရှက်တာက အရင်"

အန်တီ ကြည်နူးစွာ ပြောတော့ ရှင်းသန့် ခေါင်းညိတ်လိုက်တာက ရင်ပူစွာပဲ ဖြစ်သည်။

စန်းက ရှက်လို့လား ဒါမှမဟုတ် တကယ်ပဲ အပျိုကြီး လုပ်မှာလား။

သိခွင့်ရချင်လိုက်တာ စန်းရယ်။

"မိန်းကလေးဆိုတော့လည်း ရှက်မှာပေါ့ အန်တီ"

"သမီးကိုက ပိုလွန်းပါတယ်ကွယ်၊ အင်း ပြောသာ ပြောရတာပါ၊ သမီးလေး အနီးကပ်ရှိနေလို့လည်း အန်တီ လိုအင်ပြည့်စုံရတဲ့ သဘောပေါ့ကွယ်၊ သားကြီးနဲ့ သမီးကြီးကို လွမ်းရင် စန်းလေးပဲ ကြည့်ပြီး ဖြေသိမ့်ရတာလေ"

"ကျွန်တော်လည်း နားလည်ပါတယ် အန်တီ၊ အန်တီ လိုအပ်ရင် ကျွန်တော့်ကို ခေါ်လိုက်ပါ၊ လောလောဆယ် နိုင်ကြီးနဲ့အတူ နေနေတယ်"

"အင်း သမီးပြောလို့ သိပြီးပြီ၊ သားလည်း အန်တီတို့ဆီ အချိန်မရွေး လာလို့ရပါတယ်၊ အန်တီက ဘယ်သူ့သားသမီးဆို အန်တီသားသမီးကို ချစ်သလို ချစ်ချင်ပါတယ်ကွယ်၊ အင်း စကားပြောရင်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်တက်လာလိုက်တာ မောမှန်းတောင် မသိဘူး ဘုရားပေါ်တောင် ရောက်လာပြီ''

ဘုရားရင်ပြင်ပေါ် ရောက်မှန်းမသိ ရောက်ခဲ့တာ အန်တီ ပြောမှပဲ ဘုရားပေါ် ရောက်ခဲ့မှန်း ရှင်းသန့် အသိဝင်လာသည်။

''ဒါနဲ့ သားက ဘာနေ့သားလဲ''

''သောကြာ''

''သမီးနဲ့ မွေးနေ့ချင်း အတူတူပဲပေါ့''

အန်တီ ပြောတော့ ရှင်းသန့် ရင်မှာ လှိုက်ခနဲ ကြည်နူးသွားသည်။

''အန်တီက အင်္ဂါလေ၊ အန်တီ ဘုရားရှိခိုး လိုက်ဦးမယ်''

''ဟုတ်ကဲ့ အန်တီ''

အန်တီကို အင်္ဂါဂြိုဟ်တိုင်အရောက်ပို့ပြီး သစ္စာပန်းနဲ့ အောင်သပြေပန်းတစ်စည်းစီ လက်ထဲ ထည့်ပေးလိုက်သည်။

အန်တီ စေတီရှေ့မှာ ထိုင်၍ ပန်းစည်းတွေနဲ့ လက်အုပ်ချီကာ ဘုရားစာရွတ်နေမှ ရှင်းသန့် ခြေလှမ်းတို့ သောကြာဂြိုဟ်တိုင်ဆီသို့ ရွေ့ခဲ့သည်။

စနိုးက စေတီရှေ့ သောကြာဂြိုဟ်တိုင်မှာ ညင်ညင်သာသာလေး ထိုင်ချလျှင် ရှင်းသန့်လည်း စနိုးနဲ့ ဘေးချင်းကပ် ထိုင်၍ သစ္စာပန်းတစ်စည်းနဲ့ သပြေပန်းတစ်စည်းကို စုကိုင်၍ စနိုးရှေ့ ကမ်းပေးမိသည်။





ပန်းစည်းကို စနိုး ကြည့်ရင်း မယူရဲသလိုလို မျက်လွှာလေးချ လက်အုပ်ချီတော့

''စနိုး ပန်းယူလေ ဘုရားပန်းနဲ့ အာရုံပြုတော့ စိတ်ကြည်လင်တာပေါ့၊ ယူလေ စနိုး အားမနာပါနဲ့''

ပြောရင်း အတင်းထိုးပေးနေတော့ မယူရင်လည်း လူမှုရေးနားမလည်သလို ဖြစ်တော့မည်။ ယူပြန်ရင်လည်း စိတ်ထဲမှာ တစ်မျိုးချည်း။

''ယူပါ''

စနိုး လက်အုပ်ထဲ မရဲတရဲလေး ထည့်ပေးနေတဲ့ ရှင်းသန့်အမူအယာလေးက ရိုးသားဟန်လေးနဲ့မို့ စနိုး ခေါင်းညိတ်ကာ ယူလိုက်သည်။

ပန်းစည်းလေး ယူလိုက်မှ ရှင်းသန့် မျက်နှာလေး ကြည်နူးသလို ပြုံးသွား၏။ ရှင်းသန့်ကလည်း ဘုရားပန်းတွေနဲ့ လက်အုပ်ချီတော့ စနိုးရင်မှာ တစ်မျိုးဖြစ်သွားသည်။

''ကိုရှင်းသန့်က''

''ကျွန်တော်နဲ့ စနိုးက မွေးနေ့ချင်း တူတယ်လေ''

''ဟင် ဘယ်လိုလုပ် သိသွားပြန်တာလဲ''

''အန်တီ ခုနကပဲ ပြောတာ''

''အို မေမေဟာလေ''



www.burmeseclassic.com

www.burmeseclassic.com



မလိုအပ်ဘဲ မျက်နှာလေးက ရှက်ရိပ်လေး ပြေးသွားသည့်က စနိုး မျက်နှာမှာ အလှတစ်ပါး တိုးသွားသလိုပင်။

''အန့်တီ ပြောလို့သာပေါ့ မဟုတ်ရင် စနိုးကို ကျွန်တော် ဘတ်ရှာနေရမှာလေ''

''ဘာလုပ်ဖို့''

''ဘုရားပန်းပေးဖို့လေ''

ရှင်းသန့် စကားလုံးတွေနောက်မှာ မထင်မှတ်တဲ့ အကြည့်တို့ ဆုံသွားသည်။ စေတီရှေ့မှာ ဖြစ်ပေမယ့် ရင်မခုန်အောင် နေလို့မရတော့။ ရင်ခုန်သွားတာကလည်း ကြည်နူးခြင်းအတိ။

စနိုးပဲ ဦးစွာ အကြည့်လွှဲကာ မျက်လွှာချသည်။

လက်အုပ်ထဲ ရှိနေတဲ့ ဘုရားပန်းလေးက ရှင်းသန့် ပေးတယ်ဆိုတဲ့ အသိ၊ ရင်ခုန်ခြင်းတို့နဲ့အတူ ဘုရားကို အာရုံပြု ဦးခိုက်မိသည်က ရေးရေစက်ကြောင့် ယှဉ်တွဲလျက်သား ဘုရားအတူတူ ရှိခိုးခွင့်ရတာလား ကိုရှင်းသန့်ရယ်။

အာရုံထဲ ထည့်မထားချင်ပါဘူးဆိုကာမှ

အတူယှဉ်တွဲပြီး ဘုရားရှေ့မှာ သစ္စာဆိုနေသလို ဖြစ်နေရော့သလား။

ချစ်သူလည်း မဟုတ်ဘဲနဲ့ဆိုတဲ့ အသိက ရင်မှာ တအုံနွေးနွေးလေး ဖြတ်စီးသွားသလိုပါပဲကွယ်။



## အခန်း (၅)

''တီ တီ တီ''

ကားဟွန်းသံ ကြားရသည်။ လွင် ရောက်နေပြီဆိုသည့် အသိနဲ့ အခန်းထဲက ပြေးထွက်ခဲ့သည်။ ပေါ်တီကို အောက်မှာရပ်ထားတဲ့ အဖြူရောင် မာစီဒီး ကားမောင်းသူနေရာမှာ ရှင်းသန့်ကို မြင်လျှင် စနိုး ခြေလှမ်းလေး နှေးကျသွား၏။

ကားထဲမှာ လွင်လည်း ပါမလာတာ မြင်တော့ စနိုး ခြေလှမ်းလေး တန့်သွားပြီး

''လွင်ရော''

''လွင် ပြင်ဆင်လို့ မပြီးသေးဘူး၊ အဲဒါ လာကြိုပေးပါဆိုတာနဲ့ စနိုးကို ကိုယ် လာကြိုတာ လာလေ စနိုး''



www.burmeseclassic.com

www.burmeseclassic.com



စနိုး အားတုံ့အားနာ ဖြစ်သွားသည်။

ရှင်းသန့်နဲ့ နှစ်ယောက်တည်းဆိုသည့် အသိက စနိုးကို ရင်ခုန် နေစေသည်။

"သမီး လိုက်သွားလေ"

မေမေ ရောက်လာပြီး ဘုမသိ ဘမသိ ပြောတော်မူ၏။ စနိုး ဆံပင်တွေကို နောက်ဘက်သို့ လက်ချောင်းလေးနဲ့ သပ်ရင်း ခေါင်းညိတ်လိုက်ရသည်။

"ဟုတ်ကဲ့ မေမေ"

စနိုး ကားနောက်ခန်းမှာ ဝင်ထိုင်လိုက်ရသည်။ မေမေ့ကို ရှင်းသန့် နှုတ်ဆက်ပြီး ကားမောင်းထွက်ခဲ့တော့ စနိုးလည်း မေမေ့ ကို အပြုံးလေးနဲ့ပဲ လှည့်ပြန်ငဲ့ကြည့်ဖြစ်သည်။

မေမေက ဘာမှန်းလည်း မသိဘူး။ ဘယ်သူ့ကိုမဆို တွေ့တာနဲ့ ခင်တတ်ပြီး ရင်းရင်းနှီးနှီး ဖြစ်သွားတတ်သည်။

တကယ်ဆို သမီးပျိုလေးကို တစ်ခါ နှစ်ခါ မြင်ဖူးတဲ့ ယောကျ်ား လေးနဲ့ စိတ်ချလက်ချ ထည့်ပေးလိုက်စရာလား။

လွှင် ကြောင့်လည်း ခက်တယ်။ တစ်ခါတည်း လိုက်ခဲ့ပါလား။ ခုတော့ စနိုး တစ်ယောက်တည်း။ လွှင် ပါလာရင် စနိုး စိတ်က မလုံမလဲ ဖြစ်မှာ မဟုတ်ဘူး။

ကားမောင်းနေရင် ရှေ့ကြည့်မှန်မှ စနိုး မျက်နှာလေးကို တစ်ချက် တစ်ချက် ခိုးကြည့်နေတဲ့ ရှင်းသန့် မျက်ဝန်းနဲ့ မဆုံအောင် စနိုး သတိကြီးစွာ ရှောင်နေရသည်။





"ဖက်ရှင်ရှော ဖွင့်ထားတာ ကြာပြီလား"

"ဟို သိပ်မကြာသေးဘူး"

"အရောင်းအဝယ် ကောင်းလား"

"မဆိုးပါဘူး"

"လွှင်ပြောတော့ အတော် တိုးတက်နေပြီဆို"

ကားမောင်းနေရင်း စကားလှည့်ပြောနေတဲ့ ရှင်းသန့်နဲ့ စကား ပြန်ပြောနေရတာ စိတ်ထဲမှာ ရှုစိရှုစိလေး ဖြစ်ရ၏။

"ဒီလောက်လည်း မဟုတ်ပါဘူး"

"မိန်းကလေး အဝတ်အထည်ချုပ်းပဲလား"

"ဟုတ်တယ်"

"ယောကျ်ားဝတ်တွေလည်း တင်ကြည့်ပေါ့။ ဆိုင်ပိုစည်လာမှာ"

ဟွန့် ဘာရည်ရွယ်ချက်နဲ့ ပြောနေပါလိမ့်။

လွှင်ပြောတော့ စကားနည်းတယ်တဲ့။ ခုတော့ မေးနေတာ စကားက ပေါက်ပေါက်ဖောက်သလိုပင်။

လွှင်တို့ တိုက်ရှေ့ ကားလေးရပ်သွားမှ ရှင်းသန့် စကားလည်း ဆိတ်သွားသည်။ အဆင်သင့် ပြင်ဆင်ပြီး စောင့်နေတဲ့ လွှင့်ကို စနိုး မျက်စောင်းထိုးကြည့်သည်။ လွှင် ပြုံးပြီး စနိုးဘေးမှ ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



လွင် ကားပေါ်မှာ ဝင်ထိုင်ပြီးသည်နှင့် ရှင်းသန့်က ကားလေးကို လျှောခနဲ မောင်းထွက်သွား၏။

"လွင်ကလည်း အားနာစရာကြီး"

"ဘာလို့ အားနာရမှာလဲ၊ ကိုသန့်က ကိုကို့လို မဟုတ်ဘူး၊ ဘာနိုင်းနိုင်း ခေါင်းခါတာ မရှိဘူး စနီးရဲ့"

"တော်ပါတော့ ဟိုက ကြားသွားဦးမယ်"

"ကြား ကြား"

"လွင် နော်"

လွင် မျက်ခုံးလေး ပင့်ရယ်ရင်း ပခုံးစွန်းလေးကို ကိုယ်နဲ့ ဖိတိုက်သည်။ စမိုင်း ဖက်ရှင်စတိုးရှေ့မှာ ရှင်းသန့် ကားလေး ထိုးရပ်လိုက်သည်။

စနီး ကားပေါ်က ဦးစွာ ဆင်းသွားသည်။ ရှင်းသန့်ကို နှုတ်မဆက်တော့။ လွင်က အားနာစွာပဲ ရှင်းသန့်ကို ပြုံးကြည့်၍ ကားပေါ်က ဆင်းသည်။

"ညနေ လာကြိုပေးဦး"

ရှင်းသန့် ခေါင်းညိတ်၍ ကားမောင်းထွက်သွားမှ လွင် စနီးနောက် ခပ်သုတ်သုတ်လေး လိုက်ခဲ့ရင်း

"နေဦးလေ"

စနီး ရပ်စောင့်မနေ။ အသင့်ဖွင့်ထားပြီးသား စမိုင်း စတိုးထဲ





တိုက်ရိုက် လှမ်းဝင်ပြီး ကောင်တာနောက်က ဆိုဖာခုံမှာ ဝင်ထိုင်သည်။

"စနီးရယ် ဘာဖြစ်လို့ ရှေ့က ထွက်ခဲ့ရတာလဲ၊ လွင့်ကို စောင့်ဦးမှပေါ့"

"စောင့်ချင်စရာကြီး လွင်နော် နောက်နေ့ကျရင် လာမကြိုနိုင်းနဲ့၊ စနီးဘာသာ ကားယူလာမယ်"

စနီးသေးက ဆိုဖာပေါ်မှာ လွင် ဝင်ထိုင်ပြီး

"လွင်က စနီး သက်သာပါစေဆိုတဲ့ စေတနာနဲ့ပါနော်"

"ရှင့်စေတနာက သူများကို ဒရိုင်ဘာရာထူးပေးပြီးတော့"

"ဘာလဲ စနီး မကျေနပ်ဘူးလား"

"ဘာဆိုင်လဲ"

ရှက်သွားတဲ့ စနီး မျက်နှာလေးကို ကြည့်၍ လွင် အားရပါးရရယ်သည်။ လွင် ရယ်တော့ စနီး အမြင်ကတ်စွာပဲ လွင့်ပေါင်ကို တဖြန်းဖြန်း ရိုက်မိ၏။

"စနီးရယ် ရှင်ဟာလေ မပြောလိုက်ချင်ဘူး၊ တကယ် ဒရိုင်ဘာရာထူးဖြစ်နေလို့ တင်းနေတယ် မဟုတ်လား"

"အပိုတွေ မပြောပါနဲ့ လွင်ရယ်၊ လွင့်ကြောင့် စိတ်ညစ်တာပဲ"

"မညစ်ပါနဲ့ ကိုရှင်းသန့်က ဒရိုင်ဘာ တာဝန်ယူပေးမယ်ဆိုပြီး သူ့ကျေနပ်နပ် လက်ခံထားတာ၊ ဘာမှ အားနာစရာ မလိုဘူး"

"မလိုပေမယ့် စနီး လက်မခံချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"စကားအရမ်း များတာပဲ"

"အလိုလေ ကိုသန့်က စကားများတယ် ဟုတ်လား"

"များတာပေါ့ တစ်လမ်းလုံး ဟိုမေး ဒီမေးနဲ့ ပြန်ဖြေရတာ စနိုး ပါးစပ်ညောင်းတယ် သိတယ်"

"ဟုတ်ရဲ့လား စနိုးရယ် ကိုသန့် စကားအရမ်းနည်းတာ ကိုကိုနဲ့တောင် ကိုကို ဆယ်ခွန်းလောက် ပြောမှ တစ်ခွန်းနှစ်ခွန်း ပြောတာ၊ လွင်နဲ့လည်း ဒီအတိုင်းပဲ၊ စနိုးနဲ့မှ စကားအများကြီး ပြောတယ်ဆိုတော့ ဟိ ဟိ"

ပြောရင်း ဟိခနဲ အသံထွက်ရယ်တဲ့ လွင့်ကို စနိုး မျက်စောင်းနနလေး ထိုး၏။

"လွင်နော် မစနဲ့"

"တကယ်ပြောတာလေ၊ စနိုးနဲ့ပဲ စကားများများ ပြောတယ်ဆိုတော့ ပြောစရာ စကားအများကြီး ရှိလို့နေမှာပေါ့ မဟုတ်ဘူးလား"

စနိုး စိတ်ရှုပ်စွာပဲ ခေါင်းလေးကုတ်မိသည်။ လွင် မျက်နှာလေး တည်သွားပြီး

"ကိုသန့်က အရမ်းတည်ကြည်တာ စနိုးရဲ့"

"သူ့အကြောင်းမပြောပါနဲ့ဟယ်"

"မပြောနဲ့ဆို ပြောချင်လာရော၊ ကိုသန့်က သူ့မိတ သဘောတူ





တဲ့ မိန်းကလေးနဲ့ စေ့စပ်ပေးဖို့ စီစဉ်တာသိလို့ ကိုကို့ဆီ ရှောင်ထွက်ခဲ့တာတဲ့"

"အဲဒါနဲ့ စနိုးနဲ့ ဘာဆိုင်လဲ"

"ကိုသန့်က စနိုးကို စကား အများကြီးပြောတယ်ဆိုတော့ ရှေ့ဆက် ပြောစရာတွေ ရှိလာမယ် ထင်တာပဲ၊ ဒါမှမဟုတ် စနိုးကို ရင်ခုန်နေလို့ ဒီလောက် စကားများများ ပြောတာပဲ ဖြစ်မယ်"

"လွင်နော် ကြားကနေ အောင်သွယ် လုပ်ဖို့ စိတ်မကူးနဲ့၊ စနိုးက ရည်းစားထားဖို့ စိတ်မကူးဘူး"

"သိပါတယ် သူငယ်ချင်းရယ် သိပါတယ်၊ ကောင်းရာမွန်ရာ တွေ့ရင် တစ်ခါတည်း လက်ထပ်ယူမယ်ဆိုတာ"

"ကျစ် ပြောရင်း ဇွဲဖောက်လာပြန်ပြီ"

"ဇွဲဖောက်တာ မဟုတ်ဘူး၊ ရည်းစားထားတာက အချော်လေ၊ အပျော်ကိစ္စ စိတ်မဝင်စားဘူးဆိုရင် အလေးအနက် ကိစ္စ စိတ်ဝင်စားမယ်ဆိုတဲ့ သဘောဆောင်တယ် သူငယ်ချင်းရဲ့"

"ကဲ ဘယ်သဘောပဲ ဆောင်ဆောင်၊ ပါးစပ်ကလေး ပိတ်တော့ အလုပ်ကိစ္စ လေ့လာချင်တယ်ဆို"

"အင်း"

လွင် ဆက်ပြောချင်ပေမယ့် စနိုး မျက်နှာနုနုလေး တည်လိုက်တာကြောင့် ပြောခွင့်မသာတော့။ စနိုး ပြောတဲ့အတိုင်း ခေါင်းလေး



www.burmeseclassic.com

www.burmeseclassic.com



ညိတ်လိုက်ရသည်။

"အဲဒါဆိုရင် လာ၊ ဆိုင်မှာ တင်ထားတဲ့ ပစ္စည်းတွေ အရင် လိုက်ကြည့်ရမယ်"

စနိုး ပြောရင်း ထရပ်လိုက်တော့ လွင်လည်း ထရတော့သည်။ ဆိုင်ထဲက ပစ္စည်းတွေကို လွင့်ကို လိုက်ပြရင်း သိသင့် သိထိုက်တာတွေကို လွင် နားလည်အောင် စနိုး ရှင်းပြမိသည်။

စနိုးက အလုပ်နဲ့ ပတ်သက်တော့လည်း တည်တည်ငြိမ်ငြိမ် ပါပဲ။

ရှင်းသန့်နဲ့ ပတ်သက်မှ မတည်မငြိမ် ဖြစ်ရတာ။

တော်ပြီ ရှင်းသန့် အကြောင်း စနိုး မတွေးချင်တော့ဘူး။

■ ■ ■



အခန်း (၆)

"စနိုးရေ စနိုး"

ခပ်လောလော ခေါ်လိုက်တဲ့ လွင့်အသံကြောင့် စနိုး အိပ်မှုံစုံဖွား နှင့် မွေ့ရာပေါ်က လူးလဲထသည်။

"လွင် လာလေ"

အခန်းတံခါး ဖွင့်ပြီး ခေါ်တော့ လွင် ခပ်သွက်သွက်ပဲ ဝင်လာ သည်။ လွင့်ပုံစံလေးက တစ်ခုခုအတွက် စိတ်လောနေမှန်း သိသာနေ သည်။

"ဘာဖြစ်လာတာလဲ မိုးမလင်းသေးဘူး စောစောစီးစီး"

"စနိုးဆီမှာ အကူအညီ လာတောင်းတာ"

"အကူအညီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

လွင် မှန်တင်ခုံရှေ့က ဆိုဖာခုံဝိုင်းလေးမှာ ထိုင်ချရင်း စနိုးကို မော့ကြည့်သည်။ လွင် မျက်နှာလေး ငယ်ချထားတာကို မြင်တော့ စနိုး မနေသာ။

"ဘာအကူအညီ ပေးရမလဲ"

"ဟိုလေ လွင် ကိုသက်နဲ့တွေ့ဖို့ ဘုရားမှာ ချိန်းထားတယ်"

"လွင့်အိမ်ကသိရင် ပြဿနာ တက်တော့မှာပဲ"

"အဲဒါပေါ့ လွင် ကိုသက်နဲ့တွေ့ချင်တယ်၊ ကိုသက်ကလည်း လွင်ကို အရမ်းတွေ့ချင်နေတာ၊ အဲဒါ လွင် ဘုရားသွားချင်တယ်၊ စနိုး အဖော်လိုက်ပေး"

လက်ဖျားလေးကို ဆုပ်ကိုင်ရင်း တတွတ်တွတ် ပြောလာတဲ့ လွင့်ကြောင့် စနိုး မသိမသာ သက်ပြင်းချမိသည်။

လွင့်မိဘက ကိုသက်ကို သဘောမတူ။

ကိုနိုင်ကြီးနဲ့ ကိုသက်က ရန်ဘက်၊ အုပ်စုဖွဲ့ ရိုက်ပွဲတွေ ဆင်တဲ့အထိ ကျောင်းတော်က ရန်စတွေ ရှိခဲ့သည်။

အစ်ကိုနဲ့ ရန်ဘက်ဖြစ်နေတဲ့ ကိုသက်ကို လွင်က ဦးစွာ ချစ်သွားခဲ့သည်။ ကိုသက်ကလည်း လွင့်ကို ချစ်ပါသည်။ ကိုနိုင်ကြီးနဲ့ ဇာတ်လမ်းတွေ ရှိခဲ့တာကြောင့် ရှေ့မတိုးခဲ့။

လွင်က မနေနိုင် မထိုင်နိုင် ချစ်နေသည့်အတွက် လွင့် ကိုယ်စား





စနိုးပဲ အောင်သွယ်လုပ်ပေးခဲ့ရသည်။

ချစ်သူတွေ ဖြစ်သွားပေမယ့် ချစ်သူတို့ဘဝ ချိန်းတွေ့ဖို့ အခြေအနေ မပေးတာများသည်။ နောက်ပိုင်း ကိုနိုင်ကြီး ရိပ်မိသွားဟန်တူသည်။

"မိလွင် နင် အဲဒီကောင်နဲ့ ဇာတ်လမ်းဆက်ကြည့် နင့်ကိုငါ ကိုယ်တိုင် သတ်မယ်၊ ဟိုကောင့်ကိုလည်း သတ်မယ်"

ဟု ကြိမ်းထားသဖြင့် လွင်လည်း ကြောက်ပြီး ကိုသက်ကို ဆက်သွယ်ဘဲ နေခဲ့သည်။ အခု ချိန်းထားပြန်ပြီတဲ့။

"လွင်က စနိုးနဲ့ ဘုရားသွားမယ်ဆိုပြီး ပြောခဲ့တာ၊ စနိုးမပါရင် လွင် ဘယ်လိုသွားရမလဲ စနိုးရယ်၊ လိုက်ခဲ့ပါနော်၊ ကိုကိုက လွင့်ကို ယုံတာ မဟုတ်ဘူး။ ခုတောင် ကိုသန့်ကို အဖော် ထည့်လိုက်တယ်"

"ဟင် သူလည်း ပါနေတယ်"

"ကိုသန့်က ကားမောင်းပို့ရင်း လွင့်ကို စောင့်ကြည့်ဖို့ ကိုကို ထည့်လိုက်တာလေ"

"ဟာ လွင်ကလည်း ရှင်းသန့် ရိပ်မိသွားမှာပေါ့"

"မရိပ်မိအောင် လုပ်လို့ရပါတယ်"

"ဘယ်လိုလုပ်မှာလဲ လွင်ရယ်"

လွင့် မျက်နှာလေး ကြည်ရွှင်လန်းဆန်းကာ

"ဒီလိုဟာ ဘုရားရောက်ရင် မယောင်မလည်နဲ့ ကိုယ်ရှောင် ထွက်လိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် စနိုး စိတ်မပူပါနဲ့၊ လွင့်ကို ချစ်ရင် လိုက်ပေးစမ်းပါ စနိုးရယ်၊ လွင် ကိုသက်နဲ့ မတွေ့ရတာ နှစ်လကျော်ပြီ၊ ကိုသက်လည်း လွင့်ကို လွမ်းတယ်တဲ့၊ အရမ်းတွေ့ချင်တာပဲ ကြိုးစားပါပြင်ရယ်တဲ့၊ လွင်လည်း ကိုသက်ကို သနားတယ်၊ ဒါကြောင့် ဘုရားမှာတွေ့ဖို့ ချိန်းလိုက်တာ၊ လွင့်ကို နားလည်ပေးပါ စနိုးရယ်၊ မြန်မြန်လေးပြင်ပါတော့"

"ဟွန်း ရှင်နဲ့ ခက်တယ်"

စနိုး မှုန်ကုတ်ကုတ်ပဲ ကြည့်ရင်း စိတ်ရှုပ်စွာပဲ ရေရွတ်သည်။

"မခက်ပါဘူး စနိုးပါရင် အိုကေပါတယ်"

ငြင်းမရသည့်အဆုံး စနိုး ခေါင်းညိတ်လိုက်ရသည်။ သူငယ်ချင်း ဆန္ဒကို ဖြည့်ဆည်းပေးချင်သည့်စိတ်က တခြားဘာကိုမှ မစဉ်းစားမိတော့။

ဘုရားသွားဖို့ အမြန်ဆုံး စနိုး အမြန်ဆုံး ပြင်ဆင်မှ လွင့်မျက်နှာလေး ကြည်လင်သွားသည်။

■ ■ ■

စက်လှေကားနားက ကားပါကင်မှာ ကားထိုးရပ်လိုက်သည်နှင့် ကိုသက်ကို တွေ့တော့ လွင့် မျက်နှာလေး ဝင်းပသွားသည်။

ကိုသက် စက်လှေကားဆီ ဦးတည်သွားတော့ လွင် ဖျတ်ခနဲ





အကြံရသွားသည်။ ကားပေါ်က ဆင်းသည်နှင့်

"စနိုး ဟိုဘက် လှေကားက တက်နော်၊ လွင်နဲ့ ကိုသက် စက်လှေကားနဲ့ တက်မယ်"

"ရှင့် သဘော"

"ကိုသန့်"

ကိုသန့် ကားမောင်းသူ နေရာက ဆင်းလာတာနှင့် လွင် အနားသွားပြီး ခေါ်လိုက်သည်။ စနိုးက ခြေလျင် လျှောက်တက်ဖို့ တစ်ဖက် လှေကားဆီ ဦးတည်ခဲ့သည်။ အဲဒါကိုပဲ လွင် အသုံးချတာလား မသိ ကိုသန့်ကို

"လွင် ခြေဆစ်နာနေလို့ စက်လှေကားနဲ့ တက်မယ်"

"တက်လေ ကိုယ်လည်း စက်လှေကားနဲ့ တက်မှာပေါ့"

"ဟိုလေ စနိုးက အမြဲတမ်း ဘုရားတက်ရင် ခြေလျင် လျှောက်တက်နေကျ၊ အခု လွင် ခြေဆစ်နာနေလို့ စနိုးနဲ့အတူ မတက်နိုင်ဘူး၊ အဲဒါ ကိုသန့်က စနိုးနဲ့ အဖော်ရအောင် ခြေလျင်လျှောက်ပေးပါလား လို့ နော် ကိုသန့်၊ လွင် ခြေလျင် မလျှောက်နိုင်လို့"

လွင် ခပ်ချွဲချွဲလေး ပြောလိုက်တာနှင့် ရှင်းသန့် မျက်ဝန်းက စနိုးဆီ ရောက်သွားသည်။ စနိုး ရင်မှာ တစ်မျိုးကြီး ဖြစ်သွားသည်။

မိလွင် ဘာတွေလျှောက်ပြောနေပါလိမ့်။

သူတို့ ချစ်သူချင်း အဆင်ပြေအောင် အဖော်လိုက်ခဲ့တာ၊ ခု



www.burmeseclassic.com

www.burmeseclassic.com



တော့ စန်း နောက်က ရှင်းသန့် ပါလာမယ့်အဖြစ်။

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ကိုသန့် သွားလေ၊ စန်း ဝေးသွားပြီ"

ကိုသန့် ပခုံးကို တွန်း၍ စန်းဆီ လိုက်သွားဖို့ လွင် ပြောပြီး လှစ်ခနဲ လှည့်ထွက်ခဲ့၏။

ရှင်းသန့်လည်း လွင့်ကို ပြန်ငဲ့မကြည့်ဖြစ်။ စန်း ပုံရိပ်လေး အဝေးသို့ ပျောက်လုမ်းသွားပြီမို့ ခပ်သွက်သွက်လေး လျှောက်ခဲ့သည်။

ဖိနပ်အပ်ရန် နေရာမှာ ဖိနပ်အပ်နေတဲ့ စန်းအပါး ကပ်လာတဲ့ ရှင်းသန့်ကို ကြည့်ရင်း ရင်မှာ မလုံ။ နှစ်ယောက်လုံး ဖိနပ်အတူ အပ်ပြီး လှေကားထစ်တွေကို ဖြတ်တက်တော့ နှစ်ယောက် ယှဉ်လျှောက်မိ သလို နီးနီးကပ်ကပ် ဖြစ်သွားသည်။

"စန်းက ဘုရားပေါ်တက်ရင် ခြေလျင်လျှောက်တက်နေကျဆို"

စကားမရှိ စကားရှာပြီး မေးမှန်း စန်း သိသည်။ လွင့်ကို စိတ်ထဲမှာ မကျေမနပ်ဖြစ်နေမိသည်။ ရှင်းသန့် မေးတဲ့အတိုင်း ခေါင်းညိတ် ရုံပဲ ဖြစ်သည်။

"ဟုတ်တယ်"

"စန်း အပတ်တိုင်း ဘုရားတက်နေကျလား"

"ဆိုပါတော့"

"ဒါနဲ့ စန်းမှာ ချစ်သူရှိလား"



"ရှင်"

စန်း အံ့ဩလွန်းလို့ ခြေလှမ်းလေး တန့်သွား၏။ မျက်လုံးတို့ ကလည်း ရှင်းသန့်ကို စူးစူးစိုက်စိုက်လေး ကြည့်ဖြစ်လျှင် ရှင်းသန့် ပေါ့ပါးစွာပဲ ပြုံးသည်။

"ဒီလိုပါ ကျွန်တော် ရိုးရိုးသားသား မေးတာပါ။ စန်းမှာ ချစ်သူ ရှိနေရင် ကျွန်တော့်ကို ပြဿနာ ရှာမှာစိုးလို့ပါ"

"အို မရှိပါဘူး"

"တော်သေးတာပေါ့"

"ဟာ ကျစ်"

ခုမှပဲ တွေးရင်း စန်း ရှက်စိတ်တွေ ဝင်လာသည်။ ခြေလှမ်း ကို ခပ်သုတ်သုတ် လျှောက်၍ ရှင်းသန့်နဲ့ ဝေးအောင် ရှောင်မိသည်။

ဒါပေမဲ့ မရ။ ရှင်းသန့် အမှီလိုက်လာပြီး

"ကျွန်တော် စိုးရိမ်လို့ပါ ပြီးတော့ ပွင့်ပွင့်လင်းလင်း သိချင်လို့"

"နေပါဦး ဘာလို့ သိချင်ရတာလဲ"

"ရင်ထဲက အလိုလို သိချင်နေတယ်၊ ဘာကြောင့် ဆိုတာပြော ရင် စန်း စိတ်ဆိုးမှာလားဟင်"

"ဟင်"

စန်း မျက်လုံးလေး ပြူးချင်ချင် ဖြစ်လာသည်။ စန်းနဲ့ ရှင်းသန့် နှစ်ယောက်တည်း ဖြစ်နေတာ ရိုးမှ ရိုးရဲ့လား။ လွင် တစ်ခုခု ကြံစည်ထား

www.burmeseclassic.com

www.burmeseclassic.com



တာလား။

ဒါမှမဟုတ် ရှင်းသန့် ခြေလှမ်း ရှေ့တိုးလာတာလား။

စနိုး ဘာမှ ဝေခွဲမရနိုင်တော့။ ရှင်းသန့် ပြောနေတာတွေက ညည်းတွားစကားလိုလို ဘာလိုလို။

"ကျွန်တော် ပြောရင် စနိုး စိတ်ဆိုးမှာလား"

"အိုး မဆိုးပါဘူး"

"အဲဒါဆို ကျွန်တော် ပြောမယ်၊ စနိုးကို မြင်ကတည်းက ကျွန်တော် စိတ်ဝင်စားမိတယ်"

"အို"

စနိုး မျက်နှာလေး မလုံမလဲ ဖြစ်သွားသည်။

"တကယ်ပါ စနိုး စနိုးကို စိတ်ဝင်စားနေတော့ စနိုးမှာ ချစ်သူ ရှိမှာကို အလိုလို စိုးရိမ်နေမိတယ်၊ လွင် ပြောပေမယ့် မယုံချင်ဘူး၊ စနိုး ပြောတာကိုပဲ ယုံချင်နေတယ်၊ အဲဒါကြောင့် မေးမိတာ"

စနိုး မျက်လွှာလေး စင်းကျသွားသည်။

"ခုလည်း လွင် ခေါ်လို့ပါလာတာ၊ လွင်နဲ့စနိုး တစ်ခုခုကို ဖုံးကွယ်ထားတာ သိပါတယ်၊ ဒါပေမဲ့ ကျွန်တော် ဝင်မစွက်ဖက်ပါဘူး၊ နိုင်ကြီးက လွင်ကို စိတ်မချဖြစ်နေတာလေ၊ နိုင်ကြီး စိတ်မချဖြစ်နေတဲ့ လွင်က နိုင်ကြီးမသိအောင် တစ်ခုခု ကြံစည်နေမယ်ဆိုတာ သိတယ်၊ ခုလည်း ဘာအကြံအစည်နဲ့"





"အို လွင်က ရိုးရိုးသားသားပါ"

"နိုင်ကြီး ပြောတော့ လွင်မှာ ချစ်သူရှိတယ်တဲ့၊ နိုင်ကြီးရဲ့ ရန်ဘက်တဲ့"

စနိုး စိတ်က တကယ်မလုံချင်တော့။

"ဟိုလေ စနိုးတို့က"

"ကျွန်တော် နားလည်ပါတယ်၊ နိုင်ကြီးက အမြင်ကျဉ်းတာပါ၊ သူတို့ချင်း ချစ်သူဖြစ်တာ အပြစ်မှ မဟုတ်တာ"

တော်ပါသေးရဲ့လို့ စနိုး ရင်ထဲမှာ ရွတ်မိသည်။

"ဒါကြောင့် ကျွန်တော် ဝင်မစွက်ဖက်တာ၊ စနိုးရော လွင်တို့ ချစ်သူဘဝကို နားလည်ပေးနိုင်လား"

"နားလည်ပေးမိလို့ လွင်ခေါ်လာတာနဲ့ ဘုရားကို ပါလာတာပေါ့"

"ဒါဆို စနိုး ဘုရားလာချင်လို့ မဟုတ်ဘူးပေါ့"

"ဟင့်အင်း"

"ကျွန်တော်က စနိုး ဘုရားလာနေကျ ထင်တာ၊ လက်စသတ်တော့ လွင့်အကြံကိုး"

"ဟုတ်ပါတယ် ကိုသက်နဲ့ချိန်းပြီးသား ဖြစ်နေတယ်လေ"

"ဒါဆို လွင်တို့ ဘုရားပေါ်မှာ အေးအေးဆေးဆေး တွေ့ကြပါစေလား၊ ကျွန်တော်တို့နဲ့ ဆုံနေရင် လွင်တို့ လွတ်လွတ်လပ်လပ် မပျော်



www.burmeseclassic.com

www.burmeseclassic.com



ရဲဘဲ နေမယ်''

ရှင်းသန့် ပြောရင်း ခြေလှမ်း ရပ်သွားသည်။ စနိုးလည်း ခြေလှမ်း ရပ်လိုက်ပြီး

''အဲဒါဆိုလည်း စနိုးတို့ ကားပေါ်ကပဲ စောင့်ရအောင်လား''

''ရတယ်လေ''

စနိုးတို့နှစ်ယောက် ခြေလှမ်းတွေ ဖြိုင်တူပဲ နောက်လှည့်သည်။ စနိုး လေကားထစ်ကို အဆင့်ကျော်နင်းသလို ဖြစ်သွားတာကြောင့် ကိုယ်လုံးလေး ယိုင်ခနဲ ဖြစ်သွား၏။

ရှင်းသန့်က စိုးရိမ်စိတ်ကလေးနဲ့ ဟန်ချက်ပျက်သွားတဲ့ စနိုးကိုယ်လုံးလေးကို ကမန်းကတန်း ဆွဲထိန်းလိုက်လျှင်

''အို''

ရှောင်ချိန်လည်း မရတော့။

စနိုး ကိုယ်လုံးလေးက ရှင်းသန့် ရင်ခွင်ထဲ အလိုလို ရောက်သွားလျှင် ရင်တဒိတ်ဒိတ်ခုန်ကာ နှစ်ဦးသား အကြည့်တွေ ဒိုင်းခနဲဆုံ၏။

''ဖယ်ပါ''

ပြောရင်း ရွေးနေတဲ့ ရှင်းသန့် ရင်ခွင်ထဲက ရုန်းထွက်သည်။

ရှင်းသန့် မလွှတ်ချင်ပေမယ့် ဖြေလွှတ်ပေးလိုက်လျှင် ရှက်စနိုး ဖြစ်သွားတဲ့ စနိုး။ ကိုယ်လုံးလေး နွဲ့ကာ ရှင်းသန့်နဲ့ အလှမ်းဝေးရာဆီ ခပ်သွက်လေး လျှောက်ထွက်ခဲ့မိသည်။





ရှင်းသန့်နဲ့ ဝေးလာပေမယ့် စနိုး တစ်ကိုယ်လုံး နွေးဝိုနေတာက တော်ရုံနှင့် ပျောက်မသွား။

အဲဒါ ဘာဖြစ်လို့လဲ ရှင်းသန့်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"လွင်"

စားပွဲပေါ် မျက်နှာလေး မှောက်ပြီး အိပ်နေတဲ့ လွင် မျက်နှာလေးက မကောင်း။ စနိုး စာရင်းစာအုပ်ကို ချရင်း လွင့် စားပွဲဆီ ကူးသွားပြီး

"ဘာဖြစ်တာလဲ လွင်"

"ခေါင်းထဲ မူးနောက်နောက်နဲ့"

"ဟုတ်လား"

လွင့် နဖူးလေးကို စနိုး စမ်းလိုက်သည်။ ကိုယ်က နွေးနေသလို ဖြစ်နေတာကြောင့် စနိုး စိုးရိမ်စိတ်လေး ဝင်သွားသည်။

"ကိုယ်လည်း နွေးနေတယ် လွင်ရဲ့၊ အိမ်ပြန်ပြီး နားလိုက်မှ ကောင်းမယ် လွင်၊ ဆေးသောက်ပြီး အနားယူ ဟုတ်ပြီလား ထ"





"ဟွန့် ဆေးမသောက်ချင်ဘူး"

"ကလေးလိုပဲ ဂျီမကျနဲ့ လွင်ရဲ့၊ ထ စနိုး လိုက်ပို့ပေးမယ်"

စနိုး လက်မောင်းက ဆွဲထူတော့ လွင် ခေါင်းလေး ထောင်ရသည်။

"ရပါတယ် လိုက်မပို့နဲ့တော့"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် နည်းနည်းမူးရုံပဲ"

"အဲဒါဆိုလည်း တက္ကစီပေါ် တင်ပေးမယ် လာ"

လွင် ငြင်းလို့မရတော့။ လွယ်အိတ်လေး ဆွဲကိုင်၍ ခပ်လေးလေးပဲ စနိုး နောက်က ပါလာသည်။ စနိုး တက္ကစီတားပြီး လွင်ကို ကားပေါ်တင်ပေးသည်။ လွင်ပါသွားတဲ့ တက္ကစီလေး မြင်ကွင်းထဲက ပျောက်သွားမှ စနိုး သက်မလေး ချသည်။

အလုပ်လုပ်ဖို့ စိတ်ဝင်စားပါတယ်ဆိုတဲ့ လွင်က တစ်ပတ်တောင် မပြည့်သေးဘူး။ ဖျားချင်နာချင် ဖြစ်လာပြီ။

နဂိုကတည်းက လွင် ခမျာ ချူချာသူလေ။

စနိုး သိတာကြောင့် အလုပ်တွေလည်း အများကြီးမခိုင်းပါ ပစ္စည်း စာရင်းလေး စစ်ရုံပါပဲ။

စနိုး ကောင်တာမှာ ပြန်ထိုင်ပြီး စာရင်းတွေ ဆက်လုပ်နေတော့ လက်ကိုင်ဖုန်းလေး မြည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခနိုး လက်ကိုင်ဖုန်းလေးကို နားကပ် လိုက်တော့

"ခနိုး"

ရှင်းသန့် အသံမှန်း ချက်ချင်း သိသွားတော့ စနိုး ရင်အုံလေး ခုန်ကြွသွားသည်။

"ကျွန်တော်ပါ"

"ပြော် အင်း ပြောပါ ကိုသန့်"

"လွင် အိမ်ပြန်ရောက်ပြီ၊ စနိုး စိတ်ပူနေမှာစိုးလို့ ဆက်လိုက်တာ"

"အင်း"

"ညနေ ကျွန်တော် လာကြိုမယ်"

"ဟာ လာမကြိုနဲ့တော့"

"စနိုးမှာ ကားမပါတာ ကျွန်တော် သိပါတယ်"

"စနိုး တက္ကစီနဲ့ ပြန်လိုက်မယ်၊ ကိစ္စမရှိဘူး၊ လာမကြိုပါနဲ့"

"ဟိုလေ ဟို"

စနိုး အားတုံ့အားနာနှင့် ဘာပြောရမှန်းမသိတော့။ အသံတွေ လုံးလုံးထွေးထွေး ဖြစ်သွားသည်။

"မငြင်းပါနဲ့ စနိုးရယ် ကျွန်တော် လာကြိုမယ်နော်"

ရှင်းသန့် ဖွတ်ပြောနေတော့ စနိုး ငြင်းဖို့ အားနာသွားသည်။

"အင်းပါ တမင်သက်သက်ချည်း ဖြစ်နေမှာစိုးလို့"



"မဖြစ်ပါဘူး ဒါပဲနော် ညနေ ဆုံမယ်"

ဒပြောပြီး ဖုန်းချသွားသည့် ရှင်းသန့်။

စနိုး ရင်မှာ ရင်ခုန်စိတ်တွေနှင့်ပဲ ဖုန်းလေးကို အချိန်အကြာ ဆုပ်ကိုင်ထားမိသည်။

ရှင်းသန့်ရယ် ရှင် ရှေ့ဆက်တိုးလာရင် စနိုး ရင်ခုန်သံတွေ ထိန်းချုပ်နိုင်စွမ်း ရှိပါတော့မလား။

အတွေးလေးနှင့် ရင်မှာ ပူနေရတာ ဘာကြောင့်ပါလဲကွယ်

■ ■ ■

ရှင်းသန့် လာကြိုမယ်ဆိုတာ သိပေမယ့် တကယ် လာကြိုတာ မြင်ရတော့ ရင်ထဲမှာ အလိုလို ကြည်နူးသွားသည်။

အော်တာရှပ်လက်တိုလေးနဲ့ ချည်လုံချည် ကွက်စိပ်လေး ဝတ် ထားတဲ့ ရှင်းသန့်က ဖြောင့်မတ်နေတဲ့ အရပ်အမောင်းနဲ့ လိုက်ဖ ရှိစွာပဲ ကြော့ရှင်းနေသည်။

ဂုတ်ထောက် ဆံပင်နက်နက်လေးမှာ တချို့တလေ မျက်နှာ ဝဲကျနေတဲ့ ရှင်းသန့် ဆံပင်ပုံက သာမန် ယောကျ်ားလေးတွေနဲ့ လိုက်ဖ မှာ မဟုတ်ပေ။

"လာလေ စနိုး"

ကားရှေ့ခန်းတံခါး အသင့်ဖွင့်ပြီး ရှင်းသန့် ခေါ်သည်။

စနိုး ခြေလှမ်းလေး တွေဝေမနေတော့။

www.burmeseclassic.com

www.burmeseclassic.com



အားနာတာရော ကြည်နူးတာရောပေါင်းပြီး ခေါင်းဆတ်ကာ စနိုး ကားပေါ်တက်သည်။ ရှင်းသန့် ကားတံခါးပိတ်ပေးပြီးမှ ဒရိုင်ဘာနေရာမှာ ဝင်ထိုင်သည်။

လွင်ပါရင် စနိုးနဲ့ လွင် ကားနောက်ခန်းမှာပဲ ထိုင်နေကျ။

ခုတော့ ရှင်းသန့် အသင့်ဖွင့်ထားပေးလို့ ကားရှေ့ခန်းမှာ ဝင်ထိုင်ရတာ စိတ်ထဲ တစ်မျိုးလေး ဖြစ်သွားသည်။

ရှင်းသန့် ကားကို လျှောခနဲ မောင်းထွက်သွားစဉ် ရင်ထဲမှာ ငြိမ့်ခနဲ ဖြစ်သွားသည်။

ဘာကြောင့်မှန်းမသိ

စနိုး စိတ်ထဲမှာ ရှင်းသန့်ကို ရင်းရင်းနှီးနှီးပဲ ခင်ချင်စိတ်တို့ ကိန်းဝပ်နေတာ စနိုးကိုယ် စနိုး သိနှင့်သည်။

ကားလေးက သွားနေရင်း လမ်းဘေးတစ်နေရာတွင် ထိုးရပ်သွားတော့ စနိုး အသိပြန်ဝင်လာသည်။

"ဘာဖြစ်လို့လဲ"

"စနိုးနဲ့ စကားပြောချင်လို့"

စနိုး မျက်ခုံးတန်းတန်းလေး မြင့်တက်သွားသည်။ ရှင်းသန့် ကားလက်ကိုင်ပေါ် လက်နှစ်ဖက် ဆန့်တင်၍ မျက်နှာလေးက စနိုးဘက် လှည့်ပြီး

"စနိုးနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ် ရမလား"





"ဘာ ဘာပြောမှာလဲ ဟင်"

စနိုး စိတ်ကလေး မငြိမ်ရှာတော့။

ရီဝေ့ရွှန်းစိုနေတဲ့ ရှင်းသန့် မျက်ဝန်းက စနိုး မျက်နှာနုနုလေးပေါ်မှာ မခွာတမ်းကျရောက်လျက် နှုတ်ခမ်းတို့ကလည်း ကြည်နူးစွာပြုံးနေသည်။

"ကျွန်တော် စနိုးကို ချစ်နေတာ"

"ရှင်"

စနိုး ကိုယ်လေးမတ်ကာ မယုံနိုင်စွာဘဲ ရှင်းသန့်ကို ကြည့်သည်။

"စနိုး အံ့သြသွားလား"

စနိုး အလိုလို ခေါင်းညိတ်ပြီးသား ဖြစ်သွားသည်။ အရိုးခံလေးအတိုင်း ခေါင်းညိတ်လိုက်တဲ့ စနိုးကို ရှင်းသန့် ရင်ခုန်စွာပဲ ကြည့်နေခဲ့သည်။

စနိုး ခေါင်းလေး ငုံ့ချ၍ လက်ဆွဲအိတ် ကြိုးကိုင်းလေးကို ဖိဆုပ်ကိုင်ရင်း ရှင်းသန့်ကို မကြည့်ရဲလောက်အောင် ရင်တွေခုန်နေသည်။

"စနိုးကို မြင်မြင်ချင်း ကိုယ် ရင်ခုန်ခဲ့တယ်ဆိုတာ စနိုး မယုံဘူးလားဟင်"

"ဟို စနိုး စနိုး သတိမထားမိဘူး"

"အခုကော"



www.burmeseclassic.com

www.burmeseclassic.com



"အို"

စနိုး မျက်နှာလေးက ပန်းနုရောင် နှင်းဆီပွင့်ပျပ် အရောင်မျိုး ပြောင်းသွားသည်။

"ပြောလေ စနိုး ကိုယ်ချစ်တာ စနိုး လက်ခံပေးနိုင်မလား"

တတွတ်တွတ်ပြောနေတဲ့ ရှင်းသန့်ကြောင့် စနိုး ဘာပြန်ပြောရ မှန်းမသိ။ မျက်နှာလေးကိုလည်း တစ်နေရာရာမှာ ထိုးဝှက်ထားချင် လောက်အောင် ရှက်နေတာပဲ သိသည်။

"ပြောပါ စနိုးရယ် အခု ကိုယ်ချစ်နေတယ်လေ၊ စနိုး ခံစားပေးလို့ မရဘူးလား စနိုးရယ် ပြောပါ၊ ဒါမှမဟုတ် ကိုယ်က ကိုယ့်မိဘအိမ်က ဆင်းလာတဲ့ အခြေမဲ့ အနေမဲ့မို့လား"

"အို မဆိုင်တာတွေ"

"မဆိုင်ရင် ကိုယ့်အချစ်ကို အသိအမှတ်ပြုပေးပါလား"

"ဟို ဟိုလေ စနိုးက ရည်းစားတွေ ဘာတွေ မထားချင်ဘူး"

"ကိုယ်ကလည်း ရည်းစားမလိုချင်ဘူး၊ ချစ်သူ လိုချင်တာ၊ ဘဝအတွက် လေးလေးနက်နက် ချစ်ချင်တာပါ"

ပြောရင်း စနိုး ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း မျက်နှာချင်း နီးကပ်အောင် စနိုး ကိုယ်လုံးလေးကို ဆွဲယူလိုက်လျှင်

စနိုး ရင်ခုန်သံတွေ အဆမတန် မြန်သွား၏။

"ပြောလေ စနိုး ကိုယ့်ကို ချစ်လား"





"ဟို ဖယ်လေ"

စနိုး ရှက်ရှက်နှင့် ဆုပ်ကိုင်ထားတဲ့ ရှင်းသန့် လက်ချောင်းတွေကို ပခုံးပေါ်မှ ဖယ်ချမိသည်။

သူ မဖယ်ချင်သော်လည်း စနိုး ဖယ်ချတော့ ဖယ်လိုက်ရတာမို့ ရင်ထဲမှာ မကောင်း။

သူ့ကို စနိုး ရင်မခုန်လို့လား။ ဒါမှမဟုတ် သူ ချစ်နေတာကို စနိုး မယုံလို့လားဆိုတဲ့ အတွေးလည်း ဝင်လာသည်။

"သွားကြစို့ ကိုသန့်"

"ကိုယ့်ကို တကယ် မချစ်နိုင်ဘူးပေါ့"

အချစ် စကားလုံးတွေတဲမှာပဲ တဝဲလည်လည် ဖြစ်နေတဲ့ ရှင်းသန့်ကို စနိုး နားလည်ပေးရမလား မသိတော့။

မျက်နှာလေး ညှိုးဖျော့ကာ အောက်ကျခံသလိုလေး မေးလာတော့ စနိုး ရင်ခုန်သံက လှုပ်လျှမ်းရက်[illegible]

"ဟိုလေ ကိုသန့် တစ်မျိုးမထင်[illegible]၊ စနိုး မထင်လို့ပါ၊ အခုချက်ချင်းကြီး ကိုသန့် ရင်ဖွင့်တော့ စနိုး အံ့လည်[illegible] မယုံနိုင် သလိုလည်း ဖြစ်မိလို့ပါ"

"ရပါတယ် ကိုယ်က စနိုးကို ချစ်နေတာ စနိုး သိအောင် ပြချင်စိတ်ပဲ ထက်သန်နေ[illegible]ယ်၊ အဲဒါ[illegible]ကြောင့် ရင်ဖွင့်မိတာ၊ စနိုး [illegible] မှာ နှောင့်ယှက်သလို ဖြစ်[illegible]"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မဖြစ်ပါဘူး"

"ဖြစ်တယ်ဆိုရင် ပြောလေ၊ ကိုယ် ပြန်ရုပ်သိမ်းပေးပါ့မယ်"

"အို"

ပြန်ရုပ်သိမ်းမယ်ပြောတော့ စနိုး ရင်မှာ ဘယ်လိုမှ မခံသာ။ စနိုး ကိုယ်လုံးလေး တောင့်တောင့်မတ်မတ် ဖြစ်သွား၏။

"ကိုယ် တကယ်ပြောတာပါ၊ ကိုယ့်ကြောင့် စနိုး စိတ်အနှောင့်အယှက် ဖြစ်ရတယ်ဆိုရင် ကိုယ် စိတ်ကောင်းမှာ မဟုတ်ဘူး"

"ဟို စနိုးက အဲဒီ သဘောပြောတာ မဟုတ်ပါဘူး"

"အဲဒါဆိုရင် ကိုယ့်အချစ်ကို စဉ်းစားပေးနိုင်မလား"

စနိုး မျက်နှာလေးကို ရှင်းသန့် မျက်ဝန်းဆီမှ ပြန်ခွာကာ ကိုယ်လေးကို ကားကူရှင်မှာ မှီချပြီး

"စနိုးကို အချိန်နည်းနည်းလောက် ပေးပါလား"

"ရပါတယ် စနိုး စိတ်ကြိုက် စဉ်းစားပါ စနိုးရယ်၊ ကိုယ့်အချစ်ကို စဉ်းစားပေးရင်ပဲ ကျေနပ်ပါပြီ"

"ကောင်းပြီလေ"

"အချိန်တွေ အကြာကြီး မဆွဲပါနဲ့ဗျာ"

စဉ်းစားပေးမယ် ပြောတော့လည်း အချိန်အများကြီး မဆွဲနဲ့တဲ့။ ထိုသို့ ပြောတော့လည်း စနိုး ခေါင်းညိတ်မိပြန်သည်။

"ကျေးဇူးတင်ပါတယ် စနိုးရယ်"





ဝမ်းသာလှိုက်လှဲစွာ ပြောတဲ့ ရှင်းသန့် မျက်နှာလေးကို [illegible] ငဲ့ကြည့်ရင်း စနိုး ရင်ခွင်မှ ရင်ခုန်လှိုင်းတို့က ကြည်နူးစွာပဲ လှုပ်ခတ်သွား၏။

ရှင်းသန့်ရယ်

မြင်မြင်ချင်း ရင်ခုန်သွားတာက အချစ်ဖြစ်သွားသတဲ့လား။

အဲဒါဆို စနိုးလည်း မြင်ရုံနဲ့ ရင်ခုန်ခဲ့တာဆိုရင်…။

အို

မတွေးပါရစေနဲ့ကွယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"သမီး အိပ်ငိုက်ပြီလား"

"အင်း"

စန်း တစ်ချက်သန်းရင်း ခေါင်းညိတ်သည်။

"ငိုက်ရင် သွားအိပ်တော့လေ"

"မေမေ တစ်ယောက်တည်း ပျင်းနေမှာစိုးလို့"

"ရတယ် သွားအိပ် မေမေ ဒီခွေပြီးအောင် ကြည့်ဦးမယ်"

မေမေက မြန်မာစာတန်းထိုး ကိုရီးယား ရုပ်ရှင်ဆို အသည်းစွဲ။ စန်းက မေမေ ရုပ်ရှင်ကြည့်တိုင်း မေမေနဲ့ အဖော် ကြည့်ပေးနေကျ။

ဒီညမှ ဇာတ်ကားမဆုံးသေးခင် အိပ်ငိုက်လာသည်။ မေမေ ပြောတော့လည်း စန်း မငြင်းမိ။ မေမေ့အပါးမှ ထွက်ခဲ့သည်။





စန်းအခန်းထဲ ဝင်တော့ ဖုန်းမြည်သံက ကြိုဆိုနေသည်။ စားပွဲပေါ်မှာ ထမြည်နေတဲ့ လက်ကိုင်ဖုန်းလေးဆီ ရွေ့သွားပြီး အိပ်ချင်မပြယ်စွာဘဲ ကောက်ကိုင်သည်။

"ဟဲလို"

"စန်း ကိုယ်ပါ"

"ဟင်"

ကိုသန့် အသံကြည်ကြည်လေးကြောင့် စန်း အိပ်ချင်စိတ်ကလေး ပြယ်သွား၏။

"ကိုသန့်"

"ဟုတ်တယ် ကိုယ်ပါ"

"ဘာကိစ္စရှိလို့လဲဟင်"

"စန်းကို လွမ်းလို့"

စန်း မျက်မှောင်လေးကုပ်ကျသွားသည်။ လွမ်းလို့တဲ့။ ကိုပုံ။ စန်း နှုတ်ခမ်းလေးဆူပြီး

"ဘာလွမ်းစရာရှိလို့လဲ"

"ကိုယ်က ချစ်နေတော့ လွမ်းတာပေါ့၊ စန်း မျက်နှာလေးကို မြင်ချင်တယ်၊ စကားအများကြီး ပြောချင်တယ်၊ အဲဒါကြောင့် ဖုန်းဆက်တာ"

"အပိုတွေ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး တကယ်ပြောတာ၊ စနိုး မျက်နှာလေး မြင်ချင်တယ်၊ အပြင်ထွက်ခဲ့ပါလား"

"ညကြီး"

"စနိုး မျက်နှာလေးကို ကြည့်ရုံတင်လေးပါ၊ ကိုယ် အခု စနိုးတို့ ခြံရှေ့ ရောက်နေတယ်၊ မယုံရင် ထွက်ကြည့်"

"ဟင်"

စနိုး မျက်လုံးလေး ပြူးခနဲ ဖြစ်ကာ မယုံမရဲ ဖြစ်သွား၏။

"ကိုယ် တကယ် ပြောတာပါ၊ စနိုးတို့ ခြံရှေ့ ရောက်နေတာ ကြာပြီ"

ဟင့်အင်း မယုံချင်။ သေချာလို့လား။ သိချင်စိတ်ကလေး ဖြစ်မိသည်။ အခန်းထဲက ထွက်ခဲ့ပြီး လသာဆောင်ဘက် သွားပြီး ခြံပြင်ဘက် ကြည့်လိုက်တော့

ရှပ်အင်္ကျီ လက်ရှည်လေးနဲ့ ကားဘေးမှီရပ်ရင်း ဖုန်းပြောနေတဲ့ ကိုသန့် အသွင်က လရောင်အောက်မှာ ထင်းခနဲ။

တကယ် ဖြစ်မှန်းသိတော့ ရင်ထဲမှာ အလိုလို ကြည်နူးသွားသည်။ ရှင်းသန့်ကလည်း စနိုးကို လှမ်းမြင်သည်။

"ယုံပြီလား စနိုး"

"အင်း"

"ယုံတယ်ဆိုရင် ခြံထဲ ဆင်းခဲ့ပါလား စနိုး"





"အာ ဘာလုပ်မှာလဲ"

"စနိုး ကိုယ့်ကိုချစ်လားဆိုတာ သိချင်လို့"

"အို စနိုး စဉ်းစားနေတယ်လေ"

"စဉ်းစားတာက တစ်ပတ်တောင် ကြာပြီပဲ၊ ခုချိန်ထိ အဖြေ မရဘူးလား စနိုးရယ်၊ ကိုယ့်ကို မနှိပ်စက်ပါနဲ့"

"မနှိပ်စက်ပါဘူး"

"အဲဒါဆို အဖြေပေးတော့"

စနိုး ခေါင်းလေး ကုတ်မိသည်။ ခုချက်ချင်းတဲ့၊ ဘာကြောင့်မှန်း မသိ စနိုး အဖြေမပေးချင်သေးပါ။ ကိုသန့် အကြောင်းလည်း ဘာမှ ရေရေရာရာ သိရသေးတာ မဟုတ်ဘဲနဲ့။

"စနိုး အဖြေပေးလေ၊ စနိုး မဖြေမချင်း ကိုယ် မပြန်ဘူး"

"အို ဖွတ်မလုပ်နဲ့နော် ကိုသန့်၊ မေမေ မအိပ်သေးဘူး"

"စနိုး မေမေ အိပ်တဲ့အထိ စောင့်မယ်လေ"

"မလုပ်ပါနဲ့ မေမေ ရိပ်မိရင် မလွယ်ဘူး၊ ကိုသန့် ပြန်ပါတော့နော်၊ နောက်နေ့မှ ဟုတ်ပြီလား"

"မရဘူး စနိုးရယ် ဒီညပဲ သိချင်တယ်၊ စနိုးဆီက အဖြေကို ဒီည သိရမှ ဖြစ်မယ် စနိုးရယ်၊ ဒါကြောင့် ကိုယ် တကျိကျိ တောင်းနေတာ"

"ခက်လိုက်တာ ကိုသန့်ရယ်၊ စိတ်ညစ်ပါတယ်နော်"

"စိတ်ညစ်မခံချင်ရင် ကိုယ့်ကို အဖြေပေး၊ ကိုယ့်ကို ချစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ခြံထဲ ဆင်းလာခဲ့ ဒါပဲ''

''အို ကိုသန့်''

ပြောပြီး ဖုန်းပိတ်လိုက်တဲ့ ကိုသန့်။ လှမ်းကြည့်လိုက်တော့ ဘားဆားနားမှာ ရပ်နေရာမှ လက်ယပ်ခေါ်နေသေးသည်။

ချစ်တယ်ဆိုရင် ခြံထဲဆင်းခဲ့တဲ့။

သက်သက်မဲ့ စန္ဒီးကို အကြပ်ကိုင်တာ။

စန္ဒီး စိတ်ဆိုးချင်ချင်နဲ့ လသာဆောင်က ကျောခိုင်းထွက်ကာ အခန်းထဲ ပြန်ဝင်သည်။ စိတ်ထဲကလည်း မသွားဘူးလို့ ခေါင်းခါနေမိသည်။

ဟုတ်တယ် မသွားဘူး။

မသွားလို့ မချစ်ဘူးထင်ပြီး လှည့်ပြန်သွားရင်ကော။

ရင်ထဲမှာ စိုးရိမ်စိတ်လည်း ဖြစ်မိပြန်သည်။ အခန်းထဲ ထိုင်လိုက် ထလိုက်နှင့် စန္ဒီး စိတ်ကယောက်ကယက်ဖြစ်နေ၏။

ကိုသန့် သွားပြီလား။

ပြတင်းပေါက် လိုက်ကာစလေး အသာဖယ်ကြည့်သည်။

ရှိနေသေးတာ မြင်တော့ ရင်မှာ ကြည်နူးသလိုလို ဖြစ်မိပြန်သည်။ စိတ်ရှည်လက်ရှည် စောင့်နေတဲ့ ကိုသန့်ကိုလည်း အားနာစိတ် ဝင်လာသည်။

ဆင်းတွေ့ချင်ပေမယ့် မေမေက ကိုရီးယားကား ကြည့်ကောင်း





နေဆဲ။

စန္ဒီးမှာ တစ်ယောက်တည်း ဗျာများကာ နေမထိ ထိုင်မသာ ဖြစ်နေသည်။ ကိုသန့်ဆီ ဖုန်းပြန်ခေါ်ပေမယ့် မရတော့။

ကိုသန့် ဖုန်းပိတ်ထားလိုက်သည်။

ဒီည အဖြေရမှ ဖြစ်မည်။

ရှင်းသန့်မှာက ကိုယ့်အကြောင်းနှင့် ကိုယ့်ပြဿနာတွေ ရှိနေသည်။ ထိုပြဿနာ အားလုံး ရှင်းနိုင်ဖို့အတွက် စန္ဒီးဆီက အဖြေကလည်း အရေးကြီးနေ၏။

ဖွတ်လုပ်တတ်လို့ပဲ ထင်ထင် မငဲ့ညှာဘူးလို့ ဆိုဆို အဖြေမရသရွေ့ စန္ဒီးတို့ ခြံရှေ့က တစ်ဖဝါးမှ မခွာဖို့ အဓိဋ္ဌာန်ချပြီးသား။

ကျစ်။

စန္ဒီး အတော် အကြပ်တွေ့နေပြီ။ ညဆယ့်တစ်နာရီထိုးတော့မည်။ ကိုသန့် မပြန်သေးမှန်းသိတော့ စန္ဒီး တင်းမခံနိုင်ပြန်။

အောက်ထပ်ကို ခြေဖွဖွလေးနင်းဆင်းကာ ဧည့်ခန်းကို ချောင်းကြည့်တော့ မေမေ ကိုရီးယားကား ကြည့်လို့ကောင်းနေဆဲ။

စိတ်ညစ်လိုက်တာနော်။

မေမေကလည်း ရုပ်ရှင်ကြည့်လို့ မပြီးနိုင်။ ကိုသန့်က စောင့်နေဆဲ။ အပေါ်ထပ် ပြန်တက်ရင်း အခန်းထဲ စိတ်လှုပ်ရှားစွာ လမ်းလျှောက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် လက်ကိုင်ဖုန်း မြည်လာ၏။ စနိုး ရင်ခုန်စွာ ကိုင်၍ နားထောင်လိုက်တော့

"စနိုး ကိုယ် စောင့်နေတယ်နော်"

"အို မစောင့်ပါနဲ့လား"

"ဘာဖြစ်လို့လဲ"

"စနိုး ခြံထဲဆင်းခဲ့ဖို့ မလွယ်ဘူး၊ မေမေ ကိုရီးယားကား ကြည့်နေသေးတယ်"

"စနိုး ဆင်းလာမယ် မဟုတ်လား"

"ခက်တာပဲ မေမေ မအိပ်သေးဘူးလေ"

"စနိုး မေမေ အိပ်မှ ဆင်းလာလေ၊ ကိုယ် စောင့်နေမယ်၊ ဒါပဲနော် ဆက်ဆက် ဆင်းခဲ့"

ပြောပြီး ဖုန်းကို ပိတ်လိုက်သည် ရှင်းသန့်။

စနိုး စိတ်ဆိုးချင်သလို စိတ်ကောက်ချင်သလိုလို ဖြစ်လာသည်။ ကိုသန့်ကလည်း ဖွတ်မှ တကယ့်ဖွတ်။

ကြည့်ပါလား။

ကားထဲ ဝင်ထိုင်ပြီး အကျအန စောင့်နေတာ။ စိတ်ရှည် လက်ရှည်။ စနိုးမှာသာ မေမေ့ကို ပြေးကြည့်လိုက် အခန်းထဲ ဝင်လိုက်နဲ့ ဗျာများနေတာ။

မေမေ ကိုရီးယားကားကြည့်ပြီးလို့ အိပ်ခန်းထဲ ဝင်တဲ့အချိန်ကို





ထိုင်စောင့်နေရတာ ခုဆို ည ဆယ့်နှစ်နာရီ ထိုးတော့မည်။

ချစ်စိတ်ကြောင့် အိပ်ချင်စိတ်တွေ ပျောက်ကွယ်ကုန်တာမို့ စနိုး ကိုယ် စနိုး အံ့ဩနေသည်။ အချစ်ဆိုတာ ဆန်းကြယ်တဲ့ ခံစားချက် ထင်ရဲ့ ကိုသန့်ရယ်။

မေမေ အိပ်ခန်းထဲ ဝင်သွားပြီး အိပ်ပျော်လောက်တဲ့ အချိန်ထိ စောင့်ပြီးမှ ခြံထဲ တိတ်တိတ်ကလေး ဆင်းရတာ ရင်ခုန်သံတို့ ဘောင်ဘင် ခတ်မတတ်။

"စနိုး စနိုး ကိုယ့်ကို ချစ်တယ်ပေါ့ ဟုတ်လား"

"ဘယ်သူက ပြောလို့လဲ"

"စနိုး မျက်လုံးထဲက"

"အို"

သံပန်းတံခါးရဲ့ တစ်ဖက်တစ်ချက်မှာ ဖြစ်နေတဲ့ ချစ်သူနှစ်ဦး မျက်ဝန်းတို့မှာ အချစ်တွေနဲ့ ရွှန်းစိုတောက်ပနေတာ ဖုံးမနိုင် ဖိမနိုင်ပဲလေ။

သံပန်းကို ဆုပ်ကိုင်ထားတဲ့ စနိုး လက်ချောင်းလေးကို ရှင်းသန့် မြတ်နိုးစွာ ဆုပ်ကိုင်၍ စနိုး မျက်နှာလေးကို စိုက်ကြည့်သည်။

"ဟုတ်တယ်နော် စနိုး ချစ်တယ် မဟုတ်လား၊ ကိုယ်ကတော့ စနိုး အဖြေပေးပြီးလို့ မှတ်လိုက်ပြီ စနိုး"

"ကဲပါ မှတ်ပြီးရင် ပြန်ပါတော့"

"ခုမှ ချစ်သူ ဖြစ်ရသေးတယ် စနိုးရယ် နှင်တော့မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



စနိုး နောက်ကျောမအေးသလို တိုက်ဘက် တစ်ချက် ငဲ့ကြည့်သည်။ ပြီးမှ ငွင်းသန့် မျက်နှာလေးကို မော့ကြည့်ပြီး

"နှင်တယ်လို့ မထင်ပါနဲ့၊ ညည့်နက်နေပြီ ပြန်ပါတော့နော်၊ နောက်နေ့ တွေ့ကြတာပေါ့"

လရောင်လေး လင်းနေတဲ့ ညမှာ စနိုး မျက်နှာလေးက ပိုလှနေသလိုပင်။ ရှင်းသန့် အကြည့်မလွှဲရက်အောင်ဖြစ်ကာ စူးစူးနစ်နစ်လေး ကြည့်ရင်း မျက်နှာလေးကို စနိုး မျက်နှာနဲ့ နီးကပ်သွားအောင် တိုးရွှေ့မိသည်။

စနိုး လက်ကိုရုန်း၍ မျက်နှာကိုလည်း ရှောင်ဖယ်ကာ

"သွားပါတော့နော်"

"စနိုးရယ်၊ ကိုယ့်ကို ချစ်တယ်လို့ ပြောဦးလေ"

"မချစ်ဘဲနဲ့ ကိုသန့်ကို ဆင်းတွေ့ပါ့မလား"

ပြောပုံလေးက ရှင်းသန့် ရင်ခုန်သံကို နှိုးဆွနေသလို။

"ဒါဆို ချစ်တယ်ပေါ့"

"အင်း"

စနိုး မျက်လွှာလေးချကာ ခေါင်းညိတ်တော့ ရင်ခွင်ထဲ ဆွဲပွေ့မွေးရှိုက်ချင်စိတ်လေး ဖြစ်လာသည်။ နှစ်ယောက်သား ကြားမှာ သံပန်းတံခါးကြီး ခြားနေတာက ခက်သည်။

သံတိုင်တွေ ကြားထဲမှာပဲ စနိုး လက်ဖဝါးနုနုလေးကို ဆွဲယူပြီး





မွှေးဖို့ လုပ်တော့

"အို ကိုသန့်နော်"

"စနိုးကလည်း ချစ်သူချင်းပဲ"

"ဟင့်အင်း မရဘူးနော်"

စနိုး လက်ဖဝါးလေးကို အတင်းပဲ ပြန်ရုပ်သိမ်းလိုက်သည်။ ခုပဲရလိုက်တဲ့ ချစ်သူလေးကို မြတ်နိုးစွာ မွှေးရှိုက်ခွင့် မရတာက ရင်ခုန်သံလေး မပြည့်ဝသလို ဖြစ်၏။

"စနိုးက တစ်မျိုးပဲနော် ကိုယ့်ကို ချစ်တာ သေချာရဲ့လား"

"သေချာတာပေါ့ ကိုသန့်ရယ်"

"ချစ်တယ်ဆိုရင်"

စနိုး မျက်စောင်းလေးနဲ့ ကြည့်ပြီး ကြည်နူးစွာ ပြုံးမိသည်။ သိပ်တာပေါ့ ချစ်တယ်ဆိုရင် မြတ်မြတ်နိုးနိုး မွှေးတာကို လက်ခံပေးပါလို့ တောင်းဆိုနေတဲ့ ကိုသန့် မျက်ဝန်းကို စနိုး ဖတ်တတ်ပါသည်။

မိန်းကလေးဆိုတာ ရှက်တတ်တယ်ဆိုတာလည်း နားလည်ပေးဦးပေါ့ ကိုသန့်ရယ်။ ကိုသန့်ကိုလည်း စနိုး နားလည်ပေးနိုင်ပါတယ်။

"ခဏနော်"

ဆိုပြီး ပန်းခင်းဘက် ရှောင်ထွက်ခဲ့မိသည်။ ရှင်းသန့် နားမလည်သလို ငေးကြည့်နေရာမှ သဘောပေါက်သွားသည်။

ပန်းနုရောင် နှင်းဆီပန်းခင်းထဲက အလှဆုံး နှင်းဆီပူးလေးကို



www.burmeseclassic.com

www.burmeseclassic.com



ညှပ်ပြီး ယူလာတဲ့ စနိုးရဲ့ လှုပ်ရှားမှုလေးကို မြင်လိုက်တော့ ရှင်းသန့် ရင်ခုန်သံတို့ နွေးထွေး လှုပ်ရှားသွားသည်။

စနိုးက ပန်းနုရောင် နှင်းဆီဖူးလေးကို ရှင်းသန့် နှလုံးသားထဲ တိုးဝင်ခဲ့တာလေ။

"ရော့"

စနိုး ကမ်းပေးတဲ့ နှင်းဆီဖူးဖူးလေးကို မြတ်နိုးစွာ ယူ၍ စနိုး ရှေ့မှာတင် ငုံ့မွှေးလိုက်သောအခါ စနိုး နှုတ်ခမ်းပါးလေး မသိမသာ လှုပ်ရှားကာ စနိုး ပါးပြင်လေးက ပန်းနုရောင် နှင်းဆီပွင့်ချပ်လေးလို နူးညံ့သွား၏။

ပန်းကလေးကို ငုံ့မွှေးရင်း စနိုးကို စိုက်ကြည့်နေတော့ စနိုး ရင်ခုန်သံတွေ ထိန်းမရအောင် ဖြစ်သွား၏။ ထို့ကြောင့်

"သွား ပြန်တော့"

ရှင်းသန့် ပန်းပွင့်ကို ရိုးတံလေးက ဆုပ်ကိုင်၍ စနိုး နှင်ထုတ်သည့်အတိုင်း ကြည်နူးစွာပဲ ကျောခိုင်းသွားလျှင် ကိုကိုလို့ လှမ်းခေါ်လိုက်မိ၏။

ရှင်းသန့် လှည့်ကြည့်မိတော့ စနိုးနှင့် အကြည့်ချင်း ဆုံသည်။ ရင်ခုန်သံ အကြည့်ချင်းဆုံတော့ စနိုး ချစ်ခြင်းတွေ သိုဝှက်ထားတာ မလုံခြုံတော့။

"ကိုကို့ ကို ချစ်တယ်"





ပြောပြီး နွဲ့နွဲ့လေး ကျောခိုင်းမိတဲ့ စနိုးရယ်ပါ။

ကိုကို ဆိုတဲ့ ချစ်သူ နာမ်စားလေးက ရှင်းသန့် ရင်မှာ တအိအိ နွေးသွားစေသည်။

ကိုကိုတဲ့လား ချစ်သူလေးရယ်။

ချစ်သူလေးက ကိုကို့ရဲ့ ချစ်စနိုးလေးပေါ့။

ကိုကို့ ရင်ထဲက အသံလေးက စနိုး နှလုံးသားမှာ တဝဲလည်လည်။

"ကိုကို့ရဲ့ ချစ်စနိုးလေး"

ဆိုတာကိုပဲ စနိုး ရင်မှာ လွှမ်းမိုးကာ

ချစ်သူဖြစ်တဲ့ ညလေးက ရင်ခုန်သံတို့နှင့် လှပမြိုင်ဆိုင်လိုက်တာ နော် ကိုကို။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ညကာ မထင်မှတ်ဘဲ ချစ်သူတွေဖြစ်သွားတဲ့ ခံစားချက်က တွေးမိလေ တသိမ့်သိမ့် ရင်ခုန်လေ ဖြစ်ရသည်။

စနိုး ပေးလိုက်တဲ့ ချစ်သူ့ အထိမ်းအမှတ် ပန်းနုရောင် နှင်းဆီပွင့်လေးကို စနိုး ရှေ့မှာတင် မြတ်မြတ်နိုးနိုး မွှေးလိုက်သည့် ကိုကို့ နှုတ်ခမ်းလေးကို ဘယ်လို ချစ်သွားမိမှန်း မသိပါ။

ပူပူနွေးနွေး ချစ်သူရထားတယ်ဆိုတဲ့ အသိနဲ့တင် စနိုး နှလုံးသားက လန်းဆန်း ကြည်နူးနေစေသည်။ နံနက်လင်းကတည်းက မှန်တင်ခုံရှေ့ထိုင်ပြီး အလှတွေပြင်နေမိတာ ပြီးမပြီးနိုင်ခဲ့တော့။

မျက်နှာ နုနုဖတ်ဖတ်လေးကို ဖွေးဥအောင် အကောင်းစားမိတ်ကပ်တွေ လိမ်းခြယ်ကာ ကိုကို ချစ်တဲ့ ပန်းနုရောင် နှင်းဆီဖူးလေး





ဖြစ်ဖို့ နှုတ်ခမ်းလှလှလေးကို ပန်းနုရောင် ဆေးခြယ်မိ၏။

ပန်းနုရောင်အခံမှာ ပုလဲသီးတွေ ထိုးထားတဲ့ ဖက်ရှင်ကို စမတ်ကျအောင် ဆင်ထားမိသည့် စနိုးက ပန်းနုရောင် နတ်သမီးလေးအလား။

ကိုကို မြင်ရင် ရင်သပ်ရှုမော ငေးသွားမှာ အသေအချာ။

ကိုကို့ အချစ်တွေ ငေးမောသွားဖို့ စနိုးလေး အစွမ်းကုန် လှနေပြီ။ ကိုယ်လုံးပေါ် မှန်ရှေ့မှာ ကိုယ်ကို တစ်ပတ်လှည့်ကြည့်ပြီး စိတ်တိုင်းကျ ပြုံးမိသည်။

ကိုကိုရေ

စနိုးရဲ့ အလှတွေကို ချစ်ခြင်းဖြင့် ခံစားကြည့်ပါကွယ်။

ငွေရောင် လက်ဆွဲအိတ်လေး ဆွဲ၍ အပေါ်ထပ်က ဆင်းလာတဲ့ စနိုးကို မြင်လျှင် ဒေါ်နွယ်မာဝင်း အံ့သြသလို ကြည်နူးသလိုဖြစ်ပြီး

"သမီး ဒီနေ့ သိပ်လှနေပါလား"

"မေမေ့သမီးပဲ လှမှာပေါ့"

စနိုး ညှို့ခန်းထဲ လှမ်းဝင်၍ ခပ်မြူးမြူးလေး ဆိုသည်။

"အံမယ် ကြည့်စမ်း မေမေ့သမီး စကားတွေ အရမ်းတက်လာပြီနော်"

မေမေ ချစ်မျက်စောင်းလေး ထိုးရင်း ပြောတော့ မေမေ့ပခုံးလေးကို စနိုး ဖွဖွ လှမ်းဖက်သည်။ စနိုး ကြည်နူးနွေးနွေးပစ္စာ မေမေ့ကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်း မဟုတ်လို့လား၊ စနိုး လုတာ မေမေနဲ့တူလို့လေ"

"ဟုတ်ပါတယ်ရှင် ဟုတ်ပါတယ် ကဲ လာ ကော်ဖီသောက်ကြစို့"

"မသောက်တော့ဘူး မေမေ"

"ဟေ သမီး တကယ် ထူးခြားနေပါလား"

နေ့စဉ်နေ့တိုင်း သားအမိနှစ်ယောက် မနက်စာ မျက်နှာချင်းဆိုင် စားနေကျ။ မိခင်နှင့်အတူ မနက်စာစားပြီးမှ သမီးက ဖက်ရှင်ဆိုင် သွားတာလေ။

ခုတော့ အလှဆုံး ပြင်ထားသလို မိခင်နဲ့လည်း မနက်စာအတူ မစားဘူးဆိုတော့ ဒေါ်နွယ်မာဝင်း မအံ့သြဘဲ မနေနိုင်။

သမီး မျက်နှာလှလှလေးကို ငေးကြည့်ရင်း မေးလိုက်မှ သမီးက ပြုံး၍

"မထူးခြားပါဘူး မေမေရဲ့"

"မထူးခြားရင် ထုံးစံအတိုင်း မေမေနဲ့အတူ မနက်စာစားပြီးမှ ဖက်ရှင်ဆိုင် သွားလေ"

"ဒီနေ့ လွင်နဲ့ အပြင်မှာ မနက်စာစားဖို့ ချိန်းထားလို့"

စနိုး ပိပိရိရိလေး ပြောမှ မေမေ ယုံကြည်သွားဟန်နှင့် မျက်နှာလေး ကြည်လင်သွားပြီး





"အဲဒါဆိုလည်း ပြီးရော မေမေ တစ်ယောက်တည်း မနက်စာ စားတော့မယ်"

မေမေ ပြောရင်း ညှိခန်းထဲက ထွက်သွားဖို့ ပြင်သည်။ စနိုး မေမေ့ ပါးပြင်လေးကို ရွှတ်ခနဲ မွှေးလိုက်တော့ မေမေ ကြည်နူးသွားသည်။ ထို ကြည်နူးမှုလေးနှင့် ထမင်းစားခန်းဆီ ဦးတည်သွားသည့် မေမေ့နောက်ကျောကို အမြင်တဆုံး ငေးကြည့်မိသည်။

"တီ တီ တီ"

ကားဟွန်းသံကြောင့် စနိုး မေမေ့ကို ငေးကြည့်နေရာမှ ကြည်နူးစွာပဲ နောက်လှည့်ကြည့်သည်။

ကားမောင်းသူနေရာမှာ ကိုကို့ကို မမြင်ရတော့ စနိုး ဟင်ခနဲ ဖြစ်သွား၏။ မျက်နှာလည်း ရုတ်ချည်း ပျက်သွားသည်။

"စနိုး လာလေ"

ကားမောင်းသူနေရာမှ လွင် လှမ်းခေါ်သည်။

"ဘာကြောင်နေတာလဲ စနိုး လာလေ"

လွင် ထပ်ဆင့်ခေါ်မှ စနိုး အသိဝင်လာသည်။ မျက်နှာလေးကို ပုံမှန်အတိုင်းဖြစ်အောင် သတိထား ပြင်လိုက်သည်။ တွေတွေလေး ရပ်နေမိတဲ့ စနိုး ခြေလှမ်းတွေကို ကားဆီရွှေ့ခဲ့တာ အားမပါလှ။

လွင်က ပြုံးပြုံးလေး ငေးကြည့်ရင်း

"စနိုး ဒီနေ့ သိပ်လှနေတာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



''နေ့တိုင်းလည်း ဒီလိုပါပဲ''

''အံ့မယ် လွင့်ကို ညာနေပြန်ပြီ''

''မညာပေါင်''

''မညာရင် ဘာဖြစ်လို့ အလှပြင်ထားတာလဲ ကဲ ပြော''

အတင်းပဲ မေးနေတဲ့ လွင်ကို မျက်စောင်းလေး ထိုးရင်း ကားရှေ့ခန်းမှာ ဝင်ထိုင်သည်။ လွင် မေးတာကို စနိုး မဖြေတော့ လွင် ဘဝင်မကျ။

''ပြောလေ စနိုး ဘာဖြစ်လို့လဲ ရင်ခုန်စရာ ရှိနေလို့လား''

''အပိုတွေ လျှောက်ပြောမနေနဲ့''

''ဟွန်း''

လွင် နှုတ်ခမ်းလေး တွန့်မဲ့ရင်း ကားကို လျောခနဲ မောင်းထွက်သည်။ စနိုး မသိမသာ သက်မလေးချရသည်။

ကိုကို ဘာလို့ မလာတာလဲ။

စနိုး နှလုံးသားမှာတော့ ချစ်သူ ပူပူနွေးနွေးလေးအတွက် အစွမ်းကုန် လှအောင်ပြင်ဆင်လာခဲ့တာ။

ခုတော့

စနိုး ရင်မှာ လေပူတိုက်နေပါပြီ။

ကိုကိုရယ်

စနိုး အချစ်ကို ဘယ်လိုတုံ့ပြန်တာလဲကွယ်။





စနိုး သိချင်လိုက်တာ။

■ ■ ■

ကိုကို့ ဖုန်းကို ခေါ်တော့လည်း မရ။ ဇရိယာပြင်ပ ရောက်နေတာချည်းပင်။ ချစ်သူ မဖြစ်ခင်ကလို စနိုးကို လာမကြိုသလို ဖုန်းလည်း မဆက်တာက ဘာသဘောလဲ ကိုကိုရယ်။

ချစ်သူ ဖြစ်ရုံတင်ပဲ စနိုးကို ရက်စက်ချင်ပြီလား။

ဘာကြောင့် မဆက်သွယ်တာလဲ။ စနိုး သိချင်လှသည်။ လွင့်ကို မေးကြည့်ချင်ပေမယ့် စိတ်ဓာ မရဲ။ ကိုနိုင်ကြီးက ပိုသိချင် သိနိုင်တာပေါ့။

ခက်တာက စနိုး မစပ်စုရဲတာပေါ့။

ရင်ထဲမှာပဲ မြို့ပြီး ချစ်နေရတာ မီးတောင်ကြီးလို ပွလွန်းလှပါတယ်ကွယ်။

''ဟိတ် စနိုး''

စနိုး လက်မောင်းလေးကို လွင် လှုပ်ခေါ်မှ စနိုး အသိဝင်လာသည်။

''ဘာလဲ လွင်''

''ငိုင်လှချည်လား''

''ထင်လို့ပါ လွင်ရယ်''

စနိုး မှုမပျက်အောင် ထိန်းပြောရင်း စာရင်းစာရွက်တွေကို ဆွဲယူပြီး အမိပ္ပါယ်မဲ့ လျှောက်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



လွင်က မျက်ခုံးလေးပင့်ကာ ပြုံးကြည့်၍ စနိုးဘေးမှာ ကပ်ထိုင်ချသည်။

"လွင် ထင်တာက တစ်ခုခုကြောင့်ပဲ"

"မဟုတ်တာ"

"ဘာလို့ မဟုတ်ရမှာလဲ၊ စနိုး ပုံစံက အရင်က ဒီလို ငိုင်တိငိုင်တိုင် မဟုတ်ပါဘူး၊ ခုမှ အေးတိအေးစက်နဲ့ လွမ်းနာကျသလို မှိုင်နေတာလေ၊ မဟုတ်မှလွဲရော ကိုသန့်ကြောင့်လား"

"အို မဟုတ်တာ"

စနိုး ဟန်ဆောင်မှုတွေ ကွာမကျအောင် ထိန်းရင်း ငြင်းလိုက်တဲ့ အသံလေးက ကတုန်ကယင်လေး ဖြစ်သွားသည်။

လွင်က စနိုး ပခုံးလေးကို ပွေ့ဖက်ရင်း

"စနိုး ညာချင်တာလား"

"မညာပါဘူးဟယ်"

"မညာရင် ဘာဖြစ်လို့ မဟုတ်ဘူးလို့ ပြောရတာလဲ၊ လွင်က စေတနာနဲ့ မေးတာပါ၊ ဟုတ်တယ် မဟုတ်လား"

ဖွတ်အတင်း မေးနေတော့ စနိုး ဝန်ခံရမလို ဖြစ်နေသည်။ စနိုး ဝန်ခံလိုက်ရင် လွင် ဟားတိုက်ရယ်မောမှာလား။

စနိုး သိပ်အညာလွယ်တာပဲလို့ အပြစ်ပြောရင် ခံရဖို့ရှိတာကြောင့် ဝန်ခံဖို့ နှုတ်မရဲတာ အမှန်ပါ။





"စနိုးက ညာချင်နေတာ လွင် သိတာပေါ့၊ ကိုသန့်က စနိုးနဲ့ မဟုတ်ပေါင်"

"ဟင် ဘာ ဘာလဲဟင်"

"စနိုးက ကိုသန့်ကို အဖြေပေးလိုက်လို့ စနိုးနဲ့ ကိုသန့် ချစ်သူ ဖြစ်သွားတာလေ"

"ဟင်"

စနိုးတစ်ကိုယ်လုံး ရှိန်းခနဲ ဖြစ်၏။ လွင်က သိပါ့ဆိုတဲ့ မျက်နှာလေးနဲ့ စိုက်ကြည့်ရင်း ခေါင်းဆတ်ကာ ဆက်ပြောသည်။

"ဟုတ်တယ် ကိုသန့်က ပွင့်လင်းတယ်၊ စနိုးနဲ့ချစ်သူဖြစ်ခဲ့ပြီ တဲ့၊ စနိုးတောင် အမှတ်တရဖြစ်အောင် ပန်းနုရောင် နှင်းဆီပွင့် လက်ဆောင်ပေးလိုက်သေးတယ် မဟုတ်လား"

"အို"

စနိုး ရှက်ကာ မျက်လွှာလေး ချလိုက်မိသည်။

"ရှက်စရာမှ မဟုတ်တာ စနိုးရယ်၊ သူငယ်ချင်းပဲ ရှက်နေ မလိုပါဘူး၊ လွင်ကတော့ ကိုသန့်နဲ့ သဘောတူပြီးသား၊ တကယ် ချစ်သ ဖြစ်သွားတာ သိတော့ ဝမ်းတောင် သာတယ် တကယ်"

စနိုး ခေါင်းငုံ့နေတာ တော်ရုံနှင့်ပြန်မမော့မလာ။ လွင်က စနိုး မေးဖျားလေးကို ဆွဲကိုင်၍ မျက်နှာလှလှလေးကို မော့စေပြီး

"စနိုး ဝန်ခံမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ဟိုလေ"

"လွင်သိပါတယ် စနိုး စိတ်ထဲမှာ လွင် အပြစ်ပြောမှာ စိုးရိမ်နေတာ မဟုတ်လား"

"အဲလိုလည်း မဟုတ်ပါဘူး"

"ဟုတ်ပါတယ် ကိုသန့်နဲ့ စနောက်တာတောင် စနိုး အစမခံဘဲ အလွယ်တကူ ချစ်သူဖြစ်သွားတယ်ဆိုတော့"

"ဟိုလေ စနိုးကလည်း ချစ်သူ မထားချင်ပါဘူး၊ ဒါပေမဲ့ ကိုကိုက"

"ဟယ် ကိုကိုတောင် ဖြစ်နေပြီလား"

လွင် ရယ်ရယ်မောမော ပြောလျှင် စနိုး မျက်နှာလေး နီရဲသွား၏။

"အဲဒါနဲ့များ ဝန်မခံချင် ဖြစ်နေရတယ်လို့ ကဲပါ စနိုးရယ်၊ ရှက်မနေပါနဲ့ ရှက်နေလို့ ဘာထူးမှာလဲ၊ လွင်က အစကတည်းက ကိုသန့်နဲ့ ဖြစ်စေချင်တယ်လို့ ပြောထားတာပဲ၊ ကိုကိုကလည်း ကိုသန့်နဲ့ စနိုးကို သဘောတူတယ်တဲ့၊ ကဲ ရှက်တာလေးတွေ လျှော့ပစ်လိုက်ပါ စနိုးရယ်"

စနိုး လက်ဖဝါးလေးကို ညင်ညင်သာသာ ဆုပ်ကိုင်ရင်း လွင် ပြောလာတော့ စနိုး မျက်နှာပေါ်က ရှက်ရိပ်လေး ကွာကျလုလု ဖြစ်သွားသည်။

"စနိုး ရင်ထဲမှာ ကိုသန့် ဘာလို့ လာမကြိုတာလဲဆိုတာ





သိချင်နေတယ် မဟုတ်လား"

"အင်း"

စနိုး မသိမသာ ခေါင်းညိတ်သည်။

"လွင်ကလည်း အဲဒါပဲ ပြောချင်နေတာ"

စနိုး ခုမှပဲ ရင်ထဲက ပူလောင်မှုလေးနဲ့ လွင့်ကို မျက်နှာချင်းဆိုင်မိသည်။ စနိုး ဟန်တွေမဆောင်နိုင်တော့ပြီ။

"ကိုကို ဘာလို့ လာမကြိုတာလဲဟင်"

"ကိုသန့် လာကြိုဖို့ အဆင်သင့်ဖြစ်နေပါပြီ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲဟင်"

"ကိုသန့် မာမီ ရောက်လာပြီး ကိုသန့်ကို ပြန်ခေါ်သွားတယ်ဆေ့"

"ဟင် ဒါဆို ကိုကို"

လွင် သက်မလေးချပြီး ဆက်ပြောသည်။

"ဟုတ်တယ် ကိုသန့်ကို လာပြန်ခေါ်သွားတယ်၊ ကိုသန့် ရှောင်ထွက်ခဲ့ကတည်းက ကိုကို့ဆီ ရောက်နေတာ အန်တီ မသိဘူးလေ၊ ကိုသန့်ကို ခေါင်းမီးတောက်မတတ် အန်တီ လိုက်ရှာနေတာ၊ နောက်တော့ အန်တီ ဘယ်လိုသိသွားလဲ မသိဘူး၊ သတင်းရရချင်း လာခေါ်သွားတာ"

စနိုး ရင်မှာ နွမ်းဟိုက်သလို ဖြစ်သွားသည်။

"ကိုသန့် ဘာမှ ကြိုတင်ပြင်ဆင်ချိန် မရလိုက်ဘူးလေ၊ အန်တီ



www.burmeseclassic.com

www.burmeseclassic.com



က ဩဇာကြီးမားပုံရတယ်၊ ကိုသန့် ဘာမှ ပြောလို့ မရဘူး။ ခေါ်သွားတာနဲ့ ခေါင်းငိုက်စိုက်နဲ့ ပါသွားတာလေ''

စန်း ချစ်စိတ်နဲ့ သက်မချမိပြန်သည်။ စန်းတို့ ချစ်သူဘဝက လည်း မလွယ်ပါလား ကိုကိုရယ်။

''လွှင်က ကိုကို့ကို ပြောတော့ ကိုကိုက ဘာမှစိတ်မပူပါနဲ့တဲ့၊ ကိုသန့်က အန်တီ ဩဇာကို မလွန်ဆန်နိုင်ပေမယ့် အန်တီ ဩဇာကိုတော့ အပြည့်အဝ နာခံလေ့ မရှိဘူးတဲ့''

''ဘာပဲဖြစ်ဖြစ်ပေါ့ ခုတော့''

စန်းရင်မှာ ဝမ်းနည်းခြင်းတွေ အစပျိုးကာ အသံလေး တိမ်ဝင် မတတ် ဖြစ်လာသည်။ လွှင် စာနာစွာပဲ ကြည့်၍

''စိတ်မပူပါနဲ့ ကိုသန့် ဆက်သွယ်မှာပါ''

''စန်းတော့ ကိုကိုနဲ့ တွေ့ချင်တာပဲ''

''စန်းရယ် မိန်းကလေး ဣန္ဒြေဆိုတာလည်း ရှိသေးတယ်''

''ဒါပေမဲ့ စန်း တွေ့ချင်တာပဲ၊ ဒါနဲ့ ကိုကိုက ဘယ်မှာနေတာလဲ ဟင်''

''ပါရမီလမ်းထဲမှာ စန်း ဘာလုပ်ဖို့လဲ''

''ဩော် စန်းက ကိုကိုနဲ့ ချစ်သူဖြစ်သွားပေမယ့် ကိုကို ဘယ်မှာ နေတယ် ဘာညာလည်း မသိရဘူးလေ''

''လွှင့်ကိုကိုက ကိုသန့်အကြောင်း အားလုံးသိပါတယ်''





''စန်းလည်း သိချင်တယ် လွှင်ရယ်''

စန်း တကယ် ရင်ခုန်စွာပဲ ပြောမိသည်။ ဘယ်မိန်းကလေးပဲ ဖြစ်ဖြစ် ချစ်သူအကြောင်း မသိချင်ဘဲ နေမလား။

လွှင် နားလည်မှုရှိစွာပဲ ခေါင်းညိတ်၍

''စန်းသိချင်ရင် ကိုကို့ကို လွှင် မေးကြည့်မယ်လေ၊ ပြီးတော့ စန်းကို ပြောပြမှာပေါ့''

''မြန်မြန်မေးကြည့်နော်၊ စန်း အရမ်းသိချင်နေတာ၊ ပြီးတော့ ကိုကိုနဲ့လည်း တွေ့ချင်တယ်''

''စန်းရယ် အသည်းအသန်ပါပဲလား''

''ချစ်တာကိုး''

''အံမယ် အစကတော့ မဟုတ်ဘူး ဘာညာနဲ့၊ အခုတော့ မရှက်တော့ဘူးပေါ့''

''လွှင်က ဖွတ်မေးပြီးတော့''

''ဟဲ့ မေးရမှာပေါ့ ကိုသန့် ဝန်ခံလို့ လွှင်တို့ သိနေတဲ့ဥစ္စာ၊ စန်းက မဟုတ်ဘူးဆိုတော့ မေးရမှာပေါ့''

''ကဲပါ စန်း ခံစားချက်ကို လွှင် သိပြီပဲ''

''သိပါပြီ ရှေ့ဆက် စန်း သိချင်တာတွေကို ကိုကို့ဆီမှာ စုံစမ်း ပေးပါ့မယ်''

''ကျေးဇူးတင်ပါတယ် လွှင်ရယ်''



www.burmeseclassic.com

www.burmeseclassic.com



ခုမှပဲ စနိုးမျက်နှာလှလှလေး ကြည်လင်လာသည်။ စနိုး မျက်နှာလေး ကြည်လင်လာမှ လွှင်လည်း သက်မချနိုင်သည်။

"မလိုပါဘူး စနိုးရယ် သူငယ်ချင်းပဲ တစ်ယောက်ကို တစ်ယောက် ကူညီရမှာပေါ့ အခုလည်း လွှင့်ကို ကူညီဦး"

"ဘာလဲလွှင်"

"လွှင်လည်း ဖက်ရှင်ရှော့ပ်လေး ဖွင့်ချင်ပြီ အဲဒါ"

"စိတ်ချပါ ကူညီပါ့မယ် ပြောပြီးပြီပဲ"

"မေ့နေမှာစိုးလို့ပါ စနိုး ရင်ထဲမှာ စနိုးရဲ့ ကိုကို ရှိနေတော့ သတိပေးရတာလေ"

လွှင် ပြောတော့ စနိုး နှလုံးသားလေး ကြည်နူးသွားရသည်။

ဟုတ်ပါရဲ့ စနိုး ရင်ထဲမှာ ကိုကို ရှိနေပြီလေ။

■ ■ ■



## အခန်း (၁၀)

ကိုကို့အကြောင်း သိရသည်က ရင်ထဲမှာ ဖွဲ့တစ်ပုံ မီးလောင်သလိုပါပဲ။ တငွေ့ငွေ့နဲ့ ပူနေရတယ်ကွယ်။

"ကိုယ်နဲ့ တွဲမိတဲ့ သက်တမ်းမှာ ကိုယ်နဲ့က ချစ်သူတွေ ဘာတွေ မရှိဘူး။ အင်း လွန်ခဲ့တဲ့ လေးလလောက်က အန်တီရဲ့ အစီအမံနဲ့ သရဖူဆိုတဲ့ ကောင်မလေးနဲ့ ပတ်သက်ခဲ့ရတယ်"

ကိုကိုရယ်

စနိုး ရင်မှာ ဝမ်းနည်းသလိုလို ဖြစ်မိသည်။ ကိုနိုင်ကြီးကတော့ ကိုကို့အကြောင်း သိသမျှ မချွင်းမချန် ပြောပြတော့လည်း နားဆင်ခဲ့ရတဲ့ စနိုး ရင်မှာ ပူလောင်ခဲ့သည်။

သရဖူဆိုတဲ့ နာမည်လေးကို မေ့ပျောက်ပစ်ဖို့ အကြိမ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားပေမယ့် စနိုး အာရုံထဲမှာ စိုးမိုးနေတာ ခက်လှသည်။

သရဖူ-တဲ့။

သွယ်လျသော ကိုယ်လုံးလေးနှင့် ကလေးဆန်သော မျက်နှာလေးကို ပိုင်ဆိုင်ထားသည့် သရဖူက ညီမလေးသဖွယ် ချစ်စဖွယ်ကောင်းလှသည်။

ဆံပင်ဂုတ်ဝဲလေးနဲ့မို့ စကားပြောတိုင်း ဆံပင်တွေကို ထိုးဖွနေတတ်တဲ့ အကျင့်က တကယ့်ကို ကလေးဆန်နေစေသည်။

မျက်နှာလေး ဝိုင်း၍ ပါးလေးဖောင်းကာ နှုတ်ခမ်းလေး ဆူနေတတ်သည်က သရဖူရဲ့ ချစ်စရာ ပင်ကိုအလှတစ်ပါးနှယ်။

ပထမဦးဆုံး စသိတာက သရဖူတို့အိမ်က မာမီ သွားစဉ်က ဖြစ်သည်။ ရှင်းသန့်က မာမီ သွားလေရာ တကောက်ကောက် ပါနေသည်။ မာမီက ကားကို ဒရိုင်ဘာတွေ မောင်းလျှင် မနှစ်မြို့တတ်ပေ။

ဒါကြောင့် မာမီ သွားချင်တဲ့ဆီ ရှင်းသန့်က ဒရိုင်ဘာလုပ်ရင်း လိုက်ပါနေကျ ဖြစ်သည်။ ထိုနေ့က သရဖူ မိခင် ဒေါ်ဒေစီကျော် နေမကောင်းလို့ လူနာသွားမေးရာမှ သရဖူနှင့် စတင်တွေ့ခဲ့ရခြင်းပင်။

ဒေါ်ဒေစီကျော်ကို ရှင်းသန့် သိခဲ့တာ ကြာပြီ။ မာမီလိုပဲ စိန်အရောင်းပြခန်း ဖွင့်ထားသူ။ စီးပွားတူပေမယ့် မာမီနဲ့ ဒေါ်ဒေစီကျော်က အတော် ရင်းနှီးသည်။

ညီအစ်မလို ဆိုးတူကောင်းဖက် ဆွေးနွေးတိုင်ပင်နေကျ။ နေ





မကောင်းဘူးဆိုသည့် အကြောင်းပြချက်နှင့် မာမီနှင့်အတူ အန်တီ့ကို လာကြည့်ဖြစ်သည်။ အန်တီက ရိုးရိုး နှာစေးချောင်းဆိုး ဖြစ်ရုံတင်။ ဧည့်ခန်းမှာ ကြော့ကြော့မော့မော့ပဲ ဧည့်ခံ စကားပြောနေတဲ့ အန်တီကို ရှင်းသန့် အံ့သြသလို မာမီကိုလည်း အံ့သြသည်။

အဲဒီမှာ သရဖူနှင့် မိတ်ဆက်ပေးသည်။ သရဖူက အန်တီရဲ့ တစ်ဦးတည်းသော သမီးလေး။ တစ်ဦးတည်းသော သမီးပီပီ ချွဲချွဲနွဲ့နွဲ့နဲ့ ခပ်ဆိုးဆိုးလေးရယ်။

မိတ်ဆက်ပေးသည်နှင့် သရဖူက ရှင်းသန့်အပါး လာထိုင်၍ လှလှပပ ပြုံးကြည့်ပြီး

"ကိုသန့်က အရမ်းချောတာပဲနော်"

ရှင်းသန့် ဘာပြောရမှန်း မသိတော့။ ဒီကောင်မလေး ကလေးဆန်တာလား။ ဒါမှမဟုတ် စိတ်ကူးယဉ်ဆန်တာလား ဘာလားတော့ မသိ။

သူ့ဟာသူ ချောတာပဲနော် ပြောပြီး

"ကိုသန့်က ကားမောင်း အရမ်းညင်သာပြီး ကိုသန့် မောင်းတဲ့ ကားစီးရတာ သိပ်စိတ်ချရတာပဲလို့ အန်တီက ပြောတယ်လေ၊ အဲဒါ အန်တီ ပြောကတည်းက ကိုသန့် မောင်းတဲ့ကားကို သရဖူ စီးကြည့်ချင်တာ သိလား"

"ဟုတ်တယ် သားရဲ့ သားမောင်းတဲ့ ကားကို သမီးလေးအာ



www.burmeseclassic.com

www.burmeseclassic.com



စီးချင်နေတာကွယ့်"

အန်တီ-ဒေစီ ပြုံးပြုံးလေး ဝင်ပြောတော့ ရှင်းသန့် ခေါင်းကုတ်မိသည်။

"ကဲပါ သားရယ် သားညီမ စိတ်ကျေနပ်အောင် သမီးသွားချင်တဲ့ဆီ ကားမောင်းပို့ပေးလိုက်၊ မာမီနဲ့ ဒေစီ ကိစ္စလေးတွေ ဆွေးနွေးစရာရှိသေးတယ်၊ သမီးနဲ့သား ပြန်လာမှ မာမီတို့ အိမ်ပြန်ကြတာပေါ့"

မာမီကပါ ထိုသို့ ပြောတော့ ရှင်းသန့် လွန်ဆန်လို့ မရခဲ့။ သရဖူက ထခုန်မတတ် ဝမ်းသာသွား၏။

"ကိုသန့် ကြားတယ်နော်၊ အန်တီနဲ့မာမီက သရဖူ ဆန္ဒအတိုင်းတဲ့၊ ကိုသန့် လိုက်ပို့ရမယ်နော်၊ သရဖူက ကိုသန့်မောင်းတဲ့ကားကို စီးချင်နေတာ၊ နေဦး သရဖူ အဝတ်သွားလဲလိုက်မယ်"

ပြောရင်း ရှင်းသန့်အနားက ထထွက်သွားတဲ့ သရဖူ ပုံစံလေးက ဂါဝန်လေးနဲ့မို့ ကလေးဆန်တာမှ တကယ့် ကလေးဆန်ဆန်လေး။

ရှင်းသန့် ငြင်းဖို့ စိတ်ကူးမိသေးသည်။ မာမီက ရှင်းသန့် စိတ်ကို နားလည်သွားဟန်တူသည်။ ရှင်းသန့် လက်မောင်းကို ဆုပ်ကိုင်ရင်း ဖျောင်းဖျသလို ပြောသည်။

"သရဖူလေးက ကလေးဆန်တယ် သားရဲ့၊ သား ညီမလေးလို သဘောထားပြီး လိုက်ပို့ပေးပါကွယ်"

"ဟုတ်တယ် သား၊ သမီးက ဖွတ်ပဲ၊ သူ ဖြစ်ချင်ရာ ဖြစ်ခွင့်ရ





မှ မဟုတ်ရင် တဂျီဂျီနဲ့ကွဲ့"

အန်တီကလည်း ခပ်ပြုံးပြုံးနှင့် ဝင်ပြောပြန်သည်။ ရှင်းသန့်မှာ ငြင်းရအခက် စောဒကတက်ရအခက် ဖြစ်လာသည်။

မာမီက အားမလို အားမရ ဖြစ်ပြီး ရှင်းသန့်ကို ကြည့်ရင်း ပြောပြန်သည်။

"သားကလည်း သရဖူက သားထက် ငယ်တယ်လေ၊ ညီမလေးလို ဂရုစိုက်မှပေါ့၊ မာမီက သားနဲ့ သရဖူကို ဆုံပေးချင်တာ ကြာလှပြီ၊ အလုပ်တွေ ရှုပ်နေတာနဲ့ မဆုံဖြစ်ခဲ့ဘူး၊ အခု ဆုံတုန်း သရဖူ ဆန္ဒကို အသိအမှတ်ပြုပေးလိုက်ပါကွယ် နော် သား၊ သရဖူကို မာမီ အရမ်းချစ်သလို သားလည်း ချစ်ခင် ရင်းနှီးစိတ် မွေးစမ်းပါ၊ မျက်နှာကို ပုပ်သိုးသိုး လုပ်မထားပါနဲ့အေ"

အန်တီ ရှေ့မှာ ဖြစ်သလို မာမီ့ဆန္ဒကိုလည်း လွန်ဆန်လို့ မရဲတာကြောင့် ရှင်းသန့် ခေါင်းညိတ်လိုက်ရသည်။

"ကိုသန့် သွားစို့"

အပေါ်ထပ်က မြူးမြူးကြွကြွလေး ပြေးဆင်းလာတဲ့ သရဖူ။ ပုံစံလေးက မကြည့်ရက်အောင် လှနေသည်။

ဂျင်းဘောင်းဘီအနက်ကလေးက သရဖူရဲ့ ပေါင်တံအရှည်ကို ဆင်းခနဲ ပေါ်လွင်သလို လည်ဟိုက်အကျႌပုံလေးက ကိုယ်မှာ ကပ်ကာ

အနက်ရောင်ချည်းပဲ ဖြစ်တာကြောင့် ဖြူဖွေး အိစက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သရဖူ အသားအရောင်က ဝင်းဝင်းလေးပေါ်လွင်စေသည်။

ကြိုးရှည်ရှည် ပခုံးလွယ်အိတ်လေးကို စလွယ်သိုင်းလွယ်ပြီး ဟီးဖိနပ်ချွန်လေးနဲ့ ကြော့ကြော့လေး ဧည့်ခန်းထဲ ဝင်လာပုံက ရှင်းသန့်ကို ရင်မောသွားစေသည်။

"မာမီနဲ့ အန်တီ သွားပြီနော် ဘိုင်"

မာမီနဲ့ အန်တီကို နှုတ်ဆက်ပြီး ကားပေါ် ဦးစွာ တက်သွားတဲ့ ဟန်လေးကို မာမီက ချစ်မဝသလိုပဲ ကြည့်နေတော့လည်း ရှင်းသန့် ဘာမှမပြောသာတော့။

"ကဲ သား သွားလေ"

မာမီ တီးတိုးပြောတာကြောင့် ရှင်းသန့် ဆိုဖာပေါ်က ထကာ ကားဆီ ခြေလှမ်းခပ်လေးလေးနှင့် လှမ်းလာခဲ့သည်။

"ကိုသန့် မြန်မြန်လာလေ၊ သရဖူက အခုဆို အခုမှ ကြိုက်တာ သိလား၊ နောက်ဆို သရဖူ အလိုကို လိုက်ရမှာနော်၊ သရဖူက ကိုသန့်ထက် ခုနစ်နှစ်တောင် ငယ်တာ ဟိ ဟိ"

ပြောရင်း သဘောတကျ ရယ်တဲ့ သရဖူကို ရှင်းသန့် တစ်ခွန်းမှ စကားမဆိုမိ။ လောလောဆယ် မာမီ ကျေနပ်စေဖို့ ခေါင်းညိတ်ရုံပဲပေါ့။

ရှင်းသန့် ခေါင်းညိတ်၍ ဒရိုင်ဘာ နေရာ ဝင်ထိုင်လျှင် သရဖူ မျက်နှာလေး ဝင်းပသွား၏။

ကားကို လျှောခနဲ မောင်းထွက်လျှင် သရဖူ မျက်လုံးလေး





ကြည့်လင် တောက်ပကာ ခေါင်းကိုလည်း ရှင်းသန့်ဘက် လုံးလုံးလျားလျား လှည့်ပြီး

"ကိုသန့်က အန်တီ ဒရိုင်ဘာဆို"

"မာမီက နည်းနည်း ကြောက်တတ်တယ်လေ၊ ဒရိုင်ဘာတွေကို သိပ်ဘဝင်မကျဘူး။ အဲဒါနဲ့ ကိုယ်က မာမီ ဒရိုင်ဘာ ဖြစ်သွားတာ"

ရှင်းသန့် ရှင်းပြ၍ ကားကို လမ်းသွယ်မှ မိန်းလမ်းပေါ်သို့ ချိုးဝင်သည်။ သရဖူက သဘောတွေကျနေ၏။

ဖြောင့်ဖြူးနေသည့် ကတ္တရာလမ်းပေါ် ပြေးနေသည့် ကားလေးပေါ် ငြိမ့်ငြိမ့်လေး စီးခွင့်ရ၍ မျက်နှာနုနုလေးက ပြုံးပျော်မဆုံး ဖြစ်နေတာ သိသာသည်။

ကားလေးက မြန်ပေမယ့် ငြိမ်လှသည်။

"အဲဒါကြောင့် အန်တီက ကိုသန့် ကားမောင်းတာပဲ စီးချင်တာ ထင်တယ်၊ ဟုတ်တယ်နော် သရဖူတို့ ကားဒရိုင်ဘာဆို ကိုသန့်လို ငြိမ်အောင် မမောင်းတတ်ဘူး။ ပြီးတော့ စိတ်မရှည်ဘူး သိလား၊ သရဖူကတော့ ကိုသန့်ကို သဘောကျသွားပြီရှင့်"

ပြောတဲ့ စကားလေးက ဘယ်ရောက်လို့ ရောက်သွားမှန်း သရဖူ သိဟန်မတူ။ ရှင်းသန့် ကားမောင်းနေရာမှ သရဖူကို မျက်မှောင်ကြုတ် ကြည့်တော့

သရဖူ ဟက်ခနဲ ရယ်ပြီး ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ၊ သရဖူတော့ ကိုသန့်ကို အရမ်းသဘောကျသွားပြီ သိလား"

ရှင်းသန့် ဘာမှမပြောမိတော့။ ငယ်တဲ့သူဆိုတော့လည်း စကားအပြောအဆို မတတ်တာပဲလို့ လျှော့ပေါ့ တွေးရင်း ကျေနပ်သလိုပဲ နှုတ်ဆိတ်ငြိမ်သက်မိသည်။

"ဒါနဲ့ ကိုသန့်"

"ပြောလေ"

"ကိုသန့်မှာ ချစ်သူရှိလား"

"ဟင်"

ရှင်းသန့် ကားကို အရှိန်နှင့်မောင်းရင်း သရဖူကို ဖျတ်ခနဲ ငဲ့ကြည့်မိသည်။ သရဖူ ဘာရည်ရွယ်ချက်နဲ့ ပြောတာလဲဆိုတာ စူးစမ်းချင်စိတ်နှင့် ငဲ့ကြည့်ခြင်းပါ။

သရဖူက စေ့စေ့ပြန်ကြည့်၍ ရှင်းသန့်ကို အားမနာတမ်းပဲ မေးပြန်သည်။

"ပြောလေ ကိုသန့် ချစ်သူရှိလားလို့"

ရှင်းသန့် ခေါင်းတစ်ချက်ရမ်း၍ အမှန်အတိုင်း ဝန်ခံလိုက်သည်။

"မရှိဘူး"

"အန်တီ ပြောပါတယ် ကိုသန့်မှာ ချစ်သူ မရှိဘူးတဲ့"





"ဘယ်လို မာမီက"

"ဟုတ်တယ် အန်တီ ပြောပြတာပေါ့၊ သရဖူ မယုံဘူး သိလား။ အဲဒါကြောင့် မေးကြည့်တာ၊ ကိုသန့်ပြောမှ သရဖူ ယုံသွားပြီ"

"နေပါဦး ကိုယ့်မှာ တကယ် ချစ်သူရှိနေရင်ကော ဘာဖြစ်လဲ"

"ဟွန့် ရှိလည်း မရှိဘဲနဲ့"

"တကယ်လို့ ရှိတယ်ဆိုရင်"

ရှင်းသန့် ဖွတ်ပဲ မေးတော့ သရဖူ နှုတ်ခမ်းလေး တွန့်လျက် ပြုံးပြီး

"စိတ်မဝင်စားပေါင်"

"စိတ်မဝင်စားမှတော့ ဘာလို့ မေးတာလဲ သရဖူရယ်"

"အို စိတ်ထဲပေါ်လာလို့ မေးတာပေါ့၊ ရှိလား မရှိဘူးလားဆိုတာ ကိုသန့် အဖြေနဲ့ အန်တီ့ အပြောကို ညှိကြည့်တာလေ၊ ကိုသန့် ပွင့်ပွင့်လင်း ပြောတော့ အဖြေက မှန်သွားတာပေါ့၊ မဟုတ်ဘူးလား၊ အဓိက သရဖူ သိချင်တာ သိသွားတဲ့အတွက် သရဖူ ကျေနပ်တယ်လေ၊ ဟောဟိုရှေ့က Point မှာ တစ်ခုခု ဝင်စားရအောင် ကိုသန့်"

ပြောရင်း Point အသားကင်ဆိုင်ရှေ့မှာ ရပ်ခိုင်းတာကြောင့် ရှင်းသန့် စောဒက တက်ခွင့်မသာဘဲ ကားကို အသားကင်ဆိုင်ရှေ့မှာ ရပ်ဖို့ အရှိန်လျှော့လိုက်ရသည်။

သရဖူရယ်

www.burmeseclassic.com

www.burmeseclassic.com



မင်းလေးက ဘယ်လိုကောင်မလေးလဲကွယ်။

■ ■ ■

Point အသားကင်ဆိုင်လေးက စည်ကားနေသည်။

"ဒီဆိုင်က အသားကင်က အရမ်းကောင်းတာ ကိုသန့်ရဲ့"

ကားပေါ်က ဆင်းသည်နှင့် သရဖူ ပြောရင်း ရှင်းသန့်ဘေးနား ရောက်လာသည်။

ရှင်းသန့်က ဆိုင်တွင် ထိုင်စားလေ့ မရှိ။ သူငယ်ချင်း တွေနဲ့ တစ်အိမ်အိမ်မှာ အချိန်းအချက်လုပ်ကာ လွတ်လွတ်လပ်လပ် စကား တွေပြောရင်း စားစရာတွေကို ဆိုင်က အော်ဒါမှာစားတဲ့အလေ့ပဲ ရှိသည်။

သရဖူက ဆိုင်ထိုင်လေ့ရှိသလို ဘယ်မှာဆိုင်သစ်ဖွင့်တယ်။ ဘယ်ဆိုင်က အစားအသောက် ကောင်းတယ်ဆိုတာကအစ သိနေသည်။

"ကိုယ်သန့် Point မှာ စားဖူးလား"

"ဟင့်အင်း"

ရှင်းသန့် အမှန်အတိုင်း ပြောလိုက်တော့ သရဖူ မျက်ခုံးတန်း လေး ပင့်ကြည့်ပြီး

"ဘာဖြစ်လို့ မစားတာလဲ၊ က အသားကင်က တခြား အသား ကင်ဆိုင်ကထက် ပိုအရသာရှိတယ်လေ၊ သရဖူ ခဏ ခဏ လာစားနေ ကျ၊ သူငယ်ချင်းတွေနဲ့ပါ ဟိ ဟိ"

ဘာရည်ရွယ်ချက်နဲ့မှန်း မသိ။ သူငယ်ချင်းတွေကို ဆွဲပြော





လေရဲ့။

"သရဖူကြောင့် ကိုသန့် ဒီဆိုင်မှာ ထိုင်ဖူးတော့မှာပေါ့နော်"

"အင်း"

အတော် စကားများတဲ့ ကောင်မလေး။ စကားပြောတိုင်း ရှင်းသန့် မျက်နှာလေး မော့ကြည့်နေတတ်သလို သူ့စကားနောက် ပြန် လိုက်ပြောမှ မျက်နှာလေးက ကျေနပ်နေတတ်သည်။

ရှင်းသန့် အင်းလို့ အလိုက်သင့် ပြောလိုက်မှ မျက်နှာလေးက အလိုပြည့်သွားဟန်လေးက ချစ်စရာကောင်းနေပြန်သည်။

ဆိုင်ထဲဝင်တော့ သရဖူနဲ့ ရှင်းသန့်က ယှဉ်လျက်ဆိုတော့ စား သောက် နေသူတွေရဲ့ မျက်လုံးတွေက ရှင်းသန့်တို့ နှစ်ယောက်ဆီမှာ။

ရှင်းသန့် ရင်မှာ တစ်မျိုးဖြစ်နေ၏။ သူ့ဘဝမှာ ဘယ်မိန်းကလေး နဲ့မှ ခုလို တွဲသွားတွဲလာ မလုပ်ဘူးပါ။ သူငယ်ချင်းတွေ မြင်ပြီး စနောက် မှာလည်း စိုးရိမ်မိသည်။

သရဖူကတော့ ဘာကိုမှ ထွေထွေထူးထူး စဉ်းစားဟန်မတူပါ။ ဘယ်သူ ဘယ်ဝါတွေ ကြည့်နေတာကိုမှလည်း ဂရုမစိုက်။

ဆိုင်ထဲ လှမ်းအဝင်မှာ ခြေလှမ်းကလေး ယိုင်နဲ့သွားတဲ့ သရဖူ က ရှင်းသန့် လက်မောင်းကို တွဲမှီထိန်းလိုက်လျှင် ရှင်းသန့် မျက်နှာ ပူခနဲ ဖြစ်ရသည်။

ရှင်းသန့်ကလည်း သရဖူ လက်ချောင်းတွေကို မဖယ်ရှားရဲ။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့် ဖယ်ချလိုက်မှ သရဖူ ယိုင်လဲသွားမှာ တွေးရင်း စိတ်ပူမိခြင်းကြောင့်ပါ။

စိတ်ထဲမှာတော့ သရဖူကို ညီမလေးတစ်ယောက်ဆိုတဲ့ အသိမျိုးနှင့်။

သရဖူကတော့ ဘယ်လိုခံစားမိသည် မသိ။ ရှင်းသန့် လက်မောင်းကို ဆွဲချိတ်ထားတဲ့ လက်ကို မလွှတ်။ တွဲလျက်နှင့် ထိပ်ဆုံးက စားပိုင်းဆီ ဦးဆောင် ခေါ်သွားသည်။

ရှင်းသန့် အဖြစ်က သရဖူ ပြုသမျှ လိုက်လျောနေရသည့် အနေအထား။ ရှင်းသန့် သရဖူကို လိပ်ပြာသန့်သန့်နှင့် နားလည်ပေးမိသည်။

စားပိုင်းမှာ ထိုင်ကြတော့ သရဖူနဲ့ ရှင်းသန့် မျက်နှာချင်းဆိုင် ထိုင်မိသည်နှင့် မီနူးကတ်လေးကို ကြည့်ပြီး မှာလိုက်တဲ့ အသားကင်တွေက နည်းနည်းနောနော မဟုတ်။

မှာပြီးသည်နှင့် ရှင်းသန့်ကို စိုက်ကြည့်ရင်း အားမနာတမ်း ပြောသည်။

"ကိုသန့်က အရမ်းတွည်တာပဲနော်"

"ကိုယ် အဲဒီလိုပဲ နေတတ်လို့ပါ"

"ဒါနဲ့ ချစ်သူထားဖို့ စိတ်ကူးမရှိဘူးလား"

"ဘာတွေ လာမေးနေတာလဲကွာ"





"ဘာလဲ ကိုသန့်က ရှက်လို့လား"

ရယ်ရင်း ပြောသည့် သရဖူကို ရှင်းသန့် မျက်မှောင်ကျုံ့ကြည့်ပြီး

"သရဖူကရော ချစ်သူရှာဖို့ စိတ်ကူးရှိနေပြီလား"

"အင်း စိတ်ကူးရှိမှာပေါ့"

ရှင်းသန့် ရယ်ချင်ချင် ဖြစ်လာသည်။ မိန်းကလေးဆိုပြီး ရှက်တတ်ဟန်လည်း မရှိတာ အံ့သြသည်။ ဒါပေမဲ့ ပြောပုံလေးက ကလေးဆန်တော့လည်း ရှင်းသန့် အပြစ်မမြင်မိပါ။

"သရဖူက အရမ်းငယ်သေးတာပဲ၊ ချစ်သူထားဖို့ မစဉ်းစားသင့်သေးဘူး"

ရှင်းသန့် အစ်ကိုတစ်ယောက် ပုံစံမျိုးနဲ့ ပွင့်ပွင့်လင်းလင်း ပြောတော့ သရဖူ မျက်လုံးလေး ပြူးကြည့်ကာ ဆံပင်တိုလေးကို ဖွပစ်ပြီး

"အလည့် ကိုသန့်က အဲလိုမြင်တယ်"

"မြင်တယ်လေ သရဖူက ကျောင်းသူပဲ ရှိသေးတာ"

"ဟွန့် ကျောင်းသူတောင် ဖြစ်ပြီလေ၊ ချစ်သူကတော့ ထားရမှာဆော့ သရဖူမှာ ချစ်သူမရှိရင် ဘယ်ကောင်းမလဲ၊ သူငယ်ချင်းတွေ အားလုံးမှာ ချစ်သူရှိတာ ကိုသန့်ရဲ့"

"သူတို့နဲ့ သရဖူ ဘာဆိုင်လဲ၊ သူများ ချစ်သူထားတိုင်း သရဖူ



www.burmeseclassic.com

www.burmeseclassic.com



"သရဖူလည်း ဖုန်းနဲ့ ကိုသန့်ကို ပြောပြီးသား၊ ကိုသန့်က ကဂျီကကျောင်နဲ့လေ၊ အားရဖို့ မကောင်းလိုက်တာ"

"ဟုတ်တယ် သမီးရေ သားက အဲသလိုပါပဲကွယ်၊ သမီး သည်းခံပါကွယ်နော်၊ အန်တီ ပြောထားပြီးပြီ သမီးနဲ့ လိုက်သွားဖို့လေ"

"ဟွန့် အန်တီ ပြောမှလား ကိုသန့်၊ ကိုသန့်ကို သရဖူ ဖုန်း ဆက်ထားပြီးပြီလေ၊ လိမ္မာရမယ်လို့ လိမ္မာမယ် မဟုတ်လားလို့"

ရှင်းသန့် လက်မောင်းလေးကို လာကိုင်၍ လှုပ်ခါမေးသည့် သရဖူ။ မာမီရှေ့မှာ ဖြစ်နေတာကြောင့် ရှင်းသန့် ဘာမှမပြောလိုတော့။

မာမီ မျက်ဝန်းကလည်း သရဖူ ဘာပြောပြော ခေါင်းညိတ် လက်ခံပါလို့ အချက်ပြကြည့်နေတာကြောင့် အောင့်သက်သက်နှင့်ပဲ ခေါင်း ညိတ်လိုက်ရသည်။

"သရဖူ သဘောအတိုင်း လိမ္မာဘယ်လို့ မှတ်လိုက်တော့"

"ဟေး ဒါမှ ကိုသန့်"

ရှင်းသန့် လက်မောင်းကို ပိုင်ပိုင်နိုင်နိုင် တွဲဖက်ရင်း ခုန်ဆွ ခုန်ဆွလေးဖြစ်သွားတဲ့ သရဖူက အပြစ်ယူဖို့ ခက်သလို အမြင်ကတ်ဖို့ လည်း ခက်လှသည်။

မာမီ ရှေ့မှာဆိုတာလည်း သရဖူ အားမနာ။

"လာ ကိုသန့် သွားစို့"

အတင်းဆွဲတော့လည်း ရှင်းသန့် ငြင်းလို့မရတဲ့ အဆုံး အလိုက်





သင့် ပါခဲ့ရ၏။

"အန်တီရေ သွားပြီ"

"အင်းပါ သမီးရဲ့"

မာမီက သရဖူကိုဆိုရင် ဘယ်လိုပြုပြု အပြစ်မမြင်တဲ့ အပြင် အချစ်တွေတောင် တိုးလာသလိုပဲ။

ခက်တာက ရှင်းသန့် ရင်ထဲမှာ သရဖူကို ညီမလေးအဖြစ်ထက် ပိုပြီး ခံစားလို့ မရခဲ့။ ဒီလိုနဲ့ပဲ သရဖူနဲ့ တတွဲတွဲ ဖြစ်ခဲ့ရတာ မာမီ ကြောင့်ဆိုတာ . . ။

■ ■ ■

သရဖူနဲ့ ရှင်းသန့်ကို တွဲလျက် မြင်သူတိုင်း တအံ့တသြ မျက်လုံးတွေနှင့် လည်ပြန်ငဲ့ကြည့်တတ်သည်။

ကြည့်ရင်လည်း ကြည့်ချင်စရာ။

ရှင်းသန့်က ရှပ်လက်တိုနှင့် ပုဆိုးကွက်စိပ် ခပ်နိမ့်နိမ့် ဝတ်ကာ ဖိုးစင်းတဲ့ ဒီဇိုင်းနဲ့ သရဖူက ခေတ်ရှေ့ တစ်မိုင်လောက် ပြေးနေသည်။

စကတ်တိုလေးနဲ့ အင်္ကျီပုံစံကလည်း ဒီဇိုင်း ဆန်းပေ့ဆိုသည့် ပုံစံ ပြီးတော့ ဖိနပ် ပစ္စည်းတွေကိုလည်း ဖက်ရှင်အရောင်နဲ့ လိုက်ဖက် အောင် ဝတ်ဆင်ထားသေးသည်။ လမ်းလျှောက်ဟန်က ရှင်းသန့်ကို အားတိအားစက် မဟုတ်။

ခေတ်မိန်းကလေးပီပီ ဖျတ်ဖျတ်လတ်လတ်နဲ့ ဖြူးဖြူးကြွကြွ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ထားသင့်လား"

"ဟွန်း ကိုသန့်က သရဖူကို ဆုံးမနေတာလား"

"ဥပမာ ပြောပြတာပါ"

"မပြောပါနဲ့နော် သရဖူက ချစ်သူထားကြည့်ချင်တာ၊ ချစ်သူထားတဲ့ အရသာကို ခံစားကြည့်ချင်တာ ကိုသန့်ရဲ့၊ ကိုသန့်ကလေ တာကယ့် အရိုးတုံးကြီးလို့ပဲ၊ ဒါကြောင့် ဒီအရွယ်ထိ ချစ်သူမရတာ နေမှာပေါ့"

သရဖူဘက်ကို စေတနာနဲ့ပြောပေးကာမှ သူ့ဘက်ကို သရဖူ ပက်ပြီး ပြောပြန်သည်။ ရှင်းသန့် ဘယ်လို နားလည်ရကောင်းမှန်း မသိတော့။

ဒီကောင်မလေးက ဆတ်ကော့ လတ်ကော့ ပုံစံလေး မဟုတ်ပေမယ့် ပွင့်လင်းလွန်းလှသည်။

ရှင်းသန့် သဘောကျသလိုပဲ ပြုံး၍ သရဖူကို ပြန်ကြည့်ပြီး

"ကိုယ့်ဘက် ဆွဲမပြောနဲ့ ကိုယ်က ချစ်သူမလိုချင်ဘူး၊ သောကလည်း မများချင်ဘူး၊ ဒါကြောင့် ချစ်သူမထားဘဲ အေးဆေးနေတာပါကွာ"

"ကိုသန့်က ချစ်သူထားရင် သောကများမယ်လို့ ဆိုချင်တာလား"

"များတာပေါ့ သရဖူရဲ့"





"ပြောစမ်းပါဦး"

စားပွဲပေါ် လက်နှစ်ဖက် ယှက်တင်၍ စိတ်ဝင်တစားပဲ မေးတဲ့ သရဖူက သိချင်တာကို အလေးအနက် သိချင်သော စူးစမ်းဟန်လေးနဲ့ ဖြစ်နေသည်။

ရှင်းသန့် ခေါင်းလေးဆတ်၍

"ကိုယ့် သူငယ်ချင်းတွေရဲ့ ချစ်သူတွေလေ၊ ခဏ ခဏ စိတ်ကောက်တာနဲ့ အလိုမကျတာနဲ့ ဂျီတိုက်တာနဲ့ ကိုယ့် သူငယ်ချင်းတွေ အရမ်းသောကရောက်ရတာပဲ"

"ကိုသန့်က အဲဒါတွေ မြင်ပြီး ချစ်သူ မရှာချင်တာပေါ့"

"ဖြစ်နိုင်မယ် ထင်တာပဲ"

"ဟွန်း တုံးလိုက်တာ အဲဒါ သောကမဟုတ်ဘူး ကိုသန့်ရဲ့၊ ကြည်နူးစရာ ရင်ခုန်စရာ သိရဲ့လား"

"ဘယ်လို သရဖူ"

"ကိုသန့် စဉ်းစားကြည့်လေ၊ ချစ်သူ စိတ်ကောက်တာ အလိုမကျတာကို ချစ်သူအတွက် ကိုသန့် သူငယ်ချင်းတွေ မချော့ဘဲ မလိုက်လျောဘဲ နေလို့လား"

"ဟာ ချော့ရတာပေါ့"

"အေး အဲဒီလို ချော့လိုက်ရတာကိုက ရင်ခုန်လို့ပဲ၊ ကိုသန့် သူငယ်ချင်းတွေ ရင်ခုန်စွာ ချော့ရတာက ကိုသန့် သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ ကြည်နူးသာယာနေမယ်လေ၊ အဲဒီ သာယာမှုက သောကလို မြင်တာ ကိုသန့် ဖုံးလွှမ်းလို့ပဲ''

''ဟင်''

ပက်ခနဲ ပြောချတဲ့ သရဖူ စကားလေးကလည်း ဟုတ်နေသလို လိုပင်။

''ဟုတ်တယ် ကိုသန့်ရဲ့ မယုံရင် ကိုသန့် သူငယ်ချင်းတွေကို မေးကြည့်၊ အဲလို ချော့ရ လိုက်လျောရတာလေးတွေကို သူတို့ စိတ်မှာ မသာယာဘူးလားလို့''

''ဟ သရဖူ သရဖူက ကိုယ့်ထက် ငယ်ပေမယ့် အတော် သိနေပါလား''

''ကြီးတာ ငယ်တာ မဆိုင်ပါဘူး၊ သိသင့်တာကို သိရမှာပဲ၊ ကိုသန့်ပဲ ခပ်တုံးတုံး ပုံစံနဲ့ အရာရာကို သောက မြင်နေတာလေ၊ ကိုသန့်လည်း သိသင့်အောင် လေ့လာထားဦး''

''တော်ပါတော့ သရဖူရယ်''

''တကယ် ပြောတာလေ၊ ကိုသန့် သိထားမှ ချစ်သူထားလို့ ရမှာပေါ့''

''ဟာ မထားပါဘူး၊ စိတ်လည်း မကူးဘူး''

ယတိပြတ်ပြောနေသည့် ကိုသန့်ကို သရဖူ ခပ်ပြုံးပြုံးလေးပဲ ကြည့်၍





''စိတ်မကူးရင်လည်း ရတယ်လေ၊ ကိုသန့် စိတ်ထဲမှာ ခံစားချင် စိတ်ရှိနေဖို့ပဲ အရေးကြီးတာလေ၊ ကဲ အသားကင် စားရအောင်''

ပြောချင်ရာ ဖွတ်ပြောပြီး အသားကင်ဆီ အာရုံရောက်သွားသည့် သရဖူ။

ဘာလဲကွာ

သရဖူ ပြောပုံက ရှင်းသန့်ရင်မှာ တွေခနဲ ဖြစ်နေစေသည်။

ခံစားချင်တဲ့စိတ် ရှိနေဖို့ပဲ အရေးကြီးတာတဲ့။

မဟုတ်မှလွဲရော ဒီကောင်မလေး သူ့ကို စိတ်ကူးယဉ်နေတာလား။

အို မဖြစ်နိုင်တာ။ ကလေးဆန်လွန်းတဲ့ စိတ်နဲ့ ပြောမိပြောရာ လျှောက်ပြောနေတာပဲလို့ သရဖူကို ရှင်းသန့် လျှော့တွေးမိသည်။

အသားကင်စားပြီး ဆိုင်ထဲ ပြန်တော့ အလိုလိုနေရင်း ရှင်းသန့် လက်မောင်းကို လာချိတ်ပြီး တွဲထွက်တော့ ရှင်းသန့် ရင်မှာ အတော်ကြီး ပူပူလောင်လောင် ဖြစ်ရ၏။

ရုန်းလို့လည်း မရ။ တွန်းပစ်ဖို့လည်း အားနာ။

ဘာပဲဖြစ်ဖြစ် သရဖူက ငယ်ရွယ်တဲ့သူပဲ။ ရှင်းသန့်ဘက်က ညီမရင်းလေးလိုပဲ နားလည်ပေးဖို့ စိတ်လျှော့လိုက်ရသည်။

သရဖူရယ်

တကယ့် ညီမလေးလိုပဲ ကိုယ် ခံစားပါတယ်ကွယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"တီ တီ တီ"

အခန်းထဲက ထွက်ဖို့ ပြင်သည်နှင့် ဖုန်းမြည်လာသည်။ ရှင်းသန့် ခြေလှမ်း တန့်သွားသည်။ ဖုန်းဆီ တစ်ချက်ငဲ့ကြည့်သည်။

ဖုန်းက မကိုင်မချင်း မြည်နေဆဲ။ ဖုန်းစင်လေးနဲ့ ကပ်လျက် ဖြစ်နေသည့် ခုတင်ပေါ် ရှင်းသန့် ဝင်ထိုင်ပြီး အနီရောင်ဖုန်းလေးကို လှမ်းကိုင်သည်။

"ဟဲလို"

"ကိုသန့်"

စူးခနဲ တိုးဝင်လာတဲ့ အသံက သရဖူ အသံလေးမှန်း သိသာသည်။ ရှင်းသန့် ခေါင်းတစ်ချက် ကုတ်ပြီး





"ပြော သရဖူ"

"ကိုသန့်ကို ဒီနေ့ ချောဆွဲမလို့"

"ဟာ မရဘူး"

"ဘာဖြစ်လို့လဲ ကိုသန့်"

"ကိုယ့် သူငယ်ချင်းတွေနဲ့ ချိန်းထားတယ် ခုပဲ သွားတော့မလို့"

"ဟင့်အင်း မရဘူးနော် ကိုသန့် အစီအစဉ်ကို ဖျက်လိုက်တော့"

"ဟာ မဖြစ်နိုင်တာ၊ ကိုယ်တို့က စီစဉ်ပြီးသား ဖြစ်နေတယ်၊ ကိုယ် အားတဲ့နေ့မှ ချောဆွဲကွာ နော် သရဖူ၊ သရဖူက လိမ္မာပါတယ်"

သရဖူ လက်ခံလွယ်အောင် ရှင်းသန့် ချော့မော့ပြောဆိုမိသည်။ သရဖူက အချော့ကြိုက်မလေးလား ဘာလားတော့ မသိ။ ပြန်ပြောပုံက

"သရဖူက လိမ္မာတယ်ဆိုရင် ကိုသန့်လည်း လိမ္မာရမယ်"

"ဘယ်လို"

"ဟုတ်တယ်လေ နှစ်ယောက်လုံး လိမ္မာဖို့ လိုတယ်၊ ဒါကြောင့် ကိုသန့်လည်း လိမ်လိမ်မာမာပဲ လက်ခံပေးရမယ် ဒါပဲ"

"ဟင်"

ရှင်းသန့် ဘာမှပြန်ပြော မရအောင် ကြောင်တောင်တောင် ဖြစ်သွားသည်။ ဘာမှလည်း ပြောခွင့်မရတော့။

"သရဖူ သရဖူ"

ရှင်းသန့် ခေါ်ပေမယ့် မရ။ ဖုန်းချသွားပြီ။ ဒီကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို သဘောပါလိမ့်။ ပြောချင်ရာ ပြောပြီး ဖုန်းချသွားတာက နားလည်ရ ခက်လွန်းသည်။

ရှင်းသန့် ဖုန်းခွက်ကို ခပ်လေးလေး ချပစ်ရင်း မျက်နှာကို တွန့်ထားမိသည်။ သွားစရာရှိတာ သွားရမှာပဲ။ ဒီနေ့က သူငယ်ချင်းတွေ အားလုံး သက်မောင်အိမ်မှာ ဆုံဖို့ ချိန်းထားပြီးသား။ သက်မောင်က အရေးကြီးတဲ့ကိစ္စ တိုင်ပင်မလို့တဲ့။

ရှင်းသန့် ပျက်ကွက်လို့ မသင့်။

သရဖူ-သဘောထားက နားလည်ရခက်လှသည်။ ဖြစ်ချင်ရာ ဖြစ်စေတော့ သက်မောင်ဆီ သွားမှာပဲ ဆိုသည့် အတွေးနှင့် ခုတင်ပေါ် ထိုင်နေရာမှ ထ၍ အခန်းထဲက ထွက်ခဲ့သည်။

“သားရေ သား”

အောက်ထပ်က လှမ်းခေါ်တဲ့ မာမီ့အသံ။

“သား”

“လာပြီ မာမီ”

ရှင်းသန့် လှေကားထစ်တွေကို ခပ်သွက်သွက် နင်းဆင်းခဲ့သည်။ ဧည့်ခန်းထဲ လှမ်းဝင်တော့ မာမီက ဧည့်ခန်းထဲ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေရာမှ ရပ်ပြီး

“လာဦး သား”

ရှင်းသန့် မာမီ့အပါး ရွှေ့သွားသည်။





“ဘာပြောမလို့လဲ မာမီ”

“သရဖူလေးပေါ့”

ရှင်းသန့် နှုတ်ခမ်းလေး မသိမသာ တွန့်သွားသည်။ မာမီက အရေးတကြီး ဟန်လေးနှင့် သည်းသည်းလှုပ် ပြော၏။

“သရဖူ ဒီနေ့ ဈေးဝယ်ထွက်ချင်လို့တဲ့”

“သွားပလေ့စေပေါ့ မာမီ”

“အဲဒါ သား အဖော်လိုက်ပေးပါကွယ်”

“သား သက်မောင်တို့နဲ့ ချိန်းပြီးသား ဖြစ်နေတယ်”

“သားကလည်း သရဖူလေးကို အားနာစရာဖြစ်အောင် မငြင်းပါနဲ့၊ မာမီ သက်မောင်ကို ဖုန်းဆက်လိုက်မယ်၊ သား မလာနိုင်တဲ့ အကြောင်းလေ ဟုတ်တယ်နော် သား”

“မာမီကလည်း”

ရှင်းသန့် ပြောလို့ မဆုံးသေး သရဖူ ရောက်လာသည်။

“အန်တီ”

“ဟော သမီးလေး လာ အခုပဲ သားကို ပြောနေတာ သမီးနဲ့ လိုက်သွားလို့”

မာမီက သရဖူကို အရေးတယူ ပြေးကြိုရင်း ပြောသည်။ ရှင်းသန့် ခေါင်းတစ်ချက်ကုတ်ရင်း မာမီနဲ့ သရဖူကြားမှာ ထွက်ပေါက်မဲ့သလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



လေး။

အသွင်မတူဘဲ တွဲနေတယ်ဆိုတဲ့ အသိက မြင်သူအားလုံးကို မအံ့သြဘဲ မနေနိုင်။ ရှင်းသန့်ကလည်း သရဖူ ပြုသမျှ မငြင်းဆန်ဘဲ အလိုက်သင့်ပါနေတော့ ပိုအံ့သြတာ ဖြစ်မည်။

မသိရင် ကောင်မလေးကို သိပ်နားလည်တတ်သော ယောကျ်ား လေးပဲ ဆိုသည့် အမြင်မျိုးတွေနှင့်ပါ။

ခုလည်းကြည့်

ပေါင်တစ်ဝက်နီးပါးရှိသည့် ကိုယ်ကြပ်အင်္ကျီလေးကို ကိုယ်မှာ ကပ်၍ မေးနေသည်။

"ကိုသန့် သရဖူနဲ့ လိုက်ရဲ့လား ကြည့်ပေးစမ်းပါ"

"လှပါတယ်"

ပြီးစလွယ် ဖြေမိသည်။ သရဖူ ဘဝင်မကျစွာဘဲ နှုတ်ခမ်း ဆူတော်မူပြီး

"ဘယ်လို လှတာလဲ ပြောဦးလေ"

ရှင်းသန့် ခေါင်းတစ်ချက် ကုတ်၍

"ကိုယ် မြင်တဲ့အတိုင်း ပြောတာလေ၊ လှတယ် တကယ်ပါ သရဖူရယ်"

"ဟွန့် အဲဒါ ပြောတာ မဟုတ်ဘူး၊ လှတယ်ဆိုတာက သရဖူ အရပ်က နိမ့်တော့ ဒီ ဒီဇိုင်းဝတ်လိုက်ရင် လိုက်ဖက်မှု ရှိမလား၊ လိမ္မော်





ရောင်က သရဖူ အသားနဲ့ အဆင်ပြေရဲ့လား၊ အဲဒါတွေ မေးတာ ကိုသန့်ရဲ့"

"ခက်တာပဲ"

ရှင်းသန့် ခပ်တိုးတိုးလေး ညည်းမိသည်။ သရဖူက မှန်ရှေ့မှာ ရပ်၍ ရှင်းသန့်ကို ခပ်စူးစူးလေး ကြည့်ပြီး မေးပြန်သည်။

"ပြောလေ ကိုသန့်"

မပြောသရွေ့ ဂျီကျနေမယ်ဆိုတာ ရှင်းသန့် သိလိုက်သည်။ ပြီးတော့ တခြား ကောင်မလေးတွေက ရှင်းသန့်နဲ့ သရဖူကို ငဲ့ကြည့်နေကြတာတွေ မြင်နေရတာကြောင့် သရဖူ ကျေနပ်အောင် ပြောဖို့ပဲ စိတ်ကူးရသည်။

"သရဖူက အသားဖြူတယ်လေ၊ လိမ္မော်ရောင် ဆိုတော့ အသားရောင် ပိုလင်းတယ်၊ ဝတ်လိုက်ရင် ကိုယ်မှာ ကပ်နေတော့ သရဖူရဲ့ ကိုယ်လုံးလေး ပေါ်လွင်နေမယ်လေ၊ ဒါကြောင့် ဒီအင်္ကျီလေးနဲ့ ဆို သရဖူက လှမှာ အမှန်ပဲ"

ဒီတော့မှ သရဖူ မျက်နှာလေး ဝင်းဖန့်သွားပြီး

"ဟုတ်တယ်နော် ကိုသန့် ကိုသန့် ပြောမှပဲ သရဖူ စိတ်ကျေနပ် တော့တယ်"

ပြောရင်း မှန်မှာ ကြည့်ပြန်သည်။ ကျေနပ်လောက်မှ

"အင်း ဖန်စီက ဘာအရောင်ဆင်ရင် ကောင်းမလဲ၊ အနက်



www.burmeseclassic.com

www.burmeseclassic.com



ရောင်ဆို လှမလား ကိုသန့်”

“လှမှာပါ လိမ္မော်ရောင်နဲ့ အနက်ဆိုတော့ ပေါ်လွင်တာပေါ့”

“ဟုတ်ရဲ့လား သရဖူ ပြောသလို မပြောနဲ့နော်”

“တကယ်ပြောတာပါ သရဖူရယ်၊ သရဖူက အနက်ရောင်ကိုယ်ကြပ်ဘောင်းဘီနဲ့ ဝတ်မှာမဟုတ်လား”

“ဟုတ်တယ်လေ ကိုသန့် ဒီအင်္ကျီနဲ့ တွဲထားတဲ့ ဘောင်းဘီအနက်လေ”

သရဖူက ဘောင်းဘီကို ဆွဲယူရင်း ခါးမှာ ကပ်၍ ပြပြန်သည်။

“လိုက်တယ်နော် ကိုသန့်”

“လိုက်တာပေါ့ သရဖူ စိတ်ကြိုက်ဖြစ်ရင် ယူလိုက်လေ”

“ကိုသန့် ဝယ်ပေးမှာလား”

တမင်တကာ ချွဲသလိုလိုလေး သရဖူ မေးတော့ ရှင်းသန့် မဝယ်ပေးဘူး ငြင်းဖို့လည်း အားနာလှသည်။

မာမီ သိရင်လည်း ငြင်းရကောင်းမလားဆိုပြီး အပြစ်ပြောနေမှာကို ကြိုသိနေသည်။ ဒါကြောင့် အားလုံး အဆင်ပြေဖို့

“သရဖူ လိုချင်ရင် ဝယ်ပေးမယ်လေ”

“တကယ်”

“တကယ်ပေါ့ ယူပါ ကိုယ့်မှာ ပိုက်ဆံပါတယ်”

ရှင်းသန့် ပြော၍ ခါးကြားက ခေါက်ပိုက်ဆံအိတ်လေးကို ဆွဲ





ထုတ်ရင်း ပိုက်ဆံ အထပ်လိုက်ပါကြောင်း ပြလိုက်ရသည်။

သရဖူ အားရဝမ်းသာဖြစ်ပြီး

“ယူမှာပေါ့ နောက်လည်း ဝယ်စရာတွေ ရှိသေးတယ်၊ ကိုသန့် ပိုက်ဆံ ကုန်အောင် ဝယ်မှာနော်”

“သရဖူ သဘော”

ပြီးရင် ပြီးရောဆိုပြီး ရှင်းသန့် လိုက်လျောရသည်။ မြန်မြန်ဝယ်လို့ ပိုက်ဆံ ကုန်သွားရင် ပြန်ရုံပေါ့။

ရှင်းသန့်ကတော့ ဒါပဲ တွေးမိသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"သန့် မင်း သတင်းတွေ မွှေးနေတာပဲကွ"

သက်မောင်တို့ ငွေ့ခန်းထဲ ရှင်းသန့် ခြေလှမ်းဝင်သည်နှင့် နိုင်ကြီး ဆီးပြောသည်။ ရှင်းသန့် ဘာမှ နားမလည်သလို မျက်ခုံးနှစ်ဖက် ပင့်လျက်

"ဘာမွှေးတာလဲ"

"မင်းနဲ့ ကောင်မလေး တစ်ယောက် တွဲနေတာကွ"

အအေးဘူးတွေ စားပွဲပေါ်လာတင်တဲ့ သက်မောင်က ပွင့်ပွင့် လင်းလင်းပဲ ပြောသည်။ ရှင်းသန့် ပြုံး၍ ဆိုင်မှာ ဝင်ထိုင်သည်။

"ငါလည်း မြင်တယ်ကွ"

နောက်ဆုံးမှ ရောက်လာတဲ့ ကျော်ကျော် ဝင်ပြောပြန်သည်။





"ဟုတ်တယ် မဟုတ်လား သေန့်"

နိုင်ကြီး ဖွတ်မေးပြန်သည်။ အားလုံး ဝိုင်းထိုင်၍ အအေးဘူး ကိုယ်စီ ဆွဲယူပြီး ရှင်းသန့် ပြောမှာကို စိတ်ဝင်စားတဲ့ မျက်နှာပေးနဲ့ ငံ့လင့်နေသည်။

ရှင်းသန့်ကလည်း ဒီအကြောင်းတွေ ပြောပြချင်တာပါ။

ရှင်းသန့် ခပ်ရှိုးရှိုးပဲ ခေါင်းညိတ်၏။ အားလုံး တအံ့တသြ ဝိုင်းကြည့်၍ သက်မောင်ကပဲ စကားစသည်။

"မင်း အတည်ပြောတာလား"

"ဘာအတည်လဲ"

"ကောင်မလေးနဲ့ တွဲနေတယ်ဆိုတာ"

"ကောင်မလေး မဟုတ်ပါဘူး သရဖူပါ"

"အင်းလေ သရဖူဖြစ်ဖြစ် Crown ပဲဖြစ်ဖြစ်"

သက်မောင် စိတ်မရှည်သလို ပြောလျှင် ရှင်းသန့် မသိမသာ နှာခေါင်း တွန့်မိသည်။ ဒီကောင်တွေ သရဖူနဲ့ ပတ်သက်ပြီး သိချင်စိတ် ဆန္ဒ ပြင်းပြနေမှန်း သိသာနေသည်။

ရှင်းသန့်ကလည်း ပြောဖို့ ဆုံးဖြတ်ပြီးသားပါ။

"ငါတို့ သိချင်တာက မင်း ဒီလိုတွေ စိတ်ရောက်နေပြီလား ဆိုတာလဲ"

"ဟုတ်တယ် သေန့် မင်းက သစ်ငုတ်ကြီးလို တည်ငြိမ်သွန်းတာ



www.burmeseclassic.com

www.burmeseclassic.com



မြင်နေတော့ ဟုတ်ပဲ ဟုတ်ရဲ့လားလို့ မယုံချင်ချင် ဖြစ်နေတယ်ကွ၊ ကျော်ကျော်က ကိုယ်တိုင် မြင်တာပြောလို့ ယုံချင်လာတယ်၊ မင်း ကိုယ်တိုင် ပြောတာကို ပိုယုံချင်တယ်ကွာ ပြော''

သက်မောင် ရှည်ရှည်ဝေးဝေး ပြော၏။ ရှင်းသန့် အအေးဘူး ဖောက်ရင်း

''တွဲတယ်ဆိုတာက ရိုးရိုးလေးပါကွာ''

''ဘယ်လို လက်ချိတ်ပြီး တွဲတာက ရိုးရိုးလေးလား သေန့်ရာ''

''တကယ်ပြောတာ ကျော်ကျော်ရာ၊ ကိုယ် ညာဖူးလို့လား''

''သရဖူကိစ္စ ညာချင် ညာမှာပေါ့ကွ၊ မင်းက ငါတို့ကောင်တွေကို ဖွင့်မပြောဘဲ လျှို့ထားတာ ရှိတယ်လေ''

''လျှို့တာ မဟုတ်ဘူး၊ ပြောချင်နေတာ ဟိုအပတ်က မင်းတို့နဲ့ ဆုံရင် ပြောဖို့ အဆင်သင့်ပါ၊ သရဖူ ဝင်မွှေတာနဲ့ မင်းတို့နဲ့ မတွေ့လိုက်ရဘူး''

''နေပါဦး မင်းက သရဖူကို ရင်ခုန်လို့ တကယ်တွဲတာလား''

''အဲဒါပေါ့ကွ ပြောချင်နေတာ''

ရှင်းသန့်ရဲ့စိတ်ရှုပ်ထွေးနေတဲ့ မျက်နှာလေးကို ကြည့်ရင်း နိုင်ကြီးတို့ အားလုံး မျက်မှောင်တွေ တွန့်ကျုံ့သွား၏။

''ကဲ ငါတို့ကောင်တွေ နားလည်လွယ်အောင် ရှင်းရှင်းပြောကွာ''





နိုင်ကြီး တစ်ခွန်းပြောရင်း ကိုယ်ကို ဆိုဖာနောက်မှီပေါ် ကျော့ကပ် မှီထိုင်၍ ရှင်းသန့်ကို တည်တည်ငြိမ်ငြိမ်ပဲ ကြည့်သည်။

ရှင်းသန့် အံအေးတစ်ကျိုက်မော့သောက်မလို လုပ်ပြီးမှ မသောက်ဖြစ်သေးဘဲ သူငယ်ချင်းတွေ နားလည်အောင် ဆက်ပြောသည်။

''သရဖူက အန်တီ ဒေစီ သမီးပါ၊ ကိုယ့်ထက် ခုနစ်နှစ်တောင် ငယ်တယ်ကွ၊ ကလေးသာသာလေးပါကွာ၊ တစ်ဦးတည်းသော သမီးဆိုတော့ သိတဲ့အတိုင်း မိဘအလိုလိုက်ခံထားရတဲ့ အရှိန်နဲ့ ကိုယ့်ကို ဂျီကျချင်နေတာ''

''မင်းကလည်း သဘောကျနေတယ်ပေါ့''

''မဟုတ်တာကွာ''

''မဟုတ်ဘူးသာ ဆိုတယ် တကယ့် အတွဲလိုပဲ၊ ဒါတောင် မင်းကို မြင်တာနဲ့ အားကျမလို ဖြစ်တယ်ကွ ဟား ဟား''

ကျော်ကျော် ပြောရင်း သဘောကျစွာပဲ ရယ်သည်။

''မင်းကလည်းကွာ''

ရှင်းသန့် အနည်းငယ် ရှက်ကာ ကျော်ကျော့် ပခုံးစွန်းကို လက်သီးနဲ့ ခပ်ဖွဖွလေး လှမ်းထိုးမိသည်။ ကျော်ကျော် အရှိန်မပျက်ဘဲ ကိုယ်ကို အသာရှောင်ပြီး ဆက်ပြောသည်။

''မင်းက အခုမှ ရှက်ပြနေတယ်ကွာ၊ တကယ်ပြောတာကွ၊ မင်းတို့ အားလုံးကို မြင်စေချင်တယ်၊ သေန့် ကောင်မလေးနဲ့ သေန့်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုတွေ မြူးနေလဲဆိုတာ''

''မင်း အဲလိုတွေ မပြောနဲ့ကွာ''

ရှင်းသန့် အရှက်မပြယ်သလို ပြောပြန်သည်။ နိုင်ကြီးနဲ့ သက်မောင်က အအေးသောက်ရင်း ရှင်းသန့် ဘာဆက်ပြောမလဲဆိုတာ နားစွင့်နေသည်။

ရှင်းသန့် ဘာမှမပြော။ အအေးသောက်ရင်း ကျော်ကျော်ရဲ့ ရယ်ကျဲကျဲ မျက်နှာကို ခပ်တွေတွေ ကြည့်ဖြစ်သည်။

သရဖူနဲ့ ရှင်းသန့်တွဲပုံက ကျော်ကျော် မြင်သလိုပဲ ဖြစ်နေတာ လား။ ရှင်းသန့် အရိုးခံ တွဲခဲ့တယ်ဆိုတာ ကိုယ်တိုင် သိနေတာပဲ။

''ကဲ ထားလိုက်ကွာ ကျော်ကျော်''

သက်မောင်က ပုံမှန်အသံနဲ့ ဟန့်တားသည်။ ကျော်ကျော် ရယ်ရှိန်သတ်ပြီး

''တကယ်ပြောတာ သက်မောင် ကိုယ် ရုတ်တရက် မြင်တာ မယုံဘူး။ ဟုတ်မှ ဟုတ်ရဲ့လားလို့ မျက်လုံးကို ပွတ်ပြီး ပြန်ကြည့်ရတဲ့ အထိ၊ ဟိုကောင်မလေး ဘာပြောပြော ဒီကောင် ခေါင်းခါတာ မရှိဘူး၊ ပြုံးပြုံးချည်းပဲ ခေါင်းညိတ်ပြီး လိုက်လျောနေတာကွ၊ သရဖူကို ဒီကောင် ဖီလင်ဝင်သွားပြီ ထင်တယ်၊ အသေအချာ မေးဦး''

ကျော်ကျော်က ရှင်းသန့်ကို ထိခိုက်စေချင်လို့ ပြောနေတာ မဟုတ်ပါ။ အတွင်းသိ အကြောင်းသိမို့ ပွင့်ပွင့်လင်းလင်း ပြောခြင်းပါ။





ကျော်ကျော် သဘောကို သူငယ်ချင်း အားလုံး နားလည်သလို ရှင်းသန့်လည်း နားလည်ပါသည်။

''ဟုတ်လား ငသန့်၊ မင်း သရဖူကို ဖီလင်ဝင်လာလို့ တွဲတာ လား''

''ကိုယ့် မျက်နှာလည်း သေချာကြည့်ပြီး မေးပါကွာ''

''ဒါဆို''

''မာမီကြောင့်ပါ မာမီက ဘာကြောင့်မှန်းမသိဘူး၊ သရဖူကို သည်းသည်းလှုပ် ဖြစ်နေတာကွ''

''ဒါဆို မင်း စိတ်ဝင်စားလို့ မဟုတ်ဘူးပေါ့ကွ''

''ဟာ စိတ်ဝင်စားစရာလားကွာ၊ ကလေးသာသာ အရွယ်လေး ခုမှ ပထမနှစ် ရှိသေးတယ်၊ မာမီက လိုက်သွားပြောတာနဲ့ သရဖူ နောက် ပါနေရတာ''

ရှင်းသန့် ရင်ထဲက အတိုင်းပဲ ရိုးရိုးပဲ ပြောချတော့ အားလုံး ငွေ့ဝေသွား၏။ ကျော်ကျော် ခေါင်းတဆတ်ဆတ် ညိတ်ရင်း

''အဲဒါဆိုတော့ မင်း သတိထားရမယ် ငသန့်''

''ဘာဖြစ်လို့လဲ ကျော်ကျော်''

''ငယ်တဲ့ မိန်းကလေးတွေက စိတ်အလိုလိုက်တတ်တယ်၊ အထူး သဖြင့် မိဘအလိုလိုက်ခံထားရတော့ ပိုဆိုးတယ်''

''ကိုယ်လည်း အဲလို မြင်တယ်ကွာ''



www.burmeseclassic.com

www.burmeseclassic.com



သက်မောင်လည်း ဝင်ပြောသည်။ နိုင်ကြီးက တိတ်ဆိတ်စွာပဲ ဆက် နားထောင်သည်။

"ပြီးတော့ မင်းမာမီက ဘာရည်ရွယ်ချက်ရှိလဲဆိုတာ တီးခေါက်ကြည့်ဦး သေနဲ့"

"ဟုတ်တယ် သေနဲ့ မင်းမာမီကို ပွင့်ပွင့်လင်းလင်း မေးသင့်တယ်"

သက်မောင် ပြောတော့ ကျော်ကျော်ကလည်း ထိုသို့ ပြောပြန်သည်။ မာမီကို ပွင့်ပွင့်လင်းလင်း မေးရမတဲ့။ မာမီကလည်း ရိုးရိုးသားသားပဲ ခင်မင်ရင်းနှီးစိတ်နဲ့ သရဖူကို မျက်နှာပေးတာလို့ ရှင်းသန့် ယုံကြည်မိတာကြောင့်

"မေးလို့ သင့်မလား ကျော်ကျော်ရာ"

"သင့်တာပေါ့ကွ မင်း မာမီဆီမှာ ရည်ရွယ်ချက် တစ်ခုခု ရှိနေရင် မင်းတို့ချင်း တွဲနေတာ အိုကေဆိုပြီး တစ်ခုခု စီစဉ်လိုက်ရင် မင်းပဲ မတိုးသာ မဆုတ်သာနဲ့ အငြိခံနေရမယ်ကွ"

"အင်း မင်းတို့ ပြောတာလည်း ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ကိုယ်က စမေးလိုက်မှ ကိုယ် သရဖူကို စိတ်ဝင်စားနေပြီး ဘာညာထင်သွားရင် မခက်ဘူးလား"

"ဟုတ်တယ် သေနဲ့ ပြောသလို ဖြစ်နိုင်တယ်၊ စမေးလိုက်မှ ဘာညာ ထင်သွားရင် ပိုပြီး ဖြေရှင်းရခက်နိုင်တယ်ကွ"





တိတ်ဆိတ်ပြီး နားစွင့်နေတဲ့ နိုင်ကြီး တစ်ခွန်းဝင်ပြောတော့ သူငယ်ချင်းအားလုံး ခပ်တွေတွေ ဖြစ်သွားသည်။

စမေးတာက ထိုသို့ ထင်နိုင်တဲ့ အလားအလာ ပိုရှိတဲ့ သဘော။

"အင်း နိုင်ကြီး ပြောတာလည်း ဖြစ်နိုင်တယ်၊ မသိလိုက် မသိဘာသာ နေလိုက်တာ အကောင်းဆုံးပဲကွ"

သက်မောင်က ခပ်လေးလေး ပြော၍ အအေးတစ်ကျိုက် သောက်ပြန်သည်။ သူငယ်ချင်း လေးယောက် တွေ့ဆုံမှုက ရှင်းသန့် ကိစ္စအတွက် အတွေးကြပ်နေစေသည်။

"မသိသလိုပဲ နေပြီကွာ တကယ်လို့ အန်တီမှာ အစီအစဉ် တစ်ခုခု ရှိနေတယ်ဆိုရင်"

"မဖြစ်နိုင်တာကွာ"

ရှင်းသန့် ချက်ချင်းပဲ ပြောတော့ ကျော်ကျော် မျက်ခုံးပင့်ကြည့်လျက်

"မင်း ယတိပြတ် ပြောလို့ ရမလား"

"ဟုတ်တယ်ကွ ကျော်ကျော်ပြောတာလည်း ဖြစ်နိုင်တာပဲ၊ တစ်ခုခု အစီအစဉ်မရှိဘဲနဲ့ မင်းနဲ့ သရဖူကို အဲသလောက် နီးနီးကပ်ကပ် ဖြစ်အောင် တွန်းပို့နေမှာ မဟုတ်ဘူး"

"ဒါလည်း စဉ်းစားစရာပဲ သေနဲ့"

"ကိုယ်လည်း လိုက်မမီတော့ဘူးကွာ၊ ဖွင့်မေးရင်လည်း တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်မမေးပြန်လည်း တစ်မျိုး၊ ကိုယ်တော့ မွန်းကြပ်လှတယ်ကွာ''

ရှင်းသန့် ပြောရင်း ထိုင်ရာမှ ထကာ ညှော်ခန်းထောင့်မှာ ရှိနေတဲ့ ရေခဲသေတ္တာထဲက အသီးအနှံတချို့ ထုတ်ယူ၍ စားပွဲပေါ် တင်သည်။

နိုင်ကြီးတို့ အားလုံးက ရှင်းသန့် လှုပ်ရှားမှုတွေကို မျက်ခြေ မပြတ် စိုက်ကြည့်ပြီး

''အကောင်းဆုံးက မင်း သရဖူကို ခပ်ရှောင်ရှောင်နေကွာ၊ မင်း မာမီ ဖွတ်ပြောတိုင်း ခေါင်းညိတ်နာခံမနေနဲ့၊ အကြောင်းတစ်ခုခု ပြုပြီး ရှောင်ထွက်၊ အဲဒီတော့ မင်း မာမီ ရင်ထဲမှာ အစီအစဉ်ရှိနေတယ် ဆိုရင် ဖွတ်မလုပ်ရဲမှာကွ''

''ဟုတ်တယ် သက်မောင် ပြောတာ အကောင်းဆုံးပဲ၊ မင်းက မင်းမာမီ ဆန္ဒအတိုင်း နာခံပြီး တွဲနေတာကို မင်းမာမီက မင်းစိတ် ဝင်စားနေပြီလို့ ထင်မှာပဲ၊ အဲဒီအထင်နဲ့ အစီအစဉ်ရှိရင် ဘာမဆို ဖွတ်စီစဉ်မယ်လေ၊ မင်းမာမီ ဖွတ်စီစဉ်လို့ မရအောင် မင်း တတ်နိုင်သမျှ ရှောင် သရဖူကိုလည်း မင်း ခပ်တည်တည်ပဲ ဆက်ဆံပေါ့ကွ''

''အင်းပါကွာ ကိုယ်လည်း အဲဒီအတွက် စိတ်ညစ်နေတာ၊ မင်းတို့ ပေးတဲ့ အကြံအတိုင်း ရှောင်ကြည့်တာပေါ့ကွာ''

''ရှောင်မယ်ဆိုလည်း ယတိပြတ်ချည်း မလုပ်နဲ့၊ မသိမသာပေါ့ ကွာ''





''စိတ်ချပါ နိုင်ကြီးရာ''

''စိတ်ချပါ နိုင်ကြီး လုပ်မနေနဲ့ မင်းက အေးတိအေးစက်နဲ့ မင်းမာမီက ဒါဆို မင်းက ဒါဖြစ်နေကျ''

အကြောင်းသိမို့ သက်မောင် အားမနာတမ်း ပြောသည်။ ရှင်းသန့်ကိုလည်း ပြောမယ်ဆို ပြောချင်စရာ။ ငယ်ငယ်တည်းက မာမီ စီစဉ်တာမှန်သမျှကို ခေါင်းညိတ် လက်ခံခဲ့တဲ့ အကျင့်က သံမှိုနှက်ထား သလို စွဲငြိနေသည်။

''ဒီကိစ္စမှာတော့ မင်းအရင်လို အေးစက်စက်ချည်း ခေါင်းညိတ် မနေနဲ့၊ မင်း ခံရဖို့ ရှိတယ်၊ သရဖူက သွက်သွက်ကလေး မင်းလိုကောင် လို တစ်ပတ် ပတ်စရာ မရှိဘူး''

''သိပါတယ်ကွာ၊ သရဖူကို ကိုယ် စိတ်လည်း မဝင်စားဘူး ရင်လည်း မခုန်ဘူး''

''အင်းလေ အဲဒီတော့ မင်း ပိုပြီး ဆင်ခြင်ဖို့ လိုတယ်''

''စိတ်ချကွာ''

''ကဲ စိတ်ချရပြီဆိုရင် တခြား ခေါင်းစဉ် ပြောင်းကြမယ်''

နိုင်ကြီး အားတက်သရော ပြောတော့ သူငယ်ချင်း အားလုံး ရင်ထဲက ရှင်းသန့် ကိစ္စက ပေါ့ပေါ့ပါးပါးပဲ ဘေးရောက်သွားသည်။

တကယ်လည်း သရဖူကို ရှင်းသန့် အဲဒီလောက် စိတ်မဝင်စား



www.burmeseclassic.com

www.burmeseclassic.com



ရင်မခုန်တော့ ပိုဆိုးတာပေါ့။

မာမီကသာ မင်းလေးကို သည်းသည်းလှုပ် ဖြစ်နေတာပါ။ ကိုယ်ကတော့ လုံးဝပါပဲ သရဖူရယ်။

မယုံမရှိနဲ့။

ကိုယ့် နှလုံးသားကို ရင်ခုန်သွားစေတဲ့ မိန်းကလေးက မင်းလေး မဟုတ်တာ သေချာတယ်လို့ ကိုယ် ရဲရဲဝံ့ဝံ့ ပြောရဲတယ် သရဖူ။

■ ■ ■



## အခန်း (၁၃)

"သား"

မာမီ ခေါ်သံကြောင့် ရှင်းသန့် ခုတင်ပေါ် လှဲပြီး စာအုပ်ဖတ်နေရာမှ မာမီ့ကို မော့ကြည့်လိုက်သည်။

ရှင်းသန့် အခန်းထဲ မာမီ ဝင်လာရင်း ပြောသည်။

"သားရေ သား အန်တီ ဒေစီ ဖုန်းလာတယ်"

"ဘာတဲ့လဲ မာမီ"

"သရဖူလေ"

သရဖူ အသံကြားသည်နှင့် ရှင်းသန့် မာမီဆီက အကြည့်လွှဲလိုက်သည်။ စာအုပ်ကို ဆက်ဖတ်နေတော့ မာမီ အားမရသလို ဖြင့်ကာ ရှင်းသန့် လက်ထဲက စာအုပ်ကို ဆွဲယူ၍ ခုတင်ပေါ် ထိုင်လိုက်သည်။

ရှင်းသန့် ခေါင်းတစ်ချက် ကုတ်၍ လှဲနေရာမှ ထထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မာမီ"

"သရဖူက သူငယ်ချင်းတွေနဲ့ ပါတီလိုက်သွားတယ်တဲ့"

"အဲဒါ ဘာဖြစ်လဲ မာမီရာ၊ အန်တီ သိနေတာပဲ"

"သိတာတော့ သိတာပေါ့၊ ညဉ့်နက်မှာ စိုးလို့ ဒေစီ စိတ်ပူနေရှာတယ်"

ရှင်းသန့် နံရံကပ် နာရီကို မော့ကြည့်တော့ ညဆယ်နာရီအတိ။

"အဲဒါ သား သွားကြိုပေးဖို့တဲ့"

"မကြိုချင်ပါဘူး မာမီရာ"

"ဟဲ့ မသွားလို့ ရမလား ထ မြန်မြန်"

"မာမီနဲ့ အဲဒါပဲ ခက်တာ"

ဒေါ်ဆွေဆွေ သားကို မျက်နှာတည်လေးနဲ့ စိုက်ကြည့်ရင်း ပြောသည်။

"ဘာခက်တာလဲ သားရယ်"

"ခက်တာပေါ့ အန်တီက မိန်းကလေး တစ်ယောက်တည်း ပါတီ လွှတ်စရာလား၊ လွှတ်ပြီးမှ စိတ်ပူလို့ ဟိုလူ့ခေါ်ခိုင်း ဒီလူ့ခေါ်ခိုင်းနဲ့ အစကတည်းက မလွှတ်သင့်တဲ့ကိစ္စ"

"ဟဲ့ လူမှုရေးအရ ရှိသေးတယ်လေ သားရဲ့"

"ရှိရှိ သားတော့ အိပ်ငိုက်နေပြီ အိပ်တော့မယ်"

ပြောရင်း ရှင်းသန့် မွေ့ရာပေါ် လှဲချလိုက်သည်။ ဒေါ်ဆွေဆွေ





သားကို ဘဝင်မကျစွာဘဲ မျက်ထောင့်ကပ်ကြည့်ပြီး လက်ကလည်း သား လက်မောင်းကို ဆွဲကိုင်၍ သားကိုယ်ကို ဆွဲထစေသည်။

"သား မာမီ ပြောနေတာ နားထောင်စမ်း"

"ကျစ် မာမီ"

"ဘာလဲ သား"

မာမီ မျက်နှာလှလှလေး သိသိသာသာ တင်းသွားတာကြောင့် ရှင်းသန့် တစ်ခုခုပြောဖို့ နှုတ်မရဲ ဖြစ်သွား၏။

"သားက ကောင်းပေ့ကောင်းရက်နဲ့ ဘာဖြစ်သွားတာလဲ၊ မာမီက ဒါဆို သားလည်း ဒါပဲ ဖြစ်ရမယ်၊ သွားကြိုဆို ကြိုပေးလိုက်ပေါ့"

ရှင်းသန့် မျက်မှောင်ကုတ်လိုက်၏။

"သရဖူ ကားယူမသွားဘူး သူငယ်ချင်းတွေကားနဲ့ လာခေါ်တာ နဲ့ ဒေစီ လည်လိုက်တာ၊ အခု ပြန်လာဖို့ ခက်နေမယ်လေ၊ ပွဲပြီးမှ လာပို့ နေရင် ညအတော် နက်သွားမယ်၊ အဲဒါကြောင့် ကြိုပေးပါလို့ အကူအညီတောင်းတာ၊ သားက ယောကျ်ားလေး တန်မဲ့ ရှောင်ဖယ်ဖယ်နဲ့ အမီ မကြိုက်ဘူးနော်၊ ဒေစီနဲ့ မာမီကြားမှာ လုပ်ငန်းကိစ္စ မကင်းရာ ကောင်းကြောင်းတွေ အများကြီး ရှိတယ်ဆိုတာ သား သိရဲ့နဲ့"

မာမီ ပြောလိုက်ရင် ဒါတွေပါပဲ။ မကင်းရာ မကင်းကြောင်း အညာရှိတယ်ဆိုတာနဲ့ ကိုင်ပေါက်နေကျ။

"သရဖူ ပြန်မရောက်သေးရင် မာမီလည်း အိပ်ပျော်နိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ဒါကြောင့် သွားကြိုနိုင်းတာ သိရဲ့လား''

မာမီ့ သမီးမဟုတ်တဲ့နဲ့ မာမီ စိတ်ပူနေရန်ကော ဆိုတဲ့ မျက်ဝန်းနဲ့ ကြည့်ရင်း ရှင်းသန့် ခုတင်ပေါ်က ဆင်းမိသည်။

စိတ်ထဲက သရဖူနဲ့ ထိပ်တိုက်မတွေ့အောင် ရှောင်ချင်ပေမယ့် မာမီဘက်က တင်းလာတော့ ရှင်းသန့် ရှောင်လွဲလို့ မရခဲ့။

''ကဲ မြန်မြန်သွား ဒေစီကို မာမီ ဖုန်းဆက်လိုက်မယ် သား သွားကြိုနေပြီ စိတ်ပူမနေဖို့ ဟုတ်ပြီလား''

မာမီ တစ်ကိုယ်တည်း ဆုံးဖြတ်ကာ ပြောရင်း ရှေ့က ထွက်သွားသည်။ ရှင်းသန့်လည်း မထူးတော့ပြီမို့ မာမီနောက်က ပါရသည်။

မာမီရယ်

မာမီကြောင့် သိပ်ခက်တာပဲ။

ကိုယ့်သား လူပျိုလူရွယ်လေးတောင် ပါတီတွေ ဘာတွေ တစ်ခါမှ မသွားဘူးတာ သိရဲ့သားနဲ့။ သူများ သမီးပျိုလေး ပါတီသွားတာကို အမြင်မကျဉ်းတဲ့ အပြင် ကျေနပ်နေနိုင်တာ အံ့ဩဖို့ ကောင်း၏။

ပြီးတော့ သားဖြစ်သူကိုပါ သွားကြိုနိုင်းလိုက်သေးသည်။

''သစ္စာလမ်းထဲက ပုလဲတို့ တိုက်မှာနော်''

ကားပေါ် တက်ခါနီးအထိ မာမီ ထပ်ကြပ်မကွာ ပါလာရင်း ပြောသည်။ ရှင်းသန့် စိတ်မောစွာပဲ ခေါင်းညိတ်ရ၏။

ရှင်းသန့် ကားလေး မောင်းထွက်ခဲ့မှ မာမီ မျက်နှာက ပုံမှန်





အတိုင်း ပြောင်းလဲသွားသည်။

ငယ်ငယ်ကတည်းက မာမီ့ အမိန့် မာမီ ဩဇာကို ခံလာတဲ့ ရှင်းသန့် စိတ်က ခုချိန်မှာ မနာခံချင်တော့။

ဒါပေမဲ့ သည်းခံပြီး နာခံရတာ ခက်သားလား။ အဲဒါ ဘာကြောင့်လဲ။ ရင်ထဲမှာ မေးမိတိုင်း ထိုမျက်နှာလေးက ပန်းပွင့်လေးနှယ် ပေါ်လွင်လာသည်။

သရဖူပေါ့။

■ ■ ■

ရှင်းသန့် ရောက်တဲ့ အချိန်မှာ ပါတီပွဲက စည်ကားချိန် ဖြစ်သည်။ စားဝိုင်းတွေ အပြည့်နှင့် ဧည့်သည်တွေ ရှိနေသည်။

ရှင်းသန့် ဟိုဝိုင်းတွေ့နီးနီး ဒီဝိုင်းမှာ မြင်နိုးနိုးနှင့် သရဖူကို လိုက်ရှာကြည့်သည်။ ခြံဝင်းနှင့် တိုက်ရှေ့က စားဝိုင်းတွေဘက်မှာလည်း မမြင်ရ။ တိုက်ဘေးဘက်က စားဝိုင်းတွေဘက် မျက်စိကစားကြည့်တော့လည်း မတွေ့။

သံစဉ် မြူးမြူးကြွကြွတွေ လွှံထွက်နေတဲ့ ဧည့်ခန်းကျယ်ဘက် ချောင်းကြည့်ပြန်သည်။ ရောင်စုံ မီးတွေကြားမှ သံစဉ်နှင့်အပြိုင် ကနေကြတဲ့ ကောင်မလေးတွေကို တွေ့ရပေမယ့် ဘယ်သူ ဘယ်ဝါမှန်း ခွဲခြားခြား ကြည့်လို့ မရအောင် စလိုက်မီးတွေက စိမ်းလိုက်ဝါလိုက် မှောင်လိုက်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့် မျက်လုံးတွေ ပြာဝေမတတ် ဖြစ်လာသည်။ ထိုအခန်းထဲက ထွက်လာတဲ့ ကောင်မလေး တစ်ယောက်

ချက်ခြင်း စားပိုင်းဆီ ခြေလှမ်းသွားတော့ ရှင်းသန့် ကောင်မလေးဆီ သွားပြီး

"ဒီမှာ တစ်ခုလောက် ကူညီပါလား"

ရှင်းသန့် ပြောတော့ ကာလာစုံ မျက်နှာနုနုလေး မော့ကြည့်ပြီး

"ဘာကူညီရမှာလဲ"

"ဟို သရဖူ သရဖူကို ခေါ်ပေးနိုင်မလား"

"Dance ကနေတယ်လေ၊ ညှော်ခန်းမထဲမှာ"

"ကျွန်တော် အခန်းထဲ မဝင်ရဲလို့ တစ်ချက် ခေါ်ပေးပါလား"

ရှင်းသန့် ထိုသို့ ပြောလျှင် ကောင်မလေး ရှင်းသန့်ကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။

ရှင်းသန့် ပုံစံက ရုပ်လက်တိုနှင့် ပုဆိုးနိမ့်နိမ့်ဝတ်ကာ ရိုးရိုးစင်းစင်းဖြစ်နေတာကြောင့် ခေါင်းဆတ်ပြီး Dance ကတဲ့ အခန်းဆီ ကောင်မလေး ဖျတ်ဖျတ်လတ်လတ်ပဲ ဝင်သွားသည်။

တော်သေးသည်။ ကောင်မလေး ကူညီပေလို့။

ရှင်းသန့် ညှော်ခန်းမရှေ့မှာ ရပ်စောင့်၍ ထိုကောင်မလေးကို ငေးကြည့်သည်။

ကောင်မလေးက အုပ်စုလိုက် ကနေတဲ့အထဲက ခန်းမဘက်





ကျောပေး ကနေတဲ့ အဖြူရောင် ခါးပွ အင်္ကျီ၊ ပေါင်ကြပ်ဘောင်းဘီရှည် အဖြူနဲ့ ကောင်မလေးကို ပခုံးကနေ ပုတ်ခေါ်ပြီး ပြောသည်။

"ဟော့ သရဖူ ယူ့ ဘဲကြီး ခေါ်နေတယ်"

"ဟိုက်"

ရှင်းသန့် ခေါင်းနဘမ်း ကြီးသွားသည်။ ထိုကောင်မလေး အသံက သံစဉ်တွေကို ဖောက်ထွက်သွားအောင် ကျယ်သွားတာမို့ ကနေသူအားလုံး စိတ်ဝင်တစား လှည့်ကြည့်သည်။

"ဟ ဟုတ်တယ် သရဖူ ယူ့ဘဲကြီး လာခေါ်နေပြီ ဟား ဟားမိုက်လိုက်တာကွာ၊ ယူ့ဘဲ ဒီဇိုင်းက အောက်အောက်ချည်း"

တစ်ယောက်ပြောတော့ တစ်ဖွဲ့လုံး ရယ်ကြသည်က ရှင်းသန့်ကို အနေခက်သွားစေသည်။ ဘယ်လို ကောင်လေးတွေနဲ့ ကောင်မလေးတွေမှန်း မသိ။

ရှင်းသန့်ကို မြင်တော့ ရီဝေနေတဲ့ သရဖူ မျက်လုံးလေးအရောင်လက်သွားပြီး

"ဘော်ဘော်တို့နော် သရဖူ ဘဲကြီးကို အောက်တယ်လေးဘာလေး မပြောနဲ့၊ ယူတို့ နေကြဦး"

သရဖူ ထိုအုပ်စု[illegible] ဟန့်တားသလို ပြောပြီး ရှင်းသန့်ဆီ ပြေးလာသည်။

"ကိုသန့် သရဖူဆီ လိုက်လာတာလား ဒို"



www.burmeseclassic.com

မေးလို့ပင် မဆုံးသေး သရဖူ သူငယ်ချင်း ကောင်မလေး စနောက်ချင်တဲ့ စိတ်နဲ့ သရဖူကို တွန်းလိုက်လျှင် သရဖူ ကိုယ်လုံးလေးက ရှင်းသန့် ရင်ခွင် တည့်တည့် ယိုင်ကျသွား၏။

ရှင်းသန့်လည်း ယောင်တောင်တောင်နှင့် စိုးရိမ်စွာပဲ ပွေ့ဖက်လိုက်တော့ အားလုံး လက်ခုပ်တီး ရယ်ကြသည်က လှောင်ပြောင်လိုတဲ့ အတွက် မဟုတ်။

သဘောကျသွားသည့်အတွက် ငယ်ရွယ်သူများပီပီ ရယ်ကြသည်။

ရှင်းသန့် မျက်နှာက ရှက်ရိပ်နှင့် ရဲတက်လာသည်။

"သရဖူ မင်းအတော်ဆိုးတာပဲ"

"ကိုသန့်ကလည်း သူငယ်ချင်းတွေ နောက်နေတာလေ၊ မမြင်ဘူးလား"

"မြင်တယ် ကဲ သွားကြစို့"

သရဖူကို ရင်ခွင်ထဲက ဆွဲထုတ်ရင်း ပြောတော့ သရဖူ နှာခေါင်းလေး ရှုံ့တွတွ လုပ်ပြီး ပြောသည်။

"ပွဲမပြီးသေးဘူး ကိုသန့်ရဲ့"

"ပြီးပြီး မပြီးပြီးကွာ အန်တီ ခေါ်ခိုင်းလိုက်လို့ ကိုယ် လာခေါ်တာ"

"သိပါတယ် ပွဲမပြီးသေးဘဲ သွားရင် သူငယ်ချင်းတွေ ပွမ်ကုန်





မှပေါ့ ကိုသန့်ရဲ့၊ ကိုသန့်ကလည်း စိတ်ရှည်ရှည်ထားပါလား၊ Dance ကပြီးရင် ဖါဆယ်ဂိမ်းကစားမယ်၊ ပြီးရင် ပုလဲက အမှတ်တရ လက်ဆောင် ပေးမယ်၊ ပုလဲ ပေးမယ့် လက်ဆောင်ယူပြီးရင် ပြီးပြီ၊ မကြာပါဘူး ကိုသန့်ရယ်"

"ကျစ်"

ပြောလိုက်တာက နောက်နှစ်နာရီခန့်လောက် ကြာနိုင်တဲ့ အစီအစဉ်။

"ကိုသန့် မပျင်းချင်ရင် ပုလဲတို့နဲ့အတူ ဝင်ကစို့လား"

ပါတီပွဲရှင် ပုလဲ လာပြီးပြောတော့ ရှင်းသန့် မျက်နှာ ပျက်ကျသွားသည်။

"ဟုတ်တယ် ကိုသန့် သရဖူတို့နဲ့ ဝင်ကလေ"

"တော်ပါတော့ မယ်မင်းကြီးမလေးရယ်၊ ကိုယ် ကလို့လည်း မတတ်ဘူး၊ ကလည်း မကဘူး လာ ပြန်မယ်"

ဒီတစ်ခါတော့ သရဖူ လက်ကို ရှင်းသန့် ခပ်ရဲရဲ ဆွဲခေါ်မိသည်။ သရဖူ မျက်နှာ ဆူပွကာ ရှင်းသန့် လက်ကို ပြန်ပုတ်ချပြီး

"ကိုသန့်နော် ကိုသန့် မကချင်လည်း စောင့်နေ၊ မစောင့်ချင်လည်း ပြန်၊ သရဖူတော့ ပွဲပြီးမှ ပြန်မယ် ဒါပဲ"

ပြောပြီး ချာခနဲ လှည့်ထွက်သွားသည် သရဖူ။

ရှင်းသန့်ကို အရွဲ့တိုက်တာလား။ ဒါမှမဟုတ် ပွဲလုပ်တာလား

www.burmeseclassic.com



ဘာမှန်း မခွဲခြားတတ်တော့။

ရှင်းသန့် စိတ်နဲ့ ရှင်းသန့်ဆို လှည့်ပြန်ခဲ့မှာ သေချာသည်။

မလိုက်ရင် နေခဲ့ပေါ့။

ခြေလှမ်းတွေ ရွေ့ခဲ့ပြီးမှ

"ကိုသန့် ပြန်ရဲရင် ပြန်လေ၊ သရဖူကို မစောင့်ဘဲ ပြန်ခဲ့တယ်လို့ အန်တီကို တိုင်ပြောလိုက်မယ် သိလား"

သရဖူ အော်ပြောသံကြောင့် ရှင်းသန့် ခြေလှမ်း တန့်သွားပြန်သည်။

မာမီနဲ့ အပီအပြင် ကိုင်ပေါက်နေတော့ ရှင်းသန့် လှည့်ပြန်ခဲ့ဖို့ တွန့်ဆုတ်သွားတာ အမှန်။

တောက်

အတော် ဆိုးသည့် ကောင်မလေး။

သရဖူ

မင်းလေးကြောင့် ကိုယ့်စိတ်ကို နောက်ပို့ထားရတာကွ။

မာမီနဲ့အတိုင်ခံရမှာ စိုးရိမ်တာကြောင့် ထိုညက ပွဲစဉ်ပြီးတဲ့ အထိ ရှင်းသန့် ဇတ်တုတ်ထိုင်စောင့်ခဲ့ရတော့ ရင်ထဲမှာ ခပ်ချဉ်ချဉ် ဖြစ်လာသည်။

သရဖူကတော့ မြူးလို့ရွှင်လို့။

ရှင်းသန့်ကတော့ အောက်သိုးချဉ်စုတ်လျက် . . ။



## အခန်း (၁၄)

"ဟား ဟား ဟား မင်း အဖြစ်က ကြာလေ ကြပ်လေဆိုသလို ဖြစ်နေပြီ မဟုတ်လား သန့်"

သက်မောင် ရယ်ရင်း ပြောလျှင် နိုင်ကြီးနဲ့ ကျော်ကျော်ပါ ရောရယ်ရင်း ပြောသည်။

"မင်း အဖြစ်က ရယ်ရမလို မဲ့ရမလိုပါကွာ"

"သေချာတာပေါ့ကွ၊ ငါတို့ကောင်တွေတော့ မင်းအဖြစ်ကို လိုက်မမီတော့ဘူးကွာ ဟား ဟား"

ရှင်းသန့်လည်း စိတ်ပျက်စွာ ရောရယ်ရင်း လှဲပုခက်ဘေးမှာ မှေးရပ်နေရာမှ ပုခက်မှာ ထိုင်ချလိုက်သည်။

သက်မောင်တို့ အုတ်ခုံတန်းမှာ ထိုင်နေရာမှ ရှင်းသန့်ကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ ရယ်ရှိန်တွေ သတ်ရင်း နိုင်ကြီးက စကားစသည်။

"မင်း ဒီအတိုင်းရှေ့ဆက်သွားရင် သရဖူနဲ့ ငြိသွားနိုင်တယ်ကွ"

"ကိုယ် အငြိမခံနိုင်ဘူး နိုင်ကြီး"

"မင်းရှောင်လေ ရှေ့တိုးမိသလို ဖြစ်နေတယ်ဆိုတာလည်း သတိထားဦး သေနှ့်"

ရှင်းသန့် မျက်မှောင်ကုပ်ကျသွားသည်။

"ဘယ်လို"

"ဟုတ်တယ်လေကွာ၊ နိုင်ကြီး ပြောသလိုပဲ၊ မင်း ရှောင်လေ သရဖူ ရှေ့တိုးမိသလို ဖြစ်နေတာကွ"

သက်မောင် ဝင်ပြောတော့ ကျော်ကျော်လည်း ခေါင်းဆတ် ထောက်ခံလာသည်။

"သေချာတာပေါ့ကွာ နေ့ဘက်လည်းတွေ့ ညဘက်လည်း မြင်နေရရင် မင်းစိတ် ဘယ်လောက် တင်းခံနိုင်မလဲ"

"မင်း ကိုယ့်သိက္ခာကို အယုံအကြည် မရှိတာဘဲ ကျော်ကျော်"

"အယုံအကြည် မရှိတာ အပထား၊ ဖြစ်သွားနိုင်တဲ့ သဘောကို ပြောပြတာ၊ ယောကျ်ားလေးနဲ့ မိန်းကလေး နီးစပ်လာရင် ငြိသွားနိုင်တဲ့ ရာခိုင်နှုန်းများတယ်လေ"

"ကိုယ်မှ သရဖူကို မချစ်တာ"

"ချစ်တာက ခုမချစ်လည်း နောက်ချစ်လာနိုင်တာပဲ၊ အဓိက





နီးစပ်လာရင် ငြိသွားမှာ သေချာနေတယ်"

ရှင်းသန့် ဘဝင်မကျသလို ကြည့်တော့ အုတ်ခုံဘောင်မှာ ထိုင်နေတဲ့ နိုင်ကြီး ထလာ၍ ရှင်းသန့်ဘေး ပုခက်ပေါ် ဝင်ထိုင်ပြီး

"မင်း တခြားမကြည့်နဲ့ သက်မောင်နဲ့ ရွှေစင်ကိုပဲ ကြည့်"

ရှင်းသန့် နားမရှင်းသလို ဖြစ်သွားသည်။

"ဘာဖြစ်လဲ သက်မောင်နဲ့ရွှေစင်က"

"ချစ်သူတွေလေ"

သက်မောင်က ခပ်ပြုံးပြုံးလေးပဲ ဝင်ပြောသည်။

"ကိုယ် သိတာပဲ"

"မင်းသိတာက သက်မောင်နဲ့ ရွှေစင် ချစ်သူတွေဆိုတာပဲ၊ မသိတာက ချစ်သူဖြစ်သွားတာ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြလို့ မဟုတ်ဘူး"

"ဟင်"

ရှင်းသန့် မျက်လုံးပြူးချင်ချင် ဖြစ်သွားသည်။ သက်မောင် အပြုံးမပျက် ခေါင်းဆတ် ထောက်ခံသလို ကျော်ကျော်ကလည်း သိပြီးသားဆိုတဲ့ မျက်ဝန်းနဲ့ လှမ်းကြည့်သည်။

"ဟုတ်တယ် ရှင်းသန့် ရွှေစင်ကို သက်မောင် ရင်ခုန်ခဲ့ ချစ်ခဲ့တာ မဟုတ်ဘူး၊ နီးစပ်ရာက တွဲတယ်၊ တွဲမိရာက ချစ်သူလို့ ဖြစ်သွားတာကွ၊ အဲဒီက တစ်ဆင့် သက်မောင် ရွှေစင်နဲ့ မတွဲရင် မနေနိုင်တော့

www.burmeseclassic.com



ဘူးလေ၊ အဲဒီကနေ တကယ့် ချစ်သူ ဖြစ်သွားတာကွ''

''ဟာ''

ရှင်းသန့် ရင်မှာ တစ်မျိုးဖြစ်သွားသည်။ နိုင်ကြီး ပြောပြီးသည်နှင့် ရှင်းသန့် ပခုံးကို လှမ်းဖက်ရင်း ဆက်ပြောသည်။

''ဟာမနေနဲ့ ရှင်းသန့် နီးစပ်ရာက ချစ်သူဖြစ်လေ့ရှိတယ်၊ ချစ်သူဖြစ်မှ ချစ်သွားတာမျိုးလည်း ဖြစ်နိုင်တာပဲ''

''ဟင့်အင်း ကိုယ် သက်မောင်လို မဟုတ်ဘူး။ သရဖူနဲ့လည်း မတွဲချင်ဘူး။ မတွဲရလို့ မနေနိုင်တဲ့ စိတ်လည်း မရှိဘူး၊ ကိုယ့်စိတ်က အရှင်းကြီး''

''ဒါဆို ရှေ့ဆက် မင်းဘယ်လို ရှောင်မလဲ''

''မင်း မာမီ စကားတိုင်း မင်း ငြင်းဆန်ရဲလား''

သက်မောင်နဲ့ ကျော်ကျော် တစ်ခွန်းစီ လှမ်းမေးသည်။ ရှင်းသန့် ဆံပင်တွေကို လက်ချောင်းဖြင့် ထိုးဖွပစ်လိုက်သည်။

''မင်း မငြင်းရဲရင် သရဖူနဲ့ ငြိကို ငြိမှာပဲ''

''ကိုယ် မငြိချင်ဘူးကွာ''

''မငြိချင်ဘူးလို့ ထိုင်အော်နေရင် ပြီးတာမှ မဟုတ်တာကွ၊ မင်း မာမီကို မင်း မငြင်းရဲတာ ပိုငြိသွားနိုင်တဲ့ အခြေအနေပဲ''

''ကိုယ် ဘာဆက်လုပ်ရမလဲ၊ မင်းတို့ အကြံပေးကြပါလေ''

ရှင်းသန့် ခေါင်းရှုပ်မခံနိုင်တော့ပါ။





သရဖူနဲ့ ငြိမသွားဖို့ သူငယ်ချင်းတွေကိုပဲ ယုံယုံကြည်ကြည် လွှဲအပ်လိုက်သည်။ နိုင်ကြီးတို့လည်း ရှင်းသန့်ကို စာနာသလို နားလည်မှု ပေးနိုင်ကြသည်။

ငယ်ငယ်နုနုလေးနဲ့ ချစ်စရာကောင်းနေတဲ့ သရဖူကို စိတ်မဝင်စားနိုင်တဲ့ ရှင်းသန့်စိတ်ကို အံ့ဩမလိုလည်း ဖြစ်လာသည်။

အတွေးတွေနှင့် နိုင်ကြီးတို့အားလုံး တိတ်ဆိတ်နေကြသည်။ တအောင့်ကြာမှ သက်မောင် စကားစပြောသည်။

''အကောင်းဆုံးကတော့ မင်း ချစ်နိုင်မယ့် ချစ်သူကို အမြန်ဆုံး ရှာဖို့ပဲ''

''ဟေး''

သက်မောင် စကားကြောင့် အားလုံး မျက်ဝန်းတွေ တောက်ပသွားသည်။ ကျော်ကျော်က လက်ဖျောက်တစ်ချက် တီးပြီးပြောသည်။

''အဲဒါ အကောင်းဆုံးပဲ သေနဲ့၊ မင်း ချစ်သူရှာတော့''

''ချစ်သူဆိုတာ လိုက်ရှာတိုင်း တွေ့မတဲ့လား''

''မတွေ့ တွေ့အောင်ရှာမယ်လေ''

''မဖြစ်နိုင်တာကွာ''

ရှင်းသန့် မျက်နှာလေး တွန့်ပြီး ငြင်းသည်။ ကျော်ကျော် နာခေါင်းရှုံ့ကြည့်ပြီး

''ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ သေနံ့ ချစ်သူရှာတာ မဖြစ်နိုင်ဘူး ရှိမတဲ့လား။ ရှာရင် တွေ့သွားတော့ ပိုကောင်းတယ်လေကွာ"

နိုင်ကြီး ပခုံးတိုက်ရင်း ပြောသည်။ ရှင်းသနံ့ စိတ်ဝင်စားချင်ချင် ဖြစ်လာသည်။ ရှင်းသနံ့ ချစ်နိုင်မယ့်သူဆိုတော့ ခံစားလို့ ကောင်းတာပေါ့။ ပြီးတော့ သရဖူကို လုံးဝ ငြင်းနိုင်မယ့် လမ်းစလည်း ဖြစ်တယ်လေ။

ဒါကြောင့် စိတ်ဝင်စားခြင်းပါ။

"ကဲ မင်းသဘော ဘယ်လိုလဲ ပြောကွာ"

သက်မောင် လှမ်းမေးသည်။ ရှင်းသနံ့ နှုတ်ခမ်းလေး မသိမသာ တွန့်လိုက်ပြီးမှ ခပ်လေးလေး ပြောမိသည်။

"ကိုယ်ချစ်တဲ့သူဆိုရင် ကိုယ်စိတ်ဝင်စားတယ်"

"အဲဒါဆို ပြီးရော ကိုယ်တို့အားလုံး ကူညီမယ်"

"ဘယ်လို ကူညီမှာလဲ"

"ဟ ကောင်မလေးတွေ မင်းကို မိတ်ဆက်ပေးမယ်၊ မင်း ရင်ခုန်ရင် ခြေလှမ်းစပေါ့ကွာ၊ မဟုတ်ဘူးလား"

ကျော်ကျော် အားတက်သရော ပြောသည်။ ကောင်မလေးတွေနဲ့ မိတ်ဆက်ပေးမယ်တဲ့။ တွေးမိရုံနှင့် ရှက်သလိုလို ဖြစ်လာသည်။

"မဖြစ်သေးပါဘူး"

"ဘာ မဖြစ်တာလဲ သေနံ့ရာ၊ မင်း သိပ်ကျိကျလွန်းတယ်"





"ဟုတ်သားပဲကွာ မင်းအတွက် သူငယ်ချင်းတွေ ဘယ်လောက် ခေါင်းစားသလဲ မင်း သိဖို့ ကောင်းတယ်ကွ"

သက်မောင် အားမလို အားမရ ပြောပြန်သည်။

"မဟုတ်ဘူးကွ ကိုယ်ပြောတာက မင်းတို့ မိတ်ဆက်ပေးတိုင်းလည်း ကိုယ် ရင်ခုန်မှာ မဟုတ်ဘူး"

"ဟေ"

သူငယ်ချင်း သုံးယောက် ဟေခနဲ ဖြစ်သွား၏။ ရှင်းသနံ့ ခေါင်းဆတ်၍

"ဟုတ်တယ်ကွ မင်းတို့နဲ့ သိတဲ့ ကောင်မလေးတွေ ကိုယ် မြင်ဖူးတယ်၊ သိတယ်၊ မင်းတို့နဲ့ ပတ်သက်ပြီး စကားလည်း ပြောဖူးတယ်လေကွာ"

"အေးလေ အဲဒါ ဘာဖြစ်လဲ"

"သိဖူး မြင်ဖူး စကားပြောဖူးပြီပဲ၊ ကိုယ် ရင်လည်း မခုန်ခဲ့ဘူး။ စိတ်လည်း မဝင်စားခဲ့ဘူးကွ၊ အခုမှ ပြန်မိတ်ဆက်ပေးလို့လည်း ဘာထူးမှာလဲ"

"ဟာ မင်း အတော် ပိန်းတာပဲ"

သက်မောင် မျက်နှာမဲ့ပြီး ပြောသည်။

"ဘာပိန်းလို့လဲ"

"ငပိန်းကောင် မင်း ရင်ထဲမှာ ချစ်သူ လိုချင်တဲ့ ခံစားချက်



www.burmeseclassic.com

www.burmeseclassic.com



လေး ထည့်၊ အဲဒီ ခံစားချက်လေးနဲ့ ကောင်မလေးတွေနဲ့ မျက်နှာချင်း ဆိုင်ပေါ့ကွာ၊ ဒါမှ တစ်ယောက်ယောက်နဲ့ ရင်မခုန်ရင် အခြား တစ်ယောက် နဲ့ ရင်ခုန်မှာလေ''

''မင်းပြောလိုက်တာ လွယ်နေရော၊ ကိုယ်တော့ မထင်ဘူး''

နိုင်ကြီး ဝင်ပြောမှ ရှင်းသန့်ရှုံ့ချောင်သွားသည်။

''ဟုတ်တယ် နိုင်ကြီး ပြောသလိုပဲ ချစ်သူရှာဖို့ မလိုပါဘူးကွာ၊ အဲလို လိုက်ရှာပြီး တွေ့မယ့် ချစ်သူကလည်း ကိုယ် တကယ်ချစ် တကယ် ရင်ခုန်တဲ့ မိန်းကလေး ဖြစ်မှာလည်း မဟုတ်ဘူး''

ကျော်ကျော်နဲ့ သက်မောင် လက်မြှောက် အရှုံးပေးရမလို ဖြစ် သွားသည်။

''သေနာက မင်းတို့လိုမှ မဟုတ်တာ၊ ချစ်သူ လိုချင်တဲ့စိတ် သွပ်သွင်းပြီး ချစ်သူရှာတာက ဘယ်လိုလုပ် စစ်မှန်တဲ့ ခံစားချက်အတွက် ချစ်သူရမလဲ၊ ကိုယ်တော့ လုံးဝ မဖြစ်နိုင်ဘူး ထင်တာပဲ''

နိုင်ကြီး ထပ်ဆင့်ပြောလာတော့ သက်မောင်နဲ့ ကျော်ကျော် ငြိမ်ကျသွားသည်။ ဒီကောင်တွေကလည်း သေနဲ့ ချစ်သူရစေချင်တဲ့ စေတနာနဲ့ အကောင်းဆုံးကို ရွေးချယ်ပြောနေတယ်ဆိုတာ သူငယ်ချင်း ချင်းမို့ သိသည်။

''ဒါဆို မင်း ဘယ်လိုရှေ့ဆက်မလဲ''

ကျော်ကျော် သိချင်စိတ်ကလေးနှင့် မေးသည်။ ရှင်းသန့် မျက်နှာ





တန်းလေးကို လက်ချောင်းလေးနှင့် ကစားရင်း စဉ်းစားသယောင် ပြုသည်။

ပြီးမှ ပြောသည်။

''ကိုယ် မြင်ရုံနှင့် အလိုလို ရင်ခုန်သွားစေတဲ့ မိန်းကလေးမျိုးပဲ ချစ်သူ တော်ချင်တယ်၊ တစ်နည်းပြောရရင် ချစ်စိတ်ဝင်သွားအောင် ဆွဲဆောင်နိုင်တဲ့ မိန်းကလေးကိုပဲ ချစ်ချင်တယ်၊ တကယ် ခံစားချင်တယ်''

''တွေ့လိမ့်မယ် မင်းပုံစံနဲ့ တွေ့မယ်''

သက်မောင် ခပ်ရွှဲရွှဲလေး ပြောသည်။

''တွေ့တဲ့အထိ ကိုယ် စောင့်မယ်ကွာ''

''အံမယ် ဘယ်မှာမှန်း မသိသေးတဲ့ ချစ်သူကို စောင့်မယ်တဲ့၊ တဲ စောင့်ပြီပဲ ထားဦး၊ မင်း မတွေ့သေးတဲ့ အချိန်မှာ မင်းမာမီက ခင်းကို သရဖူနဲ့ စီစဉ်လာရင် မင်း ဘယ်လိုလုပ်မလဲ''

ရှင်းသန့် တွေခနဲ ဖြစ်သွားသည်။

''အရေးကြီးတာ အဲဒါပဲ ရှင်းသန့်''

နိုင်ကြီး သွေးအေးအေးနှင့် ဝင်ပြောသည်။ ရှင်းသန့် သက်ပြင်း ချရင်း ခေါင်းရမ်းလိုက်သည်။

''အင်း ဒီအတိုင်းနေလို့ မဖြစ်ဘူး၊ မင်းမာမီ စီစဉ်ရင် မင်း နာခံရမှာပဲ၊ အဲဒီတော့ မင်းနဲ့ သရဖူ''

''တော်ပါတော့ကွာ''

''တော်လို့ ရမလား၊ မင်းမာမီ စီစဉ်တာကို မင်း မငြင်းနိုင်မှ



www.burmeseclassic.com

www.burmeseclassic.com



တော့ သရဖူနဲ့ တစ်သက်လုံး နှစ်ပါးသွား ကပေတော့''

ရှင်းသန့် ရင်မခုန်စွာဘဲ နှုတ်ခမ်းကို တွန့်မဲ့ပြီးသား ဖြစ်သွားသည်။

''မကနိုင်ပါဘူးကွာ''

''မကံချင်လည်းက ဘချင်လည်း က၊ ကိုယ်တို့တော့ ဘာအကြံမှ မပေးနိုင်တော့ဘူး''

ကျော်ကျော် ခေါင်းရှုပ်စွာပဲ နောက်ဆုံး ပြောသည်။ သက်မောင် တစ်ခုခု ပြောဖို့ စကားစပြင်စဉ် ရှင်းသန့် အင်္ကျီအိတ်ထဲက ဟန်းဖုန်း မြည်က မြည်လာသည်။

သက်မောင် ပြောချင်တဲ့ စကားကို မပြောဘဲ နှုတ်ဆိတ်လိုက်သည်နှင့် ရှင်းသန့်က ဖုန်းကို အင်္ကျီအိတ်ထဲက ဆွဲယူကြည့်လိုက်သည်။

သရဖူ ဖုန်းနံပါတ်ပေါ်နေမှုန်း သိတော့မျက်နှာက သိသိသာသာ ပျက်သွား၏။ နိုင်ကြီး သဘောကျသလို ပြုံးတော့ ရှင်းသန့် မလုံမလဲ ဖြစ်ရသည်။

ရှင်းသန့် ဖုန်းနားမထောင်သေးဘဲ

''ဘာလဲကွ မင်းပြုံးတာ''

''ဟ ပြုံးချင်စရာပဲကွ''

''ဘာလဲ နိုင်ကြီး''

သက်မောင် အုတ်ခုံပေါ် ထိုင်နေရာမှ ထလာရင်း မေးသည်။





''သရဖူလေ''

နိုင်ကြီး ပြောလိုက်တော့ သက်မောင်နဲ့ ကျော်ကျော် ရယ်၏။

''မင်းတော့ သရဖူပဲ ဆောင်းရတော့မယ် ထင်တယ် ဟားဟား''

''တော်ကွာ''

''အင်း ငါတို့တွေပဲ တော်ကွာ ဘာညာ ပြောလို့ရမယ် သရဖူကို မင်း အဲလို ပြောရဲလား ကြည့်ကြသေးတာပေါ့ကွာ''

သက်မောင်ကို ရှင်းသန့် ဘဝင်မကျ စိုက်ကြည့်ပြီး ဖုန်းနားထောင်လိုက်သည်။

''ကိုသန့် အရေးကြီးလို့ အမြန်လာခဲ့ပါ ဒါပဲ''

ခပ်လောလော ပြောပြီး ဖုန်းပိတ်လိုက်တဲ့ သရဖူ။ ရှင်းသန့် ဘာမှ ပြောချိန်မရတော့။

သူ စိတ်ပျက်စွာပဲ ဖုန်းကို အင်္ကျီအိတ်ထဲ ပြန်ထည့်၍ ထရပ်လိုက်တော့ နိုင်ကြီး အပြုံးမပျက် မေးသည်။

''ဘာလဲ သေန့်''

''သရဖူက အရေးကြီးလို့တဲ့''

ရှင်းသန့် ပြောတော့ သူငယ်ချင်းသုံးယောက် မျက်ခုံးလှုပ်သိစိပင့်၍ ပြုံးကြည့်သည်က သရဖူနှင့် နှစ်ပါးသွားကဖို့ နီးနေပြီဆိုတဲ့ အပြောလေးတွေ ပါတဲ့ မျက်လုံးလေးပါ။



www.burmeseclassic.com

www.burmeseclassic.com



''ကဲ သွားလေ၊ သရဖူ အရေးကြီးနေတယ်တဲ့''

''မင်းကွာ''

နိုင်ကြီးကို ရှင်းသန့် တမင်ဖိပြောရင်း စိတ်မလုံစွာဘဲ သူငယ်ချင်းတွေကို ကျောခိုင်းခဲ့မိသည်။

သရဖူ

မင်းလေးဟာ ကိုယ့်ကို ချည်နှောင်လွန်းတယ်ကွာ။

ဒါပေမဲ့

ကိုယ် ရင်မခုန်တဲ့အတွက် သရဖူ ချည်နှောင်မယ့် ကြိုးတွေကို ကိုယ် ဖြတ်နိုင်မှာပါ။

အခုမဟုတ်ပေမယ့် တစ်ချိန်ချိန်ပေါ့။

■ ■ ■



## အခန်း (၁၅)

''ဘာလဲ သရဖူ''

ပေါ်တီကိုအောက် အသင့်ရပ်စောင့်နေတဲ့ သရဖူကို မြင်သည်နှင့် ရှင်းသန့် ကားပေါ်က မဆင်းတော့ဘဲ မေးလိုက်သည်။

သရဖူ မြူးမြူးကြွကြွလေး ပြုံးကြည့်ပြီး

''အရေးကြီးလို့ပေါ့''

ပြောရင်း ရပ်ထားတဲ့ ကားပေါ် တက်လိုက်တော့ သူ အံ့ဩသွားသည်။

''ဘာအရေးကြီးတာလဲ''

''သိချင်ရင် မောင်း''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မနေနဲ့ မောင်းဆို မောင်းပေါ့"

"ဘယ်ကိုလဲ"

"မောင်းစရာရှိတာ အရင်မောင်း၊ ပြီးမှ ပြောမယ်"

"ကျစ်"

အတော် အနိုင်ကျင့်တဲ့ ကောင်မလေး။ ဘာမှလည်း မပြောဘဲ မောင်းတဲ့။ သရဖူ ကားနောက်ခန်းမှာ မြိန့်မြိန့်လေး ထိုင်၊ ပြုံးပြုံးကြီး ပြောနေတာက နားလည်ရခက်စေသည်။

ပြောနေရင်လည်း အပိုပဲ ဖြစ်မှာ သေချာသည်။ ဒါကြောင့် ဘာမှ မပြောတော့။

ကားကိုပဲ လျှောခနဲ မောင်းထွက်လျှင် သရဖူ ရယ်သံ လွင်လွင်လေး ပေါ်ထွက်လာသည်။

ရှင်းသန့် မျက်ခုံးနှစ်ဖက် တွန့်မိရင်း နောက်လှည့်မကြည့်ဘဲ မေးသည်။

"ဘာရယ်တာလဲ သရဖူ"

"ဟွန်း ရယ်ချင်လို့ပေါ့"

"ကိုယ်က ရယ်စရာဖြစ်နေလို့လား"

"ရယ်စရာ မဟုတ်ဘူး သဘောကျစရာ ဖြစ်နေတာ"

"ဘာ"

ကားမောင်းနေရင်း ရှင်းသန့် နောက်ဘက် တစ်ချက် လှည့်





ကြည့်ဖြစ်သည်။ သရဖူ ကားကူရှင်ကို မှီပြီး စိမ်ကျကျ ထိုင်နေရင်း မြူးမြူးလေးပဲ ဆက်ရယ်သည်။

"မင်းကွာ"

ရှင်းသန့် အလိုမကျစွာ ရေရွတ်၍ ရှေ့ကိုပြန်ကြည့်သည်။ ကားလမ်းကြော ရှင်းနေတာကြောင့် တော်သေးသည်။ သရဖူ ပုံစံက ရှင်းသန့် စိတ်ကို ဘဝင်မကျ ဖြစ်စေတာ အမှန်။

"ကိုသန့် ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမလဲ သရဖူ သရဖူပုံစံက အရင်နဲ့ မတူတော့ဘူး"

"ဟုတ်လား"

ပြောပုံကိုက ခေါင်း ထုပစ်ချင်စရာ ကောင်းနေသည်။ ပြီးတော့ ပြောသေးသည်။

"ကိုသန့်က သရဖူကို အတော် စိတ်ဝင်စားနေပြီ ထင်တယ်"

"ဘာ"

"ဟုတ်တယ်လေ သရဖူ ပုံစံက အရင်ကနဲ့ မတူတော့ဘူးလို့ အကဲခတ်တတ်နေပြီဆိုတော့ သရဖူကို ကိုသန့် စိတ်ဝင်စားနေလို့ပဲ ဖြစ်မှာပေါ့၊ မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"အဲဒါဆို ကိုသန့် ညာတာပဲ"

"ဟ ဘာလို့ ညာရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညာတာပဲပေါ့၊ သရဖူကို အကဲခတ်ပြီး မြင်တဲ့အတိုင်း ပြောနေတာလေ"

"ပြောနေတာက စိတ်ဝင်စားလို့ မဟုတ်ဘူး၊ အမြင်ကတ်လို့ မြင်ချင်လို့ ကဲ ရှင်းပြီလား"

ရှင်းသန့် ခပ်ရင့်ရင့်ပဲ ဖိပြောလိုက်တော့ သရဖူ မျက်မှောင်ကျုံ့ကြည့်ပြီး

"ဘယ်လို အမြင်ကတ်လို့"

"ဟုတ်တယ်"

"နေပါဦး ကိုသန့် အမြင်ကတ်အောင် သရဖူ ဘာလုပ်နေလို့လဲ"

"ဘာလုပ်နေလဲဆိုတာ သရဖူကိုယ် သရဖူ ပိုသိမှာပေါ့"

"ဟွန်း"

သရဖူ မျက်နှာဆူထားပြီဆိုတာ လှည့်မကြည့်ဘဲ ရှင်းသန့် သိလိုက်ပြီ။ သရဖူဆီက ဘာအသံမှ ထွက်မလာတော့။

ရှင်းသန့် ကားကို အရှိန်လျှော့မောင်းရင်း သရဖူကို မသိမသာ ငဲ့ကြည့်သည်။ ရှင်းသန့် လှည့်ကြည့်လျှင် သရဖူ မျက်နှာတစ်ဖက်သို့ လွှဲပြီး မျက်ဝန်းနက်လေးနဲ့ ခပ်စွေစွေ စိုက်ကြည့်ပြီး

"ဘာကြည့်တာလဲ"

"မကြည့်ဘူး"

ရှင်းသန့် ကားလမ်းဆီ ပြန်ကြည့်တော့ သရဖူ ခြေထောက်လေး





ဆောင့်လိုက်သည်။ ဆောင့်ချင်သလောက် ဆောင့်စမ်းပါ။

ဒီကောင်မလေးကို ခပ်တင်းတင်း ဆက်ဆံထားမှ တော်ကာကျမည်။ ရှင်းသန့် စိတ်ကို တင်းထားလိုက်သည်။

"ကဲ အရေးကြီးတယ်ဆိုတာ ဘာလဲ ပြော"

"မပြောဘူး"

"မပြောရင် ကိုယ် ဘယ်မောင်းရမှာလဲ"

"ကားကို မရပ်တမ်းမောင်း"

"တောက်"

ရှင်းသန့် စိတ်မရှည်ချင်တော့၊ ခပ်တိုးတိုးပဲ တက်ခေါက်မိသည်။ သရဖူ မျက်နှာလေး တင်းထားတာ မလျှော့ဘဲ ဆက်ပြောသည်။

"မမေင်းချိုင်ရင် ရပ်ပေး"

"ဘာ"

"ဟုတ်တယ် ရပ်ပေး"

"မင်း ဘယ်လိုလဲကွာ ဘယ်သွားမလဲပြော ကိုယ် လိုက်ပို့ပေးပြီး ပြန်မယ်"

"လိုက်ပို့ပြီး ပြန်လို့ မရဘူး၊ သရဖူက ပြန်ဆိုမှ ပြန်ရမယ်၊ သစ္စာရုံကို မောင်း"

ရှင်းသန့် ကိုယ်ကြီး မတ်ခနဲ ဖြစ်သွား၏။

"ဘယ်လိုလဲ သရဖူရယ်၊ မင်း အရေးကြီးတယ်ဆိုတာ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



လား''

''ဟုတ်တယ် သူငယ်ချင်းတွေနဲ့ ရုပ်ရှင်ကြည့်ဖို့ ချိန်းပြီးသား၊ သရဖူ ရုပ်ရှင်ကြည့်မယ်ဆိုကိုသန့်လည်း ကြည့်ရမယ်''

''မကြည့်ဘူးကွာ''

ရှင်းသန့် ပြောရင်း သမ္မတရုံဆီ ကားကို ဦးတည်လိုက်သည်။ ဒီကောင်မလေးကို သမ္မတရုံရှေ့ ချပစ်ပြီး လစ်ထွက်ခဲ့မယ်ဆိုတဲ့ စိတ်ကူးနဲ့ပါ။

''မကြည့်ရင်လည်း ပြီးရော''

သရဖူ နှုတ်ခမ်းဆူရင်း ပြောသည်။ ပြောပြောပေါ့။ ရှင်းသန့် သမ္မတရုံရှေ့ ကားရပ်လိုက်သည်နှင့် သရဖူ ကားပေါ်က ဆင်းသည်။

ရှင်းသန့် ကားမောင်းထွက်ဖို့ ပြင်တော့ ဖုန်းမြည်လာသည်။ အင်္ကျီအိတ်ထဲက ဖုန်းကို နှိုက်ထုတ်ပြီးကြည့်တော့ မာမီ ဖြစ်မှန်း သိသည်။

အချိန်မဲ့ဆိုင်းဘဲ ဖုန်းနားထောင်ရ၏။

''မာမီ''

''အေး သား''

''ပြောလေ''

''သရဖူကော''

''ဗျာ''

''သရဖူကောလို့ မေးနေတယ်လေ သား ဘာအကြောင်းကြောင်း





ဖြစ်နေတာလဲ''

''ရှိပါတယ် မာမီ''

''ရှိရင် ပြီးရော သရဖူ ဒေစီနဲ့ စိတ်ကောက်နေတယ်တဲ့၊ သရဖူ စိတ်ကောက်ကောက်နဲ့ စိတ်ထင်တိုင်း ဟိုဟိုဒီဒီ လျှောက်သွားနေရင် ခက်မယ် သား၊ သား သရဖူကို မျက်ခြေမပြတ် ကြည့်ပေးစမ်းပါ''

''ဟာ မာမီကလည်း သရဖူ သွားတိုင်း သား လျှောက်လိုက်နေလို့ သင့်မှာမှ မဟုတ်တာ''

''ဘာလို့ မသင့်ရမှာလဲ သား''

''မသိဘူး မာမီရာ''

''ကဲ သင့်သင့် မသင့်သင့် မာမီက လိုက်ကြည့်ဆို ကြည့်၊ ဒါပဲနော် သရဖူ တစ်ခုခုဖြစ်ရင် သားကို မာမီ ခွင့်လွှတ်မှာမဟုတ်ဘူး''

ရှင်းသန့် ရင်မှာ ကြိတ်ပြီး ပွစိပွစိ ရွတ်မိသည်။ မာမီကို မကျေနပ်ချင်တော့။

''အခု သားတို့ ဘယ်မှာလဲ''

''သမ္မတရုပ်ရှင်ရုံ ရှေ့မှာ''

''အေး ကောင်းတယ် သရဖူလေးကို ရုပ်ရှင်လေး ဘာလေး ပြပြီးစိတ်ပြေအောင် ချော့၊ ပြီးရင် အိမ်ပြန်ပို့ ကြားတယ်နော်''

''ဟုတ်''

ရှင်းသန့် စိတ်မကြည်စွာဘဲ မာမီ သဘောအတိုင်း လိုက်လျောရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှင်းသန့် ဖုန်းပိတ်၍ ကားပေါ်က ဆင်းလိုက်သည်။

သရဖူက မျက်နှာလေး မော့ပြီး ရှေ့က လျှောက်ထွက်သွားတော့ ရှင်းသန့် ခြေလှမ်းတွေက သရဖူဆီ မရွေ့ချင်ဘဲ ရွေ့ခဲ့ရပြီ။

"သရဖူ"

သရဖူ ခပ်သွက်သွက်ပဲ ရုပ်ရှင်လက်မှတ် ရောင်းတဲ့ဆီ ဦးတည်သွားသည်။ ရှင်းသန့် ဘေးချင်းကပ် လျှောက်ခဲ့ရင်း

"သူငယ်ချင်းတွေကော"

"သူတို့က သွင်ရုံမှာ"

"ဟင်"

"ဟုတ်တယ် သူတို့က သူတို့ အတွဲနဲ့ သူတို့ ကြည့်မှာလေ၊ သရဖူက ဘာသွားလုပ်မှာလဲ၊ အေးအေးဆေးဆေး ဒီမှာပဲ ကြည့်မယ်၊ ကိုသန့် မလိုက်ချင် နေခဲ့၊ ဘယ်သူမှ အတင်းမခေါ်ဘူး ဒါပဲ"

အရေးမစိုက်ဟန်လေးနှင့်ပြောနေတဲ့ သရဖူ။ စိတ်ထဲရှိတဲ့အတိုင်း ရှင်းသန့် ပြောချင်ပေမယ့် ပြောမထွက်။

အဲဒါ မာမီကြောင့်ပေါ့။

အခုတော့ သရဖူနဲ့ ရှင်းသန့် နှစ်ယောက်တည်း ရုပ်ရှင်ကြည့်ရတော့မလို့ပဲ။ သရဖူက စလွယ်သိုင်းထားတဲ့ လေးထောင့်အိတ်လေးထဲက ပိုက်ဆံထုတ်ပြီး လက်မှတ်ဝယ်သည်။

ဝယ်တော့လည်း နှစ်စောင်။





ရှင်းသန့် မျက်ခုံးလေးကို လက်ညှိုးလေးနှင့်ကုတ်ရင်း ကြည့်တော့ လက်မှတ်လေး ထောင်ပြရင်း ရှေ့က ရင်လေးကော့ကာ လျှောက်ထွက်သွားသည်က လက်သီးဆုပ်နဲ့ နဖူးကို ပိတ်ထုချင်စရာ။

"နေဦး သရဖူ"

"ဘာလဲ"

သရဖူ ခြေဆောင့်ရပ်ကာ ငဲ့ကြည့်သည့် မျက်နှာလေးက အရွဲ့တိုက်ချင်တဲ့ ပုံစံလေးမို့ ရှင်းသန့်ပဲ စိတ်လျှော့လိုက်ရသည်။

"ကိုယ် လိုက်ကြည့်မယ်"

"ပြီးရော"

"နေဦး ပြောစရာ ရှိသေးတယ်"

ရှင်းသန့် ပြောလိုက်တော့ သရဖူ ခြေလှမ်းတွေ ရှင်းသန့်ဆီ ရွေ့လာသည်။

"ပြော ဘာလဲ"

"ရုပ်ရှင်ပြီးရင် အိမ်ပြန်ရမယ်နော်"

"ပြန်ရင် မာမီနဲ့ မျက်နှာချင်းဆိုင်နေရမယ်"

"ဆိုင်ရမှာပေါ့ သားအမိနှစ်ယောက်တည်း ရှိတာလေ၊ အန်တီကို သရဖူ သိပ်ဂျီကျမနေနဲ့၊ အန်တီက ဆိုင်ထိုင်ရတာနဲ့ ဘာနဲ့ ပင်ပန်းတယ် မဟုတ်လား"

"ကိုသန့်က မာမီ့ဘက်တော်သားလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ"

"မဟုတ်ရင် မပြောနဲ့၊ သရဖူ ဂျီကျတာပဲ မြင်တယ်၊ မာမီ ဘာပြောလဲဆိုတာ ကိုသန့် မသိဘဲနဲ့"

"အန်တီက ဘာပြောလို့လဲ"

မေးလိုက်တော့ သရဖူ မျက်နှာလေး ရှက်အမ်းအမ်း ဖြစ်သွားသည်။ ပြီးတော့ ပြောချင်သလိုလို မပြောချင်သလိုလို ပုံစံလေးနဲ့။

"နောက်မှ ပြောပြမယ် လာ"

ပြောရင်း ရှင်းသန့် လက်မောင်းကို ဆွဲပြီး ရုံထဲ ဝင်သွားတော့ ရှင်းသန့် ပါသွားရသည်။

ဒီကောင်မလေးနဲ့ ခက်တော့တာပဲ။

ရှင်းသန့် စိတ်ပါနေရင် ဒီကောင်မလေး ဒီလို ရဲတင်းပုံမျိုးနဲ့ ငြိသွားမှာ သေချာသည်။ ခက်တာက သူကိုယ်တိုင်က စိတ်မဝင်စားဘဲ စိတ်ပဲရှုပ်နေသည်။

ခုံနံပါတ်အတိုင်း နှစ်ယောက်အတူ ထိုင်မိတော့ သရဖူပဲ စကား စပြောသည်။

"မာမီက ဘာပြောလဲ သိလား"

"အင်း ပြောပါဦး ကိုယ် စိတ်ဝင်စားတယ်"

သရဖူ မျက်နှာလေး ရှင်းသန့် ပခုံးနား မေးကပ်လာရင်း ပြောသည်က





"သရဖူကို မင်္ဂလာဆောင်ပေးမယ်တဲ့"

"ဟင်"

"အဲဒါကြောင့် သရဖူ စိတ်ကောက်တာလေ"

"နေပါဦး ဘယ်သူနဲ့လဲ"

ရှင်းသန့် သိချင်စိတ်နဲ့ ချက်ချင်း မေးမိသည်။ သရဖူ နှုတ်ခမ်းလေး ဆူပြီး

"မသိဘူး"

ရှင်းသန့် ရင်မှာ ဟစ်မျိုးဖြစ်ကာ

"မေးကြည့်ပေါ့ သရဖူ စိတ်ဝင်စားတဲ့ ကောင်လေးတစ်ယောက်ယောက်နဲ့ ဖြစ်မယ် ထင်တယ်"

"အို ဘယ်သူနဲ့ဖြစ်ဖြစ် သရဖူ မင်္ဂလာ မဆောင်ချင်သေးဘူး"

"ဘာဖြစ်လို့"

"သရဖူက ငယ်သေးတယ်ရှင့်"

"ဟွန်း ဒါလည်း သိနေတယ်ပေါ့လေ"

"သိတာပေါ့ ကိုသန့်တောင် သရဖူထက် ခုနစ်နှစ်ကြီးပြီးတော့ မင်္ဂလာမဆောင်သေးဘူး မဟုတ်လား"

"ဒါက ကိုယ့်ကိစ္စပါ"

"အခုပြောနေတာလည်း သရဖူ ကိစ္စလေ၊ သရဖူ မင်္ဂလာ မဆောင်ချင်သေးလို့ စိတ်ကောက်တာ မာမီက ဖွတ်ပဲ ဆောင်ပေးမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သရဖူ ပိုကောက်တာပေါ့၊ တော်ပြီ အဲဒီအကြောင်း မပြောတော့ဘူး ရှပ်ရှင်ပဲ ကြည့်တော့မယ်၊ ကိုသန့်လည်း ဘာမှ မပြောနဲ့တော့''

ပြောချင်ရာ ပြောပြီး ရုပ်ရှင်ပိတ်ကားပေါ် သိရဖူ မျက်လုံးပြောင်းကြည့်၏။ သရဖူ မျက်နှာလေးကို ငုံကြည့်ရင်း ရှင်းသန့် ရင်မှာ ပူလောင်စ ဖြစ်လာသည်။

သရဖူ ဘယ်သူနဲ့ မင်္ဂလာဆောင်မလို့လဲ။

သိခွင့်ရချင်တယ် သရဖူရယ်။

■ ■ ■



## အခန်း (၁၆)

''သား''

ရှင်းသန့် ကားပေါ်က မဆင်းသေးခင် မာမီ ခေါ်သံ ကြားလိုက်ရသည်။ ရှင်းသန့် ကားပေါ်က ဆင်းပြီး ဧည့်ခန်းထဲ လှမ်းဝင်ခဲ့ပြီး

''ပြော မာမီ''

''ထိုင်ဦး သားရဲ့''

ရှင်းသန့် ခြေလှမ်း အပေါ်ထပ် တက်တဲ့ လှေကားဆီ ဦးတည်နေရာမှ ဆိုဖာထိုင်ခုံတွေဘက် လှည့်လိုက်ရသည်။

မာမီက စိန်ပွင့်တွေကို ကြည့်ရှုစစ်ဆေးနေရာမှ ရပ်တန့်လိုက်သည်။ ကိုယ်ကိုလည်း သက်တောင့် သက်သာ ဖြစ်အောင် ဆိုဖာကျောမှီမှာ မှီချပြီး ရှင်းသန့်ကို ပုံမှန် မျက်နှာပေးလေးနဲ့ ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့် မာမီနဲ့ မျက်နှာချင်းဆိုင် ဆိုဖာမှာ ထိုင်ချသည်။

"ပြောပါ မာမီ"

"အင်း ပြောရမယ်ဆိုတော့ အများကြီးပဲ"

"ဘာများလဲ"

"သရဖူနဲ့ သားကိစ္စ"

"ဗျာ"

ရှင်းသန့်ကိုယ်လေး မတ်ခနဲ ဖြစ်သွား၏။ မာမီကိုပဲ စိုက်ကြည့်ပြီး နားမရှင်းလို့ ပြန်မေးမိသည်။

"ဘာပြောတယ် မာမီ"

"သရဖူနဲ့ သားကိစ္စလေ"

"သရဖူနဲ့သားက ဘာဖြစ်နေလို့လဲ"

ရှင်းသန့် မျက်မှောင်ကုတ်ပြီး မေးတော့ ဒေါ်ဆွေဆွေ သားဖြစ်သူကို နားမလည်သလို စိုက်ကြည့်သည်။

ဘယ့်နှယ် ဒီအရွယ်ရောက်နေပြီ မိခင်စိတ်မှာ ဘာရှိမှန်း အကဲမခတ်တတ်တာ အံ့ဩဖို့ ကောင်းလွန်းသည်။

"သားကတော့ တကယ်ပဲ အင်းလေ မာမီက စိတ်လောနေလို့ ဖြစ်မယ်၊ သား နားလည်အောင် ဘာမှမပြောရသေးဘဲကွယ်"

မာမီ ထိုသို့ ပြောတော့ ရှင်းသန့် မသိမသာ သက်မချသည်။ ဆိုဖာပေါ် လက်နှစ်ဖက်ဆန့်ကာ ခပ်မတ်မတ်ပြင်ထိုင်ပြီး





"ဘာလဲ မာမီ သား နားလည်အောင် ပြောလေ"

"အင်း သား နားလည်အောင်ပြောရရင် ဒေစီကို မာမီ ကမ်းလှမ်းထားတယ်၊ သားရေး သမီးရေးပေါ့ကွယ်"

"ဘယ်လို"

"ဟုတ်တယ် သား သားအတွက် သရဖူလေးကို မာမီ ကမ်းလှမ်းထားတယ်"

"ဟင်"

ရှင်းသန့် ရင်မှာ လှုပ်ရှားသွားသည်။ ဒေါ်ဆွေဆွေ သားကို တည့်တည့်ကြည့်၍ ပုံမှန်အသံနှင့် ဆက်ပြောသည်။

"မာမီ ကမ်းလှမ်းတော့ ဒေစီကလည်း လက်ခံတယ်"

"ဒါဆို သားနဲ့ သရဖူကို မိတ်ဆက်ပေးတာက"

"ရည်ရွယ်ချက်က သားတို့ချင်း စိမ်းမနေအောင်လေ"

"မဖြစ်နိုင်တာပဲ မာမီ"

ရှင်းသန့် လွှတ်ခနဲ ပြောလိုက်၏။ ဒေါ်ဆွေဆွေ မျက်ဝန်းလေး ငိုင်းစက်စက် ဖြစ်သွားပြီး

"မဖြစ်နိုင်တာ ဘာရှိလဲ သား"

"သရဖူနဲ့ သား"

ဒေါ်ဆွေဆွေ နှုတ်ခမ်းလေးမဲ့ကာ ပြုံးလိုက်သည်။ မျက်နှာကို တင်းပြီး ပြောနေသည့် သား မုံစံက ထူထူအမ်းအမ်းနှင့်။

www.burmeseclassic.com



"နေပါဦး သားနဲ့သရဖူက ဘာဖြစ်နေလို့လဲ"

"သား အဲဒါ မသိဘူး၊ သရဖူနဲ့တော့ လက်မတွဲချင်ဘူး"

"အလိုလေး"

ဒေါ်ဆွေဆွေ ရင်ဘတ်ကို လက်နဲ့ဖိလိုက်ပြီး ဆက်မေးသည်။

"သရဖူနဲ့ လက်မတွဲချင်ဘူး ဟုတ်လား"

"ဟုတ်တယ် မာမီ"

"သရဖူနဲ့ လက်မတွဲချင်ရင် သားက ဘယ်သူနဲ့ လက်တွဲချင်တာလဲ"

"သား ချစ်တဲ့သူနဲ့"

"သား ချစ်သူက ဘယ်မှာလဲ"

ဒေါ်ဆွေဆွေ လေသံက ပုံမှန်ထက် တင်းနေမှန်း ရှင်းသန့် သိလိုက်သည်။ ချစ်သူ ဘယ်မှာလဲ တဲ့။ မာမီ မေးပေမယ့် ရှင်းသန့် ဘယ်လို ဖြေရကောင်းမှန်း မသိတော့။

"ဖြေလေ သား ချစ်သူ ဘယ်မှာလဲ၊ သားမှာ ချစ်သူကော ရှိလို့လား"

ရှင်းသန့် အောင့်သက်သက် ဖြစ်သွားသည်။ ရှိတယ်လို့ ဖြေချင်ပေမယ့် တကယ် ချစ်သူမရှိတာ ကိုယ်တိုင် သိနေတဲ့အတွက် မဖြေရဲ။

"ဟွန်း"

ဒေါ်ဆွေဆွေ သားကို မဲ့ပြုံးလေးနှင့် စိုက်ကြည့်ပြီး





"သားမှာ ချစ်သူ မရှိဘူးဆိုတာ မာမီ သိတယ်၊ သိလို့လည်း မာမီ ချစ်ပြီး လက်ခံနိုင်မယ့် သရဖူကို ချွေးမတော်လိုက်ဖို့ စီစဉ်လိုက်တာ"

"မာမီ ချစ်နိုင်ပေမယ့် သား မချစ်နိုင်ဘူး"

"ချစ်ချစ် မချစ်ချစ် မာမီ စီစဉ်တာကို သား ငြင်းခွင့်မရှိဘူး"

"မာမီ"

မာမီ လက်ညှိုးလေးထောင်ကာ ရမ်းလိုက်ပြီး

"သားမှာ ချစ်သူရှိရင်တောင် သရဖူကလွဲပြီး ဘယ်မိန်းကလေးကိုမှ မာမီ ချွေးမတော်မှာ မဟုတ်ဘူး"

"သရဖူက ငယ်ငယ်လေး ရှိသေးတယ် မာမီ"

ရှင်းသန့် ငြင်းလို့ ရနိုင်နိုးနဲ့ ထိုသို့ စောဒက တက်မိသည်။ စောဒက တက်မိမှ ပိုဆိုးသွားသလိုပင်။

မာမီက လှလှပပလေး ပြုံးပြီး

"ငယ်တော့ ဘာဖြစ်လဲ"

"ဘာပဲဖြစ်ဖြစ် သားထက် အများကြီးငယ်တဲ့ ကောင်မလေးကို သား မယူပါရစေနဲ့၊ ဒီလောက် ငယ်ပြီး မိဘကို ကျိုကျနေချင်သလို နေ သွားချင်သလို သွားနေတဲ့ မိန်းကလေးက သား အိမ်ထောင်ဘက် မဖြစ်သင့်ဘူး မာမီ၊ ပြီးတော့ သရဖူက ခပ်ရဲရဲ ခပ်ဆိုးဆိုး မာမီ သိတဲ့နဲ့"

"အဲသလို ရဲပြီး အဲသလို ဆိုးမှ သားနဲ့အဆင်ပြေမှာ သားလို



www.burmeseclassic.com

www.burmeseclassic.com



အွတ္တတ္တုပုံစံနဲ့ ဘယ်မိန်းကလေးမှ မျက်စိကျမှာ မဟုတ်ဘူး။ ငယ်ငယ်နုနုလေး ချွေးပေးတဲ့ မာမီကို ကျေးဇူးမတင်တဲ့အပြင် အပြစ်မြင်နေသေးတာ အံ့ ါ ရဲ့ ရှင်းသန့်ရယ်''

ကျစ်

နားလည်မှုလွဲပြီး ရွေးချယ်ထားတဲ့ ကိစ္စကြီးကို ရှင်းသန့် ဘယ်လိုမှ လက်မခံနိုင်ပါ။ အစကတည်းက ဒီလို အစီအစဉ်မှန်းသိရင် သရဖူနဲ့ အတွေ့မခံဘဲ နေပစ်ခဲ့မှာလေ။

''ဒီမှာ သား သမီးလေး ငယ်တယ်ဆိုတာ သာမန်မိန်းကလေးတွေလို ဘာမှမသိ မတတ် နားမလည်တဲ့ ချာတိတ်မလေး မဟုတ်ဘူး။ သရဖူက အိမ်မှုကိစ္စကအစ စီးပွားရေးလုပ်ငန်း အားလုံးကို နားလည် ကျွမ်းကျင်တဲ့ မိန်းကလေး။ မာမီတို့နဲ့ မျိုးရိုးအဆင့်ချင်း၊ ဂုဏ်ချင်း အားလုံးညီတယ်လေ၊ အဘက်ဘက်က ကြည့်ပြီး သားအတွက် စိတ်တိုင်းကျ ရွေးထားတာ သား၊ မာမီ စီစဉ်တာကို သား ဘာအကြောင်းပြချက်နဲ့မှ ငြင်းလို့ မရဘူး''

ရှင်းသန့် မျက်နှာကို လွှဲကာ သက်ပြင်းရှည်ကြီး ချပြီး

''သားက''

''တော်ပြီ သား ဘာမှမပြောနဲ့ သားဘဝအတွက် မာမီ ဘယ်တုန်းကမှ မကောင်းတာ မစီစဉ်ခဲ့ဘူး၊ အကောင်းဆုံးဖြစ်အောင်ပဲ စီစဉ်ခဲ့တယ်၊ ဒါကို သား နားလည်မှုရှိရှိ လက်ခံရမယ်၊ ခုနစ်နှစ်





ငယ်တာ ဘာဖြစ်လဲ၊ သား ဒယ်ဒီနဲ့ မာမီဆို ဆယ့်ငါးနှစ်ကွာတယ်လေ''

ရှင်းသန့် နှုတ်ခမ်းနှစ်လွှာကို တင်းတင်းကြီး စေ့ထားမိ၏။ ဒယ်ဒီက မာမီထက် ဆယ့်ငါးနှစ်ကြီးတာ ရှင်းသန့် သိသည်။

မာမီ ပြောပုံက ဒယ်ဒီတောင် ဆယ့်ငါးနှစ်ငယ်တဲ့ မာမီကို ယူခဲ့သေးတာပဲ။ သားက ခုနစ်နှစ်ငယ်တဲ့ မိန်းကလေးကို ယူရမယ်လေ။ ငြင်းစရာမဟုတ်တာကို မငြင်းနဲ့ဆိုတဲ့ သဘောနဲ့ ပြောမှန်း သိသာနေသည်။

''ယောကျ်ားလေးပဲ အသက်ကြီးတာ ဘာဖြစ်လဲ အဓိက အိမ်ထောင်ရေး သာယာဖို့၊ သရဖူက သားထက် ငယ်ပေမယ့် သားကို မြတ်မြတ်နိုးနိုး ရှိတယ်လေ၊ သားကသာ မထုံတက်သေးနဲ့၊ သရဖူကို ဒေစီ ဖွင့်ပြောပြီးပြီ၊ သား ဒီလိုရေတွ အကြောင်းပြမှာစိုးလို့ သရဖူနဲ့ နီးနီးကပ်ကပ်ဖြစ်အောင် မာမီတို့ စီစဉ်ထားရဲ့နဲ့''

''မဟုတ်ဘူး မာမီ''

''ကဲ ပြော သား ဘာပြောချင်လဲ တစ်ခွန်းတည်းပြော''

''သား အိမ်ထောင်မပြုချင်သေးဘူး''

မာမီ မျက်နှာလေး မဲ့ကျသွားသည်။ ရှင်းသန့် တည်ငြိမ်အောင် ထိန်းပြီး မာမီကို ခပ်ဖျော့ဖျော့လေး ကြည့်သည်။ မာမီ ခေါင်းတစ်ချက် ရမ်းပြီး

''သားအရွယ်က အိမ်ထောင်ပြုရမယ့် အရွယ်၊ ဒီထက်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ်လို့ မကောင်းတော့ဘူး။ သား အသက်ကိုလည်း ပြန်ငဲ့ကြည့်ဦး''

''သား နောက်သုံးနှစ်လောက်''

''အပိုတွေ လျှောက်မပြောနဲ့၊ မာမီတို့ အားလုံး စီစဉ်ပြီးသား''

''ဒါဆို သရဖူနဲ့ မာမီတို့ အတင်းစီစဉ်မယ်ပေါ့''

''ဒီလောက် ပြောနေတာတောင် ထပ်မေးနေသေးတယ်''

''တောက်''

ရှင်းသန့် ရင်မှာ ဘယ်လိုမှ ထိန်းချုပ်နိုင်စွမ်း မရှိတော့။ ရင်ထဲက တက်ခေါက်လိုက်သံက မာမီ မျက်နှာကို မဲ့ရွဲ့သွားစေသည်။

''ဘာလဲ သား မာမီ စီစဉ်တာကို ငြင်းဖို့ စိတ်ကူးတာလား''

ရှင်းသန့် မော့ကြည့်လိုက်တော့ မာမီ ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်ပြီး သူ့ကို ခပ်စောင်းစောင်း ငဲ့ကြည့်ကာ

''လုံးဝ မရဘူး သား၊ မာမီ အစီအစဉ်ကို ဘာအကြောင်းကြောင့်မှ အပျက်မခံနိုင်ဘူး၊ သား ငြင်းနေရင် မာမီ ဟောဒီ ရက်ပိုင်းအတွင်း မင်္ဂလာပွဲ ဖြစ်အောင် လုပ်ဖို့ အဆင်သင့်ဖြစ်ပြီးသား''

''မာမီ''

ရှင်းသန့် ဖြေးညှင်းစွာ ထရပ်၍ မာမီကို အသနားခံသလို ကြည့်ပြီး

''မာမီ အဲလောက် မြန်မြန်ဆန်ဆန် မလုပ်ပါနဲ့နော်''





''မလုပ်စေချင်ရင် သား ငြင်းဖို့ မကြိုးစားနဲ့''

''သား ငြင်းတာ မဟုတ်ဘူး၊ သရဖူကို ညီမလေးလိုပဲ ခင်တွယ်မိတယ်၊ ဒီထက်ပိုအောင် ခံစားလို့ မရသေးဘူး၊ ပြီးတော့ သရဖူနဲ့လည်း ဒီကိစ္စ ဆွေးနွေးကြည့်ချင်သေးတယ်''

''ကောင်းပြီ ဆွေးနွေးကြည့်၊ အချိန်ဆွဲဖို့တော့ စိတ်မကူးနဲ့၊ မာမီက ဒါဆိုဒါပဲ၊ သား သိတယ်နော်''

ပြောပြီး ဧည့်ခန်းထဲက လှည့်ထွက်သွားတဲ့ မာမီ။

ရှင်းသန့် ရင်ပူစွာပဲ သက်မချရင်း

သရဖူ

မင်းနဲ့ကိုယ် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြတာပေါ့ကွာ။

■ ■ ■



www.burmeseclassic.com

## အခန်း (၁၇)

"သရဖူ"

"ဟင်"

မထင်မှတ်ဘဲ ရောက်လာတဲ့ ကိုသန့်ကို ကြည့်ပြီး သရဖူ အံ့သြသလို ဝမ်းသာအားရလည်း ဖြစ်သွားသည်။

"ကိုသန့် သရဖူဆီ လာတယ် ဟုတ်လား၊ ဘာကိစ္စရှိလို့လဲ သရဖူကို သတိရလို့လား"

ပြောရင်း ရှင်းသန့် လက်မောင်းကို တွဲခိုလာစဉ် ခပ်ဆတ်ဆတ် လေး ဖယ်ချဖို့ အလုပ်မှာ

"ဩော် သား ရောက်နေတာကိုး၊ မတ်တပ်ကြီးကွယ်၊ အေးအေး ဆေးဆေး ထိုင်ပြီးပြောပေါ့ သားရဲ့"





ဒေါ်ဒေစီကျော် ပြောရင်း ဧည့်ခန်းထဲ ဝင်လာတာကြောင့် သရဖူ လက်ကို မဖယ်ချဘဲ အောင့်သက်သက် ပြုံးလိုက်ရသည်။

"ရပါတယ် အန်တီ"

"ဘာရတာလဲ သားက တစ်မျိုးပဲ၊ သမီးနဲ့ပြောစရာရှိလို့ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ် ဒါပေမဲ့"

"ဒါပေမဲ့တွေ ဘာတွေနဲ့ အားနာမနေနဲ့ သမီးနဲ့အပြင်ထွက် ချင်လို့လား"

"မဟုတ်ဘူး အန်တီ"

ရှင်းသန့် ပျာပျာသလဲ ငြင်းလိုက်ရသည်။ အမေနဲ့သမီးက ရှင်းသန့်ရဲ့ မအီမလည် ဖြစ်နေမှုကို ကြည့်ပြီး သဘောကျစွာ ပြုံးသည်။

"ကိုသန့်က အဲလိုပဲ မာမီရဲ့ သမီးဆီ သတိရလို့ လာပြီးတော့ များ ဖြစ်နေပုံက ဝါးစားခံရမှာ ကြောက်နေသလိုလို ဘာလိုလိုနဲ့ ကိုသန့် သရဖူနဲ့ စကားပြောဖို့ မဟုတ်လား"

"အင်း"

အန်တီ ပြုံးပြုံးကြီး စိုက်ကြည့်နေတာကြောင့် ရှင်းသန့် အလိုက် သင့် ခေါင်းညိတ်ရသည်။

"အဲဒါဆိုလည်း ပြောလေ၊ အန်တီ မီးဖိုခန်း ဝင်ဦးမယ်"

အလိုက်သိသလို ရှောင်ပေးတဲ့ အန်တီကို ရှင်းသန့် ရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ပြီး ဒေါသဖြစ်ရမလို။

"လာ ကိုသန့်"

သရဖူ မျက်နှာလေးက ရှင်းသန့်နဲ့ စကားပြောခွင့်ရမှာမို့ ကြည်လင်လန်းဆန်းနေသည်။ ရှင်းသန့် လက်မောင်းကို မလွှတ်တမ်းဆွဲ၍ နှစ်ယောက်ထိုင်ဆိုဖာရှည်ပေါ် ထိုင်စေသည်။

ရှင်းသန့် စိတ်ပင်ပန်းစွာပဲ ထိုင်ချရင်း လက်မောင်းကို ဆုပ်ကိုင်ထားတဲ့ သရဖူလက်ကို ဖယ်ချလိုက်သည်။

သရဖူ အလိုမကျသလို ကြည့်၍

"ကိုသန့် ဘာဖြစ်လာတာလဲ"

"တင်းလာတာကွ"

"အန်တီနဲ့ ပြဿနာ တက်လို့လား"

"ဟုတ်တယ်"

"ဟင် ဘာပြဿနာ တက်တာလဲ ပြောလေ"

ရှင်းသန့် စိတ်ပျက်စွာဖြင့် သရဖူကို ကြည့်၍

"အဲဒါ သရဖူကြောင့်"

"ဘာ သရဖူကြောင့် ဟုတ်လား"

သရဖူ မျက်လုံးလေး ပြူးမတတ် ဖြစ်ကာမေးတော့ ရှင်းသန့် ခေါင်းညိတ်ပြီး ဆက်ပြောသည်။

"ဟုတ်တယ် သရဖူကြောင့်"





"သရဖူ ဘာလုပ်မိလို့လဲ"

"ကိုယ်နဲ့ တတွဲတွဲ ဖြစ်အောင် လုပ်နေတာလေ မာမီတို့ တစ်မျိုးမြင်ပြီး စိုးရိမ်နေတာ၊ သရဖူ သိရက်နဲ့ ဘာလို့ မဆင်ခြင်တာလဲ"

"ဘာ ဘယ်လို ကိုသန့် သရဖူက ဘာကို ဆင်ခြင်ရမှာလဲ ပြောစမ်းပါဦး"

စိတ်ကောက်ချင်ဟန် မျက်နှာပေးလေးနဲ့ ရှင်းသန့် လက်မောင်းကို လှုပ်ခါရင်း အားမလို အားမရ မေးသည်။

ရှင်းသန့် အမြင်မကြည်စွာ ကြည့်ပြီး

"သရဖူနဲ့ ကိုယ့်ကို မင်္ဂလာဆောင်ပေးဖို့ မာမီတို့ စိုးရိမ်တဲ့ကိစ္စလေ၊ သရဖူ သိသိချည်းနဲ့ ဘာလို့မသိချင်ဟန်ဆောင်နေတာလဲ"

"ဟွန့် ဘာများလဲလို့"

"ဟ ဒါအရေးကြီးတယ် ဘဝနဲ့ဆိုင်တယ်ကွ"

"ဟုတ်တယ်လေ ဘဝနဲ့ဆိုင်လို့ မာမီတို့ လူကြီးတွေ စိုးရိမ်တာပဲ"

"လူကြီးတွေ စိုးရိမ်တိုင်း လက်ခံသင့်လား"

"သင့်တယ်"

"ဟင်"

မထင်မှတ်ဘဲ ကြားလိုက်ရတော့ ရှင်းသန့် ခံပြင်းစွာ ဝုန်းခနဲ ထရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ မာမီတို့ စီစဉ်တာ သားသမီးအနေနဲ့ လက်ခံသင့်တယ်လို့ သရဖူ ထင်တယ်"

ထိုင်နေရာမှ မထဘဲ ခပ်အေးအေးပြောနေသည့် သရဖူကို သူ တအံ့တသြ ငုံ့ကြည့်လိုက်သည်။

သရဖူ မျက်နှာလေး ဆတ်ခနဲ ခါပြီး တစ်ဖက်သို့ လှည့်လျှင်

"ဒါဆို သရဖူ လက်ခံတယ်ပေါ့"

"ဟုတ်တယ် လက်ခံတယ်"

"ကိုယ် လက်ခံမယ် ထင်နေလား"

"သရဖူ စိတ်မဝင်စားဘူး"

"မင်း စိတ်မဝင်စားရင် ပိုကောင်းတယ်၊ ကိုယ်ကတော့ လုံးဝပဲ သရဖူ"

"ကိုသန့် ဆိုလိုတာက"

သရဖူ ဆတ်ခနဲ ထရပ်ပြီး မေးသည်။ ရှင်းသန့် အကြည့်ချင်းမဆုံအောင် မျက်နှာလွှဲ၍ အတည်ငြိမ်ဆုံး ဖြေသည်။

"ကိုယ် လက်မခံနိုင်ဘူး"

"ဘာဖြစ်လို့"

"သရဖူကို ကိုယ် မချစ်ဘူး"

"ဟင်"

သရဖူ အသက်မဲ့သွားသလို တစ်ကိုယ်လုံး တောင့်တင်းကာ





ကိုသန့်ကို မျက်တောင်မခတ်တမ်း စိုက်ကြည့်သည်။

သရဖူ အံ့သြသလို ဝမ်းနည်းလာသည်။ သရဖူကို မချစ်ဘူးတဲ့၊ သရဖူစိတ်က မယုံချင်သလို ဖြစ်လာသည်။

"ဟင့်အင်း သရဖူ မယုံဘူး"

သရဖူ ခေါင်းခါရင်းပြောလျှင် ရှင်းသန့် ရိုးစင်းစွာပဲ ပြန်ကြည့်၍

"ကိုယ် တကယ်ပြောတာပါ သရဖူ၊ သရဖူကို ကိုယ် ရင်လည်း မခုန်ဘူး၊ ချစ်လည်း မချစ်ဘူး"

သရဖူ ဘာမှမပြောဘဲ ဆိုဖာပေါ် အရုပ်ကြိုးပြတ် ထိုင်ချ၏။ သရဖူ မျက်နှာလေး ညှိုးကာ တိတ်ဆိတ်သွားတော့ ရှင်းသန့် အားတုံ့အားနာ ဖြစ်သွားသည်။

"ကိုယ်က ကိုယ့်ရင်ထဲက ဆန္ဒအမှန်အတိုင်း ပြောတာ၊ သရဖူ မယုံဘူးဆိုတာ ကိုယ် နားလည်တယ်၊ ဒါပေမဲ့ သရဖူ ယုံအောင် ခံစားကြည့်လို့ ရတယ်၊ သရဖူကို ကိုယ့် ညီမလေးလိုပဲ ခင်မင်တယ်၊ မာမီ ကိုယ့်ကို ဒီနေ့မှ ဖွင့်ပြောတယ်၊ ကိုယ် သိသိချင်း သရဖူနဲ့ လာတွေ့ပြီး မညာတမ်း ပြောတာပါ"

သရဖူ နားလည်လက်ခံအောင် ရှင်းသန့် သရဖူဘေးမှာ ထိုင်ချ၍ အသံလျှော့ကာ ပြော၏။

သရဖူက ရှင်းသန့် မျက်နှာကို စိုက်ကြည့်ပြီး

"ကိုသန့် မညာဘူးဆိုတာ သရဖူ လက်ခံပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို သရဖူ မာမီကို သရဖူ ပြောကြည့်လေ"

"ဘာကိုလဲ"

"သရဖူကို ကိုယ် မချစ်တဲ့အတွက် နောက်ဆုတ်ပေးဖို့"

"ကိုသန့် မချစ်ပေမယ့် နောက်ဆုတ်စရာ မလိုဘူးလေ"

"ဟင် သရဖူဆိုလိုတာက"

"ကိုသန့် မချစ်ရင်လည်း ဘာဖြစ်လဲ၊ ကိုသန့်ကို သရဖူ နားလည်ပေးနိုင်တယ်လေ"

"အဲလိုမဟုတ်ဘူး သရဖူ"

ရှင်းသန့် ပျာပျာသလဲလဲ ငြင်းသည်။ သရဖူ့ ဘာမှ အလေး မထားတတ်ဟန်လေးနဲ့ ပြောသည်။

"မင်္ဂလာဆောင်တာပဲ၊ မချစ်ရင်လည်း ဆောင်လို့ ရတယ်လေ"

"ဟေး"

"ဟုတ်တယ် မာမီ ပြောတယ်၊ အိမ်ထောင်ရေးမှာ အချစ်ထက် နားလည်မှုရှိဖို့က အရေးကြီးတယ်တဲ့"

"မ မဟုတ်သေးဘူး သရဖူ"

"ဟုတ်တယ် သရဖူက အဲလိုပဲ ယူဆတယ်၊ ကိုသန့်ကို သရဖူ နားလည်ပေးမယ်၊ ဟုတ်ပြီလား"

ရှင်းသန့် ဘာပြန်ပြောရမှန်း မသိအောင် ဆွံ့အသလို ဖြစ်သွား သည်။





"ကိုယ်မချစ်တာ သိသိချည်းနဲ့ သရဖူ မငြင်းနိုင်ဘူးပေါ့ ဟုတ်လား သရဖူ"

"ဟုတ်တယ်လေ သရဖူက မာမီ စကားကို နားထောင်ချင် တယ်၊ ကိုသန့်ကိုလည်း နားလည်တယ်၊ အန်တီဆန္ဒကိုလည်း ဖြည့်ဆည်း ပေးချင်တယ်၊ ဒါကြောင့် သရဖူ ငြင်းမှာမဟုတ်ဘူး"

"ဟင်"

"ကိုသန့်လည်း အန်တီဆန္ဒကို ငြင်းလို့ ရမှာမှ မဟုတ်တာ၊ ဘာဖြစ်လို့ စိတ်ရှုပ်ခံနေရတာလဲ ကိုသန့်ရယ်၊ အလကား လူကြီးတွေ စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်ရတယ်လို့"

"အဲဒါပဲ ကြည့်တော့ သမီးရယ်"

ပြောပြောဆိုဆို ဧည့်ခန်းထဲ တန်းဝင်လာတဲ့ မာမီ။ မာမီ့ မျက်ဝန်းမှာ ရှင်းသန့်ကို ဘဝင်မကျသလိုဖြစ်နေတဲ့ အမူအယာတွေနှင့်။

"ယောက်ျားဖြစ်ပြီး အသက်ကြီးပြီး ငယ်ရွယ်တဲ့သမီး မိန်း ကလေးလောက်တောင် အတွေးအမြင် မရှိဘူး၊ ဒေစီရော သမီး"

"ရှိတယ် အန်တီ"

"ဟော ဆွေဆွေ အသံကြားလို့ ဒေစီ ထွက်လာတာ"

ဒေါ်ဒေစီကျော်ကလည်း ဒေါ်ဆွေဆွေအသံ ကြားလိုက်သည်နှင့် မီးဖိုခန်းထဲ ချက်ချင်းထွက်လာ၍ ဧည့်ခန်းထဲ ဝင်လာသည်။

"ဟုတ်တယ် ဒေစီ၊ သားကို စိတ်မချလို့ လိုက်လာတာ၊ ထင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပဲ ဒေစီရယ် သားကိုက ဂျစ်တိဂျစ်ကန်နဲ့"

မာမီ စိတ်မရှည်သလို ပြောချလိုက်တော့ အန်တီ လှမ်းကြည့်သည်။ ရှင်းသန့် အန်တီနဲ့ မျက်နှာချင်းမဆိုင်ရဲသလို ဖြစ်ကာ မျက်နှာလွှဲလိုက်သည်။

"သားက ဘာဖြစ်လို့လဲ ပြောလေ"

ဒေါ်ဒေစီကျော် တစ်ခွန်းမေးသည်။ ရှင်းသန့် မဖြေရဲတော့။ မာမီက မျက်လုံးပြူးပြီး စိုက်ကြည့်နေတာကြောင့် မသိမသာ ခေါင်းရမ်း၍

"ဘာမှ ပြောစရာမရှိဘူး အန်တီ"

"သား ပြောစရာမရှိရင် အန်တီနဲ့သားမာမီ စီစဉ်စရာရှိတာ စီစဉ်တော့မယ် နော် သား"

ရှင်းသန့် သက်ပြင်းကြီး ရှိုက်ကာ ထရပ်လိုက်သည်။

"ဒေစီ သားကို ဦးခိုက်ပြီး ဘာမှတင်ပြမနေနဲ့၊ ဆွေဆွေတို့ စီစဉ်သင့်တာကို စီစဉ်ရမှာပဲ၊ လာ ဒေစီနဲ့ဆွေဆွေ အသေးစိတ် စီစဉ်ကြရအောင်"

ပြောပြီး မာမီက သီးသန့် ဧည့်ခန်းထဲ ဝင်သွားသည်။ ဒေါ်ဒေစီကျော်လည်း လိုက်ဝင်သွား၏။

သရဖူက ရှင်းသန့်ကို နားလည်ပေးနိုင်စွာ ငြိမ်ငြိမ်သက်သက်ကြည့်၍

"ကိုသန့် စိတ်ချမ်းသာအောင် သရဖူ ဘာလုပ်ပေးရမလဲဟင်"





"လာမမေးနဲ့"

"ကိုသန့်နော် သရဖူက အကောင်းမေးတာကို၊ မာမီတို့က ဒီလဆန်းမှာ စေ့စပ်ပွဲ လုပ်ပေးမှာတဲ့"

"တောက် ကိုယ် လုံးဝ လက်မခံဘူး"

"ကြည့် ဒါပဲ ပြောပြန်ပြီ"

"ပြောမယ် မင်းလည်း မင်းမာမီကို ပြန်ပြောလိုက်၊ ကိုယ့်တက်က လုံးဝပဲ၊ စေ့စပ်ပွဲတွေ ဘာတွေ ပျက်ရင် ကိုယ့်အဆိုး မဆိုနဲ့ ဒါပဲ"

ပြောပြီး ချာခနဲ လှည့်ထွက်ခဲ့သည့် ရှင်းသန့်။

သရဖူ နှုတ်ခမ်းလေးဆူ၍ မျက်နှာလေး ခါလိုက်သည်။

လက်မခံနဲ့ပေါ့။

ကိုသန့် လက်မခံလည်း သရဖူ ဂရုမစိုက်ပေါင်။

အချိန်တန်ရင် စေ့စပ်ပွဲက ဖြစ်ကို ဖြစ်မှာလေ။ မယုံရင် စောင့်ကြည့်လိုက်ပေါ့ ဟွန့်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

“ရှေ့ဆက် ဘာစိတ်ကူးရလဲ သေန္ဒ”

သက်မောင် ဦးစွာ မေးသည်။ ရှင်းသန့် လက်ချောင်းတွေနဲ့ ဂုတ်နောက်က ဆံပင်တွေကို စိတ်ပျက်စွာ ထိုးဖွပြီး

“ကိုယ့်ခေါင်းတွေလည်း ထူပူနေပြီကွာ၊ ဘာမှလည်း စိတ်ကူးလို့ မရတော့ဘူး”

“အဲဒါဆိုလည်း အေးရာအေးကြောင်းပေါ့ကွာ”

“ဘာလဲ ကျော်ကျော် အေးရာအေးကြောင်းဆိုတာ”

ကျော်ကျော် ရယ်ကျဲကျဲ မျက်နှာနှင့် ပခုံးပင့်သည်။ ပြတင်းပေါက်ဘောင်မှာ မေးရပ်၍ ရှင်းသန့်ကို ငုံ့ကြည့်ကာ

“ဘာမှ စိတ်ကူးလို့ မရမယ့်အတူတူ အနိတိ စီစဉ်တာကို





နာခံလိုက်ပေါ့ကွာ၊ ကိုယ်တို့လည်း တစ်ပွဲနွှဲရတာပေါ့ကွ”

ရှင်းသန့် မျက်နှာ တင်းမာသွားသည်။ ကျော်ကျော်ကို မကျေမနပ်ကြည့်၍

“မင်းကွာ ကိုယ့်စိတ်ကို သိရဲ့သားနဲ့”

“သိတယ် သိလို့တမင် ရွဲ့ပြောတာကွ”

“ကဲ တော်ကြတော့ကွာ”

နိုင်ကြီးက ဖျန်ဖြေသလို ပြောရင်း ရှင်းသန့်နဲ့ မျက်နှာချင်းဆိုင်ဆိုဖာမှာ ဝင်ထိုင်သည်။ သက်မောင် သက်မချရင်း ထိုင်နေရာမှ ထကာ ရေခဲသေတ္တာဆီ လျှောက်သွားရင်း

“အစကတည်းက မင်းကို ချစ်သူရှာပါလို့ ကိုယ် အကြံပေးခဲ့ရက်နဲ့ မင်းမှ ချစ်သူမရှာခဲ့တာ၊ ခုတော့ ခက်ပြီမဟုတ်လား”

“အဲဒါပေါ့ကွ ဒီကောင့်ကို အမြင်ကတ်ပြီး ရွဲ့ပြောချင်တာ”

ကျော်ကျော် တစ်ခွန်းဝင်ပြောသည်။ နိုင်ကြီးက သူငယ်ချင်းတွေကြား ဖျန်ဖြေရေးသမားပီပီ ဝင်ပြောရသည်။

“ဟုတ်ပါတယ်ကွာ၊ မင်းတို့ စေတနာကို သေန္ဒ နားလည်တယ်၊ သေန္ဒကလည်း တကယ် မချစ်ဘဲနဲ့ ချစ်သူမရှာချင်လို့ မရှာခဲ့တာ”

“အဲဒါပေါ့ကွ ကိုယ်တို့ ဘဝင်မကျတာ ခုတော့ ဘာအကြောင်းပြချက်နဲ့မှ ငြင်းလို့ မရဖြစ်နေပြီ မဟုတ်လား”

“ကျော်ကျော်ပြောတာလည်း မှန်ပါတယ်ကွာ၊ မင်းကိုက

www.burmeseclassic.com



ပေါက်ကြားမဟုတ်တဲ့အတိုင်းပဲ၊ မင်းဆီမှာ ချစ်သူရှိနေရင် ဘာပဲဖြစ်ဖြစ် ကိုယ်တို့ အားလုံး တစ်ခုခု စီစဉ်လို့ ရတာပေါ့ကွ''

နိုင်ကြီးကလည်း ရှင်းသန့်ကို ငဲ့ကြည့်ရင်း ပြောပြန်သည်။ သူငယ်ချင်းတွေ ပြောသလို ချစ်သူမရှာခဲ့တာ ခုမှ နောင်တရချင်ချင် ဖြစ်လာသည်။

''ပြောတော့ကွာ''

ရှင်းသန့် စိတ်ခါတ်ကျစွာ ဆိုမိသည်။ သူငယ်ချင်းအားလုံးက ရှင်းသန့်ဘက်က မခံသာသလို ဖြစ်ကြသည်။

ကျော်ကျော်က ပိုဆိုးသည်။

''ပြောရမှာပေါ့ကွ ကျောင်းတက်ကလည်းက မင်းကို ကြွေနေတဲ့ မိန်းကလေးတွေ အများကြီးရှိရဲ့နဲ့''

''သေချာတာပေါ့ကွ ကိုယ်တို့ ကောင်တွေတောင် အဲဒီ မိန်းကလေးတွေကို လိုက်ချင်စိတ်ရှိခဲ့တာ၊ မင်းက သစ်တုံးလို ငြိမ်နေတော့ ဘာထူးလဲ၊ အခက်ကြုံလာတော့ ရည်းစားမရှိတာ မကောင်းဘူးဆိုတာ သိပြီမလား''

''သိတော့လည်း နောက်ကျသွားပြီ မဟုတ်လား''

ကျော်ကျော်နဲ့ သက်မောင် အခွင့်အရေးရသည်နှင့် ပိုင်ပိုင်နိုင်နိုင် ပြောနေသည်။ သူငယ်ချင်းတွေ ပြောနေတာက မှန်နေတာကြောင့် ရှင်းသန့် စောဒက မတက်ချင်တော့။





''ဟုတ်ပါတယ်ကွာ မင်းတို့ အကြံဉာဏ်ကို ကိုယ် လက်မခံခဲ့လို့ ခုလို ဖြစ်ရတယ်ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမဲ့ နောင်တရနေလို့ ဘာထူးမှာလဲ''

''မထူးပေမယ့် ခု ညစ်နေတယ် မဟုတ်လား''

''ညစ်နေတာတွေ ရှင်းသွားဖို့ ဘယ်လိုလုပ်ရမလဲ အကြံတစ်ခုခု ပေးစမ်းပါ၊ တောင်းပန်တယ် ကျေနပ်ကြတော့ကွာ''

ရှင်းသန့် စိတ်ပျက်လက်ပျက် ပြောမှ ကျော်ကျော်တို့ ပြောချင်တဲ့ စကားတွေ ပြောထုတ်ဖို့ အားမပါသလို ဖြစ်သွားသည်။

''ဟုတ်သားပဲကွာ လောလောဆယ် သေနဲ့ အာရုံ ရှင်းသွားနိုင်တဲ့ အကြံဉာဏ် ဝိုင်းပေးကြမှ အိုကေမယ်လေကွာ၊ ကဲ ကျော်ကျော်နဲ့ သက်မောင် စဉ်းစားကြစမ်းပါ''

နိုင်ကြီး စိတ်မရှည်သလို ဝင်ပြောသည်။ ကျော်ကျော်နဲ့ သက်မောင် သက်မပြိုင်တူချကာ ဆိုဖာခုံတွေမှာ အသီးသီး ဝင်ထိုင်သည်။

သက်မောင်က ရေခဲသေတ္တာထဲက နှိုက်ယူလာသည့် ပန်းသီးကို တစ်ကိုက် ကိုက်စားရင်း ရှင်းသန့်ကို ကြည့်ကာ မေးသည်။

''သရဖူ သဘောထားကို သေချာ မေးကြည့်ပြီးပြီလား''

''မေးတာပေါ့ကွ သရဖူက ပိုဆိုးသေးတယ်''

''ဘာတဲ့လဲ''

''ကိုယ် မချစ်တာကို နားလည်ပေးနိုင်တယ်တဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အင်း အတော်လေး မင်းကို ကြွေပုံရတယ်ကွ"

"သေချာတယ် ကိုယ်တော့ လုံးဝ ငြင်းပြီး မင်းတို့ဆီ ထွက်ခဲ့တာကွ"

နိုင်ကြီး ခေါင်းရှုပ်သလို ဖြစ်ကာ ဆိုဖာပေါ်မှာ ထိုင်နေသည့် ကိုယ်က အားမရှိတော့သလို ပျော့အိသွား၏။

သရဖူက နောက်မဆုတ်ဘူး။ နှစ်ဖက်မိဘကလည်း စိစဉ်လာတော့ ရှင်းသန့် ငြင်းကွက်ကလေး မရနိုင်တာ အဆိုးဆုံးပဲဟု နိုင်ကြီး တွေးနေမိသည်။

"ခုချိန်မှာ ချစ်သူ တစ်ယောက် ပြေးရှာဖို့ လွယ်မှာမဟုတ်ဘူး"

သက်မောင်က ဒါပဲ ပြောနေသည်။ ရှင်းသန့် ရင်ထဲမှာ ချစ်သူ ရှာရေးထက် သရဖူနဲ့ လုံးဝ မပတ်သက်ဖို့ပဲ စိတ်ကူးနေမိသည်။

"ဘယ်တော့လောက် စေ့စပ်ဖြစ်မလဲ"

"ဒီလဆန်းလို့ ပြောတာပဲ"

"ဟုတ်လား ဒါဆို နှစ်ပတ်ပဲ ကျန်တော့တာပေါ့ကွ"

"ဟုတ်တယ် ကိုယ် စေ့စပ်တာ လုံးဝ လက်မခံချင်ဘူး၊ ကိုယ် ရှောင်ချင်တယ်"

ရှင်းသန့် ပွင့်ပွင့်လင်းလင်း ပြောလိုက်တော့ နိုင်ကြီးတို့ အားလုံး တွေဝေကာ တိတ်ဆိတ်သွားသည်။

အတန်ကြာမှ နိုင်ကြီး ခေါင်းတဆတ်ဆတ် ညိတ်ပြီး





"မင်း ဘယ်နည်းနဲ့ ရှောင်မလဲ"

"မာမီ မသိအောင် တစ်နေရာရာမှာ တစ်ယောက်တည်း ပုန်းနေချင်တယ်"

"ဖြစ်ပါ့မလား မင်းမာမီ ကိုယ်တို့ အားလုံးကို အရည်ဖျော်လိုက်မှာပေါ့ကွ"

"ဖျော်ဖျော်ကွာ"

"ဟ ဒီလိုတော့ မပြောနဲ့လေ၊ မင်း မာမီ ပါဝါကို မင်းသိရဲ့သားနဲ့ ပွဲကြမ်းနေလို့ အားလုံးရှုပ်ကုန်မယ်"

ကျော်ကျော် ညည်းတွားသလို ပြော၏။

"ဟုတ်တယ် သေန့် ကျော်ကျော် ပြောသလို ရှုပ်ကုန်မယ်ကွ"

သက်မောင်ကလည်း စိုးရိမ်စွာ ပြောသည်။ ရှင်းသန့် သက်ပြင်းချမိသည်။ အခြေအနေက ရှေ့တိုးဖို့လည်း မလွယ် နောက်ဆုတ်ဖို့လည်း အခက်။

"သေချာတယ် သေန့် မင်းမာမီက ကိုယ်တို့ အားလုံးကို မွှေသိမ့်မယ်၊ ငါတို့ကောင်တွေ အားပေးအားမြှောက် လုပ်တယ် ဘာညာပြဿနာ လုပ်လာရင် ငါတို့ မိဘတွေပါ ခေါင်းရှုပ်ရမယ်၊ တခြားနည်း တွေးစားကွာ"

နိုင်ကြီး တွေးတွေးဆဆ ပြောပြန်သည်။

"ဖြစ်ဖြစ်ကွာ အခုက မာမီ ကိုယ့်ကို ရှာမတွေ့ရင် ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့် ခေါင်းဆတ်စွာ ဖွတ်ပြောသည်။

"နေပါဦး ရှာမတွေ့အောင်"

"ဟုတ်တယ်လေကွာ"

ကျော်ကျော် မျက်ခုံး တွန့်ကာ မျက်နှာမဲ့လျက် ပြောသည်။

"ကြွက်တွင်းထဲ ဝင်ခိုနေမှပဲရမယ်"

"ကြွက်တွင်းဖြစ်ဖြစ် မြွေတွင်းဖြစ်ဖြစ် ကိုယ် ပုန်းနေချင်တယ်ကွာ၊ အစ်ကိ မာမီ ဘယ်လိုပဲ မေးမေး မင်းတို့ မသိဘူးဆိုပြီး ငြင်းပစ်ကွာ၊ မင်းတို့ ငြင်းရင် မာမီ ဘာတတ်နိုင်မလဲ"

"အင်းလေ မင်း စိတ်ထက်သန်နေရင်လည်း ရှောင်နေပေါ့ကွာ"

နိုင်ကြီးက ရှင်းသန့် စိတ်အလိုအတိုင်း ပြောသည်။ ကျော်ကျော်နဲ့ သက်မောင်က အားမပေးချင်ပေမယ့် တစ်ခွန်းစီ မေးသည်။

"ရှောင်နေလို့ အန်တီက စေ့စပ်ပွဲကို ဖျက်မယ် ထင်လား"

"ဟုတ်တယ် သေနဲ့ စေ့စပ်ပွဲ မပျက်ရင် ဘယ်လိုလုပ်မလဲ"

"ဟ ကိုယ်မရှိရင် ဘယ်လိုလုပ် စေ့စပ်ပွဲ ဖန်တီးလို့ရမှာလဲ"

"စေ့စပ်ပွဲဖျက်ဖို့ အကြံထုတ်တာ ကောင်းလားဆိုပြီး ချက်ချင်း မင်္ဂလာဆောင်ပေးလိုက်ရင်တော့ သေနဲ့ ပိုဆိုးနေမယ်ဆိုတာလည်း ဆင်ခြင်ဦး"

"သက်မောင် ဆင်ခြင်ဖို့ ဘာညာမပြောနဲ့ကွာ၊ ကိုယ် ရှောင်မယ် မင်းတို့ ကူညီကြ"





"မင်း ပဲခူးမှာ ရှောင်နေမလား၊ ကိုယ့်သူငယ်ချင်း တစ်ယောက် ပဲခူးမှာ ရှိတယ်၊ မင်းသွားရင် ကိုယ် ခုချက်ချင်း ဖုန်းဆက်ပေးမယ်"

ကျော်ကျော် အပီအပြင် ဆိုသည်။ ပဲခူး တဲ့။ ရှင်းသန့် ခပ်တိုးတိုး ရွတ်ပြီး ခေါင်းရမ်းသည်။

"အဲလောက် ဝေးဝေး မရှောင်ချင်ဘူး"

"ဝေးတော့ ကောင်းတာပေါ့ကွ"

"မကောင်းဘူး ပဲခူးမှာ မာမီ့ မိတ်ဆွေတွေ ပေါလွန်းလို့ တစ်ယောက်ယောက် တွေ့သွားရင် ပိုဆိုးသွားမယ်"

"အင်း အဲဒါလည်း ဟုတ်သားပဲ"

သက်မောင် ခပ်တိုးတိုး ပြောရင်း ရှင်းသန့်ကို ငေးကြည့်သည်။

"ကိုယ်က သိပ်ဝေးဝေး မရှောင်ချင်ဘူး ပြီးတော့ မင်းတို့နဲ့လည်း အလှမ်းမဝေးချင်ဘူး၊ တစ်ခုခု ကိစ္စရှိတာနဲ့ မင်းတို့နဲ့ တိုင်ပင်လို့လည်း ရအောင်လို့ကွာ"

ရှင်းသန့် ပုံမှန်အသံလေးနဲ့ ပြောတော့ နိုင်ကြီးနဲ့ ကျော်ကျော် အဘောပေါက်သလို ခေါင်းဆတ်သည်။

"ဟုတ်တယ် ရှင်းသန့် ပြောသလို ကောင်းတယ်၊ အနီးအနားမှာပဲ လုံအောင် ပုန်းရှောင်တာ ပိုကောင်းမယ် နိုင်ကြီး"

"ကိုယ်လည်း အဲဒါပဲ စဉ်းစားနေတာ ကျော်ကျော်ရ"

"ဘာမှ မစဉ်းစားနဲ့တော့ သေနဲ့ ပုန်းချင်ရင် ကိုယ့်ဆီမှာပဲ

www.burmeseclassic.com



ပုန်းနေတော့ကွာ”

သက်မောင် ဖျတ်ခနဲ ဝင်ပြောသည်။ ကျော်ကျော် မျက်ခုံးနှစ်ဖက် ပင့်၍ ရှင်းသန့်ကို ကြည့်သည်။

ရှင်းသန့် သဘောက ဘယ်လိုလဲပေါ့။ ရှင်းသန့် ခဏ စဉ်းစားပြီးမှ

“သက်မောင်ဆီမှာ မလွယ်ဘူး”

“ဘာဖြစ်လို့”

သက်မောင် မျက်ခုံးတွန့်ပြီး မေးတော့ ရှင်းသန့်က

“မင်းတိုက်မှာက မိသားစု များတယ်ကွ၊ မာမီ မင်းဆီ လာပြီး ဘာညာမေးလို့ တစ်ယောက်ယောက်က အလွဲလွဲ အချော်ချော် ပြောနေရင် ဘူးပေါ်သလို ပေါ်သွားမှာပေါ့ကွ”

“ဟုတ်သားပဲ သက်မောင်”

ကျော်ကျော်ကလည်း ထောက်ခံသည်။ သက်မောင်တို့ တိုက်မှာက မိသားစုဝင်တွေ များသည်။ အန်တီက ခပ်လည်လည် ခပ်ထက်ထက်တော်ရုံလိမ်လို့ ညာလို့ မရဘဲ ဖြစ်နေရင် ခက်မည်။

ရှင်းသန့်ကို ဖွက်ထားရ ကောင်းလားဆိုပြီး ပြဿနာ ရှာနိုင်တယ်လေ။

“အဲဒါဆို ကျော်ကျော်ဆီမှာကွာ”

ကျော်ကျော် ခြေချိတ်ထိုင်နေရာမှ ကြိမ်ခုံဝိုင်းလေးပေါ် ခြေ





ထောက်ဆန့်တင်ရင်း

“မဖြစ်ဘူး”

“ဘာဖြစ်လို့”

“ကိုယ့် မေမေက မင်းမာမီရဲ့ သြဇာခံလေကွာ”

“အဲဒါလည်း ဟုတ်သားပဲ”

ရှင်းသန့် ပြောရင်း စိတ်ပျက်လာသည်။ နိုင်ကြီးကို အားကိုးတကြီး ကြည့်တော့ နိုင်ကြီး ခေါင်းဆတ်ရင်း

“ကိုယ့် တိုက်ခန်းမှာ လာနေကွာ”

“ဟ ဟုတ်တယ်ကွ နိုင်ကြီးတို့ တိုက်ခန်းမှာ သွားနေ၊ နိုင်ကြီးနဲ့ လွင် နှစ်ယောက်တည်း ပြီးတော့ နိုင်ကြီး မိဘတွေနဲ့ အန်တီက သိပ်ရင်းရင်းနှီးနှီး ရှိတာ မဟုတ်ဘူး။ အဲဒီတော့ အဆင်ပြေနိုင်တယ်ကွ”

သက်မောင် အားတက်သရော ပြောသည်က အကောင်းဆုံးဟု ရှင်းသန့် မြင်သွားသည်။

“ဟုတ်တယ် နိုင်ကြီး မင်းဆီမှာ ကိုယ် ရှောင်နေမယ်ကွာ”

“မင်းသဘောကွာ”

နိုင်ကြီး လိုက်လိုက်လျောလျော ပြောမှ ရှင်းသန့် ရင်ထဲ ငြိမ်းချမ်းသွားသလို ဖြစ်သွားသည်။

“ကဲ မင်း ဘယ်တော့ လာနေမှာလဲ”

“မာမီ အခြေအနေကို တစ်ချက် စောင့်ကြည့်လိုက်မယ် ဟေ့



www.burmeseclassic.com

www.burmeseclassic.com



ဘ ဖွတ်စိစည်ပြီဆိုရင် ကိုယ်လည်း ဖွတ်ရှောင်မှာပဲ''

''အိုကေ''

နိုင်ကြီး လက်ဖျောက်တစ်ချက် တီးလိုက်သည်။ ထိုစဉ်

''တီ တိ့ တီ''

ရှင်းသန့် အင်္ကျီအိတ်ထဲ ထည့်ထားသည့် လက်ကိုင်ဖုန်းလေး မြည်လာသည်။ ဖုန်းမြည်သံကို ရှင်းသန့်တို့ အားလုံး စိတ်ဝင်စားသွား၏။

ရှင်းသန့် ဖုန်းကို ကိုင်လိုက်တော့ မာမီ့ဖုန်းမှန်း သိသွားသည်။

''မာမီ ပြော''

ရှင်းသန့် နားထောင်ရင်း ပြောလိုက်တော့ မာမီအသံ စူးစူးက ဒိုင်းခနဲ ဆောင့်ဝင်လာသည်။

''သား ခုချက်ချင်း လာခဲ့''

''ဘာ ဘာလုပ်ဖို့လဲ မာမီ''

''ဟဲ့ ဧစပ်ပွဲအတွက် ဝတ်စုံ ဝယ်ရမယ်လေ၊ သားနဲ့ လိုက်ဖက်မယ့် အရောင်နဲ့ အဆင် ရွေးရမယ် မြန်မြန်လာခဲ့''

ပြောပြီး မာမီ ဖုန်းချသွားတော့ ရှင်းသန့် ရင်မှာ ပူလောင်လာသလို ခေါင်းလည်း ရမ်းလိုက်မိသည်။

''ဘာတဲ့လဲ''

''ကိုယ် အခုပဲ ရှောင်တော့မယ်ကွာ၊ မာမီက ဖွတ်''



ရှင်းသန့် ပြောတော့ သူငယ်ချင်းတွေ အားလုံး သဘောပေါက်သွားသည်။

''ကောင်းပြီလေ သေန့် ကိုယ်နဲ့လိုက်ခဲ့တော့''

နိုင်ကြီး ထိုင်ရာမှ ထ၍ ခေါ်လျှင် ရှင်းသန့် ချက်ချင်းပဲ ထသည်။

''ကဲ နိုင်ကြီးနဲ့ သေန့် မြန်မြန်သွားတော့''

သက်မောင်တို့လည်း ထရပ်ရင်း ပြောသည်။ နိုင်ကြီးနဲ့ ရှင်းသန့် သက်မောင်ရဲ့ ညှော်ခန်းထဲက ခပ်သွက်သွက် ထွက်ခဲ့မိသည်က မာမီ အစီအစဉ်ကို ရှောင်ဖို့ ခြေလှမ်းစခြင်းပဲ ဖြစ်သည်။

မာမီရယ်

သား ခံစားချက်ကို နားလည်ပေးပါဗျာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"အန်တီ အစီအစဉ်ကို လက်မခံချင်လို့ ကိုသန့် ကိုကို့ဆီ ရှောင်ခဲ့တာ စနိုး"

စနိုး သက်မလေး ချမိသည်။ လွင်က စနိုးကို ကြည့်ရင်း စာနာနားလည်စွာပဲ ဆက်ပြောသည်။

"ကိုသန့်က စနိုးကို ချစ်နေတာပဲဟာ စိတ်ပူမနေပါနဲ့"

"ပြောရက်လိုက်တာ လွင်ရယ်"

"လွင် သိတယ် ကိုသန့် စနိုးကို ဆက်သွယ်လာမှာပါ၊ လောလောဆယ် အန်တီက ကိုသန့်ကို ဘယ်လိုပုံစံနဲ့ ချုပ်နှောင်ထားမှန်းမှ မသိတာ၊ ကိုကိုတို့လည်း ကိုသန့်နဲ့ အဆက်အသွယ် ရဖို့ ကြိုးစားနေတယ်လေ"



စနိုး သက်မရှည်ကြီး ချမိပြန်သည်။ လွင်က စနိုး ထိုင်နေသည့် ဆိုဖာခုံ လက်တန်းမှာ မှေးထိုင်၍ စနိုးကို နှစ်သိမ့်ပေးလိုစွာပဲ ကြည့်သည်။

"လွယ်ပါ့မလား လွင်ရယ်"

"စိတ်ချပါ ကိုကိုတို့ သူငယ်ချင်းတွေအားလုံး စနိုးနဲ့ ကိုသန့် ချစ်သူဖြစ်တာ သိပြီးလို့ ဝမ်းသာနေကြတာ စနိုးရဲ့"

"ဘာပဲဖြစ်ဖြစ် ကိုကိုက ကိုကို့မာမီ ဆန္ဒကို လွန်ဆန်လို့မှ မရတာ"

"လွန်ဆန်လို့ မရပေမယ့် အန်တီ ဆန္ဒကို လိုက်လျောမှာ မဟုတ်ဘူး၊ သရဖူကို မချစ်လို့ ရှောင်ရဲတဲ့ သတ္တိရှိနေတာလေ စနိုးရဲ့"

"စနိုးကတော့ ရင်ပူတာပဲ သိတယ် လွင်ရယ်"

"မပူပါနဲ့ စနိုးရယ် စနိုးကို ကိုသန့် ချစ်နေတဲ့အတွက် အန်တီကို ရဲရဲချည်း ငြင်းဖို့ အကြောင်းပြချက် ရသွားပြီလေ၊ မဟုတ်ဘူးလား စနိုး"

"ဘယ်လောက် အကြောင်းပြချက်ရှိရှိ ခုတောင် စနိုးကို မဆက်သွယ်တာ ဘာကြောင့်လဲဆိုတာ စဉ်းစားပါဦး လွင်ရယ်"

"အခြေအနေ မပေးသေးလို့ ဖြစ်မှာပေါ့"

"အဲလို အခြေအနေ မပေးလေ စနိုး ရင်ပူရလေပေါ့ လွင်ရယ်"

စနိုး ပြောနေတာလည်း ဟုတ်နေတာကြောင့် လွင် ရှေ့ဆက်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပြောပြီး ဖြေသိမ့်ပေးရမှန်း မသိတော့။

ကိုကိုနဲ့ ကိုကို့သူငယ်ချင်းတွေ မနက်က ပြောနေကြတာက

"သေန့်ကို အန်တီ အခန်းတံခါး ပိတ်ထားတာတဲ့ကွ"

"ဟေ"

နိုင်ကြီး အကြီးအကျယ် အံ့ဩသွားသည်။

"အဲလောက်တောင်ပဲလား"

"ဟုတ်တယ် သေန့်တို့အိမ်က အိမ်ဖော် အဒေါ်ကြီးကို မေးကြည့်လို့ သိတာကွ၊ ကိုယ်လည်း မျက်နှာပြောင်ပြောင်နဲ့ မဝင်ရဲဘူး၊ သေန့် ရှောင်တဲ့ကိစ္စက ကိုယ်တို့ ပယောဂ မကင်းဘူးဆိုပြီး အန်တီ တင်းနေတာလေ"

ကျော်ကျော် ခပ်လေးလေး ပြောသည်။

"ဒါဆို ဘယ်လိုလုပ်မလဲ"

သက်မောင် မေးပေမယ့် ဘယ်သူမှ ဘာမှပြန်မပြောဖို့ စကား စ ရှာမတွေ့အောင် ဖြစ်ကုန်သည်။ တအောင့်ကြာမှ

"ကိုယ်လည်း အဲဒါပဲ ခေါင်းစားနေတာကွ"

နိုင်ကြီး စိတ်ရှုပ်သလို တစ်ခွန်းပြောသည်။ လွင်က ကိုကို့ သူငယ်ချင်းတွေအတွက် ကော်ဖီ ပန်းကန်တွေ ချပေး၍ ဧည့်ခံနေရာမှ တိတ်ဆိတ်စွာပဲ ကိုကိုတို့ ပြောသမျှကို ထိုင်ပြီး နားထောင်နေမိသည်။

"ဒါနဲ့ စနိုးဆိုတဲ့ မိန်းကလေးကရော သေန့်ကို နားလည်ပေး





နိုင်မလား"

"အဲဒီအတွက် မပူပါနဲ့ စနိုးကို လွင် ဖျောင်းဖျလို့ ရပါတယ်"

ကျော်ကျော် ပြောတော့ လွင် တစ်ခွန်းဝင်ပြောသည်။

"သရဖူနဲ့ကော တွေ့သေးလား သက်မောင်"

"ကိုယ် သွားတွေ့တော့ သရဖူက ဘာမှလာမပြောနဲ့တဲ့၊ သေန့်ကို ကိုယ်တို့က ဝိုင်းမြှောက်လို့ သေန့် ရှောင်တာ ဘာညာဆိုပြီး ကိုယ့်ကို ပြောလွှတ်တာကွ၊ ကိုယ်လည်းဘာမှမပြောသာဘဲ လှည့်ပြန်ခဲ့ရတယ်ကွ"

သက်မောင် ခပ်အေးအေးပဲ ရှင်းပြသည့်အခါ နိုင်ကြီး စိတ်ဓာတ်ကျသလို ဖြစ်သွားသည်။ အတန်ကြာ ငြိမ်သက်နေကြပြီးမှ နိုင်ကြီးက

"ဘာပဲဖြစ်ဖြစ် သေန့်ဘက်က ဆက်သွယ်လာရင် ကိုယ်တို့ အဆင်သင့် ဖြစ်နေပစေကွာ"

"စိတ်ချစမ်းပါ နိုင်ကြီးရာ"

"ကဲ အဲဒါဆို ကိုယ်တို့ အခြေအနေ စောင့်ကြည့်မယ်၊ သေန့်နဲ့ တွေ့ခွင့်ရဖို့ ကြိုးစားမယ်၊ အန်တီ မရိပ်မိဖို့ အရေးကြီးတယ် သွားစို့"

ကော်ဖီသောက်ပြီး ကိုကိုတို့ သူငယ်ချင်းတွေအားလုံး ထွက်သွားတော့ လွင် သက်ပြင်းလေး ချသည်။

ကိုကိုတို့ သူငယ်ချင်းတွေကိုတောင် အန်တီက ကိုသန့်နဲ့ တွေ့ခွင့် မပေးဘူးဆိုရင် စနိုးနဲ့ တွေ့ခွင့်ရဖို့ဆိုတာ လွင် မတွေးရက်တော့။



www.burmeseclassic.com

www.burmeseclassic.com



စနီး ဝမ်းနည်းနေမှာ စိုးလို့ လွှင် မပြောဘဲ ချန်ထားခဲ့သည်။

ဖွင့်ပြောလိုက်လျှင် စနီး နှလုံးသား ပို၍ ပူလောင်သွားမှာ လွှင် သိတယ်လေ။

"လွှင်"

လွှင့် လက်မောင်းလေးကို ဆုပ်ကိုင် လှုပ်ခါ၍ စနီး မေးမှ လွှင် အသိဝင်လာသည်။

"ဘာ ဘာလဲ စနီး"

"စနီး ကိုကိုတို့ နေတဲ့ လမ်းဘက်သွားပြီး လေ့လာကြည့်ရင် ကောင်းမလားဟင်"

"အို စနီးရယ် ဒီလောက်ထိ မလိုသေးဘူးဟ၊ လွှင့်အစ်ကိုနဲ့ သူ့သူငယ်ချင်းတွေ ကိုယ်နဲ့ တွေ့ခွင့်ရဖို့ ကြိုးစားနေတယ်လေ၊ စိတ်လျှော့ထားပါ စနီးရယ် နော်"

"စိတ်လျှော့ထားမှ ကိုကိုနဲ့ သရဖူ မင်္ဂလာဆောင်တဲ့ သတင်း ထွက်လာမှ ဟုတ်နေမယ် လွှင်ရဲ့"

လွှင် သက်မလေး ချ၍ စနီး မျက်နှာလှလှလေးကို ငေးကြည့်သည်။ ချစ်သူ မရှိခင်က အပူအပင် ကင်းနေခဲ့တဲ့ စနီး မျက်နှာချောချော လေးက ခုတော့ သောကတွေနဲ့ ဆူဝေနေတာ မြင်တော့လည်း လွှင် သနားစိတ်လေး ဝင်လာသည်။

"နော် လွှင် လွှင်နဲ့စနီး မသိမသာ လိုက်ကြည့်ရအောင်လား





စနီးတို့ကို ဘယ်သူမှ သိတာ မဟုတ်ဘူး သွားစို့နော်"

စနီး အတင်း ပူဆာနေတော့လည်း လွှင် မတားရက်တော့။

"ကဲပါ စနီးသဘော"

"အဲဒါဆို သွားရအောင်လေ"

စနီးက ပြောရင်း ထိုင်ရာမှ ထလိုက်သည်။

"ခုချက်ချင်းလား"

"အင်း"

အဖြစ်သည်းရန်ကောလို့ လွှင် မပြောရက်တော့။ စနီးက စိတ်ထက်သန်နေတော့လည်း သွားကြတာပေါ့။

■ ■ ■

ရှင်းသန့် စိတ်ဆိုးဆိုးနှင့် မာမီနဲ့လည်း စကားမပြောတော့။ အခန်းထဲမှာ စိတ်ပျက်လက်ပြတ် ထိုင်ရင်း စဉ်းစားနေရတာ မွန်းကြပ်လှသည်။

မာမီက အခန်းတံခါး ပိတ်ထားရုံမက ရှင်းသန့် လက်ကိုင်ဖုန်းနဲ့ အခန်းထဲရှိ ကြိုးဖုန်းပါ သိမ်းထားတဲ့အတွက် ပိုဆိုးသည်။

ဖုန်းရှိရင် စနီးကို အဆက်အသွယ် လုပ်၍ ရနိုင်သည်။

ခုတော့ စနီးဆီ အဆက်အသွယ် လုပ်၍မရသလို သူငယ်ချင်း တွေနဲ့ အဆက်ဖြတ်ခံထားရတော့ ရှင်းသန့် တစ်ကိုယ်တည်း ပူလောင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ပူတာတွေ သက်သာလို သက်သာငြား ခုတင်ပေါ်ထိုင်နေရာမှ ထကာ ပြတင်းပေါက်မှန်တံခါး တွန်းဖွင့်လိုက်သည်။

လေနုအေး တချို့ ပြေးဝင်လာသည်။ ရှင်းသန့် အားရပါးရ ရှူရှိုက်ရင်း အကြံကောင်းတစ်ခုခု ရလိုရငြား ခြံထဲ ငေးလိုက် ခြံပြင် ကြည့်လိုက်နှင့် တွေးနေမိသည်။

ထိုစဉ်

ကားအဖြူလေး ခြံရှေ့ ဖြည်းဖြည်းလေး မောင်းနေသည်ကို ရှင်းသန့် ငေးခနဲ ကြည့်မိသည်။

ထိုကားလေး ခေါက်တုန့် ခေါက်ပြန် မောင်းနေတော့ ရှင်းသန့် သတိထားမိလာသည်။ ကားမှန်အနက်တွေကြောင့် ဘယ်သူ ဘယ်ဝါ မှန်းမသိပေမယ့် ကြည့်နေရင်း ရင်ခုန်သံတို့ မြန်လာသည်။

ထိုအခါ ကားလေးက ခြံထောင့်ဘက်မှာ ထိုးရပ်သွားသည်။

ကားမောင်းသူ နေရာမှ မိန်းကလေး တစ်ယောက် ဆင်းလာသည်။ ထိုမိန်းကလေးကို မြင်လျှင် စနိုးဆိုတဲ့ အသိက နှလုံးသားကို ပရမ်းပတာ လှုပ်ခါသွားစေသည်။

စနိုး၏ အပြာရောင် ဝမ်းဆက်လေးနှင့် ကြော့ကြော့လေး လှနေဟန်က ရှင်းသန့် မျက်ဝန်းအစုံကို ယစ်မူးဖွယ် ငေးမောသွားစေသည်။

စနိုးနဲ့အတူ လွင်လည်း ကားပေါ်က ဆင်းသည်။ စနိုး ရှင်းသန့်





အခန်းဆီ လှမ်းကြည့်လျှင် ပြတင်းပေါက် လိုက်ကာစလေးကိုင်ပြီး လှမ်းကြည့်နေသည့် ကိုကို။

ဝေးနေပေမယ့် အကြည့်တို့ ဆုံသွားစဉ် ချစ်သူချင်း ရင်ခုန်သံတွေ ကူးယှက်သွား၏။

ရှင်းသန့် ရင်ခုန်စွာ လက်ဟန်ကလေးနဲ့ အခန်းပိတ် ခံထားရကြောင်း ပြောမိသည်။ လွင်က လက်ဟန်ခြေဟန်လေးနဲ့ ပြောပြန်သည်။

အုတ်ရိုးပေါ် စာတစ်စောင် တင်သွားတယ်ဆိုတဲ့ အကြောင်း။

ရှင်းသန့် ရင်မှာ မထိန်းနိုင် မသိမ်းနိုင် လှုပ်ရှားသွား၏။ ခုချက်ချင်း ပြေးယူချင်သည့်စိတ်တို့ ဖြစ်လာသည်။

မာမီက အခန်းသော့ခတ်ထားသည့်အတွက် ခက်လှသည်။

လွင်နဲ့စနိုး ကားပေါ် တက်၍ လျှောခနဲ မောင်းထွက်သွားလျှင် ရင်မှာ ဟာခနဲ ဖြစ်သွားသည်။

ရှင်းသန့် ကိုယ့်ကိုယ်ကို အားမလိုအားမရ ဖြစ်မိသည်။ စနိုး လောက်တောင် ရှင်းသန့် နှလုံးသားမှာ ချစ်သတ္တိတွေ ရှိမနေပါလား ဆိုတဲ့အသိ ဝင်လာသည်။

ရှင်းသန့် အခန်းထဲ ခေါက်တုန့်ခေါက်ပြန် လျှောက်ရင်း မာမီကို ဘယ်လိုရင်ဆိုင်ရင် ကောင်းမလဲ စဉ်းစားမိသည်။

လောလောဆယ် အရေးကြီးတာက အုတ်ရိုးပေါ်တင်သွားတဲ့ စနိုး စာကို ဖတ်ချင်စိတ် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ပူတာတွေ သက်သာလို သက်သာငြား ခုတင်ပေါ်ထိုင်နေရာ မှ ထကာ ပြတင်းပေါက်မှန်တံခါး တွန်းဖွင့်လိုက်သည်။

လေနုအေး တချို့ ပြေးဝင်လာသည်။ ရှင်းသန့် အားရပါးရ ရှူရှိုက်ရင်း အကြံကောင်းတစ်ခုခု ရလိုရငြား ခြံထဲ ငေးလိုက် ခြံပြင် ကြည့်လိုက်နှင့် တွေးနေမိသည်။

ထိုစဉ်

ကားအဖြူလေး ခြံရှေ့ ဖြည်းဖြည်းလေး မောင်းနေသည်ကို ရှင်းသန့် ငေးခနဲ ကြည့်မိသည်။

ထိုကားလေး ခေါက်တုန့် ခေါက်ပြန် မောင်းနေတော့ ရှင်းသန့် သတိထားမိလာသည်။ ကားမှန်အနက်တွေကြောင့် ဘယ်သူ ဘယ်ဝါ မှန်းမသိပေမယ့် ကြည့်နေရင်း ရင်ခုန်သံတို့ မြန်လာသည်။

ထိုအခါ ကားလေးက ခြံထောင့်ဘက်မှာ ထိုးရပ်သွားသည်။

ကားမောင်းသူ နေရာမှ မိန်းကလေး တစ်ယောက် ဆင်းလာ သည်။ ထိုမိန်းကလေးကို မြင်လျှင် စနိုးဆိုတဲ့ အသိက နှလုံးသားကို ပရမ်းပတာ လှုပ်ခါသွားစေသည်။

စနိုး၏ အပြာရောင် ဝမ်းဆက်လေးနှင့် ကြော့ကြော့လေး လှနေဟန်က ရှင်းသန့် မျက်ဝန်းအစုံကို ယစ်မူးဖွယ် ငေးမောသွားစေ သည်။

စနိုးနဲ့အတူ လွင်လည်း ကားပေါ်က ဆင်းသည်။ စနိုး ရှင်းသန့်





အခန်းဆီ လှမ်းကြည့်လျှင် ပြတင်းပေါက် လိုက်ကာစလေးကိုင်ပြီး လှမ်း ကြည့်နေသည့် ကိုကို။

ဝေးနေပေမယ့် အကြည့်တို့ ဆုံသွားစဉ် ချစ်သူချင်း ရင်ခုန်သံ တွေ ကူးယှက်သွား၏။

ရှင်းသန့် ရင်ခုန်စွာ လက်ဟန်ကလေးနဲ့ အခန်းပိတ် ခံထားရ ကြောင်း ပြောမိသည်။ လွင်က လက်ဟန်ခြေဟန်လေးနဲ့ ပြောပြန်သည်။

အုတ်ရိုးပေါ် စာတစ်စောင် တင်သွားတယ်ဆိုတဲ့ အကြောင်း။

ရှင်းသန့် ရင်မှာ မထိန်းနိုင် မသိမ်းနိုင် လှုပ်ရှားသွား၏။ ခုချက်ချင်း ပြေးယူချင်သည့်စိတ်တို့ ဖြစ်လာသည်။

မာမီက အခန်းသော့ခတ်ထားသည့်အတွက် ခက်လှသည်။

လွင်နဲ့စနိုး ကားပေါ် တက်၍ လျှာခနဲ မောင်းထွက်သွားလျှင် ရင်မှာ ဟာခနဲ ဖြစ်သွားသည်။

ရှင်းသန့် ကိုယ့်ကိုယ်ကို အားမလိုအားမရ ဖြစ်မိသည်။ စနိုး သောက်တောင် ရှင်းသန့် နှလုံးသားမှာ ချစ်သတ္တိတွေ ရှိမနေပါလား ဆိုတဲ့အသိ ဝင်လာသည်။

ရှင်းသန့် အခန်းထဲ ခေါက်တုန့်ခေါက်ပြန် လျှောက်ရင်း မာမီကို ဘယ်လိုရင်ဆိုင်ရင် ကောင်းမလဲ စဉ်းစားမိသည်။

လောလောဆယ် အရေးကြီးတာက အုတ်ရိုးပေါ် တင်ထားတဲ့ စနိုး စာကို ဖတ်ချင်စိတ် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစာ ဖတ်ခွင့်ရဖို့ မာမီဆီမှာ ချွဲနွဲ့လိုက်ရင်တော့ ဖြစ်နိုင်သည်။ မာမီကို ကပ်ချွဲပြီး ခြံထဲ ဆင်းပြီး လမ်းလျှောက်ချင်တယ်လို့ ခွင့်တောင်းမည်။ ပြီးတော့ စာလေးကို မသိမသာ ဝှက်ယူပြီး တိတ်တိတ်လေး ဖတ်ရမည်။

စာဖတ်ပြီးမှ မာမီကို ဘယ်လိုရင်ဆိုင်သင့်လဲဆိုတာ စဉ်းစားဆုံးဖြတ်တာပေါ့။

ဟုတ်တယ်။

ထိုအကြံ အကောင်းဆုံးပင်။

ထိုစဉ် အခန်းတံခါးကြီး ဖျတ်ခနဲ ပွင့်လာသည်။

မျှော်လင့်တကြီး ကြည့်လိုက်တော့ သရဖူ။ အခန်းသော့က သရဖူ လက်ထဲမှာ။ သရဖူ သော့တွဲလေးကို ကိုင်ပြီး အခန်းထဲ တန်းဝင်လာသည်။

ရှင်းသန့် အခန်းထဲ ခေါက်တုန့် ခေါက်ပြန် လမ်းလျှောက်နေရာမှ ရပ်တန့်ကာ သရဖူကို ကြည့်ပြီး

"မာမီကော"

"ဟွန့် ကိုသန့် သရဖူ လာတာ မြင်မြင်ချည်းနဲ့ အန်တီကိုပဲ မေးနေတယ် သရဖူကို မေးပေါ့လို့"

လောလောဆယ် မာမီက သရဖူကို အခွင့်အရေးပေးထားတဲ့ အတွက် သရဖူနဲ့ ပြေလည်အောင် စကားပြောလို့ရလျှင် စနိုးစာကို





ယူခွင့်ရနိုင်သည်။

ဟုတ်ပြီ ဖျတ်ခနဲ ရလာတဲ့ အကြံလေးအတိုင်း ရှင်းသန့် သရုပ်ဆောင်ဖို့ ဝန်မလေးတော့။ သရဖူ အပါး ရွှေ့သွားရင်း စကားစပြောသည်။

"သရဖူ မာမီနဲ့ တွေ့ခဲ့လား"

"တွေ့တာပေါ့။ ကိုသန့်ကို သရဖူ တွေ့ချင်တယ်ပြောလို့ အခန်းသော့ပေးလိုက်တာလေ"

သော့တွဲလေးကို မြင်သာအောင် လှုပ်ကစားပြရင်း ပြောသည့် သရဖူက ကလေးဆန်သည့် အမူအရာလေးနှင့် ခင်မင်စရာကောင်းနေသည်။

"ကိုယ့်ကို တွေ့ချင်လို့"

"တွေ့ချင်တာပေါ့ ကိုသန့်ကို အန်တီ အခန်းပိတ်ထားတယ် ပြောကတည်းက တွေ့ချင်နေတာ၊ အခုမှ အန်တီက သွားတွေ့ပြောတာနဲ့ လာတွေ့တာ ကဲ ပြော ကိုသန့် ခေါင်းမာချင်သေးလား"

"ဘာလဲ သရဖူ"

"စေ့စပ်ဖို့ကိစ္စလေ ကိုသန့် ခေါင်းမာမာနဲ့ ငြင်းလို့လည်း ဘာမှ ထူးမှာမဟုတ်ဘူးနော် ကိုသန့် မငြင်းနဲ့တော့၊ ကိုသန့်ကို သရဖူ နားလည်ပေးနိုင်တယ်လို့ ပြောပြီးပြီပဲ"

ရှင်းသက် သက်မချသည်။ ဒီအတိုင်းဆိုရင် ပေးမ် လုံးဝ အခွေ့ာ



www.burmeseclassic.com

www.burmeseclassic.com



ပေးမှာမဟုတ်တာ သေချာသွားပြီ။

ရှင်းသန့် သရဖူကို စိုက်ကြည့်ကာ အတွေးဝင်လာသည့် အတိုင်း ပြောမိသည်။

"သရဖူ"

"ပြောလေ ကိုသန့်"

"ခုချိန် ကိုယ့်ရင်ထဲ အရမ်းမွန်းကြပ်နေတယ် သရဖူ"

"ဒါဆို အပြင်ထွက်ရအောင်လား၊ အန်တီကို သရဖူ ပြောပေးမယ်လေ၊ သရဖူ ပြောရင် အန်တီ ခွင့်ပြုမှာပါ နော် ကိုသန့်"

"အင်း ပြောကြည့်လေ၊ ခြံထဲမှာပဲ လမ်းလျှောက်ရင်း စကားပြောကြတာပေါ့"

"ရတယ်လေ လာ"

သရဖူ မျက်နှာလေး ဝမ်းသာကြည်နူးရိပ်နဲ့ လင်းလက်သွားကာ ရှင်းသန့် လက်မောင်းကို တွဲရင်း ခေါ်သည်။

ရှင်းသန့် မငြင်းတော့ အလိုက်သင့်ပဲ သရဖူနဲ့ ယှဉ်တွဲ၍ အခန်းထဲက ထွက်ခဲ့သည်။ ခုလို ထွက်ခွင့်ရတာပဲ ရှင်းသန့် နှလုံးသားလေး လန်းဖြာခွင့်ရပြီလေ။

"အို သမီး ဘယ်သွားဖို့လဲ"

ဧည့်ခန်းထဲ ဖြတ်တော့ မာမီ တအံ့တသြ မေးသည်။

"ကိုသန့်နဲ့ သရဖူ ခြံထဲဆင်းပြီး စကားပြောမလို့ အန်တီ"





"အေး သွား"

မာမီ ခွင့်ပြုပေမယ့် မာမီ့မျက်ဝန်းမှာ စိုးရိမ်မှုတွေ ရှိနေတယ်ဆိုတာ ရှင်းသန့် နားလည်သည်။

မာမီ မျက်ဝန်းကို ရှောင်လွှဲ၍ သရဖူ နောက် အလိုက်သင့်ပါလာခဲ့တာ စနိုး စာလေးကို ရင်ခုန်စွာ ဖတ်ခွင့်ရဖို့ပင်။

ခြံထဲ နှစ်ယောက်အတူ ဆင်းခဲ့ရင်း သရဖူကို ငဲ့ကြည့်သည်။

သရဖူက ဝမ်းသာကြည်နူးဟန်လေးနှင့်

"တွေ့လား ကိုသန့် အန်တီက သရဖူ သဘောအတိုင်းပဲ၊ ကိုသန့် ဘာမဆို ဖြစ်ချင်ရင် သရဖူကို ပြောနော်"

"အင်းပါ လောလောဆယ် ကိုယ် တစ်ယောက်တည်း ခြံထဲမှာ လမ်းလျှောက်ချင်တယ်၊ သရဖူက သစ်ခွပန်းတွေ လျှောက်ကြည့်တာ ဝါသနာ ပါတယ် မဟုတ်လား၊ သစ်ခွပန်း လျှောက်ကြည့်လေ"

"အင်း ကောင်းတယ်၊ စေ့စပ်ပွဲနေ့ကျရင် ပန်ဖို့ သစ်ခွပန်း လှလှလေး လျှောက်ကြည့်လိုက်ဦးမယ်"

ပြောရင်း ရှင်းသန့် လက်ကို လွှတ်ပြီး သစ်ခွပန်းရုံဘက် လျှောက်ထွက်သွားသည့် သရဖူကို ရင်ထဲမှာ တျေးဇူးတင်မိသည်။

သရဖူ သစ်ခွပန်းတွေကို စိတ်ဝင်တစား ကြည့်နေသည့်အချိန်မှာ ရှင်းသန့် ခြံထောင့်ဘက် လှစ်ခနဲ လျှောက်ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အုတ်ခိုးပေါ်က ပန်းနုရောင် စာခေါက်လေးကို ကမန်းကတန်း ကောက်၍ လုံချည်ခါးကြားမှာ ထိုးလိမ်ဝှက်လိုက်ရသည်။

"ကိုသန့်ရေ ဘယ်အရောင်လှလဲ လာကြည့်ပေးဦး မြန်မြန်လာခဲ့"

သရဖူ လှမ်းခေါ်တာကြောင့် ရှင်းသန့် စာခေါက်လေးကို ဝှက်ပြီးသည်နှင့် ချက်ချင်း သရဖူဆီ ရွေ့ခဲ့သည်။

သရဖူ

မင်းလေးက ကိုယ့်နှလုံးသားအတွက် ဆောင်မပေးတဲ့ နတ်သမီးလို ကိုယ် မှတ်ယူပါတယ်ကွယ်။

ဒါကြောင့်

လောလောဆယ် သရဖူ စိတ်ကျေနပ်ဖို့ သရဖူ ကြည့်ခိုင်းတဲ့ သစ်ခွပန်းအရောင်လှလှလေးကို ကြည့်ပေးလိုက်ပါ့မယ်ကွယ်။

■ ■ ■



## အခန်း (၂၀)

ကိုကို

ကိုကိုနဲ့ သရဖူ အကြောင်း စနိုး သိပြီးပြီ။ ကိုကို သရဖူကို မချစ်ဘူးဆိုတာလည်း စနိုး ယုံပါတယ်။ ဒါပေမဲ့ စနိုး စိုးရိမ်တယ် ကိုကိုရယ်။ စနိုးနဲ့ကိုကို ချစ်ရက်နဲ့ ဝေးရမှာလားဟင်။

စနိုးလေ ကိုကိုနဲ့ မဝေးချင်ဘူး။

ဘယ်အခြေအနေဖြစ်ဖြစ် ကိုကိုနဲ့ နီးစပ်ခွင့် ရချင်ပါတယ်။ ကိုကို အခန်းပိတ်လှောင်ခံထားတာ သိရပေါ့ ကိုကို့အတွက် စနိုး ဝမ်းနည်းမိပါတယ်။ ကိုနိုင်ကြီးတို့ကလည်း ကိုကိုနဲ့ တွေ့ခွင့်ရဖို့ ကြိုးစားနေကြတယ်။ ကိုကို အခြေအနေကြည့်ပြီး ကိုကို့သူငယ်ချင်းတွေကိုလည်း ဆက်သွယ်ပေါ့။

အခွင့်အရေးရရင် စနိုးဆီ ဖုန်းဆက်ပါလား ကိုကိုရယ်။ စနိုး



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ကိုကိုအတွက် ပူလောင်နေတာပဲ ခံစားနေရတယ်။ အဲဒါကြောင့် ဒီစာလေး ရေးမိသွားတာ။ ကိုကိုလည်း စနိုးနဲ့ ဆက်သွယ်ခွင့်ရအောင် ကြိုးစားပါနော်။

ကိုကို့ကို စနိုး သိပ်ချစ်တယ်။

ကိုကို့ကြောင့် စနိုး နှလုံးသားမှာ ပန်းနုရောင် နှင်းဆီပန်းတွေ တစ်ပွင့်ပြီး တစ်ပွင့် ဖူးပွင့်နေပါတယ် ကိုကို။

ကိုကို့ကို မြတ်မြတ်နိုးနိုး ချစ်နေတဲ့

စနိုး

စနိုး စာလေး တစ်စောင်က ရှင်းသန့် နှလုံးသားအတွက် မာမီကို ရင်ဆိုင်ရဲစေတဲ့ အားဆေးလိုပါပဲ။

စနိုး အဖြေပေးခဲ့တဲ့ ပန်းနုရောင် နှင်းဆီပွင့်လေးက ရှင်းသန့်ရဲ့ ခေါင်းအုံးအောက်မှာ ရှိနေဆဲ။

စာခေါက်လေးနဲ့ ပန်းလေးကို ပါကင်ထဲထည့် ဗီရိုထဲ မာမီ မမြင်အောင် သိမ်းထားလိုက်သည်။

"ကျွိ"

တံခါးဖွင့်သံ ကြားသည်နှင့် ရှင်းသန့် ဗီရိုနားမှ ကမန်းကတန်း ခွာ၍ ခုတင်ပေါ် ဣန္ဒြေမပျက် ထိုင်ချလိုက်သည်။

အခန်းထဲ ဝင်လာတာက မာမီ။

မာမီ့ မျက်နှာက စိတ်တိုင်းကျ စီမံခွင့်ရသူပီပီ မာန်လေးဝင့်ပြီး





တက်တက်ကြွကြွ ဖြစ်နေသည်။

ရှင်းသန့်ကို ကြည့်၍ ကျေနပ်ပြုံးလေးနှင့် စိုက်ကြည့်ပြီး ရှင်းသန့် ဘေး ခုတင်ပေါ် တင်ပါးလွှဲ ထိုင်သည်။

"သား"

"ပြော မာမီ"

ရှင်းသန့် တည်ငြိမ်အောင် ထိန်း၍ ပြောသည်။ ဒေါ်ခွေခွေ မျက်ဝန်းက သားဖြစ်သူကို မျက်တောင်မခတ်တမ်း ကြည့်ရင်း

"မာမီတို့ အားလုံး စီစဉ်ပြီးပြီ"

"မဟုတ်သေးဘူး မာမီ"

"ဘာလဲ သား"

"မာမီ ဖွတ်စီစဉ်ရင် သားလည်း ဖွတ်ပြောရမှာပဲ"

"ဘာ"

"ဟုတ်တယ် မာမီ သား ချစ်သူကလွဲပြီး သား ဘယ်သူ့ကိုမှ မယူနိုင်ဘူး မာမီ"

"ဟင်"

ဒေါ်ခွေခွေ မျက်နှာပျက်ကာ ဝုန်းခနဲ ထရပ်လိုက်သည်။

"ဘာ သားချစ်သူ"

"ဟုတ်တယ် မာမီ သားမှာ ချစ်သူရှိတယ်"

ဒေါ်ခွေခွေ ခေါင်းရမ်းပြီး အသံကျယ်ကျယ်ပဲ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မယုံဘူး မာမီ လုံးဝ မယုံဘူး"

"သား တကယ်ပြောတာပါ သားမှာ ချစ်သူရှိတယ်၊ သား ချစ်သူက ချစ်စနိုးပါ မာမီ"

ဒေါ်ဆွေဆွေ နှုတ်ခမ်းသားကို ဖိကိုက်လိုက်သည်က မယုံနိုင်တဲ့ ဒေါ်သစိတ်နှင့်ပါ။ သားမှာ ချစ်သူ မရှိတာ သူမ သိသည်။

သရဖူနဲ့ စီစဉ်တာကို လက်မခံဘဲ ရှောင်ခဲ့သည်။ ရှောင်ခဲ့တာက နိုင်ကြီးတို့ အုပ်စုနဲ့ ပေါင်းပြီး သူမ အစီအစဉ်ကို ဖျက်ဖို့လေ။ နိုင်ကြီးဆီမှာ သူမ မသိအောင် တိတ်တိတ်လေး ပုန်းနေခဲ့တာ တစ်လနီးပါး။

သရဖူ သတင်းပေးလို့ နိုင်ကြီးဆီ ချက်ချင်းလိုက်ပြီး သားကို ခေါ်ခဲ့သည်။ အခန်းတံခါးပိတ်လှောင်ထားခဲ့သည်။ ဒီလောက် အချိန်တို အတွင်းမှာ ချစ်သူရှိနေတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ သူမ အစီအစဉ်ကို ဖျက်ပစ်ဖို့ ကြိုးစားလာပြန်သည်။

ဒီတစ်ခါ သူမ လုံးဝ အလျှော့ပေးတော့မည် မဟုတ်။ ဒေါ်ဆွေဆွေ သားကို မျက်နှာထားနဲ့ စိုက်ကြည့်ပြီး

"အပိုတွေ မပြောစမ်းနဲ့"

"သား အပိုတွေ ပြောတာ မဟုတ်ပါဘူး မာမီ၊ တကယ်ပြောတာပါ မယုံနိုင်ရင် မာမီ စုံစမ်းကြည့်၊ ချစ်စနိုးနဲ့သား ချစ်သူဖြစ်ခဲ့တာပါ မာမီ"

ဘယ်တုန်းကမှ စကားကို အပိုပြောလေ့ မရှိတဲ့သားက ချစ်သူ





ရှိတာကို အတည်အတန့် ပြောလာတော့ ဒေါ်ဆွေဆွေ မယုံရအခက် ယုံရအခက် ဖြစ်လာသည်။

"သား တကယ် ပြောတာပါ မာမီ ယုံပါ မာမီရယ်"

ရှင်းသန့် ဖြည်းညှင်းစွာထ၍ မာမီ ရှေ့မှာ မျက်လွှာလေးချကာ အယူခံဝင်သလို ပြောပြန်သည်။ ဒေါ်ဆွေဆွေ ခေါင်းရမ်းလျက်

"မာမီ အစကတည်းက ပြောပြီးသားပဲ"

"ဟုတ်ပါတယ် မာမီ သားကလည်း အစကတည်းက သရဖူကို မချစ်လို့ ငြင်းခဲ့တာပါ မာမီ မချစ်တဲ့ မိန်းကလေးနဲ့ လက်မတွဲချင်လို့ မာမီ စီစဉ်လို့ မရအောင် သား ရှောင်နေတာပါ၊ မာမီ မရိပ်မိအောင် နိုင်ကြီးတို့ဆီမှာ ရှောင်နေရင်း ချစ်စနိုးနဲ့ ဆုံခဲ့တယ်၊ စနိုးနဲ့တွေ့တော့ သား ရင်ခုန်သွားတယ်၊ တကယ် ချစ်မိသွားလို့ ချစ်သူတွေ ဖြစ်ခဲ့တယ် မာမီရယ်"

"ဟင့်အင်း မကြားချင်ဘူး၊ ဆက်မပြောနဲ့"

"မာမီ"

"မပြောနဲ့လို့ မာမီ ပြောနေတယ်နော်"

ရှင်းသန့် မျက်လွှာချကာ နှုတ်ခမ်းကို စေ့ပိတ်လိုက်သည်။ မာမီ လက်တစ်ဖက် ခါးပေါ် တင်၍

"ဒီမှာ သား အခုမြင်ပြီး အခု ချစ်သူတော်လိုက်တာက အကြောင်းပြကောင်းမယ် ထင်နေလား"



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့် တစ်ခုခု ပြောဖို့ ပြင်တော့ မာမီ လက်ကာဟန့်ပြီး ဆက်ပြောသည်။

“သရဖူနဲ့ ဒီလောက် အချိန်ကြာကြာ နီးနီးကပ်ကပ် လေ့လာ အကဲခတ်ခွင့်ရတာတောင် သား ဘာမှ မခံစားတတ်သလို နေခဲ့ပြီးတော့ ခုမှ ချစ်သူဖြစ်ခဲ့တယ်ဆိုတာ ဘာရည်ရွယ်ချက်လဲ၊ နိုင်ကြီးတို့ မြှောက်ပေးတဲ့ အကြံဉာဏ် မဟုတ်လား”

“မဟုတ်ဘူး မာမီ သား ရင်ထဲက တကယ် ချစ်မိလို့ ချစ်သူ ဖြစ်ခဲ့တာပါ”

“လုံးဝ မယုံဘူး”

“မာမီ မယုံရင် သား လက်တွေ့ပြမယ်”

ဒေါ်ဆွေဆွေ ကိုယ်လေး မတ်ခနဲ ဖြစ်သွားပြီး

“ဘာ ဘာ လက်တွေ့ ပြမှာလဲ”

“သားနဲ့စနိုး ချစ်သူဖြစ်ခဲ့တယ်ဆိုတဲ့ အထောက်အထားပါ မာမီ မာမီ မယုံဘူးဆိုရင် ကြည့်ပါ၊ သားကို စနိုး ပေးခဲ့တဲ့ စာနဲ့ ချစ်သူ ဖြစ်တဲ့ အထိမ်းအမှတ် နှင်းဆီပန်း လက်ဆောင်”

ဒေါ်ဆွေဆွေ ဟင်ခနဲ ဖြစ်ကာ ရင်ဘတ်ဖိမတတ် ဖြစ်သွား၏။ သားက ပြောရင်းဆိုရင်း ဗီရိုအမိုးပေါ်က ပါကင်ဘူးလေး ဆွဲထုတ်ပြီး ပါကင်ဖွင့်ပြသည်။

စာ တစ်စောင်နဲ့ ပန်းတစ်ပွင့်။





“ဒါ ဒါက”

“ဟုတ်တယ် မာမီ သားနဲ့ စနိုး ချစ်သူဖြစ်တယ်ဆိုတာ မာမီ ယုံကြည်ပေးဖို့ သား သက်သေပြတာပါ”

ဒေါ်ဆွေဆွေ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်ကုန်သည်။ အဲသလောက်တောင်ပဲလား။ ဒါဆို သားမှာ ချစ်သူ တကယ်ရှိနေတာပေါ့။

“ဟင့်အင်း”

ဒေါ်ဆွေဆွေ လက်မခံချင်ပါ။

“ဘာ သက်သေပြပြ မာမီ မယုံနိုင်ဘူး သား၊ သား ချစ်သူ တကယ်ဖြစ်ခဲ့ရင်လည်း မာမီ ဂရုမစိုက်ဘူး၊ မာမီ အစီအစဉ်ကို မာမီ အပျက်မခံနိုင်ဘူး သား”

“သားလည်း သားချစ်သူနဲ့ လမ်းခွဲမခံနိုင်ဘူး မာမီ”

“ဟင်”

ဒေါ်ဆွေဆွေ သားကို စိမ်းစိမ်းချည်း စိုက်ကြည့်မိ၏။ ရှင်းသန့် လည်း လုံးဝ အလျှော့မပေးဖို့ စိတ်ကို တင်းထားလိုက်သည်။

ပါကင်ကို စားပွဲပေါ် တင်ပြီး

“သား တကယ်ပြောတာ မာမီ သားနဲ့စနိုး အချိန်တိုအတွင်းမှာ ချစ်သူတွေ ဖြစ်ခဲ့ကြပေမယ့် သား ရင်ထဲမှာ တစ်သက်လုံးအတွက် ခိုင်ခိုင်မြဲမြဲ ချစ်မိတဲ့ ခံစားချက် ဖြစ်တည်သွားတယ်၊ အဲဒီအတွက် သားမှာ အပြစ်ရှိတယ်ဆိုရင် မာမီ သားကို ကြိုက်တဲ့အပြစ် ပေးပါ



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သင့္အနှာရဲ့ကိစ္စကို''

''တော်စမ်း တော်စမ်း''

ဒေါ်ဆွေဆွေ သွေးပျက်မတတ် ခံစားရ၏။ သရဖူကို ချွေးမ တော်ခွင့်ရဖို့ သူမဘက်က အမျိုးမျိုး အသနားခံ တောင်းဆိုခဲ့သည်။ ဒေစီက တော်ရုံ သားရှင်ဆို စကားအဟာခံတာ မဟုတ်။

ဆွေဆွေကို မို့လို့သာ လက်ခံခဲ့ခြင်း ဖြစ်သည်။ ခက်ခက်ခဲခဲ ရလာသည့် အခွင့်ကောင်းကို သူမ အပျက်ခံလိုက်ရင် သူမ မျက်နှာ ဘယ်နေရာမှာ သွားထားရမည်လဲ။

ဟင့်အင်း အပျက်မခံနိုင်ဘူး။ သား ဘယ်လောက်ပဲ တင်းတင်း သူမကျ မိခင်။ မိခင်ပီပီ မိခင် ဩဇာကို ထုတ်သုံးရမည်။

''သားချစ်သူ ထားလိုက်တဲ့အဖြစ်ကို မာမီ ဝင်မစွက်ဖက်ဘူး''

''ဒါဆို သားနဲ့စန္ဒီးကို''

''မာမီ လုံးဝ အသိအမှတ်မပြုဘူး သားအတွက် မာမီ အသိ အမှတ်ပြုမယ့် မိန်းကလေးက သရဖူ တစ်ယောက်တည်း ရှိတယ်ဆိုတာ လုံးဝ မေ့မထားနဲ့ သရဖူက မာမီ ချွေးမလောင်းပဲဆိုတာ မြဲမြဲ မှတ်ထား''

''မာမီ''

''မခေါ်နဲ့ ခုချိန်ကစပြီး မာမီ စီစဉ်စရာရှိတာကို အမြန်ဆုံး စီစဉ်မယ် ဒါပဲ''





ပြောပြီး မာမီ လှည့်ထွက်သွားသည်။

''မာမီ''

ရှင်းသန့် ခေါ်ပေမယ့် မာမီ လှည့်မကြည့်ဘဲ ထွက်သွားသလို သူ့ကို ပိတ်လှောင်ထားခဲ့တာတွေက မာမီ့ရဲ့ အတ္တတွေလား။

ဟင့်အင်း

ရှင်းသန့် ရှေ့ဆက် မစဉ်းစားရဲတော့။

သရဖူရယ်

မင်းလေးကြောင့် ကိုယ်နဲ့စန္ဒီး ချစ်လျက်နဲ့ မဝေးပါရစေနဲ့ကွယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ချလွမ်း"

စားပွဲပေါ် သရဖူ လက်ဆွဲအိတ် ပစ်တင်လိုက်လျှင် အလှထိုးထားသည့် ဖန်ပန်းအိုးလေး ညှော်ခန်းကြမ်းပြင်ပေါ် လွင့်ကျ ကွဲသွား၏။

ဒေါ်ဒေစီကျော် ညှော်ခန်းထဲ ဝင်လာရင်း ဖန်ကွဲစတွေကို ကြည့်၍ ရင်ဘတ်ဖိမိသလို သမီးကို ကြည့်ရင်း စိုးရိမ်စိတ်ကြောင့် မျက်လုံးလေး ပြူးသွား၏။

"သမီး သရဖူ"

နှုတ်ခမ်းလှလှကို စေ့ပိတ်ကာ အသက်ကို ပြင်းပြင်းကြီး ရှူနေသည့် သမီးအသွင်က တစ်ခုခုကို မကျေမနပ် ဖြစ်နေမှန်း အမူအယာကြည့်လိုက်သည်နှင့် ဒေါ်ဒေစီကျော် သိလိုက်သည်။

သမီး အပါး စိုးရိမ်စွာ ကပ်သွားပြီး အလောတကြီး မေးလိုက်





၏။

"သမီး ဘာဖြစ်လာတာလဲ မာမီကို ပြောစမ်း"

"ဟွန့် မကျေနပ်ဘူး လုံးဝ မကျေနပ်ဘူး"

"ဘာကို မကျေနပ်တာလဲ သမီးရယ် မာမီကို ပြောမှပေါ့"

"ပြောမယ် ပြောရမယ်"

သရဖူ စိတ်ဆိုပြီး နှုတ်ခမ်းဆူ၍ ဆိုဖာပေါ် အိခနဲ ထိုင်ချသည်။ ဒေါ်ဒေစီကျော် သမီးအပါး ထိုင်ချပြီး

"ပြောလေ သမီး ဘာပြောဖို့လဲ"

"ဘာပြောရမလဲ ကိုသန့်ပေါ့"

"မောင်သန့် ဘာဖြစ်လို့လဲ သမီးရယ်"

"ဘာဖြစ်ရမှာလဲ ကိုသန့်ကို ကိုသန့်မှာ ချစ်သူရှိသတဲ့"

"ဟင်"

ဒေါ်ဒေစီကျော် တအံ့တသြ ရင်ဘတ်ဖိ၍ သမီးကို ကြည့်လိုက်သည်။

"ဟုတ်ရဲ့လား သမီးရယ်"

"ဟုတ်တယ် မာမီ အန်တီ ခေါ်လို့ သမီး ခုပဲ ထွက်သွားတာ၊ ကိုသန့် အခန်းထဲမှာ အန်တီနဲ့ ကိုသန့် အခြေအတင်ပြောနေကြတာ၊ သမီး အားလုံး ကြားလိုက်တယ်၊ အဲဒါနဲ့ ချက်ချင်း လှည့်ပြန်လာတာ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ်"

ဒေါ်ဒေစီကျော် တိုးတိုးလေး ရေရွတ်မိသည်က သမီးစိတ်ကို နားလည်နေလို့ပဲ ဖြစ်သည်။ သမီးက ကလေးဆန်ပေမယ့် တစ်ခါတစ်ခါ လေးလေးနက်နက် တည်တည်ငြိမ်ငြိမ် တွေးခေါ်တတ်သည့် မိန်းကလေး ဖြစ်သည်။

မောင်သန့်က သမီးကို မချစ်ဘူး ပြောစဉ်ကတည်းက သမီး စိတ်က ဘာမှ ပြောင်းလဲမသွား။ နားလည်မှုတွေနှင့် စေ့စပ်ပွဲကို လက်ခံခဲ့သည်။

မောင်သန့် တစ်လနီးပါး သူငယ်ချင်းအိမ်မှာ ရှောင်နေစဉ်က ခေါင်းမီးတောက်မတတ် မတွေ့တွေ့အောင် စုံစမ်းပြီး ရှာဖွေခဲ့သည့် သမီးစိတ်ကိုလည်း အံ့သြသည်။

ခုတစ်ခါ မောင်သန့်မှာ ချစ်သူ ရှိတာ သိခွင့်ရလာမှ အလို မကျမှုတွေ မကျေနပ်မှုတွေနှင့် ဆူပွက်နေ၏။

သမီးစိတ်က မောင်သန့်မှာ ချစ်သူရှိနေတယ်ဆိုတာ သိလို့ ပြောင်းလဲနေပြီလား။

"ဟုတ်ရော ဟုတ်ရဲ့လား သမီးရယ်"

"ဟုတ်လို့ ပြောနေတာပေါ့ မဟုတ်ရင် ဘယ်သူ ပြောမလဲ"

"ဒီကောင်လေး တမင်ပြောနေတာလားမှ မသိတာ သမီးရယ်၊ မောင်သန့်အကြောင်းလည်း သမီး သိရက်သားနဲ့"





"သိတာပေါ့ မာမီ သိလို့ ပြောနေတာ၊ ကိုသန့်မှာ ချစ်သူမရှိဘူးလို့ ယုံချင်ပေမယ့် ယုံလို့ မရဘူး မာမီ"

"ဘာဖြစ်လို့လဲ သမီးရယ်"

"ဘာဖြစ်ရမလဲ မာမီရဲ့ ကိုသန့် ချစ်သူ ပေးထားတဲ့ ရည်းစားစာရော ပန်းတစ်ပွင့်ပါ အန်တီကို ထုတ်ပြတာလေ၊ ဒီလောက် အထောက်အထား ပြနေမှတော့ မယုံလို့ ရမတဲ့လား"

ခြေထောက်ကလေး ဆောင့်ရင်း ပြောနေသည့် သမီးကြောင့် ဒေါ်ဒေစီကျော် ဘာပြန်ပြောရမှန်း မသိတော့။ သက်ပြင်းချရင်း သမီးကို ကြည့်နေမိသည်။

အတန်ကြာမှ ဒေါ်ဒေစီကျော် စကားစသည်။

"သမီး ယုံတယ်ဆိုရင် မာမီ ဘာလုပ်ပေးရမလဲ"

"မာမီက ဘာလုပ်ပေးလို့ ရမှာလဲလို့"

"သမီး ဘာဖြစ်စေချင်လဲ ပြောမှပေါ့"

"သမီးကတော့ ကိုသန့်ကို ထုပစ်ချင်တယ် သိလား"

"အလိုလေး"

သမီးက မောင်သန့်ကို ထုချင်ရုံလေးပဲ စိတ်ဆိုးသတဲ့။ ဖြစ်မှ ဖြစ်ရလေ သမီးရယ်။

"သမီး ထုချင်လည်း ထုပစ်လိုက်ပေါ့"

"အို အခု စိတ်ဆိုးချင်နေတယ်၊ စိတ်ဆိုးပြေမှ မေးလည်း



www.burmeseclassic.com

www.burmeseclassic.com



မေးမယ်၊ ထုလည်း ထုပစ်မယ် ကြည့်ထား''

''မောင်သန့်မှာ ချစ်သူရှိနေပြီဆိုတော့ ရှေ့ဆက် မာမီ အစီအစဉ်ကို မာမီ ပြန်ရုပ်သိမ်းပေးရမလား သမီး''

''အို ဘာလို့ ရုပ်သိမ်းရမှာလဲ''

''ဟင်''

ဒေါ်ဒေစီကျော် မျက်လုံးပြူးရပြန်ပြီ။ မာမီက မောင်သန့်ကို စွဲစွဲနစ်နစ် ချစ်ခင်တွယ်တာနေမိပြီလား။ ထိုအတွေးမျိုးလည်း ဒေါ်ဒေစီကျော် တွေးမိပြန်သည်။

''ဒါဆို''

''ဟုတ်တယ်လေ ဘာလို့ ရုပ်သိမ်းရမှာလဲ''

''နေပါဦး သမီးကို မချစ်ဘူးလည်း ပြောသလို ချစ်သူလည်း တကယ်ရှိနေတဲ့ မောင်သန့်ကို ဘဝအတွက် လက်တွဲဖို့ဆိုတာ ဖြစ်နိုင်မလား သမီးရယ်''

''ဟွန့် ဘာလို့ မဖြစ်နိုင်ရမှာလဲ မာမီ''

ဒေါ်ဒေစီကျော် ခေါင်းတွင်တွင် ရမ်းမိသည်။ တဖွတ်ထိုး ပြောနေသည့် သမီးက မောင်သန့်အတွက် ရူးရူးမူးမူး ဖြစ်နေပြီဆိုတာ မိခင်လုပ်သူ ရာနှုန်းပြည့် နားလည်လိုက်ပါပြီ။

အဓိက သမီး စိတ်ပျော်ရွှင်ရေးသာ အရေးကြီးတယ်လေ။ ဒါကြောင့် မိခင် ဖြစ်သူပဲ စိတ်လျှော့လိုက်ရသည်။





''ကဲ အဲဒါဆို မာမီတို့ အစီအစဉ်ကို ရှေ့ဆက်ပေးရမှာလား''

''နေဦး မာမီ''

''အွန်း ဘာဖြစ်ပြန်တာလဲ သမီးက အမျိုးမျိုးပဲ''

''အမျိုးမျိုး မဟုတ်ပါဘူး မာမီရဲ့ တစ်မျိုးတည်းပါ''

ပြောရင်းနှင့် သမီး မျက်နှာလေး ကြည်လင်လာသည်။

''ပြောလေ တစ်မျိုးတည်းဆိုတာ ဘာလဲ''

သရဖူ စဉ်းစားသယောင် ပြုပြီးမှ

''ဒီလိုလေ မာမီ စနိုးနဲ့ ကိုသန့် တကယ့် ချစ်သူလား၊ ဒါမှမဟုတ် တစ်လနီးပါး ရှောင်ပုန်းနေပြီး ကိုနိုင်ကြီးတို့ မြှောက်ပေးလို့ ချစ်စနိုးနဲ့ ဟန်ဆောင်ဖန်တီးပြတဲ့ ဇာတ်လမ်းလားဆိုတာ သမီး သိချင်တယ်''

''သမီးရယ် မောင်သန့် ဝန်ခံနေပြီပဲ''

''ဘာပဲဖြစ်ဖြစ် သေသေချာချာ သိတော့ ပိုကောင်းတာပေါ့ မာမီ၊ ကိုသန့် လုပ်ကြံပြောတာလည်း ဖြစ်နိုင်တာပဲ၊ ဒါကြောင့် သမီး စုံစမ်းမယ်လေ''

''သမီးရယ် ဘာဖြစ်လို့ မောင်သန့်အပေါ် အဲသလောက် စွဲလန်းနေရတာလဲ''

''ဟွန်း''

သမီး နှုတ်ခမ်းလေး ဆူကာ မိခင်ကို ကြည့်သည်က ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ဆေးရောင်းလားဆိုသည့် အမြင်ကတ်တဲ့ မျက်လုံးလေးနဲ့ပါ။

"မာမီကလည်း ကိုသန့်က သမီးအပေါ် သံယောဇဉ်ရှိပါတယ် လေး ပြီးတော့ သရဖူကို အလိုလည်း လိုက်တယ်၊ အဲဒါကြောင့် ကိုသန့်ကို လွယ်လွယ်ကူကူ လက်မလွှတ်ချင်ဘူး၊ သမီးစိတ်ကြိုက်ဖြစ်နေတဲ့ ကိုသန့်နဲ့ လက်တွဲခွင့်ရဖို့ပဲ သမီးစိတ်ဝင်စားတယ် မာမီ"

"အဲဒါဆိုလည်း စုံစမ်းတာတွေ ဘာတွေ လုပ်မနေနဲ့တော့ သမီးရယ် နော် မာမီတို့ တိုင်ပင်ပြီး အမြန်ဆုံး စီစဉ်ပေးမယ် ဟုတ်ပြီလား"

"ခဏလေး သည်းခံပေးပါ မာမီရယ်၊ သမီးက ဘာမဆို အသေအချာ သိရမှ စိတ်ကျေနပ်တာ ဒါကြောင့် စုံစမ်းကြည့်မယ်"

"တကယ်လို့ နိုင်ကြီးတို့ အစီအစဉ်မဟုတ်ဘဲ တကယ့်ချစ်သူ ဖြစ်ခဲ့တာဆိုရင်ကော"

ဒေါ်ဒေစီကျော် မေးလိုက်တော့ သမီးမျက်လုံးလေး ပြူးသလို ဖြစ်ကာ မျက်တောင်ခတ်ဖို့ပင် မေ့သယောင် ဖြစ်သွား၏။

"ပြောလေ သမီး တကယ့် ချစ်သူဖြစ်နေရင် သမီး ရှေ့တိုးမလား နောက်ဆုတ်မလား"

သရဖူ ဆံပင်တိုလေးကို တစ်ချက်ဖွရင်း

"အဲဒါ နောက်မှလေ အခုလောလောဆယ် အရင် စုံစမ်းမယ်၊ ခုပဲ သွားစုံစမ်းမယ် မာမီ"





သမီးက ပြောပြောဆိုဆို စားပွဲပေါ် ပစ်တင်ထားတဲ့ လက်ဆွဲအိတ်လေးကို ကောက်ယူ၍ ထွက်သွားသည်။ ဒေါ်ဒေစီကျော် သမီးစိတ်ကို လိုက်မမီသလို ခေါင်းရမ်းလိုက်ရင်း သက်ပြင်းချမိသည်။

သမီးရယ်

သမီးစိတ်ကို မာမီ နားမလည်ချင်တော့ဘူး။

တကယ်ပါကွယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟင်"

တံခါးဖွင့်လိုက်သည်နှင့် သရဖူကို တွေ့လိုက်လျှင် နိုင်ကြီး တအံ့တဩ ဖြစ်သွား၏။

"သရဖူ"

ခပ်တိုးတိုးလေး ခေါ်မိတဲ့ နိုင်ကြီး မျက်ဝန်းက မယုံနိုင်မှုတွေနှင့်။ သရဖူက မျက်နှာထား မြူးမြူးလေးနဲ့ နိုင်ကြီးကို ကြည့်သည်။

"ဘယ်လိုလဲ ကိုနိုင်ကြီးရယ် သရဖူကို ထိုင်ပါလို့ မပြောတော့ဘူးလား"

"ဩော် အင်း လာလေ သရဖူ ရုတ်တရက်မို့ ကိုယ် အံ့ဩသွားလို့ပါ ထိုင်ပါ သရဖူ"

"အင်း"

သရဖူ ခေါင်းလေးဆတ်၍ ဧည့်ခန်းထဲ မတ်မတ်လေး ဝင်ကာ





ဆိုဖာပေါ် အိခနဲ ထိုင်ချသည်။ နိုင်ကြီးလည်း သရဖူနဲ့ မျက်နှာချင်းဆိုင် ဝင်ထိုင်ပြီး

"အလည်သက်သက်ပဲလား သရဖူ"

"မေးစရာရှိလို့"

သရဖူ ပြောတော့ နိုင်ကြီး မျက်ခုံးနှစ်ဖက် မြောက်တက်သွားသည်။

"မေးစရာ ဘာများလဲ သရဖူ"

"ကိုသန့်နဲ့ စနိုးအကြောင်းလေ"

နိုင်ကြီး မျက်နှာပျက်မသွားအောင် ထိန်းလိုက်ရသည်။ သရဖူ စိတ်ကို နိုင်ကြီးသိတာကြောင့် စကား မကျွံသွားဖို့ ဂရုစိုက်ရမယ်ဆိုတဲ့ အသိလည်း ဝင်လာသည်။

ရှင်းသန့်နဲ့ စနိုး ချစ်သူ ဖြစ်တဲ့အကြောင်းက သရဖူအတွက် ယမ်းမီးပုံကြီး ဖြစ်သလို အချိန်မရွေး ဟုန်းခနဲ လောင်ကျွမ်းနိုင်တယ်ဆိုတာ နိုင်ကြီး အစကတည်းက ကြိုသိနှင့်ပြီး ဖြစ်သည်။

"ကိုသန့်နဲ့ စနိုးက တကယ့် ချစ်သူတွေဆို"

သရဖူ မျက်နှာလေးက စူးစမ်းသလို ဖြစ်ပေမယ့် သိထားပြီးသား အကြောင်းအရာကို ပိုသေချာအောင် သိချင်လို့ မေးခြင်းဆိုတာ သိသာနေသည်။

နိုင်ကြီးဘက်က အယူခံဝင်ပေးချင်စိတ်ဖြင့် သရဖူကို ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ဖြေသည်။

"ဟုတ်တယ် သရဖူ"

"ဒါဆို ကိုသန့် ပြောတာ တကယ်ပေါ့"

"တကယ်ပဲ သရဖူ စနိုးနဲ့ မထင်မှတ်တဲ့ တွေ့ရာက ချစ်သူတွေ ဖြစ်သွားတယ်၊ အဲဒီအတွက် သရဖူ နားလည်ပေးနိုင်မလား"

"ဘာကိုလဲ"

"စနိုးနဲ့ ကိုသန့်ရဲ့ ချစ်သူဘ၀ကို"

"ဒါဆို သရဖူကရော"

"ကိုယ်ကတော့ ချစ်သူအချင်းချင်း ပေါင်းစည်းစေချင်တယ် သရဖူ အနေနဲ့ သေန့် နှလုံးသားကို စာနာပေးစေချင်တယ် သရဖူ"

သရဖူ နှုတ်ခမ်းလေး တွန့်ခနဲ မဲ့ကျသွား၏။

ကိုယ်နဲ့ စနိုး တကယ့် ချစ်သူတွေဆိုတဲ့ အသိက ရင်မှာ ဒဏ်ရာတစ်ခုရသလို ခံစားရပေမယ့် ကိုသန့်ကို လက်လွှတ်ဆုံးရှုံးခံဖို့ထိ စိတ်က မမိုက်မဲနိုင်ပါ။

"ဒါက ကိုနိုင်ကြီး အမြင်လေ"

"သရဖူ အမြင်က"

"ရှင်းနေတာပဲ မာမီတို့ အစီအစဉ်အတိုင်း ရှေ့ဆက်မယ်"

"သရဖူကို သေန့် မချစ်ဘူးဆိုတာ ထည့်စဉ်းစားပါဦး သရဖူ ရယ်"





"ကိစ္စမရှိဘူး ကိုနိုင်ကြီး အဲဒီအတွက် ဘာမှမပူနဲ့ လောလော ဆယ် စနိုး ဘယ်မှာလဲ စနိုးကို သရဖူ တွေ့ချင်တယ် ကိုနိုင်ကြီး စီစဉ် ပေးပါ"

"ဟင်"

နိုင်ကြီး အံ့ဩလွန်းလို့ စိတ်လှုပ်ရှားသွားရသည်။

"စနိုးနဲ့ သရဖူ တွေ့ချင်တယ်၊ ကိုသန့် နှလုံးသားနဲ့ ဘ၀က သရဖူ လက်ထဲမှာ ရှိတယ်ဆိုတာ မမေ့နဲ့၊ ဒါကြောင့် စနိုးနဲ့တွေ့ပေးဖို့ အမြန်ဆုံး စီစဉ်ပေးပါ၊ ပြီးရင် သရဖူကို ဖုန်းဆက်လိုက်၊ ဒါပဲနော် သရဖူ သွားမယ်"

ပြောပြီး ဆိုဖာပေါ် ဆတ်ခနဲ ထကာ ညှော်ခန်းထဲက ထွက် သွားတဲ့ သရဖူကို နိုင်ကြီး ဘာမှပြောခွင့် မသာတော့။

သရဖူက ဘာကိစ္စဖြစ်ဖြစ် ဖွတ်ချည်းပင်။

ခုလည်း စနိုးနဲ့ ဖွတ်တွေ့ချင်သတဲ့။ ဘယ်လို စီစဉ်ပေးရမလဲ။

စနိုးနဲ့ သရဖူ မျက်နှာချင်းဆိုင် တွေ့ကြရင် ဘာတွေ ဖြစ်လာ မလဲ။ ရင်ပူစွာ စောင့်ကြည့်ရုံက လွဲပြီး နိုင်ကြီးလည်း ဘာမှမတတ်နိုင် သော့။

ဟူး ရင်မောရတယ် သရဖူရယ်။

■ ■ ■

"ဘယ်လို ပြန်ပြောစမ်းပါဦး လွင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



စနိုး ရင်မှာ လှုပ်လှုပ်ရှားရှားလေး ဖြစ်သွားသည်။ လွင်က [illegible]အချောင်းကောင်တာဘက်မှာ ရှိနေတဲ့ စနိုးလက်ကို ဆွဲကာ နားနေခန်းထဲ ခေါ်လာပြီး

"သရဖူက စနိုးကို တွေ့ချင်လို့တဲ့"

"ဘာ ဘာလုပ်ဖို့လဲ"

"အဲဒါတော့ ကိုကိုလည်း မသိဘူး၊ ကိုကိုက သေချာ ပြောနိုင်းတာက စနိုးက တွေ့ခွင့်တောင်းတုန်း တွေ့ခွင့်ပေးလိုက်ပါတဲ့"

"လွင်ရယ် စနိုးတော့ အဲလို မတွေ့ချင်ဘူး"

"ဘာဖြစ်လို့"

"ယောကျ်ားတစ်ယောက်အတွက် မိန်းကလေး နှစ်ယောက် မျက်နှာချင်းဆိုင် တွေ့ပြီး စကားများ ရန်ဖြစ်ကြတဲ့ အဖြစ်က သိပ်ပြီး ဏှာခြွေမဲ့လှပါတယ်ကွာ"

လွင် ခေါင်းလေး တစ်ချက်ရမ်း၍

"အဲဒီ သဘောမဟုတ်ဘူး စနိုးရယ်"

"ဘယ်သဘောပဲဖြစ်ဖြစ် ဏှာခြွေမဲ့တဲ့ တွေ့ဆုံမှု ဖြစ်မှာပဲလေ၊ စနိုးတော့ တွေ့ဖို့ စိတ်ကူးမရှိဘူး လွင်"

"မတွေ့ရင် ပိုဆိုးသွားမှာပေါ့"

"ဆိုးပစေ လွင်"

"အို စနိုး ဒီလို ဇွတ်မပြောနဲ့လေ၊ တကယ်ဆို စနိုးက သရဖူ





ထက် အသာစီးရနေတာပါ စနိုးရယ်"

"ဘယ်လို အသာစီးရနေတယ်"

"ဟုတ်တယ်လေ စနိုးရဲ့"

စနိုး နားမလည်သလို မေးလိုက်တော့ လွင်က

"စနိုးနဲ့ ကိုသန့် ချစ်သူဖြစ်နေတာက သရဖူထက် သာနေတယ်လေ၊ သရဖူက ကိုသန့် ချစ်သူ ဖြစ်ခွင့်မရလို့ စနိုးနဲ့ မျက်နှာချင်းဆိုင် ဆွေးနွေးချင်တာလေ၊ သရဖူ ကမ်းလှမ်းတာကို စနိုး ငြင်းပယ်ရင် စနိုး သဘောထားမကြီးရာ ရောက်လိမ့်မယ်"

"စနိုးက သဘောထားကြီးပေးရမယ် အဲလိုလား"

"ဒါပေါ့ စနိုး သဘောထားကြီးကြောင်း ပြရမယ်၊ ငြင်းတာထက် လက်ခံတာက စနိုးအတွက် လမ်းစတစ်ခုရမှာ သေချာတယ်လေ၊ သရဖူနဲ့ ထိပ်တိုက်တွေ့လို့ သရဖူ ပြောတဲ့ စကားကို ထောက်ချင့်ပြီး စနိုးတို့ နှလုံးသား ခံစားချက်အတွက် အကောင်းဆုံး အဖြေတစ်ခု ထုတ်နိုင်မှာ ပေါ့ စနိုးရဲ့"

လွင် ပြောတာလည်း ဟုတ်နေတာကြောင့် စနိုး ခေါင်းညိတ်ရမလို ဖြစ်လာသည်။

"ဟုတ်တယ် စနိုး ကိုယ်တို့လည်း အဲဒါပဲ ပြောချင်လို့ လိုက်လာခဲ့တာ"

နိုင်ကြီးနှင့်အတူ သက်မောင်နဲ့ ကျော်ကျော်တို့လည်း ပါလာသည်။ စနိုးတို့ ရှိနေတဲ့ နားနေခန်းဆီ နိုင်ကြီး ဦးဆောင် ဝင်လာရင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



စနိုး မော့ကြည့်လိုက်တော့ နိုင်ကြီးတို့ စနိုးနဲ့ မျက်နှာချင်းဆိုင် ခုံတွေမှာ ဝင်ထိုင်ကြရင်း ကျော်ကျော်က

"ကိုယ်တို့ သဘောက ထိပ်တိုက် တွေ့စေချင်တယ်၊ အဲဒီတွေ့ဆုံမှုကို ကြည့်ပြီး အကောင်းဆုံးလမ်းကို ရွေးလို့ရမယ်"

"စနိုး တွေဝေမနေပါနဲ့ သရဖူ ကမ်းလှမ်းတယ်ဆိုကတည်းက စနိုးဘက်က အလေးသာလို့ပဲ၊ တွေ့လိုက်ပါ စနိုး ကိုယ်တို့ အားလုံး စနိုးဘက်ကပါဗျာ"

သက်မောင် ထပ်ဆင့် အားပေးသလို ပြောတော့ စနိုး ခေါင်းညိတ် နာခံဖို့သာ ကျန်တော့သည်။ အားလုံးက တွေ့ဖို့ တိုက်တွန်းတော့ စနိုး ငြင်းပယ်ဖို့ ခက်နေပြီ။

"ကဲပါ စနိုးရယ် ငြင်းမနေပါနဲ့ တွေ့လိုက်ပါနော် စနိုး"

စနိုး လက်မောင်းကို လွှင် လှုပ်ခါရင်း လက်ခံဖို့ ပြောပြန်သည်။ အားလုံး မျက်ဝန်းတွေက စနိုး လက်ခံပါလို့ ပြောနေသလို ဖြစ်တာကြောင့် စနိုး စိတ်လျှော့လိုက်ရသည်။

"လွှင်တို့ သဘောပါပဲ"

ပြောမိပေမယ့် ရင်ထဲမှာ ပူလောင်သလို ခံရခက်သလို ဖြစ်နေတယ်ဆိုတာ စနိုးကိုယ်တိုင်ပဲ သိသည်။

ဘာတတ်နိုင်မှာလဲ ကိုကိုရယ်

ကိုကို့ကို ချစ်နေမိတယ် ဆိုတော့လည်း. . .။



## အခန်း (၂၃)

"ချစ်စနိုး"

ခေါ်သံလေးက ပုံမှန်အတိုင်း ကြည်ကြည်လင်လင်။ နောက်ဘက်ဆီမှ လွင့်လာသည့် ထိုခေါ်သံကြောင့် စနိုး ကိုယ်လုံးလေး ဆန့်တန်းသွား၏။

ခုံတန်းကျောမှီလေးကို ကိုင်ရင်း ရပ်နေသည့် စနိုး မျက်လုံးတို့က အသံလာရာ နောက်ဘက် ငဲ့ကြည့်လိုက်တော့

သရဖူဆိုတဲ့ ကောင်မလေး။

ဆံပင်တိုတို ဖွာဖွာလေးက ကာလာခြယ် မျက်နှာလေးနဲ့ လိုက်ဖက်လှသည်။ ခြေသလုံးဖုံးရုံ ဂါဝန်လက်ပြတ်လေးပေါ် ဝေ့စကတ်တစ်ထပ် ဝတ်ထားသည့် ဖက်ရှင်က ကလေးဆန်သလို လှလည်း လှသည်။



www.burmeseclassic.com

www.burmeseclassic.com



အကျီကြ အနီရဲရဲလေးမို့ ဖွေးဥဝင်းနေသည့် သရဖူ အသား အရောင်ကို ပို၍ လင်းဖြာနေသလို မငေးဘဲ မနေနိုင်အောင် ဆွဲဆောင် မှုရှိလှသည်။

ဖူးဖူးထွတ်ထွတ် လှနေတဲ့ သရဖူကို ကိုကို ဘာကြောင့် မချစ် မိတာလဲလို့ စနိုး မဆီမဆိုင် တွေးလိုက်မိသည်။

"ချစ်စနိုးက တကယ်လှတာပဲနော် ဒါကြောင့် ကိုသန့် ချစ်သွား တာ ထင်တယ်"

"ဟင်"

သရဖူ လှမ်းပြောလိုက်တာက စနိုးကို ရွဲ့တာလား။ ခနဲ့တာ လား။ စနိုး ဝေခွဲမတတ် ဖြစ်ကာ စနိုးကိုယ်စနိုး မလုံမလဲ ငုံ့ကြည့်မိသည်။

အပြာခံမှာ အဖြူစင်းလေးတွေပါသည့် ထဘီကို ကိုယ်ကြပ် အပြာရောင်လေးနဲ့ တွဲဖက်ထားသည့် စနိုးက ရိုးရိုးယဉ်ယဉ်လေး ဖြစ် သည်။

ဆံပင်အားလုံးကို ဘီးကုတ်အပြာကြီးနှင့် နောက်လှန်သိမ်းကာ ကျောပေါ် ဒီအတိုင်း ဖြန့်ချထားတဲ့ ဆံပင်ပုံက ခေတ်မီဆံပင်ပုံစံတွေ ကြားမှာ ရိုးနေပေမယ့် ကြည့်မိတိုင်း အမြင်ရှင်းကာ မျက်စိအေးလှသည်။

ရိုးစင်းလွန်းတဲ့ အလှတရားက ယဉ်ယဉ်လေး ပေါ်လွင်နေသည် က ကိုသန့်နှလုံးသားကို ရင်ခုန်သွားအောင် စေ့ဆော်နိုင်စွမ်းသတဲ့လား။

"တကယ် ပြောတာ ချစ်စနိုး။ ရှင် သိပ်လှတယ်၊ ရိုးရိုးလေး





ကို လှနေတယ်၊ ဒါကြောင့် ကိုသန့် ချစ်မိသွားတယ်လို့ သရဖူ လက်ခံ ပေးလိုက်မယ်"

"ရှင်"

စနိုး ရင်မှာ နားမလည်နိုင်သလို ဖြစ်သွားသည်။ သရဖူ ရှေ့ ကို တိုးလျှောက်လာရင်း မျက်ဆံနက်နက်လေးကို ပင့်၍ စနိုးကို စိုက် ကြည့်ပြီး

"ချစ်စနိုး သိပ်အံ့သြသွားလား"

"အံ့သြတာထက် နားမလည်တာ"

"နားလည်အောင် သရဖူ ပြောမယ်၊ ကိုသန့်နဲ့ သရဖူက မကြာခင် မင်္ဂလာဆောင်တော့မယ်၊ စေ့စပ်ပွဲတွေလုပ်ပြီး အချိန်မဆွဲ တော့ဘူး"

"ဟင်"

ဘွင်းဘွင်းချည်း ပြောချလိုက်တဲ့ သရဖူကို စနိုး အငေးသား ကြည့်ဖြစ်သွားသည်။ သရဖူက ဘာကိုမှ အလေးထားဟန်လေးနှင့်

စနိုး ရှေ့က ကြော့ကြော့လေး လျှောက်၍ ခုံတန်းမှာ ဝင်ထိုင်ကာ

ခုံတန်းနောက်မှာ ရပ်နေသည့် စနိုးကို လှည့်ကြည့်ရင်း

"ဟုတ်တယ် ချစ်စနိုး ကိုသန့် ချစ်စနိုးကို ချစ်ခဲ့တဲ့အတွက် ကိုသန့်ကို သရဖူ နားလည်ပေးလို့ ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ယောက်ျားလေး တစ်ယောက်မှာ ချစ်သူ ရည်းစားရှိတာ မဆန်းဘူးလေ၊



www.burmeseclassic.com

www.burmeseclassic.com



အပျော်ချစ်ဖြစ်ဖြစ် ဘာချစ်ဖြစ်ဖြစ်''

''တောက်''

စန်း ရင်မှာ တင်းသွားဏ်။ သရဖူ ပန်းလေးတွန့်ကာ ခုံတန်းမှ ဖျတ်ခနဲ ထရပ်ပြီး

''ဟုတ်တယ်လေ ကိုသန့်က သရဖူနဲ့ စေ့စပ်ရမှာ ကြောက်လို့ ကိုနိုင်ကြီးဆီမှာရှောင်နေရင်း စန်းနဲ့ ချစ်သူဖြစ်တာ ဘာမှဆန်းကြယ်တာမှ မဟုတ်ဘဲ''

''သရဖူ''

''ပြောလေ ရှင် ဘာပြောချင်လဲ''

''သရဖူ စန်းကို လှလှပပ ပုတ်ခတ်နေတာလား၊ ခနဲ့နေတာလား''

''အို သရဖူမှာ အဲဒီ စိတ်မျိုး မရှိဘူး လုံးဝပဲ စန်း''

''အင်း အဲဒီစိတ်မရှိရင် ကိုကိုနဲ့ စန်း ဘယ်လိုပုံစံနဲ့ပဲ ချစ်ချစ် အပျော်ပဲချစ်ချစ် အတည်ပဲချစ်ချစ် သရဖူ မဝေဖန်ပါနဲ့၊ သရဖူ စန်းနဲ့ တွေ့ချင်တာက ဘာလဲ တွေ့ချင်တဲ့အကြောင်းကိုပဲ တိုက်ရိုက် ပြောပါ''

''ကောင်းပြီလေ ပြောဆိုလို့ ပြောရတာပါ၊ ကိုသန့်နဲ့ သရဖူ မင်္ဂလာဆောင်တော့မယ် အဲဒီအတွက် စန်းဘက်က စပြီး ကိုသန့်ကို ဆက်သွယ်တာ မလုပ်မိစေနဲ့''

''ဘယ်လို''





သရဖူကို စန်း ခပ်စူးစူးလေး စိုက်ကြည့်သည်။ သရဖူ မျက်နှာလေး မဲ့၍ ဟင့်ခနဲ အသံထွက် ရယ်ပြီး

''ဟုတ်တယ် စန်း ရှေ့ဆက်ပြီး ကိုသန့်နဲ့ မဆက်သွယ်ပါနဲ့၊ ယောကျာ်းလေး ဘက်ကတောင် စန်းနဲ့ ဆက်သွယ်ဖို့ မကြိုးစားတဲ့ ကိစ္စ စန်းက မိန်းကလေး တန်မဲ့ မျက်နှာပြောင်တိုက် ဆက်သွယ်နေမယ်ဆိုရင် စန်း ဂုဏ်သိက္ခာကို စန်း ရိုက်ချိုးသလို ဖြစ်သွားမယ်လေ''

''တောက် ရှင်''

''သိပ်လည်း ဒေါသမကြီးပါနဲ့ စန်းရယ် ဟင့် ဟင့်''

သရဖူ မခိုးမခန့် ရယ်၍ ခနဲ့သည်က စန်း နှလုံးသားကို ခံပြင်းသွားစေသည်။

''ဒီမှာ သရဖူ''

''ပြောလေ''

''ရှင်က မိဘသဘောတူတာကို အခွင့်ကောင်းယူပြီး စန်းကို လာတိုက်ခိုက်ချင်တာလား၊ လုံးဝ မရဘူး၊ သရဖူ မြဲမြဲ မှတ်ထား၊ စန်း ဆိုတဲ့ မိန်းကလေးဟာ ရှင့်လောက် ယောကျာ်းရူး ရူးမနေတဲ့ မိန်းမ မဟုတ်ဘူး''

''ဘာပြောတယ်''

''ယောကျာ်း ရူးရူးနေတာ သရဖူရဲ့ ရှင့်ကိုယ်ရှင် မသိဘူးလား''

စန်း ပြောလိုက်သည့် စကားလုံးက သရဖူ ရင်ကို ဆောင့်ဘန်



www.burmeseclassic.com

www.burmeseclassic.com



ခံရသလို သရဖူ ကိုယ်ကို ယိုင်ခနဲ ဖြစ်သွားစေသည်။ သရဖူ ကိုယ့်ကိုယ်ကို ထိန်းပြီး

"သရဖူက ယောကျ်ားရူး ရူးနေတာ ဟုတ်လား"

"ရှင့်ကိုယ်ရှင် ဘယ်လောက် ရူးနေသလဲဆိုတာ ရှင့် ဦးနှောက်နဲ့ ရှင် ပြန်စဉ်းစားကြည့် သရဖူ၊ ကိုယ့်ကို မချစ်ပါဘူး မယူနိုင်ဘူးလို့ ပြတ်ပြတ်သားသား ငြင်းနေတဲ့ ယောကျ်ား တစ်ယောက်ကို ရှင် မရရအောင် ယူဖို့ ကြိုးစားတာက ရှင့်ကိုယ်ရှင် ဂုဏ်ကျက်သရေ ရှိတဲ့ မိန်းကလေး တစ်ယောက်လို ခံယူပြီး လက်မထောင်ပြနေတာ စနိုးကလည်း ရယ်ချင်တယ် ဟင့် ဟင့် ဟင့်"

ခံပြင်းမှုတွေနှင့် စနိုး ပြန်ပြောတော့ သရဖူ အသား တဆတ်ဆတ်တုန်လာသည်။ သရဖူ နှုတ်ခမ်းသားကို ဖိကိုက်လိုက်ပြီး

"ရှင် စကားပြောတာ ဆင်ခြင်နော် ချစ်စနိုး"

"ရှင်ကရော ဘာဖြစ်လို့ မဆင်ခြင်ရတာလဲ သရဖူ"

"ရှင်သာ ကိုသန့်ကို မဆက်သွယ်ရင် သရဖူ ရှင့်ကို လာတွေ့ချင်တဲ့ စိတ် ရှိမှာမဟုတ်ဘူး သိရဲ့လား၊ ဒါကြောင့် လာတွေ့တာ၊ နောက်ထပ် ကိုသန့်ကို ရှင် ဘာလက်ဆောင်မှ မပေးနဲ့၊ ကိုသန့်က ရှင့်လက်ဆောင်ကို တယုတယ သိမ်းထားမှာ မဟုတ်ဘူး၊ အခုလည်း ရှင်ပေးထားတဲ့ စာတစ်စောင်နဲ့ ပန်းတစ်ပွင့် ရှင်ပြန်ယူ ရော့"

သရဖူ လက်ကိုင်အိတ်ဖွင့်ကာ ညှိုးနွမ်းနေပြီဖြစ်တဲ့ ပန်းနုရောင်





နှင်းဆီပန်းလေးနဲ့ စာခေါက်ကို ဆွဲထုတ်ပြီး စနိုး ရှေ့ပစ်ပေါက်ပေးလိုက်သည်။

စနိုး တယုတယ တန်ဖိုးထားသည့် ချစ်သူအထိမ်းအမှတ် ပန်းပွင့်လေးက စနိုးရှေ့က မြက်ခင်းပေါ် ပစ်စလက်ခတ် ပစ်ချခံရသလို စာကလည်း လွင့်ကျတာ မြင်ရတော့ စနိုး နှလုံးသားမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းရတာ အမှန်ပင်။

စနိုး ဖြည်းလေးစွာ ထိုင်ချပြီး ပန်းပွင့်လေးနဲ့ စာခေါက်ကို တယုတယ ကောက်ယူ၍ ရင်မှာပွေ့ထားမိ၏။

စနိုး ချစ်ခြင်းတွေက သရဖူဆိုတဲ့ မိန်းကလေးရှေ့မှာ ပစ်စလက်ခတ် လွင့်ခြွေခံရတဲ့ အဖြစ်လား။

တွေးရင်း ဝမ်းနည်းစိတ်နှင့်အတူ ငုပ်လျှိုးနေတဲ့ မာနစိတ်တလေး အညွန့်တက်လာသည်။ စနိုးရှေ့ သရဖူ ကြော့ကြော့လေး ရပ်ရင်း

"ဒီမှာ ချစ်စနိုး ဒီလောက်ဆို ရှင် ဘယ်လမ်းကို ရွေးသင့်သလဲဆိုတာ ရှင်သိလောက်ပြီ ထင်တယ်"

စနိုး ဆတ်ခနဲ ထရပ်ပြီး နှုတ်ခမ်းလေးကို မဲ့ကာ သရဖူကို စိုက်ကြည့်၍

"ဒီမှာ သရဖူ ရှင်သိထားဖို့က ကျွန်မက ယောကျ်ားတစ်ယောက်ကို နှလုံးသား အလိုဆန္ဒအရ ချစ်ပဲချစ်မယ်၊ ရှင့်လိုမိဘအားကိုး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သိမ်းပိုက်ဖို့ ဘယ်တုန်းကမှ မရှုးသွပ်ခဲ့ဘူး၊ အေး ကိုယ့်စွမ်းကိုယ်စနဲ့ ချစ်သူကို လက်တွဲဖို့ သတ္တိမရှိတဲ့ ယောကျ်ားကိုလည်း အထင်မကြီးဘူး။ ယောကျ်ားရှုးရှုးနေတဲ့ မိန်းကလေး သိမ်းပိုက်တာကို အလိုက်သင့် ငြိမ်ခံနေမယ့် ယောကျ်ားကို ကျွန်မလည်း ဘယ်တော့မှ နောက်ပြန် လှည့်ကြည့်မှာ မဟုတ်ဘူး၊ ရှင်းသန့်ကို ရှင် ဆက်ဆက်ပြောလိုက်၊ ချစ်စနိုး ဆိုတာ ယောကျ်ားတစ်ယောက် ထားရစ်ခဲ့တာ ခံမယ့် မိန်းမ မဟုတ်ဘူး၊ ရှင်သာ ရှင်းသန့် ကျောခိုင်းမနေနိုင်အောင် မူယာမာယာ အသွယ်သွယ်နဲ့ စိက်ကြိုက် ဖြားယောင်းပါ၊ ချစ်စနိုး လုံးဝ မကန့်ကွက်ဘူး၊ ရှင်ပြောသလို ရှေ့ဆက် ခြေလှမ်းတိုးဖို့ဆို ဆောရီးပဲ''

ပြောပြီး သရဖူရှေ့က ကော့ပြီး ထွက်သွားသည့် စနိုး။

သရဖူ တစ်ကိုယ်လုံး တုန်ခါမတတ် နာကျင်သွားကာ

''ချစ်စနိုး''

အသံအက်အက်နှင့် လှမ်းခေါ်ပေမယ့် စနိုး လှည့်မကြည့်။

တောက်။

သရဖူကို သက်သက်မဲ့ ကြောသွားတာ။

စိတ်ချ

ကိုသန့်ကို ရှင် လုံးဝ ချစ်ခွင့်မရစေရဘူး။

■ ■ ■



## အခန်း (၂၄)

''စနိုးရယ် ဘာဖြစ်လို့ အဲလို ပြောရတာလဲ''

လွင် ကရုဏာသက်ဝင်တဲ့ စိတ်နှင့် မေးလျှင် စနိုး မျက်နှာလေး ဝမ်းနည်းဟန်နှင့်ညှိုးနေရာမှ တင်းသွား၏။

''ပြောရမှာပေါ့''

''စိတ်လိုက်မာန်ပါ ပြောရုံနဲ့ ပြီးမတဲ့လား''

''ပြီးတာပဲ''

''ဟင် ဘယ်လို''

လွင် နားမလည်နိုင်အောင် ရှုပ်ထွေးသွား၏။ စနိုး ရင်ထဲမှာ ကိုကိုကို ချစ်တဲ့စိတ်ကို ဖိသိပ်မျိုချလိုက်သည်။ ပြတင်းပေါက်ဘောင်မှာ လက်ထောက်ရပ်ပြီး လွင်နဲ့ မျက်နှာချင်းဆိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



လွင်က စန်းကို ဆိုဖာပေါ် ထိုင်နေရာမှ စိတ်လှုပ်ရှားစွာ လှမ်းကြည့်ပြီး သိချင်စိတ်ကလေးနှင့် နားစွင့်နေသည်။ စန်း ခံစားချက်တွေကို မျိုချ၍

"ဟုတ်တယ်လေ စန်းက မိန်းကလေးတန်မဲ့ ကိုကို့ဆီ ဆက်သွယ်မိတာကို။ သရဖူ နိမ့်နိမ့်ချချ ပြောသမျှ ခံရတာပဲ"

"ဟ ကိုယ့်ချစ်သူကို ကိုယ်ဆက်သွယ်တာလေ၊ အခက်အခဲ အကျပ်အတည်း ကြုံတဲ့အခါ ကိုယ့်ချစ်သူနဲ့ ဆက်သွယ်ခွင့်ရဖို့ မိန်းကလေး အနေနဲ့ ကြိုးစားတာ၊ သိက္ခာကျတယ်လို့ သရဖူက မဓာရားစွပ်စွဲတာ သရဖူ စွပ်စွဲတာကို စန်း အတည်ယူလို့ ဖြစ်မလား သူငယ်ချင်းရယ် စဉ်းစဉ်းစားစား ပြောပါဦး"

"အို ဘာမှ စဉ်းစားစရာ မလိုတော့ဘူး တကယ်ဆို ကိုကို့ဘက်က မရ ရတဲ့နည်းနဲ့ ကြိုးစား ဆက်သွယ်ရမှာလေ အခုတော့ဟာ"

ပြောနေရင်း စန်း ရင်ထဲက ဝမ်းနည်းမှုတွေ လှိုက်တက်လာကာ မျက်ဝန်းအိမ်မှာ မျက်ရည်ကြည် အိုင်သွား၏။

လွင် ငေးကြည့်ရင်း မသိမသာ သက်မချသည်။

"စန်းရယ်"

"လွင် ဘာမှမပြောနဲ့တော့ စန်းတို့ ချစ်ခြင်းက ဒီလောက်နဲ့ ပြတ်စဲရဖို့ ဖန်လာပြီပဲ၊ စန်း ကျေကျေနပ်နပ် လက်ခံရုံပေါ့"

"ကဲ သရဖူကိစ္စ ထားလိုက်တော့၊ ကိုသန့် ဖုန်းဆက်တာ





စန်း ဘာဖြစ်လို့ စကားမပြောတာလဲ"

စန်း နှုတ်ခမ်းပါးလေး တင်းတင်းစေ့ပိတ်လိုက်မိသည်။ အဲဒီ အကြောင်းတွေ ပြန်မတွေးချင်တော့။ သရဖူနဲ့ တွေ့ပြီးကတည်းက စန်း ရင်ထဲမှာပူလောင်နေခဲ့သည်။

ကိုကို့ကိုလည်း ဆက်မချစ်ချင်လောက်အောင် ဖြစ်သွားသည်။ ညတစ်နာရီလောက် ဖုန်းမြည်လာသည်မို့ စန်း ကိုင်ကြည့်တော့ ကိုကို့ ဖုန်းမှန်း သိသည်။ ထိုအခါ ရင်ထဲမှာ ပို၍ ပူလောင်သွား၏။

ဖုန်းကို နားကပ်ထောင်လိုက်တာက နှလုံးသားက တောင်းဆို တဲ့ ရင်ခုန်သံနဲ့ပါ။

"စန်း စန်း"

ကိုကို့အသံက ချစ်ခြင်းတို့ဖြင့် ဆာလောင်မွတ်သိပ်နေပေမယ့် စန်း မထူးမိ။ ရင်ထဲက ပူလောင်မှုတွေက မီးတောင်လို တဟုန်းဟုန်း တောက်ကာ မျက်ရည်တွေ တသွင်သွင် စီးကျနေသည် အထိ။

"စန်း ကိုကို့နဲ့ စကားမပြောချင်တော့ဘူးလား စန်းရယ်၊ ကိုကို ဘယ်လိုမှ ထွက်ပေါက်ရှာမရလို့ စန်းကို ဆက်သွယ်လို့ မရတာပါ၊ ကိုကို့ကို စိမ်းကားနေပြီလားဟင်၊ ကိုကို့ကို မချစ်တော့ဘူးလား။ အခု ဆောင် မာမီ အိပ်ပျော်နေလို့ ကိုကို ဖုန်းခိုးဆက်တာ စန်း၊ ကိုကို့ကို တစ်ခုခု ပြန်ပြောဦးလေ"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



စနိုး ခေါင်းတွင်တွင် ရမ်း၍ ဖုန်းပိတ်လိုက်သည်။

အခုမှ ချွဲနွဲ့နေလို့ ဘာမှထူးလာမှာ မဟုတ်ဘူး။

စနိုး အရာရာကို သိနေတယ်လေ။

"ပြောလေ စနိုး"

လွှင် ထိုင်ရာမှ ထ၍ စနိုးအပါး ရွှေ့သွားသည်။ ငေးငေးလေး တွေးကာ မျက်ရည်တွေ ကျမတတ်ဖြစ်နေသည့် စနိုး မျက်နှာလေးကို ကြည့်၍ လက်မောင်းကို ဆုပ်ကိုင်လှုပ်ခါရင်း မေးသည်။

"ဘာဖြစ်လို့ စကားမပြောတာလဲ ဟင်၊ သရဖူကြောင့် ကိုသန့်ကို စိတ်ဆိုးချင်တယ်ဆိုလည်း နောက်မှ စိတ်ဆိုးသင့်ပါတယ်၊ ခုချိန်က ကိုသန့်လည်း အရမ်းကြပ်နေတာလေ၊ စနိုး ဖုန်းမကိုင်တော့ ကိုသန့်လည်း အရမ်းခံစားနေရမှာပေါ့"

"အင့်"

အောင့်အီးမျိုသိပ်ထားသမျှ ကြိတ်မှိတ်မထားနိုင်တဲ့အဆုံး အင့်ခနဲ စနိုး ငိုရှိုက်မိတော့သည်။ လွှင် စိတ်မသက်မသာ ကြည့်၍

"စနိုးရယ် အကြပ်အတည်းဖြစ်နေတဲ့ အချိန်မှာ ချစ်သူချင်း မာနထားရင် ဘာထူးမှာလဲကွယ်"

"လွှင်က ဘာမှမသိဘဲနဲ့"

"ပြောလေ လွှင် ဘာမသိတာလဲ၊ ပြောပေါ့ စနိုးရဲ့"

"ကိုကိုနဲ့ ဆက်သွယ်မိရင် စနိုးပဲ အရှက်ကွဲ အသည်းကွဲ





ဖြစ်ရမယ်"

"ဘာဆိုင်လို့လဲ"

"ဆိုင်မဆိုင် သိချင်ရင် ဖိတ်စာကြည့်လေ"

ပြောရင်း တီဗွီပေါ်တင်ထားသည့် ဖိတ်စာ ဖြူဖြူလေးကို ယူ၍ လွှင် လက်ထဲ ထည့်ပေးလိုက်သည်။

လွှင် ဖိတ်စာလေးကို တအံ့တသြ ကြည့်ပြီး ဖွင့်ဖတ်လိုက်သည်။

ကိုသန့်နဲ့ သရဖူရဲ့ မင်္ဂလာဖိတ်စာ။

"ဟင်"

လွှင် မျက်လုံးလေး ပြူးခနဲ ဖြစ်သွား၏။

"မင်္ဂလာဆောင်က မနက်ဖြန်ပေါ့"

"ဟုတ်တယ်လေ လွှင်ရဲ့ အန်တီတောင် အံ့သြနေတာ၊ မောင်ရှင်းသန့် ဘာမှသတင်းမပေးဘဲ ဖြုန်းစားကြီး မင်္ဂလာဆောင်မယ်ဆိုတာ ဖိတ်စာရောက်လာမှ သိတော့တယ်၊ ဖိတ်စာလာပေးတာက သတို့သမီး ကိုယ်တိုင်ပဲ လွှင်ရဲ့၊ မောင်ရှင်းသန့် ပါမလာဘူးကွဲ့"

မေမေ ဧည့်ခန်းထဲ ဝင်လာ၍ လွှင့်အတွက် ကော်ဖီနဲ့မုန့်ကို စားပွဲပေါ် တင်ကာ တအံ့တသြ ဝင်ပြောသည်။

မေမေ ရိပ်မိမှာစိုးလို့ စနိုး မျက်ရည်တွေသုတ်ရင်း မေမေနဲ့ မျက်နှာချင်းမဆိုင်မိအောင် ရှောင်လိုက်သည်။ လွှင်က အားတုံ့အားနာနှင့်

"ဟုတ်တယ် အန်တီ လွှင်လည်း အံ့သြသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ လွင်ရေ စားရင်းသောက်ရင်း သမီးနဲ့ အေးအေးဆေးဆေး စကားပြောနှင့်၊ အန်တီလည်း မောင်ရှင်းသန့် မင်္ဂလာညှော်ခံပွဲ သွားဖို့ စီစဉ်စရာရှိတာလေးတွေ စီစဉ်ရမယ်၊ ဟင့် ဟင့် ဟင့်"

ဒေါ်နွယ်မာဝင်း ဘာမှမရိပ်မိရှာ။ အရိုးခံစိတ်နှင့် ပြောပြီး အတွင်းခန်းဘက် ဝင်သွားလျှင် လွင် မသိမသာ သက်မချသည်။

မျက်နှာလွှဲပြီး မျက်ရည်တွေ သုတ်နေသည့် စနိုးကို စာနာစွာ ငဲ့ကြည့်သည်။ စနိုး ဆိုဟာခုံပေါ် အရုပ်ကြိုးပြတ် ဝင်ထိုင်ရင်း လွင်လည်း အလိုက်သင့် ဝင်ထိုင်သည်။

"စနိုးရယ် စနိုးနဲ့ကိုသန့် ချစ်သူတွေဆိုတာ အန်တီ မသိဘူး ပေါ့"

စနိုး ခေါင်းခါ၍

"မသိတာဘဲ ကောင်းပါတယ်၊ သိနေရင် မေမေ စိတ်မကောင်း ဖြစ်နေလိမ့်မယ်၊ သရဖူ ဖိတ်စာ လာပေးကတည်းက မေမေ တအံ့တဩ နဲ့ မင်္ဂလာပွဲသွားဖို့ တဖွဖွ ပြောနေတာလေ၊ စနိုးက မေမေ မရိပ်မိ အောင် အလိုက်သင့် ခေါင်းညိတ်နေရတယ်"

"စနိုးရယ် မွန်းကြပ်စရာကောင်းလိုက်တာနော် ဒီဖိတ်စာကြောင့် ကိုသန့်နဲ့စကားမပြောတာလားဟင်"

စနိုး ခေါင်းညိတ်လျက်သား ဖြစ်သွားသည်။

"ဟုတ်တယ်လေ ကိုကိုနဲ့ သရဖူ မင်္ဂလာဆောင်တော့မှာ





သိသိကြီးနဲ့ စနိုးက ဘာဖြစ်လို့ လက်ခံစကား ပြောရမှာလဲ"

ဝမ်းနည်းခြင်း၊ နာကျင်ကြေကွဲခြင်းတွေနှင့် နှလုံးသားက တ ဆစ်ဆစ် အက်ကွဲဖြစ်လာသည်။

လွင် စိတ်မချမ်းမြေ့စွာ သက်ပြင်းချ၍

"စနိုးရယ်၊ အခြေအနေက ထင်မှတ်မထားဘဲ မြန်ဆန်သွား တာဖြစ်မယ် ထင်တယ်ကွယ်၊ ဒါပေမဲ့ ကိုသန့်မှာ တစ်ခုခု အကြံရှိမယ်လို့ လွင် ထင်တယ်"

"ဘာအကြံရှိရှိ မနက်ဖြန်ပဲ မင်္ဂလာဆောင်တော့မှာလေ"

လွင့်ရင်မှာ အစ်စို့စို့ကြီးဖြစ်သွား၏။ လွင်ဖိတ်စာကို စားပွဲ ပေါ်တင်၍ အကြံကောင်းရလိုရငြား ခေတ္တငြိမ်ကာ စဉ်းစားမိသည်။

စနိုးက ဘာမှ စဉ်းစားမနေချင်တော့။

"လွင်"

လွင်ကို အားကိုးတကြီးခေါ်မိသည်။

"ပြောလေ စနိုး"

"မနက်ဖြန် လွင်နဲ့စနိုး ပဲခူးဆင်းကြစို့လား"

"ဟင်း"

"ဟုတ်တယ်၊ စနိုး ဘာကိုမှ ရင်မဆိုင်ချင်ဘူး၊ နှောင့်လည်း မနှောင့်ယှက်ချင်ဘူး၊ ဘဝနဲ့ နှလုံးသားကိုထပ်မံ အရောင်ညှိတွေ အစွန်းမခံချင်ဘူး၊ ဒါကြောင့် ရွှေစင်ဆီ အလည်သွားတဲ့ သဘောနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ မင်္ဂလာဆောင်တဲ့နေ့ကို ရှောင်နေလိုက်ချင်တယ်၊ လွင် စနိုးနဲ့ ပဲခူးလိုက်ခဲ့ပါနော်''

လွင့် လက်မျှားလေးကို ဆုပ်ကိုင်ရင်း အားကိုးတကြီး ပြောရှာတဲ့ စနိုး ဆန္ဒကို လိုက်လျောချင်ပါသည်။

''ဒါပေမဲ့''

''ဘာဖြစ်လဲ လွင်''

''ဟိုလေ လွင်ကတော့ ကိုသန့် တစ်ခုခုစွန့်စားလာမယ်လို့ ထင်တယ်၊ စနိုး ရှောင်နေရင် လွဲချော်သွားနိုင်တယ်လေ''

''စနိုး မမျှော်လင့်တော့ပါဘူးကွာ''

''သိပ်ပြီး အပြတ်သား မဆုံးဖြတ်နဲ့လေ''

''စနိုး ဆုံးဖြတ်တာမဟုတ်ဘူး။ ဖြစ်သင့်တာကို လက်ခံလိုက်တဲ့ သဘောပါ၊ ချစ်တိုင်းလည်း မညား ညားတိုင်းလည်း မချစ်ဆိုတဲ့ စကားရှိသားပဲလွင်ရယ် ချစ်တိုင်းလည်း ညားကြလေသတည်း ဖြစ်ဖို့ မလွယ်ဘူးဆိုတာ စနိုး သိပြီးပြီလေ၊ ဒါကြောင့် စနိုး နောက်ဆုတ်လိုက်တာ၊ ကိုကို့ကိုလည်း စိတ်မဆင်းရဲစေချင်ဘူး၊ စနိုးလည်း အသည်းမကွဲချင်တော့ဘူးလေ၊ အကောင်းဆုံးက စနိုးရှောင်နေဖို့ပါပဲ''

စနိုး မျက်ရည်တွေသုတ်ပြီး ရှိုက်သံလေးနဲ့ပြောလာတဲ့အခါ လွင် ကရုဏာသက်ဝင်စွာပဲ ကြည့်၍ သက်ပြင်းလေးလေးကြီး ချမိသည်။

လွင့် သဘောက စနိုးနဲ့ ကိုသန့်ကို ဘယ်နည်းနဲ့မဆို ပေါင်းဆုံ





ခွင့် ရစေချင်သည်။ စနိုးက စိတ်ပျော့တာလား။ စိတ်သဘောထား ပြည့်ဝတာလား ဘာလားမသိ။ နောက်ဆုတ်ဖို့ပဲ စိုင်းပြင်းနေတော့ လွင့် အနေနဲ့ တားရခက်လာသည်။

''အင်းလေ စနိုးသိပ်ပြီး စိတ်ထက်သန်နေတယ်ဆိုရင် လွင် မတားရက်တော့ဘူး''

''ကျေးဇူးတင်ပါတယ် လွင်ရယ်''

''စနိုး ဘယ်အချိန်သွားမလို့လဲ''

''ဖြစ်နိုင်ရင် ခုချက်ချင်းသွားချင်တယ်''

''လွင် ကိုကို့ကို ပြောလိုက်ဦးမယ်''

''မပြောပါနဲ့ စနိုးတို့ တိတ်တိတ်လေးပဲ သွားကြမယ်လေ၊ မေမေ့ကိုတော့ ရွှေစင် နေမကောင်းလို့ဆိုတဲ့ အကြောင်းပြချက်လေး ပေးပြီး ပဲခူးဆင်းမယ်လို့ပြောပြီးသား၊ မေမေက သွားတဲ့ နော် လွင် ကိုကို့ကို မပြောပါနဲ့၊ တော်ကြာ စနိုးကို တားနေပါဦးမယ်''

မျက်နှာငယ်လေးနဲ့ တောင်းပန်သလိုပြောနေရှာတဲ့ သူငယ်ချင်း ဆန္ဒကို လွင် လစ်လျူမရှုရက်တော့။ ခေါင်းညိတ်လက်ခံလျက်။

''ကဲပါ စနိုး သဘော၊ ခုချက်ချင်းပဲ သွားကြတာပေါ့''

လွင် လိုက်လိုက်လွဲလွဲ ပြောမှ စနိုးမျက်နှာလေး စိတ်သက်သာ ရာသလိုဖြစ်လာသည်။ ခေါင်းကို ညိတ်၍ ပဲခူးသွားဖို့ ချက်ချင်းပြင်ဆင် နေတဲ့ စနိုးကို ကြည့်ပြီး လွင် သက်မအကြိမ်ကြိမ်ချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



စနိုးရယ်

အချစ်နဲ့ ပေါင်းဆုံခြင်းမှာ ရှောင်တိမ်းရုံနဲ့ နှလုံးသား ခံစားချက်က ကျေနပ်နှစ်သိမ့်မှု ရနိုင်မတဲ့လားကွယ်။

ရှောင်တိမ်းပေမယ့်လည်း နှလုံးသားမှာ ဒဏ်ရာဖြစ်ထွန်းရပြီမဟုတ်လား။ ဒဏ်ရာကို မြင်လျက် ချစ်သူကို ကျော်နိုင်းရှောင်ဖယ်မို့ကြိုးစားတဲ့ စနိုး အချစ်က သိပ်ကို အံ့ဩဖို့ ကောင်းလွန်းတယ်ကွယ်။

လွှင်ဆို ရှောင်မှာ မဟုတ်ဘူး တကယ်။

စနိုးကတော့ . . ။

အိုး မစဉ်းစားချင်တော့ဘူး။

■ ■ ■



## အခန်း (၂၅)

ဒေါ်ဆွေဆွေ အပြုံးလေးနဲ့ တံခါးသော့ဖွင့်ရင်း နူးနူးညံ့ညံ့ ခေါ်လိုက်သည်။

တံခါး သော့ပွင့်သွားသည်နှင့် ကျွန်းတံခါးတွန်းဖွင့်ကာ သား အခန်းထဲလှမ်းဝင်ပြီး

"သားရေ"

ခေါင်းရင်း ခုတင်ပေါ်မှာ သားကို လှမ်းကြည့်တော့ သားကို မမြင်ရပေ။ သားကို မမြင်ရတော့ ဒေါ်ဆွေဆွေရင်မှာ ဒိန်းခနဲဖြစ်ကာ။

"သား"

ထပ်ဆင့်ခေါင်းရင်းအခန်းပတ်ပတ်လည်ကို ဝေ့ကြည့်သည်။ အခန်းထဲမှာ သားကို မမြင်ရတော့။ အခန်းထဲမှာ သားကို မမြင်ရ



www.burmeseclassic.com

www.burmeseclassic.com



တာသေချာသွားတော့ ဒေါ်ဆွေဆွေ မျက်နှာ သိသိသာသာ ပျက်ကျသွား၏။

"သားရေ သား ၊ သား ဘယ်မှာလဲ"

ရေချိုးခန်းတံခါးနဲ့ အိမ်သာတံခါး ချက်ချင်းဖွင့်ကြည့်တော့လည်း သားကို မမြင်ရ။ ဒေါ်ဆွေဆွေရင်မှာ ချောက်ချောက်ချားချား ဖြစ်သွား၏။

"သားကို သူမကိုယ်တိုင် အခန်းထဲထည့်ပြီး သော့ခတ်ထားတာလေ၊ သားအခန်းထဲမှာ မရှိတော့တာ ဘာဖြစ်လို့လဲ"

"ဘုရား ဘုရား"

သားဘယ်ရောက်သွားပြီလဲ။

နေ့လယ်ကပဲ သားရှိနေသေးသည်။ ခုတင်ပေါ် အိပ်နေလို့ ဒေါ်ဆွေဆွေ အပြင်ထွက်ခဲ့တာ။

သားအိပ်နေပေမယ့် စိတ်မချလို့ အပြင်ထွက်တာတောင် သော့ခတ်ပြီးမှ သူမအပြင်ထွက်တာလေ။ အပြင်က ပြန်ရောက်ရောက်ချင်း သားအခန်းထဲ ဝင်ခဲ့ကာမှ သားရှိမနေတဲ့အဖြစ်။

"သား"

ဒေါ်ဆွေဆွေ ရင်မှာ မီးလောင်သလို ပူလောင်လာသည်။

မနက်ဖြန်ဆို မင်္ဂလာဆည်ခံပွဲ ကျင်းပဖို့ အားလုံးအဆင့်သင့်ဖြစ်နေကာမှ သားက အခုပျောက်သွားတဲ့အဖြစ်။

သားက ဘယ်ကဘယ်လို ထွက်သွားရတာလဲ။





ပြတင်းပေါက်ကို အမှတ်မထင်ကြည့်မိတော့။

"ဟင်"

ဒေါ်ဆွေဆွေ မျက်လုံးပြူးကာ ရင်ဘတ်ဖိမိလျက်သား ဖြစ်သွား၏။ မှန်တပ်ထားတဲ့ ပြတင်းပေါက် မှန်ချပ်ကို ရိုက်ခွဲထားသည်။ ပြတင်းပေါက်နား ပြေးကပ်၍ အောက်ကို ငုံ့ကြည့်တော့ ပြတင်းပေါက်မှ ခုန်ချ ထွက်ပြေးသွားပြီဆိုတာ ဒေါ်ဆွေဆွေ သိလိုက်၏။

ထိုအခါ ဒေါ်ဆွေဆွေ မျက်ဝန်းမှာ မီးဟုန်းဟုန်းတောက်သွား၏။

ဟင့်အင်း

သားကို လွတ်မြောက်လမ်း ရှာပြေးတိုင်း လွတ်မြောက်ခွင့် ထွက်ပေါက်ကို သူမ မပေးနိုင်ဘူး။

လုံးဝလွတ်မြောက်ခွင့် မပေးနိုင်ဘူး။

ချက်ချင်း သားအခန်းထဲက ထွက်ခဲ့သည်။

"သမီးရေ သမီး သရဖူ"

ဒေါ်ဆွေဆွေ ဧည့်ခန်းထဲ ခပ်သွက်သွက်ဝင်ပြီးသည်နှင့် သရဖူကို အရေးတကြီး လှမ်းခေါ်သည်။

"ဟော ဆွေဆွေပါလား"

ဒေါ်ဒေစီကျော် ရတနာဆိုင်သွားဖို့ ပြင်ဆင်ပြီး ထွက်လာသော ဧည့်ခန်းဝမှာ ဆွေဆွေကို တွေ့တာကြောင့် အားရဝမ်းသာခေါ်သည်။

ဒေါ်ဆွေဆွေ ဣန္ဒြေမပျက်အောင် ဟန်ဆောင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သားပျောက်နေတဲ့ကိစ္စ ဒေစီကို အသိပေးလို့ မသင့်ဘူး။ သမီးနဲ့ပဲ တိတ်တိတ်ကြိတ်ပြီး ရှာဖွေရမယ်လေ။

ဒေါ်ဆွေဆွေ မျက်နှာလေးကို ရွှင်ရွှင်မြူးမြူးဖြစ်အောင် ပြင်၍

"ဟုတ်တယ် ဒေစီရယ်၊ သမီးနဲ့ တိုင်ပင်စရာရှိလို့ လာခဲ့တာ"

ဒေါ်ဒေစီက ရိပ်မိဟန်မတူဘဲ အပြုံးနဲ့ပဲ ပြန်ဖြေသည်။

"ရှိတယ် ဆွေဆွေ သမီးအခန်းထဲမှာလေ၊ သမီးနဲ့ အေးအေးဆေးဆေး တိုင်ပင်ပေါ့၊ ဒေစီ ဆိုင်သွားလိုက်ဦးမယ်၊ ရတယ်နော် ဆွေဆွေ"

" ရပါတယ် ဒေစီ သွားစရာရှိတာ သွားပါ"

ဒေါ်ဆွေဆွေ ကမန်းကတန်း ပြောလိုက်ရသည်၊ ဒေါ်ဒေစီကျော် နှုတ်ဆက်၍ ဒရိုင်ဘာမောင်းတဲ့ ကားပေါ်တက်ကာ ထွက်သွားမှ ဒေါ်ဆွေဆွေ သက်မချသည်။

ပြီးမှ သရဖူအခန်းဆီ သွက်သွက်ကလေး ဦးတည်ခဲ့သည်။

"သမီး သရဖူ"

အန့်တီခေါ်သံကြောင့် သရဖူ ခေါင်းထောင်သွားသည်။ မင်္ဂလာဆည်ခံပွဲမှာဝတ်ဖို့ အဖြူစွတ်စွတ်ဂါဝန်ကို ကိုယ်မှာကပ်၍ ကိုယ်လုံးပေါ်မှန်ရှေ့ ကြည်နူးစွာကြည့်နေရာမှ လှည့်ကြည့်လိုက်သည်။

"ဟော အန့်တီ လာလေ၊ သရဖူ ဂါဝန်ဝတ်ကြည့်မလို့ အန့်တီရောက်လာတာနဲ့အတော်ပဲ"

သရဖူ ရွှင်ရွှင်မြူးမြူးလေး ပြော၍ ဂါဝန်လေးပင့်မကာ အန့်တီ့ရှေ့မှာ ပြုံးပြုံးလေး ရပ်သည်။ ဒေါ်ဆွေဆွေရင်ထဲမှာ စိတ်မချမ်းမြေ့သလို ခံစားရ၏။





အပြစ်ကင်းစင်သလို ချော့မော့လှပတဲ့ သရဖူလေးကို သားက ဘာလို့ ရင်မခုန်တာလဲ။ ထိုအတွေးနဲ့ သရဖူကို နှမြောစွာ ကြည့်မိသလို သားကိုလည်း ဒေါသထွက်လှသည်။

"နောက်မှတော့မှ ကြည့်ပါကွယ်၊ အန့်တီ သမီးနဲ့ တိုင်ပင်စရာရှိလို့"

ဒေါ်ဆွေဆွေ ဟန်မပျက်ထိန်းရင်း ပြောသည်၊ သရဖူ စိတ်ဝင်စားဖြစ်သွားသည်။ တိုင်ပင်မလို့တဲ့။

"ဘာတိုင်ပင်မလို့လဲ အန့်တီ"

"ဟိုလေ သား"

"ကိုသန့် ဘာဖြစ်လို့လဲ "

"ပြတင်းပေါက်ကနေ ခုန်ချပြီး ထွက်ပြေးသွားပြီ"

"ဟင်"

သရဖူကိုယ်မှာ ကပ်လျက်ကိုင်ထားတဲ့ ဂါဝန်လေး လျှောကနဲ ချွတ်ကျသွား၏။ ဂါဝန်လေးက သရဖူနဲ့အန့်တီ့ကြားမှာ ပုံလျက်အားဖြစ်သည်။ သရဖူ ရင်မှာ ထိထိခိုက်ခိုက် ခံစားရပြီဆိုတာ ဒေါ်ဆွေဆွေသိလိုက်၏။

သရဖူ လက်ဖျားလေးကို ဒေါ်ဆွေဆွေဆုပ်ကိုင်၍



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ် သမီးရယ်၊ သား ထွက်ပြေးသွားပြီ၊ အဲဒါ ဘယ်လိုလုပ်မလဲဟင်၊ အန်တီတော့ သားကို မရရအောင် ပြန်ခေါ်မယ်၊ သမီးကလွဲပြီး အန်တီ ဘယ်သူ့ကိုမှ ချွေးမ မတော်ချင်ပါဘူးကွယ်၊ သမီး ကူညီပါနော်၊ သမီးကိုပဲ အန်တီချစ်တယ်၊ သားကိုတွေ့ဖို့ အန်တီနဲ့ အတူ ဝိုင်းကူရှာပေးနိုင်မလားဟင်''

ဝမ်းနည်းစွာပြောနေတဲ့ အန်တီ့အသံလေး တိုးဝင်လာမှ သရဖူ အသိဝင်လာသည်။

''နော် သမီး အန်တီ့ကို ကူညီပါနော် ဒီကိစ္စကို ဘယ်သူမှ သိလို့မဖြစ်ပါဘူး သမီးရယ်၊ သားကို အမြန်ရှာတွေ့မှ ဖြစ်မယ် သမီးရယ်''

သရဖူ ရင်မှာ နက်နက်နဲနဲ ဟာခနဲဖြစ်သွားသည်။ မနက်ဖြန်ပဲ မင်္ဂလာဆောင်တော့မယ်။ ဒီနေ့မှာ သတို့သား ပျောက်နေတဲ့ အဖြစ်က စဉ်းစားမိတိုင်း သရဖူ ရင်မှာဝမ်းနည်းရစေသည်။

''သမီး အန်တီပြောတာ သမီးလက်ခံပေးပါနော်၊ သမီးကိုပဲ အန်တီယုံပါတယ်ကွယ်၊ သမီးလိုက်ရှာရင်း သားကို ချက်ချင်းတွေ့မှာ ပါကွယ်။ သမီးရယ် အန်တီ့ကို ကူညီနော်''

တတွတ်တွတ်ပြောနေတဲ့ အန်တီ့ဆန္ဒကို သရဖူ မငြင်းရပ်သလို ကိုသန့်ကို လက်တွဲမဖြုတ်နိုင်အောင် သရဖူစိတ်က မက်မောနေမိ ၍ကြောင့်။

''စိတ်ချပါ အန်တီ၊ သမီးရှာပေးပါ့မယ်''





''ရှာမယ်ဆိုရင် မြန်မြန်ရှာမှ သမီးရယ်၊ အချိန်နှောင်းသွား လိမ့်မယ်ကွယ်''

''အင်းပါ''

သရဖူ လွှင့်ကျသွားတဲ့ ဂါဝန်ဖြူဖြူလေးကို တယုတယ ပြန်ကောက်မကာ ရင်မှာ ဝမ်းနည်းရသည့်စိတ်နှင့်အတူ ခုတင်ပေါ် ရှုရှုလေး ပုံချသည်။

''လာ သမီး မြန်မြန်သွားစို့''

ဒေါ်ဆွေဆွေ အလောတကြောပဲ သရဖူကို ဆွဲခေါ်သည်။ သရဖူ တွေဝေစေချင်တဲ့ စိတ်လေးရှိပေမယ့် တွေဝေနေဖို့ စိတ်မကူးတော့ပါ။

အန်တီ ဆွဲခေါ်ရာနောက် ပါလာရင်း

''အန်တီ နေခဲ့ပါ''

''ဟင်''

''ဟုတ်တယ်၊ စိတ်အေးအေးထားပြီး အိမ်ကပဲစောင့်ပါ၊ သရဖူ တစ်ယောက်တည်းရှာပြီး ခေါ်ခဲ့မယ်''

''ဖြစ်ပါ့မလား သမီးရယ်''

''ဖြစ်ပါတယ် အန်တီ့ကိုမြင်ရင် ကိုသန့် ကြောက်စိတ်ဝင်ပြီး ပိုပြီးရှောင်နေလိမ့်မယ်''

သမီးပြောတာ ဖြစ်နိုင်တာကြောင့် ဒေါ်ဆွေဆွေ စိတ်လျှော့ လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ သမီးရယ်၊ သမီးပြောသလိုပဲ ကောင်းပါတယ်၊ သားကိုတွေ့တာနဲ့ အန်တီ့ကို အရင်အကြောင်းကြားနော် သမီး"

"စိတ်ချပါ အန်တီ၊ သမီးသွားမယ်"

သရဖူ ခပ်သွက်သွက်လေး ကားပေါ်တက်သော် ဒရိုင်ဘာ ရှိမနေတာကြောင့် ကိုယ်တိုင် ကားမောင်းထွက်ခဲ့သည်။

အန်တီက ရင်ပူစွာ စောင့်နေရစ်သလို သရဖူကလည်း ရင်ပူစွာပဲ ကိုသန့်ဆီဦးတည်ခဲ့ရပြီ။

ကိုသန့်ရယ်

မင်္ဂလာဆောင်ရမှာ သိသိချည်းနဲ့ သရဖူ ရင်ကွဲအောင် ပြုလိုက်တာလားကွယ်။

ကျေးဇူးပြုပြီး သရဖူ ရင်ကွဲအောင် မပြုပါနဲ့ကွယ်။

သရဖူ တောင်းပန်ပါတယ်။

■ ■ ■



## အခန်း (၂၆)

မထင်မှတ်တဲ့မြင်ကွင်းက သရဖူ့ နှလုံးသားကို မီးစနဲ့ထိုးထည့်သလို ပူလောင်မျက်ရှနေစေသည်။

ထိုမြင်ကွင်းကို အာရုံထဲက ဖျောက်ဖျက်ဖို့ ကြိုးစားပေမယ့် သရဖူ မျက်ဝန်းထဲမှာ တဝဲလည်လည်ဖြစ်နေတာက ခက်လှသည်။

ကိုသန့်နဲ့ ချစ်စနိုး။

မြင်လိုက်သည်နှင့် ရင်မှာ မီးလို တငွေ့ငွေ့လောင်လာသည်။ သရဖူက ကိုသန့်ကို အသည်းအသန်ရှာနေတဲ့အချိန်မှာ ကိုသန့်က စနိုးရှေ့မှာ။

"ကိုကို တောင်းပန်ပါတယ် စနိုးရယ်၊ ကိုကို့ကို ခွင့်လွှတ်ပါ၊ ကိုကို စနိုးကိုချစ်တယ်၊ စနိုးနဲ့ပဲ လက်တွဲချင်တယ်၊ ဒါကြောင့် ကိုကိုစွန့်စား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာစနိုးရယ်၊ ကိုကို့ ကို နားလည်ပေးပါနော် နော် စနိုး''

စနိုးရဲ့မှာ မျက်နှာငယ်လေးနဲ့ ခခခယယ တောင်းပန်နေတဲ့ ကိုသန့်ကို သရဖူ ဘဝင်မကျစိတ်နဲ့ နှုတ်ခမ်းလေးကို တင်းတင်း စေ့ထားမိ၏။

''စနိုး ဘာကိုမှ မမျှော်လင့်တော့ဘူး ကိုကို ဒီလောက်နဲ့ပဲ ကျောခိုင်းကြတာပေါ့''

''စနိုး ဒီလိုတစ်ဖက်သတ် မပြောနဲ့လေ''

''ဘာ စနိုးက တစ်ဖက်သတ်ပြောတယ် ဟုတ်လား''

စနိုးမျက်နှာလေး ပင့်ခါ၍ မေးလျှင် ရှင်းသန့်ရင်မှာ မလုံမလဲ ဖြစ်ရသည်။

စနိုးရင်ထဲမှာ နာကျင်စွာပဲပြော၏။

''ပြောရက်လိုက်တာ ကိုကိုရယ်၊ စနိုးဘက်က တစ်ဖက် သတ်ဆုံးဖြတ်တာလား။ ကိုကိုက တစ်ဖက်သတ် လျစ်လျူရှု ထားတာ လား၊ ပြောစမ်းပါ ကိုကို''

ရှင်းသန့်ရင်ထဲမှာ ရှုပ်ထွေးကာ ဗျာများသွားသည်။

''ဟို ကိုကို လျစ်လျူရှုထားတာ မဟုတ်ပါဘူးကွာ၊ အခြေအနေ အရ ဘယ်လိုမှ ထွက်ပေါက်မရလို့ပါ၊ နောက်ဆုံး ကြံမိကြံရာ''

''တော်ပါတော့ ကိုကို့ ဒီအချိန်ကျမှ ဘာထူးမှာလဲ ပြောစမ်းပါ၊

''ကိုကို အတွက်က စက္ကန့်တိုင်း၊ မိနစ်တိုင်းက ထူးနေတာပဲ





စနိုးရယ်၊ ကိုကို ဘဝနဲ့ ကိုကို့နှလုံးသားအတွက် စနိုးကလွဲပြီး ဘယ် မိန်းကလေးကိုမှ နေရာမပေးနိုင်ဘူး စနိုးရယ်၊ ကိုကို့ကို ဒီတစ်ကြိမ် အခွင့်အရေးပေးပါနော် နော် စနိုး''

စနိုး နှုတ်ခမ်းသားလေး ဝမ်းနည်းကြီးစွာ တဆတ်ဆတ် တုန် ယင်သွားသည်။ စနိုးကားပေါ် လှမ်းတက်လို့မရအောင် ဖြုန်းစားကြီး ရောက်လာ၍ ရှေ့ကပိတ်ရပ်ပြီးပြောလာတဲ့ ကိုကို့ကို စနိုး ဘယ်လိုလုပ် လက်ခံပေးရမှာလဲ။

ပြောရင်း စနိုး လက်ဖဝါးလေးကို ကြင်ကြင်နာနာ ဆုပ်ကိုင်လျှင်

''အို''

စနိုးရင်ခုန်စွာပဲ ပုတ်ချလိုက်သည်။

''စနိုး''

''ကိုကို စနိုးကို မနှောင့်ယှက်ပါနဲ့၊ မနက်ဖြန်ပဲ မင်္ဂလာ ဆောင်တော့မယ့် သတို့သားက သတို့သမီးအနားမှာပဲ ရှိရမယ်လေ၊ ဘာဖြစ်လို့ စနိုးကို လာပြီးစိတ်ဒုက္ခပေးနေလဲ၊ ကိုကို့ကြောင့် စနိုး တန်ဖိုးထားတဲ့ ပန်းတစ်ပွင့်ဟာ သူတပါး ပစ်စလတ်ခတ် လွှင့်ပစ်တာကို ခံလိုက်ရကတည်းက စနိုး ရင်မှာ ကိုကို့အချစ်အတွက် ဒဏ်ရာရသွားခဲ့ပြီ၊ နောက်တစ်ခါ ဒီဒဏ်ရာမျိုး စနိုး မလိုချင်တော့ဘူး။ ဒါကြောင့် နောက် ဆုတ်လိုက်တာပါကိုကို''

''ကိုကိုတို့ချစ်ခဲ့ကြတာ စနိုး အသိအမှတ်မပြုတော့ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းက စနိုးမျက်ဝန်းမှာ အချစ်တို့ ညှို့မှိုင်းသွားပေမယ့် အသိတရားတော့ ခေါင်းလေးရမ်းခါမိတဲ့အထိ ဖြစ်သွား၏။

"ပြောလေ စနိုး၊ ကိုကိုတို့ ချစ်သူဖြစ်တာကို စနိုး အသိမှတ်မပြုတော့ဘူးဆိုရင် ကိုကို့တဝ ကိုကို့ နှလုံးသား ဘာအဓိပ္ပါယ် ရှိတော့မှာလဲ၊ စနိုးရယ် ပြောစမ်းပါ၊ ကိုကို့ အချစ်ကို ခံစားပြီး ပြောစမ်းပါ"

စနိုး ပခုံးစွန်းလေးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ခါရင်း မေးလျှင် စနိုး နှလုံးသားမှာ အချစ်တို့ ယစ်သိုင်းခံရသလို ဖြစ်၏။

"ကိုကို အရာရာကို ရင်ဆိုင်ဖို့ ရုန်းထွက်လာခဲ့တာပါ၊ စနိုး အသိအမှတ်မပြုနိုင်တာ ကိုကို ဝမ်းအနည်းဆုံးပဲ စနိုးရယ်"

စနိုးရင်မှ တင်းခံစိတ်လေး ပြိုယိုင်မတတ်ဖြစ်လာသည်၊ အချစ်တွေနဲ့ စွန့်စားဖို့ သတ္တိရှိနေတဲ့ ကိုကို့ စကားလုံးတွေက အဆက်မပြတ် ဆိုနေဆဲ။

"ကိုကို စွန့်စားပြီးထွက်ခဲ့တာက စနိုးနဲ့ကိုကို ဘဝလက်တွဲဖို့ မာမီ့ကို ရင်ဆိုင်ဖို့ အဲလိုရင်ဆိုင်ဖို့အတွက် စနိုး လက်တစ်ဖက်ကို ကိုကို ဆုပ်ကိုင်ထားချင်တယ်၊ စနိုးဘာကြောင့် ခွင့်မပြုချင်တာလဲ၊ ကိုကို နားလည်အောင် ပြောပြစမ်းပါ"

စနိုး မေးဖျားလေးကို အသာပင့်၍ မေးလျှင် ကိုကို့လက်ကို စနိုး မပယ်ချင်ပဲ ပယ်ချမိပြီ။

"စနိုးမှာ မာနရှိတယ်ကိုကို၊ စနိုးကို မနှစ်မြို့တဲ့ ကိုကို့မာမီ





ရှေ့မှောက်မှာ စနိုးတစ်သက်လုံးခေါင်းငုံ့ခံနေပြီး အောက်ကျို့ နောက်ကျို့နေရမတဲ့လား၊ ပြီးတော့ သရဖူရဲ့ အထင်အမြင်သေးတဲ့ စကားလုံးတွေအတွက် စနိုးမာနနဲ့ စနိုး တင်းခံရမှာပဲ ကိုကို"

"အဲဒီမာနကြောင့် ကိုကို့အချစ်ကို စွန့်လွှတ်မယ်ပေါ့ အဲလိုလား"

ရှင်းသန့် စေ့စေ့ကြည့်၍ မေးလျှင် စနိုး မျက်လွှာလေး ချမိသွားသည်။

"ပြောလေစနိုး၊ ကိုကိုအချစ်ကို စနိုး တကယ်စွန့်လွှတ်မယ်လို့ ဆုံးဖြတ်ပြီးပြီလား၊ ကိုကို့ကို ပွင့်ပွင့်လင်းလင်းပြောပါ"

စနိုးရင်မှ ပူလောင်ကာ မွန်းကြပ်သလိုဖြစ်လာသည်။ အချစ်တွေနဲ့ ရွှန်းစိုနေတဲ့ ကိုကို့မျက်ဝန်းနဲ့ နွေးထွေးရင်ဖိုဖွယ် ကောင်းတဲ့ ကိုကို့ရင်ခွင်ကို မကြည့်မိအောင် စနိုး အားတင်းထားလိုက်ပြီး ခေါင်းညိတ်လိုက်လျှင်

ရှင်းသန့် နှလုံးသား ဝုန်းခနဲ ပြိုကျသွားသလိုဖြစ်ရုံမက မယုံနိုင်အောင် ဖြစ်ကာ မတ်တပ်ရပ်နေတဲ့ကိုယ်က နောက်လန် ကျမတတ် ဖြစ်၏။

"စနိုး"

ရှင်းသန့်ကိုယ်ကို ရှင်းသန့် ဝမ်းနည်းကြီးစွာထိန်း၍

"စနိုး ကိုကို့အချစ်ကို ရက်စက်လိုက်တာပေါ့လေ၊ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



မယုံဘူးကွာ၊ ဝမ်းနည်းခြင်းနဲ့အတူ ယူကြုံးမရ ထိခိုက်ကြေကွဲသွားတဲ့ ကိုကို မျက်နှာလေးကို မကြည့်ရက်တဲ့ စနိုး မျက်ဝန်းမှာ ကြေကွဲ မျက်ရည်တွေ ပြည့်အိုင်သွား၏။

"ကိုကို့ဘဝမှာ စနိုးကို တစ်သက်လုံးအတွက် ရည်ရွယ်ပြီး မြတ်မြတ်နိုးနိုးချစ်ခဲ့မိတာ၊ ရာသက်ပန်အတွက် လက်တွဲဖို့ ဆုံးဖြတ်ပြီး စွန့်စားလာခဲ့တာပါ၊ ခုတော့"

ပြောရင်း တိမ်ဝင်သွားတဲ့ အသံလေး နောက်မှာ နှလုံးသားရဲ့ ကြေကွဲမှုတွေနှင့် အတားအဆီးမဲ့ ယိုစီးလာတာက မျက်ရည်တွေပါပဲ။

ထိုမျက်ရည်တွေကို ရှင်းသန့် မသုတ်မိတော့။

အချစ်ကိုတောင် စွန့်ပယ်ခြင်းခံရတဲ့ နှလုံးသားမှာ မျက်ရည်တွေက ဝေဒနာရဲ့ ပြယုဂ်အဖြစ် ပြောင်းလဲလာတာကို ချစ်သူ အသိအမှတ် မပြုတော့လည်း ရှင်းသန့် အသည်းကွဲရုံပေါ့။

ရှင်းသန့် မျက်တောင်ပုတ်ခတ်၍

"အင်းလေ ကိုကို နှလုံးသားကံကြမ္မာက ချစ်သူစွန့်ပစ်ခြင်းခံရဖို့ ဖန်တီးလာတာဆိုတော့ ကိုကို ဘာတတ်နိုင်မှာလဲ စနိုးရယ်၊ ဒါပေမဲ့ ကိုကို ဘဝအတွက် သရဖူကို လက်တွဲလိမ့်မယ်လို့ မထင်ပါနဲ့"

"ဟင်"

သရဖူ မျက်လုံးလေး ပြူးမတတ် ဖြစ်သွား၏။ စနိုး လက် မခံတော့ရင် သရဖူဆီ ဦးတည်သွားလိမ့်မယ်ဆိုတဲ့ အတွေးနဲ့ သရဖူ





ဝင်မစွက်ဘဲ စောင့်ကြည့်နေခဲ့တာပါ။

ခုတော့

အထင်နဲ့အမြင် တစ်လွဲစီဖြစ်စေမယ့် စကားလုံးတွေကြားရတော့ သရဖူ့ရင်မှာ လှိုင်းထန်သွားရ၏။

"ဟုတ်တယ် စနိုး စိတ်ချပါ၊ ကိုကို့နှလုံးသားမှာ စနိုးကလွဲပြီး သရဖူကို နေရာပေးမှာ မဟုတ်ဘူး၊ ကိုကို့ဘဝ ကိုကို့နှလုံးသားကို ကိုကို ဆုံးဖြတ်ချက်နဲ့ ကိုကို ရပ်တည်သွားမယ်၊ စနိုးကို တစ်သက်လုံး အတွက် ကိုကို နှုတ်ဆက်ခဲ့ပါတယ်"

ပြောပြီး ချာခနဲ လှည့်ထွက်သွားတဲ့ ကိုကို့ကို ချစ်တဲ့စိတ်နဲ့ လှမ်းဆွဲလိုက်ချင်ပေမယ့် မာနစိတ်ရိုင်းတို့ တားဆီးထားတဲ့အခါ ကြေကွဲ တဲ့နှလုံးသားက မျက်ရည်တွေ ဒလဟောကျ၏။

စနိုးနဲ့ ပဲခူးဆင်းဖို့ လွင်နဲ့အတူ ကားနဲ့ထွက်လာခဲ့တာလေ။ ဓာတ်ဆီဆိုင်မှာ ကားဓာတ်ဆီဖြည့်ပြီး ကားပေါ် ပြန်တက်ဖို့ပြင်စဉ် ကိုကိုရောက်လာခြင်း။

လမ်းပေါ်မှာ ဆိုတာလည်း ကိုကိုနဲ့ စနိုး သတိမထားနိုင်တော့။

နှလုံးသား ခံစားချက်ကို မာနနဲ့ ရှင်းထုတ်ပြီး ကိုကို ကျောခိုင်း ထွက်သွားသည့်နှင့်ကားကို လျောခနဲ မောင်းထွက်ခဲ့၏။

ကိုကိုရယ် ကျောခိုင်းလျက် ဝေးကြပါစို့ကွယ်။

"ကိုသန့်"



www.burmeseclassic.com

www.burmeseclassic.com



သရဖူ ကားပေါ်ထိုင်ပြီးစောင့်ကြည့်နေရာမှ စနိုးကို ကျော်ခိုင်းထွက်လာတဲ့ ကိုသန့်ကိုခေါ်ရင်း ကားပေါ်က ဆင်းကာ ပိတ်ရပ်လိုက်သည်။

"ကိုသန့်"

အချစ်ကြောင့် ကြေကွဲနေတဲ့နှလုံးသားက ဘာကိုမှ ဆင်ခြင်ခံစားနိုင်စွမ်းမရှိတော့ဘူးလို့ ရှင်းသန့် ထင်သည်။ ဒါကြောင့် သရဖူကို ဟန်မဆောင်တမ်းဘဲ ရင်ဆိုင်ပြီး

"ဒီမှာ သရဖူ ကိုယ့်ဘဝမှာ ချစ်သူမရှိတာက ကိုယ့်နှလုံးသား ပျက်သွားသလိုပဲ၊ နှလုံးသားပျက်နေမှတော့ အသိတရားလည်း ပျက်သွားမှာ မလွဲဘူး ဒါကြောင့် ကိုယ့်ကို မနှောင့်ယှက်နဲ့တော့"

ပြောပြီး သရဖူကို ကျော်ခိုင်ထွက်သွားလျှင် သရဖူ့ရင်မှာ တင်းသွားပြီး

"ကိုသန့်"

ခေါ်တာလည်းလှည့်မကြည့်တော့ သရဖူ ရင်နာရ၏။

"တောက်"

ခံပြင်းစိတ်နဲ့ ပြေးလိုက်ပြီး ကိုသန့် လက်မောင်းကို အတင်းဆွဲထားတော့ ကိုသန့် ပုတ်ချပြီး ရှောင်ထွက်သွားလျှင် သရဖူ့မာနကိုထိခိုက်သလိုဖြစ်ရသည်။ သရဖူ့မာနကို လုံးဝ ထိခိုက်မခံနိုင်ဘူး။

မင်္ဂလာပွဲ အဆင်သင့်ပြင်ဆင်ပြီးမှ သတို့သား ကျော်ခိုင်း





စွန့်ပယ်လိုက်တဲ့ ဘဝမှာ ဖြစ်ပေါ်လာမယ့် အရှက်တကွဲဖြစ်မှုကို ကာကွယ်ဖို့ တစ်လမ်းပဲရှိတော့တယ်။

အဲဒီလမ်းက ကိုသန့်ကို မရ အရဆွဲခေါ်သွားဖို့။

ခိုင်မာတဲ့မာနနဲ့ဆုံးဖြတ်ကာ ကိုသန့်နောက်ကို အမိလိုက်ပြီး လမ်းအလယ်မှာ ကိုသန့်လက်ကို ဆွဲမိလျှင်

"ကိုသန့် သရဖူနဲ့ပြန်လိုက်ခဲ့"

"မင်း လွှတ်ကွာ လွှတ်စမ်း သရဖူ ၊ ကိုယ့်လမ်းကိုယ် သွားပါရစေ၊ မင်းဘဝထဲဝင်ရတာထက်စာရင် ကိုယ့်တဝလေလွင့် နေရတာက ပိုတန်ဖိုးရှိတယ်"

"ကျစ် အပိုတွေပြောမနေနဲ့. ကိုသန့် သရဖူနဲ့ ပြန်လိုက်ခဲ့ လို့ပြောနေတယ်နော် ၊ ပြန်လိုက်ခဲ့"

သရဖူက အတင်းဆွဲ၊ ရှင်းသန့်က အတင်းရုန်းရင်း လမ်းလယ်မှာ ရုန်းရင်းဆန်ခတ် ဖြစ်နေတာမို့ ပတ်ဝန်းကျင် မျက်လုံးတွေက ကြည့်နေတော့ သရဖူ့ရင်မှာ အရှက်သည်းလာသည်။

သရဖူ့လက်ထဲကလွတ်မြောက်ဖို့ပဲ တာစူနေတော့ သရဖူ့စိတ်မှာပေါက်ကွဲလာသည်။ ရှက်စိတ်၊ ပေါက်ကွဲစိတ်နှင့်အတူ ကိုသန့်ကို အေးသလည်းဖြစ်လာကာ

"သွား ဒီလောက်တောင်သွားချင်ရင် သွား သွား"

အသံကုန်အော်ဟစ်ရင်း ကိုသန့်ကို ဆောင့်ပစ်လိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



''ဂျိန်း''

''အား''

''ကျွိ''

ဆိုတဲ့ တိုက်သံ ၊ အော်သံ၊ ကားဘရိတ်ဆွဲသံတွေနောက်မှာ သရဖူ့မျက်လုံးပြာဝေသွားကာ ကမ္ဘာကြီးလည်သွားသလို ခံစားရ၏။ ပတ်ဝန်းကျင်တစ်ခုလုံး ရုတ်ရုတ်သဲသဲ ဆူညံတဲ့အသံတွေကြောင့် သရဖူ သိလိုက်တာက

''ဒီကလေးမ သိပ်ရက်စက်တာပဲ၊ ကောင်လေးကို ကားရှေ့တွန်းပစ်လိုက်လို့ ကောင်လေးကားတိုက်ခံရတာ သေလား ရှင်လား မသိဘူး၊ သေပြီထင်တယ်၊ လှုပ်တောင်မလှုပ်တော့ဘူး''

ဆိုတဲ့အသံတွေ ဝိုင်းအုံကြည့်နေတဲ့လူအုပ်ကြီးကို သရဖူ လန့်လန့်ဖြန့်ဖြန့် ကြည့်လိုက်မိသည်။

ဝင်တိုက်လိုက်တဲ့ ပါရမီကားရှေ့ လမ်းမပေါ်မှာ ခွေခွေလေး ပုံကျနေတဲ့ ကိုသန့်က သွေးအိုင်ထဲမှာ။

တစ်စက်ကလေးမှ မလှုပ်ဘဲ ငြိမ်သက်သွားသည်က ဆူညံဆူညံပြောနေကြတဲ့စကားလုံးတွေအတိုင်း သေဆုံးသွားပြီလား။

ဘုရားကယ်တော်မူပါ။

သရဖူ အဲဒီရည်ရွယ်ချက်နဲ့ မဟုတ်ပါဘူး။

ခုတော့။





သရဖူမကြည့်ရက်တော့။

မျက်နှာကို လက်ဖဝါးနဲ့အုပ်ကာ ထိထိခိုက်ခိုက် ကြေကွဲစွာ ငိုချလိုက်သည်က ဟီးခနဲ။

ကိုသန့်ကို သရဖူ မစွန့်လွှတ်နိုင်အောင် ချစ်ခဲ့မိတာပါကွယ်။ သရဖူ့အချစ်က ကိုသန့်ဘဝနဲ့ နှလုံးသားကို အဖြစ်ဆိုး စေပြီလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ညည်းကို ငါ လုံးဝ ခွင့်မလွှတ်ဘူး သရဖူ"

"ဟင်"

သရဖူကိုတွေ့သည်နှင့် သွေးရူးသွေးတန်း ဖြစ်ကာ အန်တီ လက်ညှိုးငေါက်ငေါက်ထိုးလျှင် သရဖူရင်မှာ ထိတ်ထိတ်ပြာပြာ ဖြစ်သွားသည်။

"အန်တီ သရဖူ ပြောပါရစေ"

"ဘာမှ လာမပြောနဲ့ ညည်း ငါ့သားကို သေကြောင်းကြံလိုက်တာ"

"မဟုတ်ဘူး အန်တီမဟုတ်ဘူး သရဖူလေ"

"ညည်း ဆက်မပြောနဲ့ သရဖူ ညည်းစိတ်ဓာတ်ကို ငါ





သိသွားပြီ၊ ညည်းကို ငါချစ်သလို ညည်း ငါ့ကို မချစ်ဘူး ငါ့သားကို ငါမြတ်နိုးသလို ညည်း မမြတ်နိုးဘူး၊ နင်ငါ့သားသေအောင် ညည်း ကြံစည်လိုက်တာ"

"မဟုတ်ဘူး အန်တီ လုံးဝမဟုတ်ဘူး"

"ဘာလို့မဟုတ်ရမှာလဲ၊ မြင်တဲ့သူအားလုံး ပြောကြတယ်၊ ညည်း ငါ့သားကို ကားတိုက်အောင် တမင်တွန်းပစ်လိုက်တာတဲ့"

"မဟုတ်ဘူး အန်တီ သရဖူ ရှင်းပြပါရစေ"

"ဘာမှလာမရှင်းပြနဲ့ ညည်းအသံကို ငါမကြားချင်ဘူး၊ မကြားပါရစေနဲ့"

ဒေါ်ဆွေဆွေ နားနှစ်ဖက်ကိုလက်နဲ့ အတင်းပိတ်ရင်း အော်ဟစ်ငြင်းဆန်လိုက်သည်။

သရဖူရင်မှာ ထိခိုက်ကြေကွဲသလို ကိုသန့်အတွက် စိုးရိမ်စိတ်တို့လည်း ဖိစီးလာသည်။

"အန်တီ"

"ညည်း ငါ့ကို မခေါ်နဲ့"

"သရဖူ တောင်းပန်ပါတယ် အန်တီ၊ ဒီကိစ္စမှာ သရဖူ မရည်ရွယ်ခဲ့ပါဘူး မတော်တဆ"

"ဘာ မတော်တဆလဲ၊ လူတစ်ယောက်လုံး ပစ်ပတ်ခတ်သေအောင် ကြံစည်တာ မတော်တဆတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"သရဖူ ရှင်းပြတာကို နားထောင်ပါဦး အန်တီရယ်"

"နားမထောင်ဘူး ညည်းကို ငါ အရင်လို ချစ်လို့ မရတော့ဘူး သရဖူ"

"ဟင်"

သရဖူ နှလုံးသား သွက်သွက်ခါ ရှုးသွပ်မတတ် ဖြစ်သွားသည်။

"ဟုတ်တယ် ညည်းကြောင့် ငါ့သားစိတ်ဆင်းရဲရတယ်၊ ညည်းကြောင့် ငါ့သားနဲ့ငါကြား ပြဿနာတက်ရတယ်၊ ညည်းကြောင့်လဲ ငါ့သား အခု သေကောင်ပေါင်းလဲ ဖြစ်နေရတယ် "

သရဖူ့နှလုံးသားမှ ကြေကွဲမျက်ရည်တွေ အလုံးလိုက် ယိုစီးလာသည်။ ကိုသန့်ကို အရေးပေါ် ခွဲစိတ်ပြီးပေမယ့် စိတ်မချရသေးတဲ့ အနေအထားမှာ သရဖူ ပိုစိုးရိမ်နေရသည်။

အန်တီက အခုလိုစကားလုံး ရင့်ရင့်တွေနဲ့ ပြင်းဆန်လာတော့ သရဖူ အသည်းခွဲခြင်းခံရသလို နာကျင်မျက်ရှုလာသည်။

"သွား ညည်းခုချက်ချင်း ငါ့ရှေ့ကထွက်သွား"

ဒေါ်ဆွေဆွေ ပက်ပက်စက်စက် နှင်ထုတ်တဲ့အခါ သရဖူ ရှက်ပြီး ဝမ်းနည်း ယူကြုံးမရဖြစ်ခြင်းတွေနဲ့ တသိမ့်သိမ့် ငိုကြွေးရင်း ကိုသန့်ကိုကျောခိုင်းနေရတဲ့အဖြစ်။

ထိုအဖြစ်ကို စဉ်းစားမိတိုင်း ရင်ထဲမှာ နာကျင်ကြေကွဲမှု ပေါင်းစုံဖြစ်တည်လာသည်။





"သမီးရယ်၊ ဒီအဖြစ်တွေကိုမေ့လိုက်ပါတော့၊ ဆွေဆွေစိတ်ကို မာမီလုံးဝသဘောမကျတော့ဘူး။ တကယ်ဆို သမီးကို ဒီလောက်နှစ်နစ်နာနာ ပြောစရာမလိုဘူးလေ၊ သမီးကိုပြောချင်တယ် ဆိုရင်တောင် မာမီမျက်နှာကိုတော့ ထောက်သင့်တာပေါ့၊ မပြောလိုက်ချင်ဘူး"

မာမီ ဆေးရုံကပြန်လာပြီးကတည်းက မကျေမနပ်ပြော၏။

ခုချိန်မှာ အန်တီကို မကျေနပ်ဖို့ အရေးထက် ကိုသန့် အခြေအနေကိုပဲ သရဖူ စိတ်ဝင်စားသည်။ ဒါကြောင့် မျက်ရည်တွေကိုသုတ်ပစ်ရင်း

"ကိုသန့် ဘယ်လိုနေသေးလဲ မာမီ၊ ဆရာဝန်ကြီး ဘာပြောလဲ ဟင်"

ဒေါ်ခေစီကျော် သမီးကို ကရုဏာ ဒေါသလေးနဲ့ စောင်းကြည့်မိသည်။

"ပြောပါ မာမီ၊ သမီးစိုးရိမ်လို့ပါမာမီ"

"ကျစ် သမီးနဲ့တော့ ခက်တယ်ကွယ်"

"သမီးသိချင်တာကိုပြောပါမာမိ၊ သမီးကြောင့် ကိုသန့်ဒီလိုဖြစ်သွား ရတာပါ၊ သမီး ပရောဂ မကောင်းပါဘူး မာမီရယ် အင့် ဟင့်ဟင့်"

ပြောရင်း ငိုချလိုက်တဲ့ သမီးကို ဒေါ်ခေစီကျော် အပြစ်ပြောချင်တဲ့ စိတ်ရှိပေမယ့် အပြစ်မမြင်မိအောင် ထိန်းချုပ်လိုက်ပြီး သမီးမျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကြင်နာစွာသုတ်ပေးပြီး ပြောသည်။

"သမီးလေး စိတ်လျှော့လိုက်ပါကွယ်"

"သမီးသိပါတယ်၊ လောလောဆယ်အခြေအနေမှာ သမီးကိုသန့် အနားမှာ နေခွင့်ရချင်ပါတယ်၊ အန်တီက နေခွင့်မပေးတဲ့အတွက် သမီး ရှောင်ခဲ့နေရတာ ရင်ပူရတယ် မာမီ၊ ဒါကြောင့် ကိုသန့် အခြေအနေကို သိချင်တာပါ"

ဒေါ်ဒေစီကျော် သက်မချသည်။ ဖွတ်တရွတ်ဆန်တဲ့ သမီးစိတ်ကို နားလည်မှုပေးနဲ့ စိတ်မွေးပြီး

"ကဲပါ သမီးရယ်၊ သမီး သိချင်ရင် မာမီပြောပါ့မယ်"

"မြန်မြန်ပြောပါ မာမီ"

"အင်း ခွဲခန်းထဲက ထုတ်ကတည်းက သတိမရသေးဘူး"

"ဒါဆို စိုးရိမ်ရတာပေါ့မာမီ"

"ဟုတ်တယ်သမီး စိုးရိမ်ရတယ်တဲ့"

"ဟင့် ဟင့် ဟင့်"

သရဖူနှလုံးသားထဲက သည်းသည်းလှိုက်လှိုက် ငိုကြွေးမိ၏။

"သမီးကြောင့် ကိုသန့် ခုလိုဖြစ်ရတာ ဟင့် ဟင့်၊ ကိုသန့်ကို သမီး တောင်းပန်ခွင့် ရချင်ပါတယ် မာမီရယ်၊ ကိုသန့်ကို သမီး တောင်းပန် ချင်တယ် ဟင့် ဟင့် ဟင့်"

"ကဲပါ သမီးရယ်၊ ဒီလောက်ထိလည်း စိတ်မကောင်း မဖြစ်ပါနဲ့





နော် ဘာတတ်နိုင်မှာလဲ၊ ဖြစ်သွားပြီးပြီပဲ၊ သမီးစိတ်ကို လျှော့ပြီး ဘုရား မှာဆုတောင်း မေတ္တာပို့ပေါ့၊ ဘုရားပဲ အကောင်းအဆိုးကို စောင်မ ပေးနိုင်မယ်လေ သမီး"

ဒေါ်ဒေစီကျော် သမီးကိုချော့မော့ ဖျောင်းဖျပြီး သမီးစိတ် တည်ငြိမ်လာအောင် ဖေးမနှစ်သိမ့်နေပေမယ့် ရင်ထဲမှာ သူမလည်း ခံစားနေရတာပါပဲ။

ဆွေဆွေကိုမိခင်ချင်း ကိုယ်ချင်းစာလို့ရပါတယ်လေ။

မောင်သန့် သေကောင်ပေါင်းလဲဖြစ်သွားရတာ သမီး ပယောဂ မကင်းဘူးဆိုတာ သူမလည်းသိနေတော့ ဘယ်သူ့ကိုမှ အပြစ်မတင် ချင်တော့။

မောင်သန့် ဝေဒနာ သက်သာပျောက်ကင်းပါစေလို့ မိခင်ပီသတဲ့ စိတ်နဲ့ အပြည့်အဝ ဆုတောင်းနေမိဟာ အမှန်ပါပဲ။

"စန္ဒီ ကိုကို့ ကိုပစ်မသွားပါနဲ့၊ ကိုကို့ကို ခွဲမသွားပါနဲ့ စန္ဒီကိုပဲ ကိုကိုချစ်တာပါ စန္ဒီရယ်၊ ကိုကို့ကို ကျောခိုင်းမသွားပါနဲ့၊ စန္ဒီ စန္ဒီ "

သတိတစ်ချက် ဝင်လာသည်နှင့် ကမူးရှူးထိုးပြောနေတဲ့ ကိုသန့် နှလုံးသား တောင့်တသံလေးကို သရဖူ လျစ်လျူမရှုရက်နိုင်တော့။

ကိုသန့် လက်ကလေးကို ဆုပ်ကိုင်ထားချင်တဲ့ စိတ်ကို သရဖူ ထိန်းချုပ်လိုက်ရတာ၊ မျက်ရည်တွေ တသသသော ကျလာတဲ့အထိ။

"ကိုကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စိတ်လေးနဲ့ ကိုသန့် ခုတင်အပါး ပြေးကပ်သွားတဲ့ စန်းကို သရဖူ သဘောထားကြီးစွာ နေရာဖယ်ပေးလိုက်သည်အထိ ဖြစ်သွားငေါ။

ကိုသန့် လက်ဖဝါးလေးကို ဆုပ်ကိုင်ထားတဲ့ စန်းကိုလည်း အပြစ် မမြင်ရက်တော ချစ်သူစုံတွဲကို ကျောခိုင်း လှည့်ထွက်ခဲ့မိသည်က အလျှင်။

"သမီး"

လှူနာခန်းထဲက ကျောခိုင်းထွက်လာတဲ့ သရဖူ အနောက် အန်တီ ပြေးလိုက်လာသည်။

အန်တီရင်ထဲက ဝမ်းနည်းဝမ်းသာခေါ်တဲ့ အသံလေးကို သရဖူ လက်ခံပေးနိုင်ပါသည်။

"သမီး အန်တီကို ခွင့်လွှတ်ပါကွယ်"

သရဖူ မျက်ရည်စတွေ သုတ်ကာ ခေါင်းရမ်းပြီး

"သရဖူ နားလည်ပါတယ်၊ ကိုသန့် သတိရလာတာကိုပဲ သရဖူ ဝမ်းသာပါပြီ အန်တီရယ်၊ ကိုသန့်ကို သမီးတောင်းပန်ခဲ့တဲ့ အကြောင်း အန်တီပဲပြောပေးလိုက်ပါနော်"

"သမီးရယ်၊ သားစိတ်နဲ့ သမီးကို အန်တီရင့်ရင့်သီးသီးပြောခဲ့ တာတွေကို သမီး တကယ် နားလည်ပေးနိုင်လားကွယ်"

"မပြောပါနဲ့တော့အန်တီရယ်၊ အန်တီပြောတာတွေက မှန်ပါ တယ်၊ သရဖူကြောင့် ကိုသန့် စိတ်ဆင်းရဲရသလို အန်တီနဲ့ ကိုသန့်ကြားမှာ





လည်း တင်းမာမှုတွေ ဖြစ်ခဲ့ရတယ်၊ ကိုသန့် နှလုံးသားလည်း နာကျင် ကြေကွဲရတယ်၊ ကိုသန့်ကို ဒီလိုဝေဒနာဆိုးရစေတာ အားလုံးက သရဖူ ကြောင့်ပါပဲ"

ဒေါ်ဆွေဆွေ ရင်မှာ သမီးရင်းလေးလို ချစ်မိတဲ့စိတ်အရင်းခံ ရှိခဲ့တာကြောင့် သရဖူ ထိုသို့ပြောလာတော့လည်း ဝမ်းနည်းမိတာ အမှန် ပါပဲ။

"ရှေ့ဆက်ပြီး ကိုသန့်ဘဝ ကိုသန့် နှလုံးသားနဲ့ ကိုသန့် အနာဂတ် မထိခိုက်စေဖို့ သရဖူ အကောင်းဆုံးကို ရွေးချယ်ထားပြီးပါပြီ"

"သမီးက"

သရဖူ ပါးပြင်ထက်က မျက်ရည်စတွေ မွတ်သုတ်၍ ကြိုးစား ပြုံးပြီး

"သရဖူနဲ့ မာမီ ဒယ်ဒီဆီလိုက်သွားတော့မယ်"

"ဟင်"

"ဟုတ်တယ် ဆွေဆွေ၊ ကိုကျော် ခေါ်နေတာကြာပါပြီ ဒေစီက သမီးဆန္ဒကို မလွန်ဆန်ရက်လို့ သမီးဆန္ဒအတိုင်း နေနေတာလေ၊ အခု သမီးက သွားမယ်ဆိုလို့ ဒေစီအားလုံးစီစဉ်ပြီးပြီလေ"

ဒေါ်ဒေစီကျော်ပါဝင်ပြောလာတော့ ဒေါ်ဆွေဆွေရင်မှာ တကယ် စိတ်မကောင်းဖြစ်မိသည်။

"အန်တီကို နှုတ်ဆက်ခဲ့ပါတယ်၊ ပြီးတော့ ကိုသန့်နဲ့ စန်း

www.burmeseclassic.com

www.burmeseclassic.com



အတွက် သရဖူ လက်ဖွဲ့ပေးချင်ပါတယ် အန်တီလက်ခံပေးပါ''

သရဖူ လက်ကိုင်အိတ်ကြီးထဲ အသင့်ယူလာတဲ့ ပန်းနုရောင် နှင်းဆီတစ်ပွင့်ကို ထုတ်၍ အန်တီကို မြတ်မြတ်နိုးနိုး ထုတ်ပေးခဲ့မိသည်။

''သရဖူကြောင့် ကိုသန့်တို့ နှလုံးသားက အချစ်တွေ ဟောဒီ ပန်းလေးလို ထာဝစဉ် လန်းဆန်းပါစေလို့ သရဖူ ဆုတောင်းပေးတယ်လို့ ပြောပေးပါနော်''

တည်တည်ငြိမ်ငြိမ်လေး ပြောပြီး ထွက်သွားတဲ့ သရဖူကို ဒေါ်ဆွေဆွေ အမြင်တစ်ဆုံး ငေးကြည့်မိတော့သည်။

''သရဖူလေးရယ်''

သရဖူလေးဟာ ကလေးဆန်သလို တည်ငြိမ်ရင့်ကျက်တဲ့ စိတ်ထားလေးရှိနေတယ်ဆိုတာ လက်တွေ့ပြလိုက်တာလားကွယ်။

■ ■ ■



## အခန်း (၂၈)

သရဖူ ပေးသွားတဲ့ ပန်းနုရောင် နှင်းဆီပွင့်လေးကို ကြည့်ရင်း မျက်ဝန်းနှစ်စုံမှာ ကြည်နူးသာယာသော ချစ်ခြင်းတို့ လိုက်မြူးသွားသည်။

''ကိုကို''

''ပြောလိုစနိုး''

''သရဖူကို ခွင့်လွှတ်ပေးပါနော်''

''စနိုးရယ်၊ ကိုကို သရဖူကို မနာကြည်းရက်ပါဘူး၊ သရဖူကြောင့် ကိုကိုဆီ စနိုး ပြန်လှည့်လာတဲ့အတွက် သရဖူကို ကျေးဇူးဆောင် တင်သေးတယ်''

စနိုး လက်ထဲရှိနေတဲ့ သရဖူပေးထားတဲ့ပန်းလေးကို ရှင်းသန့်မြတ်မြတ်နိုးနိုး ငုံ့မွှေးလိုက်၏။ ထိုအခါ ရင်ထဲ အသည်းထဲက ဝေဒနာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာတွေ ယူပစ်သလို ပျောက်ကင်းသွားသည့်အလား ခံစားရ၏။

"ကိုကိုက သဘောထားကြီးတာပဲနော်"

"ကိုကိုက သရဖူကို ညီမလေးလိုပဲ အစကတည်းက ချစ်ခင်ခဲ့တာပါ"

"ကဲပါကိုကိုရယ်၊ စနိုးလည်းသရဖူကို ကိုကို့လိုပဲ ချစ်ပါတယ်"

"ကိုကို့ကို သရဖူ ချစ်တာထက် ပိုချစ်ရမယ်နော် စနိုး"

အရေးထဲ အချစ်တွေဆီ ဦးတည်ပြောနေတဲ့ ကိုကို့မျက်နှာလေးကို ချစ်မျက်စောင်းလေး ထိုးမိသွားသည်။

"ပြောလေ၊ ကိုကို့ကို ပိုချစ်မယ် မဟုတ်လား"

"လူနာက ဆေးရုံကတောင် မဆင်းရသေးဘူး၊ အချစ်ကြောင်းပဲ စဉ်းစားနေတယ်နော်"

"စဉ်းစားရတာပေါ့ စနိုးရယ်၊ စနိုး မချစ်ရင် ကိုကိုသေရချည်ရဲ့"

"ဟွန့် ဘယ်မှာသေလို့လဲ"

"မသေတာ စနိုး ကိုကို့ကို ချစ်နေလို့၊ ကိုကိုကလည်း စနိုးကို ချစ်နေလို့လေ မယုံရင် ဟောဒီပန်းလေးကို မေးကြည့်"

လူနာခုတင်ခေါင်းရင်းမှာ မှေးထိုင်၍ စနိုး ပခုံးကို လက်တစ်ဖက်နဲ့ ဖက်ထားသလို ကျန်လက်တစ်ဖက်က စနိုး ကိုင်ထားတဲ့ ပန်းပွင့်ရိုးတံလေးပေါ် ထပ်ဆုပ်ကိုင်၍ ပန်းဖူးလေးကို ငေးကြည့်၍ မျက်စနဲ့



မေးလျှင်

စနိုး မျက်နှာလေးက ပန်းနုရောင်ပန်းပွင့်ဖတ်လေးလို နူးညံ့အိစက်သလို ချစ်ခြင်းသင်္ကေတ ပန်းနုရောင်လေး လက်ဖြာသွား၏။

"မေးကြည့်လေ စနိုး"

"ဟင့်အင်း"

စနိုး ရင်ခုန်စွာပင် ခေါင်းလေး ခါတော့ ရှင်းသန့် ရင်ခုန်မျက်ဝန်းတို့က အားမရတော့

"ဘာဖြစ်လို့လဲ စနိုးရဲ့"

"သိဘူး"

"မသိလို့မရဘူးနော်စနိုး၊ သိအောင်ပြော"

"ဟင့်အင်း မပြောဘူး"

"မပြောရင် ဒဏ်ခတ်မှာနော်"

"ဟွန့် စနိုးကို ဒဏ်ခတ်မလေး ဘာလေးနဲ့ ကိုကိုက ဘယ်လို ဒဏ်ခတ်ချင်လို့လဲ "

"အနမ်းလေးနဲ့"

"အိုး သွား"

စနိုး နှုတ်ခမ်းပါးလေး ရဲခနဲဖြစ်ကာ ရှောင်လိုက်သော်လည်း ကိုကို့ အနမ်းတွေက ပန်းတွေကြဲသလို စနိုး မျက်နှာနုနုလေးအနှံ့ နွေးနွေးလွလွ ကျရောက်လာလျှင်



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို လူဆိုး သွား ဘာမှန်းလည်းမသိဘူး။ စနိုး ပြန်တော့မယ်"

ကိုကို့ရင်ခွင်ထဲက ရုန်းထွက်သော်လည်း အချစ်တွေနဲ့ ဆွဲဖွေ့ဖက်ထားလိုက်တဲ့ ကိုကို ရင်ခွင်ပေါ်မှာ စနိုးရဲ့ နှုတ်ခမ်းလေး ထိကပ်သွား၏။

"ချစ်တယ်စနိုးရယ်"

အဆက်မပြတ်ရင်ခုန်နေတဲ့ ကိုကို့ နှုတ်ခမ်းလေးကြောင့် စနိုးနှလုံးသားမှာ အချစ်ပန်းခင်းလေးဖြစ်ကာ

"ချစ်တယ်" ဆိုတဲ့ ပန်းတို့ စီရရီ ပွင့်လန်းကုန်တော့၏။

ချစ်ခြင်းဖြင့် ရှင်လန်းချမ်းမြေ့ပါစေ
မိန်းကလေး



www.burmeseclassic.com